# ဓမ္မဝိဋ္ဌာနုရ

၃၄၆

ဗုဒ္ဓဘာသာအစစ် ဖြစ်ပေသော

## ဓမ္မစေတီ ဆရာတော်ဘုရား

ရေးသား စီရင်တော်မူအပ်သော၊

# ဓမ္မဝိလ္လာဇရ

# ဇီမ္မာဇကျမ်း။

နေရောင်ခြည် စာပုံနှိပ်တိုက်၊

မုံရွာမြို့၊

**ကိုချစ်ကြွယ်(နှင့်)သားသမီးများ**

**ဇမ္ဗူ့မိတ်ဆွေကိုယ်စားလှယ်**

**နံပါတ်=၃၀=၃၉=စီရုံဈေးကြီးတော်**

**စ[illegible]လေးမြို့။**

# ဓမ္မပိဋ္ကာနုရ-နိဗ္ဗာနကျမ်း။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဣမာယ၊ ဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ။
ဣမာယ၊ ဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ။
ဣမာယ၊ ဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ သံဃံပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤ လောကုတ္တရာတရား ၉ ပါးနှင့်လျော်သော၊ ဗောဓိပက္ခိယတရား ၃၇ ပါးအလပ်အားဖြင့် ဝိသုဒ္ဓိ ၇-ပါး၊ အကျဉ်းအားဖြင့် သီလသမာဓိ ပညာ ၃-ပါး၊ ပိဋကတ် ၃-ပုံ၏အဆီအနှစ်၊ ရှင်ချစ်စေဖျား ဟောကြားအလို၊ သံသရာကို ထွက်မြောက်၊ နိဗ္ဗာန်ပေါက်တရား ကျွန်ုပ်အားရှိသည်ဖြစ်၍၊ ဗုဒ္ဓ၊ လောကသုံးတန် မောဟရုံသည့် ကံကုသလာ သင်္ခါရာ ၃-ပါးထွက်မြောက်သွားသော ဗုရားမြတ်စွာ ဗောဓိဉာကို၊ ဗုဒ္ဓံ၊ အလိုလိုပင် လေးအင်သစ္စာ မြတ်ဓမ္မာကို သေချာစွာသိအတိနှင့် ပုထုဇန တို့ကို ဟောပြခြင်း စွမ်းနိုင်သောကမ်းတဖက်ကူး ဗိုလ်မှူးပမာ ပြည်ခေမာကို ချင်စွာ ခေါ်ကြောင်း လမ်းကောင်းကိုပြ ဟောဆိုမှုသည့် သမသဒ္ဒါသန်းသဒ္ဒါနှင့် ဘဂဝါ ဗုရားကို၊ ဗုဒ္ဓံ၊ လောက လောကာရှေးအခါက ငါသဗုရား မဂ်တရားကို ပွါးများမည် ဒိဋ္ဌခြောက်ယောက် ထိုနောက် သုနက္ခ ဂေါဗာလတို့ အဆတရာမခေ့သာအောင်၊ ပမာနှင်းပြု၊ အတုအပ၊ လောက ၃ ဖြာ

ကိုးကွယ်ရှာသည့် သဇီဝါမဟုတ် ကလောင်ရှင်ဖြင့် မွန်း
ထုပ်စိမ်း အတန်တန်ဗုရား သက္ကာယအားကို ပယ်ရှားပိုင်း
ဖြတ် ၅-ရပ်ခန္ဓာ ငါးဖြာမရှ်ရ တခုမကျန် တွန်းလှန် ဖြို
ဖျက် မဂ်ဉာဏ်တည်အောင်း ခန္ဓာပေါင်းသခင် အရှင်ဇိန
သုဂတကို ပူဇော်မိ ကာယဝဇီ ၃-လီမနော ညွတ်ကိုက်ပဏာ
ဦးတင်ကာဖြင့် အခါခါရှိခိုးပါ၏။

ဆုမာယ၊ဓမ္မာနု၊ဓမ္မပဋိပတ္တိယာ၊ဤလောကုတ္တရာ တရား
၈-ပါးနှင့် လျော်သော သီလက္ခံ၊ သမာဓိခံ၊ ပညက္ခံ၊ သီလ၊
သမာဓိ၊ ပညာ ၊အဓိသီလ၊အဓိစိတ္တံ၊ အဓိပညာ၊ အာဒိက
လျာဏ၊အစ၏ကောင်းခြင်း၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာ
အာဇီဝ ၃-ပါး၊ မဇ္ဈေကလျာဏ၊ အလယ်၏ ကောင်းခြင်း၊
သမ္မာဝါယမ၊သမ္မာသတိ၊သမ္မာသမာဓိ၊၃-ပါး၊ပရိယောသ
နကလျာဏ၊ အဆုံးတိုင်ကောင်းခြင်း၊ သမ္မာသင်္ကပ္ပ၊ သမ္မာ
ဒိဋ္ဌိ ၂-ပါး၊ မဂ်ဖိုနှင့် လျော်သောတရား၊ နေ့ညမပြတ်
လေ့လာထားသဖြင့်၊ ဘုန်နှိပ်အားရှိသည်ဖြစ်၍၊ ဓမ္မ၊မဂ်လေး
တန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ အကျင့်မြတ် တရား
ကို၊ ဓမ္မ၊ လေးတန်အပါယ်လှူနယ်နုတ်ရပ်၊ ဘုံပြသာဒ်နှင့်၊
အောက်ထပ် အဝိစိ၊ ဒိဋ္ဌိတရား၊ အမှား သောင်းပြောင်း၊
မကောင်းဖြစ်တတ်၊မဖြတ်ခြင်းရာ၊ ဘုံသုံးဖြာနုက်၊ သင်္ခါရာ
ခြောက်ခု၊ တရားစုကို၊ တခုမကျန် ပယ်လှန်ချိုးဖျက်၊မိုးအ
နဏ္ဍ၊ အမှန်လောကုတ်၊ ဝိမုရှာ၊ မြတ်ဓမ္မကို၊ ပူဇော်မိ၊
ပူဇော်ခြင်းရာ၊ အဖြာဖြာဖြင့်၊ အရိယာလေးပါး၊ မပြတ်ကြွား
အောင်၊ မှတ်သားပူဇော်ပါ၏။

နုမာသယ၊ ဓမ္မာနု၊ ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ၉ ပါးနှင့် လျော်သော သီလ၏ ကျင့်ဝတ်၊ သမာဓိ၏ ကျင့်ဝတ်၊ ဝိပဿနာ၏ကျင့်ဝတ်၊ ကမ္မဋ္ဌာန်း၏ကျင့်ဝတ် ကသိဏ်း၏ကျင့်ဝတ်၊ သမထ၏ကျင့်ဝတ်၊ ဓါတ်ကမ္မဋ္ဌာန်း၏ကျင့်ဝတ်၊ ကျင့်ဝတ်အမှု၊ အစုစုဖြင့်၊ ယခုရှာမှီး၊ လျော်ကြောင်းပြီးသည် ဖြစ်၍၊ သံသာ၊ ဗုရားသားပြုပြု၊ လေးလီသစ္စာ၊ လေးဖြာဝိမုတ်၊ ရတနသုတ်အဝိုင်း၊ ဂိုဏ်းဂနဝင်၊ သသာဝှစ်ပါး၊ ထေရ်မြတ်အားကို၊ သံသာ၊ ခန္ဓာအာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဓါတ်နှင့် သစ္စာ၊ အဖြာဖြာကို၊ လော့လာပွါးများ၊ ကလျာဏထားတိုက် သဖြင့်၊ လေးပါးမဂ်ဝင်၊ အရှင်ထေရ်မြတ်တို့ကို၊ သံသာ၊ သသာ သသာ၊ လုပ်ကြံပါလည်း၊ ခြင်းရာမထုး၊ ကာမရှုးနှင့်၊ ရှစ်ဦး မခံတိုက်၊ အသွင်၌ဘု၊ နှလုံးမှုကျမ်း၊ ဘာခုမ်းဘာဘာ၊ လာဘ်ပညာလောက်၊ မျှော်တောက်ပြောကြား၊ ပြောကာ စားသော၊ အများအလဋ္ဌိ၊ မညီအဝိဋ္ဌာ၊ အကျင့်ဌါကို၊ ပယ် ကာဖြတ်သွား၊ ဗုရားသားပြုပြု၊ လေးလီသုပ္ပဒ္ဒိပ္ပန္န၊ ငါးဝအကျိုး ဂုဏ်ကို ကိုး၍၊ ရှိခိုးတိုက်ရာ၊ မြတ်သံသာကို၊ ပူဇော်မိ၊ ပူဇော် ထိုက်က၊ မိန်းမ ယောကျ်ား၊ ရဟန်းအားနှင့်၊ ဝတ်စားဒွါဒရာ၊ မကြည့်ပါဘဲ၊ အာဝုံထဲက၊ အသဲပွဲမှတ်၊ တရားမြတ်တည်ရာ၊ ထေရ်သံဃာကို၊ ဆယ်ဖြာ ညွတ်ကျိုး၊ ပညာကိုး၍၊ ရှိခိုး ပြုကာ၊ ပူဇော်ပါ၏၊

လောကသုံးပါး၊ ဘုံသုံးပါးတွင်၊ အများသတ္တဝါ၊ ကိုး ကွယ်ရာဖြစ်တော်မူသော၊ အလိမ္မာတက၊ အလိမ္မာဆုံးကြီး၊ သဗ္ဗညုတဉာဏကျွန်းအောင်း၊ သူတော်ကောင်းဖြစ်တော်

မှုသော မြတ်စွာဗုဒ္ဓရားကြီး၏ စကားတော် နာခံ မှတ်သား လေ့လာ ကျင့်ဆောင်လိုပါလျှင်၊ မိမိတို့၏ မနောဝိညာဏ်၌ သုတမယဉာဏ် များစွာထင်လာရမည်၊ ဗဟုသုတဉာဏ် များစွာ ထင်ရမည်၊ ဤကဲ့သို့ ဗဟုသုတဉာဏ်, သုတမယ ဉာဏ်များစွာထင်လာမှ စိန္တာမယဉာဏ်ဖြစ်ပေါ်လာသည်၊ စိန္တာမယဉာဏ် များစွာဖြစ်ပေါ်လာမှ, ယထာဘူတဉာဏ် ဖြစ်ပေါ်လာသည်၊ ယထာဘူတဉာဏ်ဖြစ်ပေါ်လာမှ, ဟုတ် တိုင်း မှန်တိုင်းကို သိနိုင်ရာသည်၊

ငါတို့ မြတ်စွာဗုဒ္ဓရား သခင်သည်......ကာမလောက, ရူပ လောက, အရူပလောက သုံးပါး၌၊ သတ္တဝါအများတို့သည် ဝိညာဏ် အမျိုးမျိုး စိတ်အမျိုးမျိုး ရုပ်အမျိုးမျိုး ဖြစ်ပေါ်၍ နေကြကြောင်းကို ကောင်းမွန်သေချာစွာ သိတော်မူသဖြင့်၊ သံဝဏ္ဏနာ နည်း လေးဆယ် အသွယ်သွယ် အဝဝ ဗုဒ္ဓ ပရိယာယ် ဉာဏ်တော်ကျယ်တိုင်း အလှိုင်းများစွာ သတ္တဝါ တို့ကို စိတ်လိုရာပြပြီး၊ နိဗ္ဗာနအရောက် ကယ်တင်တော် မူလေ့ရှိခြင်းကြောင့်၊ မိမိတို့က များစွာသော ဉာဏ်အမျိုးမျိုး ဖြစ်အောင် လေ့လာကျင့်ဆောင်ပါမှ၊ ဗုဒ္ဓရားမြတ်စကားကို သိကြား နားလည်ကြမည်ဖြစ်သောကြောင့်၊ အမျိုးမျိုးသော လောကပရိယာယ်,ဗုဒ္ဓပရိယာယ် ရာဇပရိယာယ်,အသွယ် သွယ်တို့ကို နားလည်မှတ်သားပြီး၍၊ ငါတို့မြတ်စွာဗုဒ္ဓရားကြီး စကားတော်ကို ယုံမှားခြင်းမရှိ၊ ပကတိထုတ်ခြေဘံ နိဗ္ဗာန် ပေါက်ရနိုင်ရန်၊ အတန်တန်သောစကား, အဖန်ဖန်သော တရား, မှန်ကန်သောသဘောထားနှင့် ရေးသားစီရင်လိုက် ပေသည်၊

ရှေးဦးစွာမိမိတို့သည် သပ္ပုရိသ သံသေဝကို လိုက်လံ ရှာဖွေခြင်းပြုရမည်တချက်၊

သပ္ပုရိသ သံသေဝ ဟောပြောဆိုမှုသည်ကို နာခံ မှတ်သားရမည်တချက်၊

နာခံ မှတ်သား မိသည်အတိုင်း၊ မိမိက ကျင့်သုံး သိမ်းဆည်းရမည်တချက်၊

သို့မှသာလျှင် နိယာနိက ဘေးဒုက္ခမှ ထွက်ရကြောင်းဇောန် ဖြစ်ပါသောကြောင့်၊ အစိန္တေယျ သုံးလူ့ဘ သခင်အရှင်မြတ်စွာ ဗုရားကြီးသည်၊ မင်္ဂလာတရား ဆယ်ပါး၌ ပဌမရှေးဦးစွာ(အသေဝနာစဗာလနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ) ဟု ဟောတော်မူလေသည်၊

ဇင်းဒေသနာသည်၊ မဂ္ဂဓရာဇ် တိုင်းသားများ ပြောဆိုကြသော၊ ဘာသာအတိုင်းဖြစ်၍မာဂဓဘာသာဟု ခေါ်ခြင်းပြုကြသည်၊ ပါဠိဘာသာဟုလည်းခေါ်ကြသည်၊ ကုလားစကားဟုလည်းခေါ်ကြသည်၊ ဗုရား၏အမျိုးဘာသာစကားလည်း ခေါ်ကြသည်၊ သို့ဖြစ်ပါ၍ မိမိတို့ ဗမာဘာသာလိုပြန်လိုက်ပါအံ့၊

ဘောသဂ်ဟော၊ ဒို တရားအမြတ် ပရမတ်ကို မပြတ်လေ့လာ လိုချင်ပါသော ညာတကာအပေါင်း သူတော်ကောင်းတို့၊ ဗာလနံ၊ သဏ်ါရသုံးပါး ဟုန်းဟုန်းသွားသည့်ရထားပမာ သံသရာကို လည်ရာလည်ကြောင်း လမ်းညွှန်

ကောင်းသော၊အပေါင်းဗာလနံ၊သူမိုက်မှုကို၊အသေဝနာစ၊
သဘောချင်းအပ် မနေ့ာထပ်၍ မပြတ်လေ့လာ မိခိုရာကို
ဝေးစွာ ရှောင်းရှောင်း ပယ်ဖြတ် ကြောင်းကို ကောင်း
ကောင်းကြီးပြုရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊လော
ကီ၊လောကုတ် မယုတ်အကျိုး ဉာဏ်ပြည့်ဖြိုးအောင်။အမျိုး
မျိုးဆုမ္မ၊ ပဏ္ဍိတအရာ၊ လွန်လိမ္မာ၍၊ သံသရာ စက်ရဟတ်၊
အပိုင်းအပိုင်း ပြတ်တဲ့အောင်၊ဓါတ်နှင့်ဟောပြ။ဝိနယသုတ္တံ၊
အဖန်ဖန် သွားကြောင်း၊ အကောင်း အဆိုး၊ အဘိုးနဲ့ဌ၊
ထိုက်တန်လှအောင်။ ပြသသွန်သင်၊ ပညာရှင်ကို၊ ယာသေ
ဝနာစ၊ မိမိစိတ်အား။ ကောင်းစွာထား၍၊ ဟောကြားတော်
မူပါဟု၊ အခါခါမှီဝဲ၍၊ တဖွဲ့ဖွဲ့ မိုးစဲပေါက်သို့၊ ရလောက်
အောင်ဆီးကပ်ခြင်းကို၊ကိုယ်စိတ်တွင်ပြုရခြင်းသည်လည်း
ကောင်း။ပူဇာနေ့ယျာနံ၊ဘုရားအစ၊တရားမှသျှင်၊သံဃာသုံးဖြာ
ဆရာသွား၊ မိဘအားနှင့်၊ များစွာ သောင်းသောင်း၊ မရေး
ကောင်းကို၊ဉာဏ်ပေါင်းနှိုင်းချိန်၊ဝရေဖိန်စိတ်ထား၊ ဤကား
လောက၊ ဤမှလောကုတ်၊ ရွေးထုတ်ပိုင်းဖြတ်၊ နှလုံးအပ်၍၊
မပြတ်လေ့လာ၊ ပူဇော်ရာကို၊ ယာပူဇာစ၊ အကြွင်စိတ်
ကောင်း၊နှလုံးပြောင်း၍၊ခိုလျှောင်းညွတ်ကျိုး။ရှိရှိခိုးပြီးအဆိုး
ရှိသမျှကန်တော့ခြင်း သည်လည်းကောင်း၊ အဗ္ဗိ၊ဤမင်္ဂလာ
တရားသုံးပါးရှိ၏၊တံ၊ဤနိဗ္ဗာန်ရောက်ကြောင်းကောင်းသော
မင်္ဂလာသည်၊ မင်္ဂပါပ်အပေါပ်၊ သံသာရဒုက္ခံ အကုသိုလ်ကံ
ကုသိုလ်ကံ၊ သုံးတန်သင်္ခါရ၊ တဏှာ သမုဒယ၊ လောဘ
တရားကို၊များများကြီးဖြတ်နိုင်ခြင်းကြောင့်၊မင်္ဂလံ၊လောက
၃ ပါးက မင်္ဂလာတို့ထက် အမြတ်ဆုံးသော မင်္ဂလာမည်၏၊

မှာ၍၊ ဥက္ကမံ၊ လောကသုံးပါး၌ လူနတ်ဗြဟ္မာ သတ္တဝါဟု သင်္ခါရာသဘော ရွေ့လျောပြောင်းကြွ စိုးမရသော တရားတကာတို့ထက် မြတ်သည်ဟူ၍၊ ဘောညာတကာနံ၊ ဘုံသုံးပါးမကြိုက် မဂ်ဖိုလ်၌ ပျော်မွေ့ နိဗ္ဗာန်ကို မမေ့သော သူတော်ကောင်းအပေါင်းတို့သည်၊ ဂဏှာဟိ၊ စိစိဝဉ်းစား သံသရာ မလည်ငြားအောင် မှတ်သားခြင်း ပြုလိုက်ကြပါကုန်လော။

ထိုကြောင့်... မြတ်စွာဗုရားတရားတော်တွင်၊ လူမိုက်ကို မမှီဝဲ မဆည်းကပ်နှင့် လူလိမ္မာကို မှီဝဲ ဆည်းကပ်ရမည်၊ ပူဇော်ထိုက်သောသူကို ပူဇော်ရမည် ဆိုသောစကားသည် မိမိက ကဒလူပဇ္ဇာနည်း၊ ဖလူပစာနည်း၊ ဝေလဋ္ဌယျနည်း၊ ဗျတ္တိရိပ်နည်း၊ ဟတ္ထိကစ္ဆနည်း၊ မိဂါသနနည်း၊ ကာကောလောကနည်း၊ ဖေဏပိဏ္ဍူပမာနည်း၊ ပုဏ္ဍရီကူပဇ္ဇာနည်း၊ မာယာနည်း၊မာရီနည်း၊ယုန်လှည့်နည်း၊ဒဏ္ဍီနည်းပမာနည်း ပမည်းနည်း၊ နေတဏ္ဍနည်း၊ နိယတ္တနည်း၊ သက်ရိုက်နည်း၊ မာဂဓနည်း၊ ပေါရာဏ ကထာနည်း၊ အက္ခရာ သင်္ချာနည်း၊ ဂုဏသင်္ချာနည်း၊သင်္ခေပနည်း၊အနုလောမနည်း၊ပဋိလောမနည်း၊ ဩဃသတ္တာနည်း၊ ဝစသာနည်း၊ မနသာနည်း၊ ဇောကံတြိကနည်း၊ ဒွိတြိကနည်း၊ တဇ္ဇပဋ္ဌကနည်း၊ ဤကဲ့သို့နည်းအမျိုးမျိုးကို နားလည်မှ သိစွမ်းနိုင်ရာသည်။

ကဒလူပဇ္ဇာနည်းသည် အစကို ပြောဆိုလျှင် အလယ် အဆုံး သုံးပါးလုံးကို သိရသောနည်းဖြစ်သည်။

၂

ဖလူပစာနည်းသည် အဆုံးကိုပြောလျှင် အလယ် အစ သုံးပါးလုံးကို သိရသောနည်းဖြစ်သည်၊

ဝေလဋ္ဌယျနည်းသည် အလယ်ကို ပြောလျှင် အစနှင့် အဆုံး သုံးပါးလုံးကို သိရသောနည်းဖြစ်သည်၊

ဗျတ္တိရိပ်နည်းသည် အဆိုးကိုပြောလျှင်အကောင်းကိုယူ အကောင်းကိုပြောလျှင်အဆိုးကိုယူ အပြန်အလှန်ယူရသော နည်းဖြစ်သည်၊

ဟတ္ထိကဇနည်းသည် ရှေ့ကိုသိလိုသဖြင့် ပြောသော နည်းဖြစ်သည်၊

မိဂါသနနည်းသည် နောက်ကိုပြန်၍ ကြည့်လိုသဖြင့် ပြောသောနည်းဖြစ်သည်။

ကာကောလောကနည်းသည် အရပ် ၄-မျက်နှာ အရပ် ၈-မျက်နှာကို ကြည့်လိုသိလို၍ ပြောသောနည်းဖြစ်သည်၊

ဖေဏပိဏ္ဍူပမာနည်းသည် ရေမြှုပ်ကဲ့သို့ ရေနှင့်ကင်းလျှင် ချက်ချင်း ပျက်စီးမည်ကိုသိလို၍ ပြောသော နည်းဖြစ်သည်၊

ပုဏ္ဍူပစာနည်းသည် ရေပွက်ကဲ့သို့ မပြတ်ဖြစ်ပွါး၍ နေကြောင်းကို သိလို၍ ပြောသောနည်းဖြစ်သည်၊

မာယာနည်းသည် လှည့်ပတ်၍ ပြောသော နည်းဖြစ်သည်၊

မာနီနည်းသည် လိမ်၍ ပြောသော နည်းဖြစ်သည်၊

ယုံဖွည့်-နည်းသည်၊ မယုံချင်မနေရ၊ ယုံလောက်အောင် ကြံဆောင်ပြောသောနည်း ဖြစ်သည်၊

ဒဏ္ဍိ-နည်းသည်၊ ချဲ့ထွင်၍ ပြောသောနည်းဖြစ်သည်၊ ပမာ - နည်းသည်၊ သက်သေဝတ္ထုပြ၍ ပြောသောနည်း ဖြစ်သည်၊

ပမည်း-နည်းသည်၊ပမာကို စံထား၍၊ မိမိအားယုသော နည်း ဖြစ်သည်၊

နိယတ္တ နည်းသည်၊ ရောက်ချင်မှ ရောက်၊ ဖြစ်ချင်မှ ဖြစ်၊ ရှေ့ကို၊ဆောင်၍ ပြောသောနည်းဖြစ်သည်၊

သက်ဒိုက်-နည်းသည်၊ မိမိတို့ဘာသာ၊ သညာအတိုင်း သိလို၍၊ ဟောပြောသောနည်း ဖြစ်သည်၊

မာဂဓ-နည်းသည်၊ အနေခံတိုင်းသားများ ပါဠိဘာသာ အတိုင်း၊သိလို၍ပြောသောနည်းဖြစ်သည်၊

ပေါရာဏကထာ-နည်းသည်၊ ရှေးသူဟောင်းတို့ ပြော သော စကားဂန်သိလို၍ ပြောသောနည်း ဖြစ်သည်၊

အက္ခရာသင်္ချာ - နည်းသည်၊ မိမိတို့ဘာသာ၊ အက္ခရာ စာများနှင့်၊ သင်္ချာယ်မှတ်သား၊ ရေတွက်ခြင်းကို ပြောသော နည်းဖြစ်သည်၊

ဂဏသင်္ခ နည်းသည်၊ မိမိတို့ဘာသာ ဂဏန်းများနှင့် ရေတွက်ခြင်းကို သိလို၍ပြောသောနည်း ဖြစ်သည်၊

သင်္ကေပ-နည်းသည်၊ အကျဉ်းဖြင့်၊ သိလို၍ ပြောသော နည်းဖြစ်သည်၊

အနုလောမ နည်းသည်၊ အစကအဆုံးကို အပြန်ပြန်သိစေလို၍ပြောသောနည်း ဖြစ်သည်၊

ပဋိလောမ နည်းသည်၊ အဆုံးက အစကို၊ အပြန်ပြန်သိစေလို၍ ပြောသောနည်း ဖြစ်သည်၊

ဩဃဝသတာ-နည်းသည်၊ ဝဲဩဃဝကဲ့သို့၊ အထပ်ထပ်လည်၍ နေကြောင်းကိုပြသောနည်းဖြစ်သည်၊

ဝစသာ-နည်းသည်၊ နှုပ်ဖြင့်ပြန်ဆိုလို၍ ပြောသောနည်း ဖြစ်သည်၊

မနသာ-နည်းသည်၊ မိမိမနေသာနှိုက် မှတ်စေလို၍ ပြောသော နည်းဖြစ်သည်၊

ဧကံတြိက-နည်းသည်၊ တခု တခုစီ မှတ်သားစေလို၍ ပြောသောနည်းဖြစ်သည်၊

ဒွိတြိက နည်းသည်၊ တခုမှ တခု မဟုတ်ဆို၍ ပယ်ဖြတ်သွားရန်ပြောသောနည်းဖြစ်သည်၊

ဝိဇ္ဇာလယ နည်းသည်၊ အကျယ်ကို သိလို၍ ပြောသောနည်း ဖြစ်သည်၊

တဒ္ဓပဋ္ဌက-နည်းသည်၊ ငါးခု-ငါးခု အား၊ အကန့်ကန့်ခြား၍ မှတ်သားစေရန် ပြောသော နည်းဖြစ်သည်၊

ၤင်းနည်းအမျိုးမျိုးကို နားလည်မှ၊ မြတ်စွာဗုဒ္ဓရား ဟောတော်မူသော စကားအရပ်ရပ်တို့ကို နားလည်နိုင်သည်၊

မြတ်စွာဗုဒ္ဓရား မရှိသည်နောက်၊ မြတ်စွာဗုဒ္ဓရား တပည့်သားသံဃာ၊ ရဟန်းဆရာ၊ လူဆရာတို့ ဟောပြောသော

စကားကို၊ မိမိကိုယ်က၊ အဘယ်နည်းအားဖြင့်၊ ဟောပြောသည်ဟု။ ရိပ်မိနိုင်းချိန်မိမှ၊ ပညာရှိစကားကို နားလည်သည်၊

မိမိက ပညာရှိ သူတော်ကောင်း ပြောသော စကားကို နားမလည်က၊ (အန္ဓပုထုဇ္ဇနော၊ ဥမ္မတ္တကော၊ အဟောအစ္ဆရိယံဝတ) ဗာလအမိုက်အကန်း၊ ညာဏ်စွမ်းမရှိ၊ အရူးအတိ အလကား ပညာနည်းပါး၊ ညာဏ်နည်းပါး၍၊ စကားတရား၊ နားမလည်သဖြင့်၊ လောကီ အကျိုး၊ လောကုတ္တရာ အကျိုးတို့မှ၊ စံစား၊ ခံစားခြင်းမဖြစ်နိုင်ရာသည်၊

ထို့ဖြစ်ပါသောကြောင့်၊မြတ်စွာဗုရား ဟောကြား ဒေသနာ-အဖြာဖြာကို၊ လွယ်ကာသိနိုင်ရန်၊ ဓမ္မခံစကားကို၊ မိမိတို့ဘာသာစကားနှင့် မှတ်သားကြရမည်၊

မိမိတို့ညာဏ်ဖြင့်၊ စဉ်းစားရန်အချက်မှာ၊ ငါတို့မြတ်စွာဗုရားမပေါ်မီက၊အဝီစိငရဲတွင်၊ တကမ္ဘာခံနေရသောသူများသည်၊မရေမတွက်နိုင်အောင်ရှိသည်၊

ရောရုဝ၊တာပန၊မဟာတာပန၊သိန်းဖိုး၊ကာလသုတ်အစရှိသော ငရဲကြီးရှစ်ထပ်တွင်လည်း၊ ဤကဲ့သို့များစွာ မရေမတွက်နိုင်အောင်ရှိသည်၊

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံများ၌ နေကြသော သတ္တဝါလည်း များစွာပင်ရှိကြသည်၊

လူ့ပြည်၌ လူသတ္တဝါ အများလည်း၊ မရေမတွက်နိုင်အောင်များပြားစွာ ရှိကြသည်၊

နတ်ပြည် ခြောက်ထပ်၌လည်း များစွာ နတ်အပေါင်း အနန္တ မရေမတွက်နိုင်အောင် ရှိကြသည်။

ဗြဟ္မာ့ပြည် နှစ်ဆယ်၌လည်း များစွာ မရေမတွက် နိုင်အောင် ရှိကြသည်။

ဤကဲ့သို့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် ၄-ဘုံ၊ လူ့ဘုံနတ်ရပ်၊ အထပ်ထပ်ဗြဟ္မာတို့သည်၊ ဘယ်ဘုံ မှာ ဘယ်တရားကြောင့် အများကြီး သံသရာမှာ အခါခါ ဖြစ်ပါသနည်း…ဟု မိမိတို့ဉာဏ်၌ စဉ်းစားရန်တချက်။

ငါတို့မြတ်စွာဗုဒ္ဓရားသည်၊ ဗောဓိပင်နှင့် ပလ္လင်မြတ်ကို ရအပ်သောခါ ဓမ္မတာတရား ဘုံသုံးပါးကို လည်ပြားစေ လို၍ ဟောသောတရားလား၊ သံသရာဒုက္ခ ၃၁-ဘုံမှ ထွက် မြောက်လို၍ ဟောသော တရားလား၊ ဤ နှစ်ပါးကို စဉ်းစားရန် တချက်။

သို့အတွက်ဖြင့်ပါ၍၊ အရာရာစကား ဤကား လောက ဓမ္မ၊ ဤကား………လောကုတ္တရာဓမ္မ၊ ဟောညွှန်ပြတိုင်း အ ပိုင်းအပိုင်း အကန့်အကန့် သတ်မှတ်၍ နားလည်ရမည်၊

ဘုံ သုံးဆယ့်တစ် ဖြစ်ကြသော သတ္တဝါအများသည်၊ ဘယ်တရားနှင့် ဖြစ်သည်ဟု အကန့်အကန့် ပြဦးအံ့။

အဝိဇ္ဇာကိုသတ်ခြင်း၊သံသာကိုသင်းခွဲခြင်း၊သံသာကို သတ်ခြင်း၊ ဗုဒ္ဓရားကိုသွေးစိမ်းတည်အောင်ပြုခြင်း၊ ဤတရား များကို ပြုကျင့်မိပါက အဝီစိငရဲတွင် တကပ္ပခံရသည်။

ဎင်း အကုသိုလ်ကံများကို ပြုကျင့်ပြီးလျှင်၊ ငါသည် လူ့ပြည်၌ဖြစ်ရပါလို၏၊ နတ်ပြည်၌ဖြစ်ရပါလို၏၊ နိဗ္ဗာန်ကိုရပါလို၏–ဟု အကြိမ်များစွာ ဆုတောင်းသော်လည်း မရနိုင်၊ ငြေန်မုချ အပိုင်ငရဲတွင် တကမ္ဘာခံရမည်ဟု မှတ်ရမည်၊

သူ့အသက်သတ်ခြင်း၊ သူတပါးဥစ္စာခိုးယူခြင်း၊ သူတပါး မယားသား ကျူးလွန်ခြင်း၊ သူတပါးအကျိုး ပျက်စီးအောင် မမှန်သောစကားကိုပြောဆိုခြင်း ကြမ်းတန်းသောစကားကို ပြောဆို ဆဲရေးခြင်း၊ တယောက်နှင့်တယောက်အား မသင့်တင့်အောင် ဂုန်းချောခြင်း၊ သိုက်ပုံ ဝတ္ထု ရာဇဝင်ပြောဆိုခြင်း၊ ရယ်စရာသိန်ဖျင်းသောအရက်အကြောက်ကင်းသော လိင်သဉ္ဇာ အနက်ဂုဏ်သကာပ် ခြိုပ်ကင်းသောစကားပြောဆိုခြင်း၊ သူတပါးပစ္စည်း ဥစ္စာချမ်းသာစည်းစိမ်ကို မိမိပစ္စည်း ဥစ္စာ ချမ်းသာ စည်းစိမ် ဖြစ်စေလိုသော နှလုံး ထားခြင်း၊ သူတပါး စည်းစိမ်ကို တနေ့တခြား ပျက်ပြားစေလိုသော နှလုံးထားခြင်း၊ သေရည် သေရက် ဘိန်းဘင်းမှစ၍ သူတော်ကောင်းတရားကိုမေ့လျော့စေတတ်သော အစားအသောက်ကိုကျင့်ခြင်း၊ ဎင်းအတိုင်း မှားသောအယူကိုယူခြင်း၊ ဤတရားကို ပြုကျင့်လေ့လာမိပါက ငရဲတိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံ၌ ငြေန်ဖြစ်ချေသည်၊ နတ်ပြည်, လူ့ပြည်, ဗြဟ္မာ့ပြည်, နိဗ္ဗာန်ကိုဆုတောင်း၍ မရမှတ်ရမည်၊

ဎင်းဒုစရိုက် ၁၀-ပါး၊ ၁၁-ပါးတို့ကို မပြုမကျင့် ရှောင်ကြဉ်ပါက သုစရိုက်ဆယ်ပါး ကုသိုလ်တရားဟု ခေါ်သည်၊ အဘယ်ကြောင့် သုစရိုက်ဆယ်ပါးဟုခေါ်ပါသနည်းဆိုလျှင်

သုဂတိခုနစ်ဘုံ၌ ဖြစ်တတ်သောတရားဖြစ်၍ ခေါ်ခြင်း ဖြစ်သည်၊ ၎င်းတရားကိုကျင့်သုံးဆောက်တည်ပါကလူ့ပြည်နှင့် နတ်ပြည် ခြောက်ထပ်မှာ ဇာကန် ဖြစ်ရချေတော့သည်။ ရူပဖြဟ္မာ, အရူပဖြဟ္မာ, နိဗ္ဗာန်ကိုဆုတောင်းသော်လည်း အာသောင်းရုံရှိမည်။ မရဇာကန် ဖြစ်တော့သည်။

မြေကြီးကို စဉ်းငယ်ခန့် စကောငယ်ခန့် ဝိုင်းဝိုင်း စက်စက်ပြု၍ ရှုကြည့်ခြင်း၊ ရေကိုပိုင်း၍ ကြည်ကြည် လင်လင်ပြုပြီးလျှင် စကောငယ်ခန့် သလင်းငယ်ခန့် ရှုကြည့်ခြင်း၊ မီးကို တ သမတ်တည်း မီးတောက်လုံးကြီး မပြတ်ညီညီတောက်အောင်ပြုလုပ်၍ ရှုကြည့်ခြင်း၊ လေကိုအဝန်းအဝိုင်းထား၍ စိတ်မှတ်အားဖြင့် ရှုကြည့်ခြင်းပြုလုပ်သည်ရှိသော်။ မိမိစိတ်သည် နား-အာရုံ မျက်စိ-အာရုံ နှာခေါင်း-အာရုံ ကိုယ်-အာရုံတို့ကို ခံစားခြင်း မပြုဘဲနေပြီးမှ အာရုံထိုထိုမနေသကို အခြားသို့မရောက်စေဘဲ ၎င်းကသိုဏ်းအာရုံကို စွဲ၍များစွာပြုလုပ်ပါက တခုတည်းသော ကသိုဏ်းအာရုံမှာ ထင်လာ မြင်လာ၍ စိတ်အလိုရှိတိုင်း ကသိုဏ်းကွက်ကို ယူလိုက်လျှင်၊ ၁-နာရီ၊ ၂-နာရီ၊ ၃-နာရီအတွင်း မိုးယံကြီး သံ, စိန်သံ, အမြောက်သံတို့ကိုမကြားဘဲနေနိုင်ပါမှ မိမိရှေ့၌ ထားသော ဥပစာမှာ တည်ကြည်စွာနေနိုင်ခြင်းကြောင့် ဥပစာသမာဓိ ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

အဘယ်အတွက် ပဋိဘာဂနိမိတ် ခေါ်ပါသနည်းဆိုလျှင်၊ ကမ္မဋ္ဌာန်း ပရိညာက ပိုင်းခြားသည့်အမှုမှာ ထင်ခြင်းကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။ ၎င်း ပဋိဘာဂ နိမိတ်အဘိုင်း

အကြိမ်ကြိမ် ပွါးများဖြန့်သော်၊ မိမိကိုယ်တွင် အာရုံမထား အခြားသော တောတောင်ဂူမှာ ရေမြေသမုဒ္ဒရာမှာလည်း အာရုံမရှိ စိတ်ပကတိ သက်သက်နှင့် ကသိုဏ်းကွက်မှာ ထားနိုင်ခြင်းကြောင့် မိမိကိုယ်သည် တပေ, တထွာ, တ တောင်လောက် မြောက်ကြွခြင်း ဖြစ်လာသည်၊ ၎င်း ဖြစ်ခြင်းကို ဥဂ္ဂဟ နိမိတ်ဟု ခေါ်သည်၊

ဘယ်အတွက် ဥဂ္ဂဟ နိမိတ် ခေါ်ပါသနည်း ဆိုလျှင်၊ ကောင်းကင်က ကြွယ်ဥဂ္ဂဟတို့သည် တနေရာမှ တနေရာ သို့ ဖြန့်သွားခြင်းပြုသကဲ့သို့ ဖြစ်ခြင်းကြောင့် ဥဂ္ဂဟနိမိတ် ဟု ခေါ်သည်၊ တနည်းလည်း... ဥဂ္ဂဟအကြီးအမှူး နိမိတ်က ထင်ခြင်း အကြီးအမှူး ခိုင်ခိုင်မြဲမြဲ ထင်ခြင်းဟုခေါ်သည်၊

၎င်းအတိုင်း များစွာ ကသိုဏ်းအာရုံနှိက် ထင်လာပါ များသော်၊ မိမိက အာရုံငါးပါးကိုနှိမ်နင်းနိုင်ခြင်း၊ မိမိမနော စိတ်ကလေးကို ကသိုဏ်းအာရုံနှိက် တည်တန့်စွာ ထား နိုင်ခြင်း၊ အခြားသော အရောင်ရုပ်တို့၌ အာရုံ မထင်မမြင် ခြင်း၊ မိမိကိုယ်ကိုလည်းမထင်မမြင်ခြင်း၊ စိတ်နှင့်ကသိုဏ်း သာမှတ်ခါ စိတ်ဘဝင်ဖြစ်ပေါ်နေခြင်း ရှိခဲ့သော်၊ စိတ်က မှတ်ထားသော၊ ကသိုဏ်းကွက်သည်၊ တဖြေးဖြေး ဖြန့်ဖြန့် ပြီးလျှင်၊ ပျောက်လွင့် သွားပြီးနောက်၊ နိမိတ်ထူးစွာတခု ပေါ်လာပြန်သည်၊ ၎င်းနိမိတ်ထူးသည်၊ အဘယ်နံယောအာ ဓါမှ၊ မမြင်ဘူးသော နိမိတ်ထူးဖြစ်သည်၊ သို့ဖြစ်ပါ၍၊ ၎င်း နိမိတ်ထူးကို၊ အလွန်နှစ်သက်ခြင်းဖြစ်၍၊ ကြည်စွာ

ပီတိဖြစ်ခြ း၊ ၎င်းအာရုံနိမိတ်ထူးနှင့် ပျော်ပါးခြင်းခံစားခြင်း စံစားခြင်း ဝေဒနာများစွာဖြစ်ပေါ်၍နေခြင်းကြောင့်၊ ၅ ရက် ၁၀-ရက်မျှ၊ နေမည်ဆိုလျှင်၊ နေနိုင်၏ဟု အထင်ရောက်၏၊ ၎င်းနိမိတ်ကိုပရိဘောဂနိမိတ်ဟုခေါ်သည် ကေက္ကဋ္ဌသမာဓိ ဟုလည်းခေါ်သည်၊ အဘယ်ကြောင့်၊ ကေက္ကဋ္ဌသမာဓိဟု ခေါ်ပါသနည်း၊ ကေ.က-တခု၊ ကက္ကဋ္ဌက-တည်ကြည်ခြင်း၊ သမာဓိက ဖြောင့်ဖြောင့်တည်၍ မြဲခြင်း တခုသော အာရုံ နိမိတ်ထူးနှင့်ဘ်၊ ဖြောင့်စွာ,မြဲစွာ,တည်ကြည်စွာ နေနိုင်ခြင်း ဟု ဗမာ ဘာသာခေါ်သည်၊

၎င်းကဲ့သို့ ၅-ကြိမ်တိုင်အောင် အစက စ၍၊ ပြုကျင့်နိုင် ပါမှ ဈာန်တရားကိုရ၍ ဖြေလျှော့ခြင်း၊ ရိုးသဲပျံခြင်း ဈာန်လက် ခံ၊ ကိုယ်တွင်းနှင့်၊ ရှိရင်းနာမ်ရုပ် နှစ်ဖြာချုပ်ပါမှ၊ အဟုတ် ကောန်၊ ပဉ္စမဈာန် ၃ — ဘုံ၊ ရူပတဆယ့်ခြောက်ဘုံ တို့နိုက် ဖြစ်ခြေသည်၊ ၎င်းတရားကို ပြုကျင့်၍၊ နတ်ပြည်၊ လူပြည်၊ အရူပဗြဟ္မာပြည်၊ နိဗ္ဗာန်၊ ဤ ၄-တန်ကို စာအန်သလို အဖန် ဖန် တောင်းသော်လည်း၊ မရကြောင်း အမှန်ဖြစ်ချေသည်၊

၎င်း ရူပဗြဟ္မာ ဖြစ်သောတရားကို လက်ကိုင် အမြဲရရှိ ပြီးမှ အရူပါဝစရဈာန်ကို ကောင်းကာင် အပြင်အလင်းကို ကသိုဏ်းအဝန်း အပိုင်းပြု၍ ပွါးများပြန်သဖြင့် နောက်က နည်းအတိုင်း အဆင့်ဆင့် နိမိတ်ဆင့်ဆင့် စိတ်ကြည် သည်ထက် ကြည်သည်၊ ထင်သည်ထက် ထင်၊ မြင်သည် ထက်မြင်၊ မိမိအာရုံသည် မြဲသည်ထက်မြဲ၊ စွဲသည်ထက်စွဲ ဖြစ်လာ၍ တဖန်နိမိတ်ထူး၌ ရပြန်၍ . ၎င်းနိမိတ်ထူးကို၊

အာရုံပြုပြီးလျှင် လေ့လာပွါးများ နှစ်လုံးထားခြင်းကြောင့် သိကြွားပြည်ကို သော်လည်း ရောက်နိုင် သွားနိုင်သည်၊ ၎င်းကို အရူပါဝစရ ဈာန်ဟု ခေါ်သည်။

ငါတို့မြတ်စွာဗုဒ္ဓရားခမည်းတော် သုဒ္ဓေါဒန ကိုးကွယ်၍ ထားသော ဒေဝိလရသေ့ အကျင့်မျိုးဖြစ်သည်။ ထိုအကျင့် ဈာန်နှင့် လေ့လာ သေသွားသည် ရှိသော်၊ အရူပဗြဟ္မာ ၄-ဘုံ၌ ရုပ်ရှိလို့-နာမ်မရှိ၊ နာမ်ရှိလို့-ရုပ်မရှိနှင့်၊ ခံစား စံစား ၍နေရခြင်းဖြစ်သည်။ ၎င်းတရားကို ကျင့်ပြီးလျှင် နိဗ္ဗာန်ကို ဆုတောင်း၊ လူ့ပြည် နတ်ပြည် ရူပဗြဟ္မာ့ပြည်ကို ဆု တောင်း၊ မရကြောင်း ဧကန်ဖြစ်တော့သည်။

ထို လောက ၃-ပါး ဘုံ ၃-ပါးတို့နှင့် ဖြစ်ပျက်၍ နေ ကြသော တရားအစုစုတို့ကို ကျင့်ကြံ လေ့လာ နေပါက များစွာသော ပဋိသန္ဓေယူရခြင်း ဇာတိဘေး၊ မရေမတွက် နိုင်အောင် အကြိမ်ကြိမ် အဖန်ဖန် အိုရသော ဇရာဘေး၊ သိန်းသောင်း သချေမက အနန္တမဆုံး တကိုယ်လုံးမပြတ် တလစပ်စွဲကပ်သော ဓါတ် ၄-ပါးဖေါက်ပြန်၍ ဥပါဒါန်ရုပ် ကလာပ်က မရပ်မတည် အလီလီသော ဘဝတိုင်း ဘဝ တိုင်း၊ နာခြင်း ကြွင်ခြင်း ကိုက်ခြင်း ခဲခြင်းဖြစ်၍ ခံရသော ဗျာဓိဘေး၊ တဘဝတခါ သံသရာမဆုံး လုံးလုံးကြီးမပြတ် အထပ်ထပ်သေရသော မရဏာဘေး၊ ဤကဲ့သို့ ဘေးအမျိုးမျိုး တို့ကို မိမိတို့က ဉာဏ်ပညာ အလိမ္မာရှိပါမှ သိနိုင်သော အရာဌာနဖြစ်သည်။

ဤကဲ့သို့ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, တိရစ္ဆာန်ဘဝ, အပါယ်ငရဲ, အနှံနှံတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ခန္ဓာကိုယ် ရပြန်က ဒုက္ခ ဧကန်ဖြစ်ကြောင်းတဲ့ မှန်သည်ဟု ယူရန်သဘော မနေသမျှ ကြောက်ရွံ့မှ အဓွန့်ရှည်စွာ သံသရာဒုက္ခကို ခံစံရခြင်းမပြုလိုသော စိတ် ဖြစ်ပြီးလျှင် နိဗ္ဗာန်ပြည်မြတ် ရုပ်ဓါတ် နာမ်ဓါတ် နှစ်ပါးပြတ်သည့် အမြတ်တကာအမြတ်ဆုံး, ၃-လောကအရှင်တို့နေရာ ခေမာသောင်ကမ်းကို ကူးမြန်းချင်သောစိတ်ဖြစ်ပေါ်လာလိမ့်မည်၊ ၎င်းငြီးငွေ့သော စိတ်ကိုရမှ နိဗ္ဗိဒါဓါတ်ဖြစ်သည်၊ ၎င်းနိဗ္ဗိဒါဓါတ်ခံရှိမှ သပ္ပုရိသ သံသေဝတို့ဟောပြောသော သံသာရဒုက္ခထွက်မြောက်ကြောင်းတရားကို မှတ်သား နာယူနိုင်သည်၊ ဤကဲ့သို့ အနမတဂ္ဂသံသာရက ယခုတိုင်ဘုံသုံးပါးကို ငြီးငွေ့သော စိတ်မရှိပါက သူတော်ကောင်းတရားကို အကြိမ်ကြိမ် အဖန်ဖန်ဘယ်လိုပင် ကြားနာရသော်လည်း မယူ မဆောင်နိုင် ဖြစ်ခြေသည်၊ ကြပ်ကြပ် သတိထားဘို့ အလွန်ကောင်းလေစွ။

## ဗောဓိပက္ခိယတရား (၃၇) ပါးကို ပြခြင်းအကြောင်း။

ပိဋကတ်သုံးပုံကို အဆီအနှစ်ရအောင် ပေါင်းရုံး၍ ကြိုလိုက်သည်ရှိသော် ဗောဓိပက္ခိယတရား ၃၇-ပါးကိုရ၏။ အလယ်အားဖြင့် ဝိသုဒ္ဓိ ၇-ပါးကို ရ၏။ အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာဟု ၃ ပါးကိုရ၏။ ၎င်းသီလ, သမာဓိ, ပညာကိုပင်သီလက္ခံ, သမာဓိခံ, ပညက္ခံဟုခေါ်၏၊ ၎င်းကိုပင် အဓိသီလ ,အဓိစိတ္တ, အဓိပညာလည်း ခေါ်၏။

ဗောဓိ က, မဂ်ဉာဏ်တော်ကြီးကို ဆိုသည်။ ပက္ခက, ရဘို့ကိုဆိုသည်၊ မဂ်ဉာဏ်တော်ကြီးရဘို့ကို ဗောဓိပက္ခိယ တရားဟု ခေါ်သည်။ မဂ်ဉာဏ်တော်ကြီးနှင့် သောတာပတ္တိ မဂ်ဉာဏ်, သကဒါဂါမိ မဂ်ဉာဏ်, အနာဂါမိ မဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်ဟု လေးပါးရှိ၏။ ၎င်းမဂ်ဉာဏ်တော်လေးပါးကို၊ မိမိတို့က အလိုရှိပါက မိမိတို့၏ မနော အကြည်ပေါ်နှင့် ဗိမ့်စိန်းရေကဲ့သို့ တလဝပ် မပြတ် နာမ်နေသော စိတ်ကလေး၊ လောကီဉာဏ် ဗဟုသုတ များပြားအောင် လေ့လာပါမှ၊ လောကုတ္တရာဉာဏ်တော်ကြီးကို ရနိုင် သိနိုင်သည်။

၎င်းမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ကုဋေ ကုဋာ, ရွှေငွေ ကျောက် သံ ပတ္တမြား ပေး၍ ဝယ်သော်လည်း မရနိုင်၊ လောကီကုသိုလ်တွေများစွာပေး၍ ဝယ်သော်လည်းမရနိုင် မိမိတို့ စိတ်၌ လောကီဉာဏ် ရူးရူးစိုက်စိုက်ရှိပါမှ၊ လောကုတ္တရာဉာဏ်ကို ကူးပြောင်း၍ ဟုတ်၏ မဟုတ်၏ကို နှိုင်းချိန်၍ယူနိုင်သည်၊

ထိုဗောဓိပက္ခိယတရား ၃၇-ပါးသည်၊ လောကီဉာဏ် ပင်ဖြစ်၏။ လောကီဉာဏ်ပင် ဖြစ်သော်လည်း မဂ်ဉာဏ်ကို ရနိုင်သော ဉာဏ်ဖြစ်၍၊ ဗောဓိပက္ခိယဉာဏ် မဂ်ဉာဏ်ကို ရဘို့ဉာဏ်ဟုခေါ်သည်၊ ထိုဗောဓိပက္ခိယ ၃၇-ပါးလေ့လာ ပွားများနားလည်မှ မိမိသည် အလို[illegible] ဖြစ်၍လာတော့သည်၊

စာကြည့်တိုက်
ကမ္ဘာအေး

ဝိနယ က အကြိုကို ခေါ်သည်၊ မဇ္ဈ က ပြီးစီးသည်၊ ကြီတိုင်းပြီးစီးသော ဉာဏ်လည်းခေါ်သည်၊

| ပဌမ၊ | ဒုတိယ၊ | တတိယ၊ |
|---|---|---|
| သီလ | သမာဓိ | ပညာ |
| အကျိုးတရား သမ္မာအာဇီဝ | အကျိုးတရား သမ္မာသမာဓိ | အကျိုးတရား သမ္မာဒိဋ္ဌိ |
| အကြောင်းတရား သမ္မာဝါစာ သမ္မာ ကမ္မန္တ | အကြောင်းတရား သမ္မာ ဝါယာမ သမ္မာသတိ | အကြောင်းတရား သမ္မာသင်္ကပ္ပ |

**ပဌမအချက်-သီလကို ပြခြင်းအကြောင်း။**

ပဌမအချက် သီလအရာ၌ လူ၏သီလ, သာမဏေသီလ, ရဟန်းသီလ, မိမိတို့ တတ်စွမ်းနိုင်သော သီလကို လုံခြုံစွာ ထိမ်းသည်းနိုင်ခြင်းကို အဓိသီလဟုခေါ်သည်။ အဓိ ဆိုဒ၊ က လွန်ကဲခြင်း တည်ကြည်ခြင်း မဖေါက်ပြန်ခြင်းကိုခေါ်သည်၊ သီလ၌ ခိုင်ခန့်စွာမြဲ တည်ကြည်ခြင်းကြောင့်, အဓိ သီလ-ခေါ်သည်ဟု မှတ်လေ၊

လူတို့၌ သမ္မာအာဇီဝ ဖြစ်အောင်၊ သမ္မာကမ္မန္တနှင့်-သမ္မာ ဝါစာကို ထိမ်းသိမ်းရသည်၊ သမ္မာအာဇီဝကား အကျိုး တရား၊ သမ္မာဝါစာ နှင့် သမ္မာကမ္မန္တကား အကြောင်း တရားဖြစ်သည်၊

သမ္မာကမ္မန္တကား ကာယကံသုံးပါးကိုရှောင်ကြဉ်ခြင်း၊ သမ္မာဝါစာကား ဝစီကံလေးပါးကိုရှောင်ကြဉ်ခြင်း ပေါင်း ဒုစရိုက်ဟု ခေါ်အပ်သော ဒုစရိုက်-၇-ပါးကို ရှောင်ကြဉ်၍ နေသဖြင့် သမ္မာအာဇီဝခေါ်သောအကျိုးကိုရသည်၊

သမ္မာက ဖြောင့်မတ်ခြင်း အာဇီဝက မွေးမြူခြင်း ဖြောင့်စွာမိမိစိတ်ကိုမွေးမြူခြင်းဟုခေါ်သည်၊

ကာယကံ သုံးပါး အင်္ဂါဆိုသည်ကား ထွက်သက်ဝင်သက်ရှိသော သတ္တဝါကို သေစေလိုသောစိတ်ဖြင့် ကိုယ်ကာယနှင့် မသတ်ခြင်းကိုခေါ်သည်၊ ပါဏာတိပါတကံကို ရှောင်ကြဉ်ခြင်းဟုလည်းခေါ်သည်၊

အရှင်မပေးသော ပစ္စည်းဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ကိုယ်ကာယနှင့် ပြုကျင့်ခြင်းကို ရှောင်ကြဉ်သဖြင့်၊ အဒိန္နာဒါနကံကို ရှောင်ကြဉ်သည်လည်းခေါ်၏။

သူတပါးသားမယားကို မေဒုန်မှုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းကို၊ ကာမေသုမိစ္ဆာစာရကို ရှောင်ကြဉ်သည်ဟုခေါ်၏၊

ပေါင်း ကာယကံ ကိုယ်နှင့်ပြုကျင့်ခြင်း ရှောင်သောကြောင့်၊ . သမ္မာကမ္မန္တဟု ခေါ်သည်၊ အကျဉ်းအားဖြင့်၊ မကောင်းသည်ဟူသမျှ ကိုယ်ကာယနှင့် မကျင့်မပြုခြင်းကို သမ္မာကမ္မန္တဟု ခေါ်သည်၊ သမ္မာက ဖြောင့်ခြင်း၊ ကမ္မန္တက ကိုယ်ဖြင့်မပြုလုပ်ဘဲလျက်နေခြင်းကိုဆိုသည်၊

ဝစီကံလေးပါး ဟူသောင်ကား၊ သူတပါးအကျိုး ပျက်စီးအောင် မမှန်သော စကားကို ပြောဆိုခြင်းမှ၊ မပြောမဆိုဘဲ

ရှောင်ကြဉ်ခြင်း မုသာဝါဒ သိက္ခာပုဒ်ကိုလည်း ရှောင်ကြဉ်သည်ဟုခေါ်သည်၊ မုသားမဆိုဘူးလည်း ခေါ်သည်၊ မမှန်မပြောဘူးလည်းခေါ်သည်၊ နှုတ်ဖြင့် မမှန်မဟုတ်ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဟုလည်း ခေါ်သည်၊

ဆဲရေးတိုင်းထွာ ကြမ်းတန်းစွာကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို ဖရုသဝါစာကို ရှောင်ကြဉ်သည်လည်း ခေါ်၏၊

တယောက်တယောက် အကျိုးပျက်စီးအောင် ဂုန်းချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် သမ္ဖပ္ပလာပဝါစာကို ရှောင်ကြဉ်သည်ဟု ခေါ်၏၊

လိင်၊ သင်္ချာ၊ အနက်၊ ဂုဏ်၊ သကာပ်၊ ခြပ်ကင်းသော မြယ်စရာ အသိန် အဖျင်း စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သည်ကို ပိသုဏာဝါစာကိုရှောင်ကြဉ်သည်ခေါ်၏၊

ပေါင်း ဝစီကံ လေးပါးကို ရှောင်ကြဉ်သည်ကို သမ္မာဝါစာဟုခေါ်၏၊ ၊အကျဉ်းချုပ်အားဖြင့် နှုတ်နှင့် မကောင်းမှုကိုပြောဆိုရန်ကိစ္စဟူသမျှရှောင်ကြဉ်ခြင်းကို သမ္မာဝါစာဟု ခေါ်သည်၊ သမ္မာက-ဖြောင့်ခြင်း၊ ဝါစာက-စကား၊ မဖြောင့်သော စကားကိုပယ်၍ ဖြောင့်သောစကားကို ပြောဆိုခြင်းလည်း ခေါ်၏၊

သို့ဖြစ်ပါ၍ နှုတ်အမှု နှင့် ဟူသမျှ မကောင်းသည်ကို ရှောင်ကြဉ်ခြင်း၊ ကိုယ်အမှုနှင့်ဟူသမျှ မကောင်းသည်ကို မပြုလုပ်ခြင်း၊ ဤ ၂-ပါးနှင့် ပြည့်စုံခြင်းကို ဖြောင့်စွာ

အသက်မွေးခြင်းဟု ခေါ်သည် သီလကွဲလည်း ခေါ်သည်၊ အဓိသီလလည်းခေါ်သည် သမ္မာအာဇီဝလည်းခေါ်သည်၊

ကာယကံ မကောင်းမှု ဝစီကံ မကောင်းမှုကို ရှောင်ကြည်၍အသက်မွေးသဖြင့် သမ္မာအာဇီဝဟုခေါ်သည်၊

အကျဉ်းအားဖြင့် လူတို့ထိမ်းသိမ်းသော၊ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ အာဇီဝဋ္ဌမကသီလ၊

သာမဏေတို့ ထိမ်းသိမ်းသော သိင်ဆယ်ပါး ဒါဏ်ဆယ်ပါး သေခိယ ခုနှစ်ဆယ့်ငါးပါး ပေါင်းကိုးဆယ့်ငါးပါး၊

ရဟန်းတို့ ထိမ်းသော အာဏာဒေသနာ အာဏာပါတိမောက်၊ ၂၂၇-ပါး စတုပါရိသုဒ္ဓိသီလ ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝသုဒ္ဓိသီလ၊

ပေါင်းရဟန်းသီလ လူသီလ သာမဏေသီလ ဟုဆိုအပ်သော၊ သီလ ဟူသမျှတို့သည် မနောကံနှင့် အကျွမ်းမဝင်၊ ကာယကံ, ဝစိကံအရာနှိက်သာ အကျွမ်းဝင်၏၊

သို့ဖြစ်ပါ၍ ကိုယ်မှု, နှုပ်မှုကိုသာ ထိမ်းခြင်းကြောင့်၊ သုဂတိခုနှစ်ဘုံတွင် လူနတ်ဖြစ်၍ ကိုယ်နှိက်အကျိုး,နှုပ်နှိက်အကျိုးကိုသာပေး၏၊ စိတ်နှိက်အကျိုးကိုမပေး၍ စိတ်ဆင်းရဲခြင်း အမှုအရာများစွာဖြစ်ပြန်လာ၏၊ ၊စိတ်ဆင်းရဲ မချမ်းမသာ ဖြစ်ပြန်လာကာ စိတ်အမျိုးမျိုး, အထွေထွေ ဖေါက်ပြန်ခြင်းကြောင့် တဖန်ဒုစရိုက်အစရှိသော အကုသိုလ်ကံတို့ကို၊ ဆည်းဘူးပြန်သဖြင့် အပါယ်အစရှိသော ဆင်းရဲအပေါင်းကို ခံရပြန်၏၊

စိတ်နှိုက်ချမ်းသာစွာ အကျိုးမပေးသောကြောင့်စိတ်ဖေါက် ပြန်သဖြင့် ကုသိုလ်အစရှိသော ပုညာဘိသင်္ခါရကို၊ ဆည်း ဘူးပြန်သဖြင့် လူနတ်ပြဟ္မာဖြစ်၍ ခန္ဓာဝန်ကို ထမ်းပြီးလျှင်၊ သုခ,ဒုက္ခ,ဝေဒနာကို၊ ခံစား,စံစား၍များစွာ သံသရာဘေး တွင် ပြေးကာသွားလာနေကြကုန်၏၊

ဤကဲ့သို့-ဖြစ်ခြင်းကြောင့်၊ သမ္မာ အာဇီဝ အလုပ်နှင့် အသက်ကို၊ မွေးမြူ၍ နေသော်လည်း စိတ်မချရသေး အိုနာ သေဘေး မလွတ်သေးသော တရားဟု မှတ်လေ၊

ဝိရတိမဂ္ဂင်သုံးလုံးအကြောင်း ပြီး၏၊

—— ၀ ——

## ဒုတိယအချက်-သမာဓိအလုပ်ကိုပြခြင်းအကြောင်း။

သမာဓိအလုပ်ဆိုသည်ကား၊ အဓိစိတ္တ ဖြစ်အောင် လုပ်သော အလုပ်မည်၏၊ ၊အဓိစိတ္တ ဆိုခြင်းကား၊ စိတ်ကို နိုင်မြဲစွာတည်ခြင်းကိုဆိုလိုသည်၊ (ဘုသံတိဋ္ဌတီတိ ပဋ္ဌာနံ သတိဧဝပဋ္ဌာနံ၊ သတိပဋ္ဌာနံ)ဟု ဆိုခြင်းကြောင့်၊ မိမိစိတ်ကို ကောင်းစွာကမ္မဋ္ဌာန်းလေးဆယ်တွင်၊ တခုခုသောကမ္မဋ္ဌာန်း မှာ နိုင်မြဲစွာထားနိုင်ခြင်းကြောင့်,အဓိစိတ္တလည်းခေါ်သည်၊ သမာဓိအလုပ်လည်းခေါ်သည်၊ သမာဓိက္ခန္ဓလည်းခေါ်သည်၊ သမထလည်း ခေါ်သည်၊ သမထ ခေါ်ခြင်းကား၊ ငြိမ်သက် ခြင်းကိုခေါ်သည်၊ ဈာန်တရားလည်းခေါ်၏၊ (ဈာညတ္ထေန ဈာပေတီတိ ဈာနံ) ဆိုခြင်းကြောင့်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ငင်းငါးပါးအာရုံကို၊ ဖုတ်ကျည်း သဂြိုဟ်ခြင်း

ဖြစ်သောကြောင်း၊ဈာန်ဟုခေါ်သည်၊ဗမာဘာသာလိုမျက်စိ အာရုံ. နားအာရုံ, နှာခေါင်းအာရုံ, လျှာအာရုံ, ကိုယ် အာရုံ ကို မခံစားခြင်းကြောင့် ဈာန်ဟုခေါ်၏။ ။၎င်း သမာဓိက အကျိုး တရား၊ သမ္မာဝါယမ, သမ္မာသတိ က-အကြောင်း တရား၊ အကြောင်းတရားနှစ်ပါးပြည့်စုံလျှင် အကျိုးတရား တပါးပြီးစီးတော့သည်၊

သမ္မာဝါယမ, သမ္မာသတိ နှိက်, သမ္မပဒါန် လေးပါး၊ သတိပဋ္ဌာန်လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဣန္ဒြိယပါတ်လေးပါး၊ ဗိုလ်ငါးပါး၊ မဂ္ဂင်ခြောက်ပါး၊ ၎င်းတရားရှနှင့် အကျွမ်းဝင် ကုန်၏၊

သမ္မာဝါယမ ခေါ်ခြင်းကား၊ ကောင်းစွာ ဖြောင့်စွာ လုလ္လ ဉဿာဟ ဝါယမစိုက်ထုတ်ခြင်းကို ခေါ်သည်၊

သမ္မာသတိ ခေါ်ခြင်းကား၊ ကောင်းစွာ ဖြောင့်စွာ သတိ ခိုင်ခိုင်ထားနိုင်ခြင်းကို ခေါ်သည်၊

မိမိတို့စိတ်ကို ကမ္မဋ္ဌာန်းတခုနှိက် ခိုင်မြဲစွာ တည်လို သော်၊ အနမတဂ္ဂ လေလှင့်၍ သွားနေသောစိတ်ကို မိမိ ကမ္မဋ္ဌာန်းအာရုံသို့ရောက်အောင် သိမ်းဆည်းပင့်ဆောင်၍ လာတတ်သောသမ္မာဝါယမ၊အတည်မမြဲ တ ဖွဲ့ ဖွဲ့ဖြင့် မိုးယိမ်း ဖွဲ့ပမာ စိတ်လေတာကို သေချာစွာ ကမ္မဋ္ဌာန်း အာရုံက မသွားရအောင် စောင့်ရှောက်၍ထားနိုင်ခြင်း သမ္မာသတိ၊

၎င်း တရားနှစ်ပါး ပြည့်စုံသည်ကိုပင်၊ သမ္မာ သမာဓိ အလုပ်ဟုခေါ်သည်၊

**ဥပမာကား၊** ရွှေငွေကိုလိုချင်သောသူတယောက်ကို များစွာ ရွှေငွေ, အဝေးအနီးအရပ်မှ ရဆောင်းသိမ်းဆည်း၍ ယူလာ ပို့လာသောသူတယောက်၊ ၎င်းရွှေငွေ ပို့လာသည်ကို မပျောက်မပျက်ရအောင် သိမ်း၍ယူပြီးလျှင်၊ ရွှေငွေအလိုရှိသောသူကိုပေးသောလူတယောက်၊ ၊၎င်းလူ ၂ယောက်တို့သည်၊ ရွှေငွေရဆောင်း၍ လာသောသူနှင့်, ရွှေငွေကို မပျောက်မပျက် သိမ်းဆည်း၍ ပေးသောသူသာ သို၎င်းဖြစ်၍၊ ရဆောင်းသူ သိမ်း၍ပေးသူ နှစ်ယောက်က အကြောင်းဖြစ်သည်၊ အလိုရှိတိုင်း ပြည့်စုံသောသူက အကျိုးဖြစ်သည်၊

**တနည်းဥပမာကား၊** ၊သူဌေးကြီး တဦး၌၊ နွားမြီးကြီးတခုရှိ၏၊ ၎င်း နွားမြီးနှိက် အလွန်တရာ အစွမ်းကောင်းသော နွားလားဥသဘကြီးတကောင်ရှိ၏၊ ၎င်းမြီးကြီးနှိက်လည်း တံခါးငါးချက်နှာရှိ၏၊ ၎င်းမြီးကြီး၏အနီးနှိက်လည်း စပါးခင်းတခု, ပြောင်းခင်းတခု, နှမ်းခင်းတခု ပဲခင်းတခု, ဂျုံ(?)ပျောခင်းတခုရှိ၏၊ ၎င်းနွားလားဥသဘကြီးသည် မိမိမြီးတံခါးပေါက် တဲ့ရာကိုထွက်၍၊ ပဲ ပြောင်း နှမ်း စပါး ဂျုံပျောတို့ကို တလှည့်စီ စားသောက်၏၊ ၎င်းဖန် ၎င်းခါ သူဌေးကြီးက တံခါးငါးပေါက်ကို ပိတ်ထားသော်လည်း ခြံကိုခုန်၍ ဝေးရာနီးရာအရပ်ဌာနကိုသွား၍စားသောက်၏၊ မိမိ အစာ အဟာရ ပြည့်စုံသောခါ၊ ၎င်းမြီးမှာပင် အိပ်ခါ စမြုံ့ပြန်ခါနေ၏၊ ၎င်းနွားလားဥသဘ စားသောက်၍သွားသော ပဲပြောင်းနှမ်းစပါးဂျုံပျောရှင်တို့သည်၊ သူဌေးကြီးကို တိုင်ကြားကြသဖြင့်၊အတိုးထိုက်တန်သလောက် လျော်ကြေး ပေးခါ ပေးခါ ရက်ရှေ့လများ နေရလေ၏၊

**တရံရောအခါ၊** သူဌေးကြီးသည် ဤကဲ့သို့ စဉ်းစား၏။ ငါသည်–ဤနွားလားဥသဘကြီးကို မွေးသည်မှစ၍ အကျိုး အလွန်တရာပျက်စီးသည်၊ နေ့စဉ်လစဉ် သူတပါး ဝဲပြောင်း နှမ်းစပါး ဥက်ပျောတို့ကို သွား၍စားသောက်ခြင်းကြောင့်၊ လျော်ကြေး ပေးရသည်လည်းများလှပြီ၊ တဖန် တံခါး ငါး ပေါက်ကို ပိတ်သော်လည်း ခြံကိုရန်ကျော်၍သွားပြီးလျှင် စားသောခြင်း ကြောင့်လည်း လျော်ကြေး ပေးရပြန်သည်၊ ဤကဲ့သို့တာရှေစွာ ဤနွားကို ပေါက်လွှတ်ထားခြေက၊ ငါ သာ အကျိုးပျက်စီးတော့မည်။ ဧင်းနွားလားဥသဘကြီးကို မိအောင်ဘမ်းပြီးလျှင်၊ လိမ္မာအောင်ဆုမ္မချေက,ငါ့စကားကို နားထောင်သဖြင့်၊ တည်းနှင့်တတ်၍နိုင်းစေရသော်၊ များစွာ သောအကျိုးစီးပွါးဖြစ်ရာ၏–ဟု ကြံစိမ်၍၊ မိမိအိမ်၌ရှိသော မိမိ၏တပည့်လုလင်စွမ်းကောင်း မောင်ဝါယာမကိုနိုင်းစေလေ၏၊ မောင်ဝါယာမ ကလည်း အရှင်စကားအတိုင်း ဝေးစွာသော အရပ်မှ ခြံတွင်းသို့ ရောက်အောင် သိမ်းယူ၍ လာပြန်၏၊ မောင်ဝါယာမ နွားလားဥသဘကို သိမ်းယူ၍လာသည်ကို မြင်လျှင်၊ မောင်သတိ,ကို ဧင်းနွား အခြားသို့မပျောက်မပျက် မပြေးနိုင်အောင် ချီတိုင်တွင်ချီထားပါဟု သူဌေးကြီး နိုင်း သဖြင့်၊ မောင်သတိ,လည်း နွားလားဥသဘကို မပျောက် မပျက် မရုန်း မပြေးရအောင် ကောင်းမွန် ငြိမ်ဝပ်စွာ ထား၏၊

ထိုအခါ–သူဌေးကြီးသည် ဘယ်တော့အခါမှ ဘမ်းထို့ မမိသော နွားလားဥသဘကို ယခုမိပြီဟု အလွန်ဝမ်းမြော် ဝမ်းသာ ရှိလေ၏၊ ၊အလွန်ဝမ်းသာပြီးမှ မောင်ပညာ,ကို

ခေါ်၍၊ ၎င်းနွားကြီးကို တနေ့တခြား ယဉ်ပါးလိမ္မာအောင် ဆုံးမပေးပါဟု ခိုင်းပြန်လေ၏။ မောင်ပညာ့လဲ သူဌေးမင်း ခိုင်းတိုင်း၊ ၎င်းနွားလားဥသဘကို ချိတ်တိုင်၌ချီပြီးလျှင်၊အနိစ္စ ဝိပဿနာဆိုသော ကြိမ်လုံးတလုံး၊ ဒုက္ခဝိပဿနာဆိုသော ကြိမ်လုံးတလုံး၊ အနတ္တဝိပဿနာဆိုသော ကြိမ်တလုံး၊ ၎င်း ကြိမ်လုံး သုံးလုံးနှင့် နေ့စဉ် နေ့စဉ် ဆုံးမသောကြောင့်၊ ၎င်း နွားလားဥသဘကြီးသည် အလွန်တရာ ယဉ်ကျေးသဖြင့် သူဌေးမင်းကို အပ်လေ၏၊ သူဌေးမင်းလည်း ဝမ်းကြီးနှင့် ကုန်စဉ်တိုက်၍ရောင်းဝယ်ဖေါက်ကားသဖြင့် များစွာသော ရတနာမျိုးနှင့် ပြည့်စုံ၍၊ ချမ်းကြည်သာစွာ နေရလေ၏။ နွားလား ဥသဘလည်း ဈေးကနှင့်မတူ၊ သူတပါးခြံကို ဖျက်ဆီး၍စားခြင်း၌မပြု အရှင်မရှိသောပစ္စည်းများကိုသာ စားသောက်ခြင်းပြုလေ၏။

ဥပမာပြီး၏၊

## ဥပမေယျကား။

သူဌေးကြီးသည် သမာဓိနှင့်တူ၏၊နွားလားဥသဘကြီး သည် စိတ်နှင့် တူ၏၊ နွားခြံကြီးသည် ခန္ဓာအိမ်နှင့် တူ၏၊ တံခါး ငါးမျက်နှာသည် မျက်စိ နား နှာခေါင်း လျှာ-ကိုယ် ပသာဒရုပ် ငါးခုနှင့်တူ၏၊ ခြံအနီးတွင် ပဲ ပြောင်း နှမ်း ဝပါး ငှက်ပျောဥယျာဉ်တို့သည် အဆင်း, အနံ့, အရသာ, အသံ, အတွေ့အထိနှင့်တူ၏၊ တံခါးငါးပေါက်က ထွက်၍စားခြင်း သည် မျက်စိနှင့် အဆင်းကိုကြည့်ခြင်း၊ နားနှင့် အသံကို

နားထောင်ခြင်း၊ နှာခေါင်းနဲ့ အနံ့ကိုခံခြင်း၊ လျှာနှင့် အရသာကိုလျက်ခြင်း၊ ကိုယ်နှင့်အထိ အတွေ့ကို ခံစားခြင်းနဲ့တူ၏၊ ခြံ့ ရှင်များကတိုင်၍လျှောင်ရခြင်းသည်၊မျက်စိနှင့်အဆင်းကို မြင်၍ ဒေါသ, လောဘ, မောဟ, ဖြစ်ခြင်း၊

နားနှင့် အသံကိုကြား၍ အဆိုးကိုကြားသဖြင့် ဒေါသဖြစ်ခြင်း၊အကောင်းကိုကြား၍လိုချင်သောလောဘဖြစ်ခြင်း၊ ၎င်းလောဘ,ဒေါသ ၂ပါးကြောင့်၊ဒုက္ခဖြစ်မည်ကိုမသိခြင်း၊ မောဟ–၎င်းကို အဝိဇ္ဇာဟုခေါ်သည်၊

နှာခေါင်း အနံ့ တွေ့သောအခါလည်း ၎င်းနည်းအတိုင်း ယူလေ၊

လျှာနှင့် အရသာ အဆိုး အကောင်းကို တွေ့လျှင်လည်း ၎င်းနည်းအတိုင်းယူလေ၊

ကိုယ်နှင့် ဖောဋ္ဌဗ္ဗတွေ့လျှင်လည်း အဆိုးအကောင်းကို သိသဖြင့်၊ ၎င်းနည်းအတိုင်း ဖြစ်သည်ဟုယူလေ၊

၎င်း နွားလားဥဿဘသည် ခြံတံခါးပိတ်သော်လည်း၊ ခြံကိုခုန်၍ အခြားသော လယ်ယာ ဝဲပြောင်း အခင်းတို့ကို စားသောက်ခြင်းနှင့်၊ မျက်စိအာရုံ နားအာရုံ, နှာခေါင်းအာရုံ လျှာအာရုံ, ကိုယ် အာရုံကို လွှတ်ထားပြီးလျှင်၊ အထွေထွေ သော အကြံအစီ စိတ်ကူးနေသည်နှင့်တူ၏၊ စိတ်ကူး တွေး ဆသောအခါ အဆိုး အကောင်းနှင့် တွေ့သဖြင့်၊ လောဘ ဒေါသ,မောဟ, အဝိဇ္ဇာ, တဏှာမာန,ဒိဋ္ဌိဖြစ်သဖြင့် တဖန် လျှော်ရသည်နှင့် တူ၏၊ သျှော်ရ ဆိုသော စကားသည်၊ အသစ်အကုသိုလ်မှ ကုသိုလ်မှုဖြစ်ခြင်းကိုဆိုသည်၊

အဝေး အနီးမသွားရအောင် နွားလားဥဿဘ ကို ခြံတွင်းသို့ သိမ်းယူလာသောသူနှင့် သမ္မာဝါယာမနှင့်တူ၏။

တဖန်ခြံတွင်းသို့ရောက်၍ မပြေးမသွားရအောင် ချိတိုင်မှာ နိုင်ခန့်စွဲမြဲစွာ ချီထားသူနှင့် သမ္မာသတိနှင့်တူ၏။

ငင်း နွားကို ယဉ်ကျေးအောင် ဆုံးမသူနှင့်၊ ပညာကွဲအဓိပညာနှင့်တူ၏။

ကြိမ်သုံးလုံးသည် အနိစ္စ, ဒုက္ခ, အနတ္တ နှင့် တူ၏။

မယဉ်ကျေးတာကို ယဉ်ကျေးအောင် ကြံရခြင်းသည် သမ္မာသင်္ကပ္ပနှင့်တူ၏။ နွားလားဥဿဘ ယဉ်ကျေးခြင်းသည် သမ္မာဒိဋ္ဌိနှင့် တူ၏။

ငင်းနွားကို နိုင်းစေ၍ များစွာ ရွှေ ငွေရသည်နှင့်၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ကို ရသည်နှင့် တူ၏။

ငင်းနွားကို ဘယ်လိုပင် လွှတ်ထားသော်လဲ၊ သူတပါး လယ်ယာကို မစား မသောက်သည်နှင့်၊ မိမိ စိတ်သည် ဘယ်လိုပင် မျက်စိ-နား-နှာ-လျှာ-ကိုယ်အာရုံကိုတွေ့သော်လည်း၊ လောဘ ဒေါသ-မောဟ-အဝိဇ္ဇာ-တဏှာ-မာန-ဒိဋ္ဌိ မဖြစ်သည်နှင့် တူ၏။

ထို့ကြောင့် မအိုမှီ,မနာမှီ,မသေမှီ,က မိမိစိတ်ကို သုတ္တံနည်းအားဖြင့်ဖြစ်စေ၊ အဘိဓမ္မာ နည်းအားဖြင့် ဖြစ်စေ၊ ကြိုးကောင်းကောင်းနှင့် ချီထားရာ၏။ ကြိုးနဲ့ချီ၍ မြဲသော်လည်း ဆုံးမခြင်း မရှိက, ချိတိုင်က လွတ်သော် လယ်ယာတို့ကို

လိုက်၍ စားမြဲ စားပြန်သကဲ့သို့ သမာဓိအလုပ်နှင့် အသိဉာဏ်ဈာန်ကိုပင်ရ၍ ဗြဟ္မာမင်းကြီးပင်ဖြစ်သော်လည်း တဖန် အကုသိုလ် ကုသိုလ်မှုကို ဆည်းဘူးပြန်သဖြင့် သံသရာ ဒုက္ခမှ မလွတ်နိုင်သေး။

အုန်းပင် ပေါ်နိုက် သီး၍နေသော အုန်းသီး တို့သည်၊ အညှာခိုင်သလောက် တွဲလဲဆွဲ၍နေသကဲ့သို့။ လူ့ပြည် နတ်ပြည်နိုက် နေကြသော သတ္တဝါတို့သည် ကုသိုလ် ခိုင်သလောက် တွဲလဲဆွဲ၍ နေကြ၏။ ကုသိုလ်ကုန်ရောက်သော အခါ အပါယ်ငရဲ အဝီစိသည်ဖြင့် ဧကန် ကျရောက်ကြမည် အမှန်ဖြစ်တော့သည်။

အုန်းသီးများ အညှာမခိုင်၍ကြွေကျသည်ရှိသော်၊ အပင်အောက်က ဆူးခြောင့် ခလုပ်ကို ရှောင်၍ကျမည်မဟုတ်။ ကျပြန်လျှင်လည်း ကျသောနေရာမှာ နေမည်မဟုတ်သကဲ့သို့။ လူ့ပြည် နတ်ပြည်၊ ဗြဟ္မာပြည်မှကုသိုလ်ကုန်သောအခါ ကောင်းသောနေရာ ရောက်မည်ဟု မဆိုနိုင်ဘဲ၊ ကျချင်ရာကျဘိသကဲ့သို့။ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံသို့ကျရ၏။ ကျပြန်လျှင်လည်း ကျသောနေရာတွင်မနေ၊ တဖန် လိမ့်၍သွားပြန်သကဲ့သို့ အပါယ်ဘုံတွင်မရပ်၊ နောက်ထပ်၊ ဆက်ခါ ဆက်ခါ အဝီစိ ကိုသာ ရောက်ရရှာတော့သည်။

သို့ဖြစ်၍ သီလကျွံ အဓိသီလနှင့် လူနတ်ဖြစ်၍နေသော်လည်း စိတ်မချရသေး။ ။သမာဓိခံ အဓိစိတ္တနှင့် ဗြဟ္မာဖြစ်၍၊ ရူပဘုံ အရူပဘုံမှာနေရသော်လည်း စိတ်မချရသေး။ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရဟု ဆို

အပ်သော သင်္ခါရ သုံးပါးတို့သည်၊ ဇာကေန္တ ဘုံ ၃၁-မှာ လည်၍ ရုပ်နာမ်ခန္ဓာနှင့် တကွ ဒုက္ခ သက်သက် ခံစား စံစား၍ နေရသည်ဟု မှတ်လေ။

ပုညာဘိသင်္ခါရဆိုလျှင် ကောင်း၏ မကောင်း၏ သိနိုင် ရသည်။ အဘိ က—အလွန်။ ပုည က—ကောင်းမှု။ သင်္ခါရ က ရုပ်နာမ် ပြုပြင်ခြင်း။ ကောင်းစွာ ကောင်းမှုနှင့် ရုပ်နာမ်ကို ပြုပြင်မည် ဆိုသောကြောင့်၊ ၎င်းပုညာဘိ ကုသိုလ်သည် ရုပ်နာမ် နှစ်ဖြာ ခန္ဓာ ပျောက်ငြိမ်း၍ ဇာတ်သိမ်းသော တရားမဟုတ် သိရမည်။

အပုညာဘိသင်္ခါရဲ့ဆိုပြန်က လည်း၊ အလွန်မကောင်းမှုနှင့် ရုပ်နာမ်ကို ပြုပြင်မည်ဆိုသော အမည်တည်း။ အာနေဉ္ဇာဘိ သင်္ခါရဲ့ဆိုပြန်က လည်း၊ အလွန်ကောင်းသောအရူပကုသိုလ် ရုပ်နာမ်ပြုပြင်ပေးမည်ဟု ဆိုသောစကားတည်း။ ။ပေါင်း စကားရပ်တို့ကို ကျဉ်းလိုက်သည်ရှိသော်၊ သင်္ခါရသုံးပါး၊ ဘုံသုံးပါးကို အကုသိုလ် နှင့် ကုသိုလ်ကောက်ရသည်။

အကုသိုလ်သည် မိစ္ဆာတရားဖြစ်သည်။ ကုသိုလ်သည် ဒိဋ္ဌိတရားဖြစ်သည်။ ။(ယျော့သျှင်-မိစ္ဆာ၊ သာလျှင်-ဒိဋ္ဌိ၊ ဥနိရောင်ညို၊ တြိဘယ်သို့ ဖြစ်သနည်း) ဟု တြိခန်းပုစ္ဆာ, တကာထာ ဆရာများ မေးသော စကားရှိသည်။ ကုသိုလ်, အကုသိုလ် သိုလ်နှစ်သိုလ် တသိုလ်ဘယ်ကလာသနည်းဟု မေးခြင်းကြောင့်၊ အကုသိုလ်သည် — ယျော့သော တရား။ ကုသိုလ်သည်—သာသောတရား။ မိစ္ဆာသည်—ယျော့သော တရား၊ ဒိဋ္ဌိသည်—သာသောတရားဖြစ်ပေ၏။

ဥပမာ၊ ချိန်ခွင်တခု၌ ကုန်အမျိုးမျိုးကိုထည့်၍ ရောင်းဝယ်ကြသောအခါ၊ ချိန်ခွင်ပေါင်တွင်လျှာရွေ့နေသောအခါ ဝယ်သူကနာပြန်၏၊ လျှာရွေ့သို့သာပြန်လျှင်လည်း ရောင်းသူကနာပြန်၏၊ ဘယ်ဘက်ကိုမှ မသာ၊ မလျော့၍ မှန်ကန်စွာနေသောအခါ၊ နှစ်ဦး သဘောညီမျှ၍ မည်သူမှ အနာမခံရသကဲ့သို့၊ ကုသိုလ် အကုသိုလ်တရားတို့သည် မိစ္ဆာဒိဋ္ဌိတရားဖြစ်သည်၊ သို့ဖြစ်ပါ၍ လျော့သောမိစ္ဆာတရားလည်း မဖြစ်အောင်၊ သာသော ဒိဋ္ဌိတရားလည်း မဖြစ်အောင်၊ တြွခန်း ပုဂ္ဂိုလ်အတိုင်း တရားသုံးပါး ဖြစ်ပေါ်လာအောင်၊ ချိန်ခွင်၌လျှာပိတ်၍နေသကဲ့သို့၊ အရိယာသူတော်ကောင်းတို့ကျင့်သော မဇ္ဈိမ ပဋိပဒါ၊ အလယ် အလပ် အကျင့်မြတ်တရား၊ မဂ္ဂင်ရှစ်ပါး၊ သီလ၊ သမာဓိ၊ ပညာ၊ သုံးဖြာသုံးနှဲ သုံးပုံခွဲ၍ ကျင့်မြဲအတိုင်း ကျင့်ကြရမည်။

ကုသိုလ် အကုသိုလ် နှစ်သိုလ်တွင်၊ တသိုလ်ဘယ်ကလာသနည်းဆိုသော ပုစ္ဆာမှာလည်း။ ။ဒုစရိုက်ဆယ်ပါး၊ သုရာမေရယကို ထည့်၍ ဆယ့်တပါးသည် အကုသိုလ်တသိုလ်ဖြစ်၏။ ။၎င်း ဒုစရိုက် တဆယ်၊ ဆယ့်တစ်ကို ပယ်လိုက်လျှင်၊ သုစရိုက်ကုသိုလ် တသိုလ်ဖြစ်ပြန်၏။

**တနည်း၊လည်း၊** အပုညာဘိသင်္ခါရ အကုသိုလ်တသိုလ်၊ ပုညာဘိ နှင့် အနေဥ္စာဘိသင်္ခါရ ကုသိုလ်တသိုလ်။ ။၎င်း အကုသိုလ် ကုသိုလ် နှစ်သိုလ်ထဲက ဘယ်က တသိုလ် လာပါသနည်းဆိုသော်၊ ၎င်းအကုသိုလ် ကုသိုလ် ၂-ခုကို ပယ်စွန့်နိုင်သော အကျင့်မြတ်တရား၊ မဂ်တရား လေးပါး၊

ဖိုလ်တရားလေးပါး, ဝိမုတ္တိရသာတပါး လောကုတ္တရာတရား ကိုးပါးဟုဆိုအပ်သော ကုသိုလ်တခု ပေါ်ပေါက်၍လာရ၏။ ထိုကြောင့်........ သိုလ် သုံးသိုလ်ဖြစ်ပြန်၏။

## မဂ္ဂင်ကိုပြသောအခန်း။

ထိုမဂ်၄-ပါး ဖိုလ်၄ ပါး၌ မဂ်ကား အကြောင်းတရား ဖြစ်၏။ ဖိုလ်ကား အကျိုးတရားဖြစ်၏။ သောတာပတ္တိမဂ် အကြောင်းခံလျှင် သောတာပတ္တိဖိုလ်အကျိုးဖြစ်၏။ သကဒါဂါမိမဂ် အကြောင်းခံလျှင် သကဒါဂါမိ ဖိုလ်အကျိုးဖြစ်၏။ အနာဂါမိမဂ်အကြောင်းခံလျှင် အနာဂါမိဖိုလ်အကျိုးဖြစ်၏။ အရဟတ္တမဂ်အကြောင်းခံလျှင် အရဟတ္တဖိုလ်အကျိုးဖြစ်၏။ သို့ဖြစ်၍ ဖိုလ် လေးပါးသည် အကျိုးတရားဖြစ်၍ ကျင့်ကြောင်းတရား မဟုတ်ဟု မှတ်လေ။ ။မဂ် လေးပါးသည် အကြောင်းတရားဖြစ်၍ ကျင့်ရသည်ဟု မှတ်လေ။ အကျိုးကို လိုချင်လျှင် အကြောင်းကို ပြုရသည်ဟု မှတ်လေ။

မဂ်လေးပါးတရား၌ ပဌမသောတာပတ္တိမဂ်တပါး ဖြစ်အောင် ကျင့်မည်ဆိုသော်၊ ၎င်းမဂ်စိတ်တခု၏ အင်္ဂါအရေအတွက်သည် ရှစ်ပါးရှိ၏။ ၎င်း အင်္ဂါရှစ်ပါးရှိသည့်အတိုင်း ကျင့်၍ အင်္ဂါစုံမှ မဂ်စိတ်တလုံးဖွဲ့ရသည်။

**ဥပမာ၊** မိမိတို့အိမ်ကို အိမ်တခု ခေါ်ရအောင်၊ ထုပ်ရောက်, ဒိုင်း, မျှား, တိုင်, အကာ, အမိုးပုံမှအိမ်ဖြစ်၍ အိမ်တလုံး ခေါ်ရဘိသကဲ့သို့၊ သောတာပတ္တိ မဂ်စိတ်တလုံး ဘျရောက်အောင် မဂ်အင်္ဂါစုံမှ ဖြစ်နိုင်ရာသည်။

မဂ်အင်္ဂါ ရှစ်လုံးကိုလည်း၊ သုံးပုံ-ပုံ၍ ကျင့်ရသည်၊ အဘယ်ကဲ့သို့ ပုံရသနည်း ဆိုသော်၊ သီလ၌တပုံ သမာဓိ၌တပုံ၊ ပညာ၌တပုံ၊ ဤကဲ့သို့ပုံရသည်၊

သီလတပုံတွင်သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, ၎င်းသုံးလုံးပုံရသည်၊ ၎င်းသုံးလုံးတွင်လည်း အကျိုးတရား တပါး၊ အကြောင်းတရား နှစ်ပါးရှိသည်၊ ၊အကျိုးတရား ဟူက ကျင့်ရသော တရားမဟုတ် ယူလေ၊ အကြောင်း တရားကိုသာ ကျင့်ရိုးဟုမှတ်လေ၊သီလအပုံ၌ အကျိုးတရား တည်းဟူသော သမ္မာအာဇီဝ,တရားကိုမကျင့်ရအကြောင်း တရားတည်းဟူသော သမ္မာကမ္မန္တနှင့် သမ္မာဝါစာကိုသာ ကျင့်ရသည်၊

သမာဓိတပုံ၌လည်း၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ သမာဓိဟု၊ သုံးလုံးထား၍ ပုံရသည်၊ ထိုသုံးပါးတို့တွင်၊ သမ္မာဝါယာမနှင့် သမ္မာသတိက အကြောင်းတရား ဖြစ်၍၊ ကျင့်ရသော တရားဖြစ်သည်၊ သမ္မာသမာဓိက အကျိုး တရားဖြစ်၍ မကျင့်ရဖြစ်သည်၊

ပညာတပုံ၌လည်း သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိကိုထား၍၊ နှစ်ပါးပုံရသည် ၎င်းနှစ်ပါး၌လည်း သမ္မာဒိဋ္ဌိသည်၊ အကျိုး တရားဖြစ်၍မကျင့်ရ သမ္မာသင်္ကပ္ပသည် အကြောင်းတရာ ဖြစ်ခြင်း ကြောင့် ကျင့်ကြောင်းတရားဖြစ်၏၊

ဤကဲ့သို့ သုံးပုံ ပုံခြင်း၌ သီလ၌ ကျင့်ကြောင်းတရား နှစ်လုံး၊ ၊သမာဓိ၌ ကျင့်ကြောင်းတရားနှစ်လုံး၊ ၊ပညာ၌ ကျင့်ကြောင်းတရားတလုံးအားဖြင့် ပေါင်းငါးလုံးရှိ၏၊

၎င်းကျင့်ကြောင်းတရား ၄ါးလုံး သုံးပုံတွင် ရှေးအရိယာတို့ ဒေသနာ ဘြံဝါဒအတိုင်း၊ အလယ် နှစ်လုံးက စ၍ ကျင့်ရာ၏၊ အဘယ်ကြောင့်ဆိုသော် အလယ် နှစ်လုံးသည် သမ္မာဝါယာမနှင့် သမ္မာသတိ ဖြစ်၏၊ ၎င်းတရား နှစ်ပါးကို ကျင့်၍နေသောအခါ အစနှစ်လုံး သမ္မာဝါစာနှင့် သမ္မာကမ္မန္တသည် အလိုလိုကျင့်ပြီးဖြစ်၍ သမ္မာအာဇီဝ အကျိုးကို ရပြီးဖြစ်သည်၊ ၊၎င်းအလယ်တရားနှစ်ပါးကို ကျင့်၍ လုံလောက် အထမြောက်သော အခါ၊ အလယ်သမာဓိ အကျိုးကိုခံစားရ၏၊အလယ်အလပ်တရားအကျိုးအကြောင်း ပြည့်စုံသောအခါ၊ အဆုံးပညာအမည်ရှိ ကျင့်ကြောင်းတရား ဖြစ်သော သမ္မာသင်္ကပ္ပတရားသည်၊ သက်သက်သာသာနှင့် ဖြစ်တော့သည်၊ ၊ဥပမာ၊ ဗုဒ္ဓ တရား, သံဃာသုံးပါး၌ တရားကို ပခုံးပေါ်သို့တင်၍ ထားလိုက်သည် ရှိသော်၊ ဗုဒ္ဓနှင့် သံဃာ နှစ်ပါးလုံးကို မနိုင်သကဲ့သို့ ထိုအတူဖြစ်၍ အလယ် အလပ်ကစ၍ ကျင့်ရမည်၊

အကယ်၍ ဗုဒ္ဓကိုဖက်၍ထားက တရားကို ကျော်၍ ဖမ်းမှ သံဃာကိုမနိုင်သည်၊ ၊သံဃာကိုဖက်၍ ထားက တရားကို ကျော်၍ဖမ်းမှ ဗုဒ္ဓကို မနိုင်သည်၊ ထို့အတူ သီလအရာက မဂ္ဂင်သုံးလုံးကိုစ၍ ကျင့်ပါက သမာဓိကို ကျော်နိုင်မှ ပညာမဂ္ဂင်နှစ်ပါးကို ရနိုင်သည်၊ ၊ပညာမဂ္ဂင် နှစ်ပါးကိုစ၍ ကျင့်ပါက သမာဓိမဂ္ဂင်သုံးပါး ကျော်နိုင်မှ သီလ မဂ္ဂင်သုံးပါးကို မနိုင်မည်၊

သို့ဖြစ်သောကြောင့် ရှေးသူတော်ကောင်း အရိယာတို့ သွားလမ်းအတိုင်း မကျဉ်းမကျယ် အလယ်အလပ် တရား အဖြတ် ပရမတ်ကစ၍ ကျင့်ပါမှ ပညတ်ပျောက် ပရမတ် ရောက် ပရမတ်ပျောက် နိဗ္ဗာန်ရောက်နိုင်သည်။

## ရတနာသုံးပါး အကြောင်း။

လောကသုံးပါး တို့တွင်၊ လူသတ္တဝါ အပေါင်းတို့သည် တဘဝလျှင်တခါ ဗုဒ္ဓာအမျိုးမျိုးတို့နှင့် ကိုးကွယ် ဆည်း ကပ်၍ နေကြရသည်၊ ဗုဒ္ဓာနှင့် မပြတ်နေကြရ သော်လည်း ဗုဒ္ဓာမှန် တရားမှန် သံဃာမှန်ကို တွေ့ခဲ ကြုံခဲလှလေသည် ရုံဖန်ရုံဖန် တောတောင်ဂင်္ဂမာ ရေမြေ သမုဒ္ဒရာကို ဘုရား လုပ်၍ ကိုးကွယ်ရ၏၊ ရုံဖန်နတ်ကွန်းစင်ကို ဘုရားပြု၍ ကိုး ကွယ်ရ၏။ ရုံဖန်နေ့ကိုဘုရားပြု၍ ကိုးကွယ်ရ၏၊ ရုံဖန်လကို ရုံဖန်ဆင်ကို ရုံဖန်နတ်ကို ရုံဖန်နွားကို ရုံဖန်ကျွဲကို ဤကဲ့သို့ အသွေးထူးအထွေထွေများစွာသော ဘုရားတို့နှင့် ကိုးကွယ်၍ နေကြရ၏။

၎င်းဗုဒ္ဓာတို့သည်၊ မိမိတို့၏ တပည့်များကို အပါယ် လေးပါးသို့ ရောက်တတ်သော တရားကိုပြ၏၊ အချို့ဗုဒ္ဓာ ကား လူနတ်ဖြစ်တတ်သောတရားကို ဟောညွှန် ပြတတ်၏ အချို့သောဗုဒ္ဓာကားဗြဟ္မာဖြစ်တတ်သော တရားကိုဟော ပြ၏၊ ဤကဲ့သို့အမျိုးမျိုးသောဗုဒ္ဓာတို့က အမျိုးမျိုးသောတရား တို့ကို ဟောပြော ဆုံးမခြင်းကြောင့် သံသာရ ဒုက္ခဘေးအ ပေါင်းတွင် ကျင်လည်သွားလာကာနေကြကုန်လေသည်၊

ဗုဒ္ဓဖုရားမှန် တရားမှန်ကို အလွန်တရာ တွေ့ကြုံနိုင်ခဲလေသည်၊သို့ဖြစ်ပါ၍ဗုဒ္ဓရားမှဗုဒ္ဓရား၊တရားမှတရား၊ သံဃာမှ သံဃာ၊စကားမှစကား၊လူမှလူ ဟူ၍ ရွေးကောက်ရလေသည်၊

ဗုဒ္ဓရားမှန်မှ တရားမှန်မည်၊ တရားမှန်မှ မိမိသံဃာ ဖြစ်၍ ဗုဒ္ဓရားတပည့်သားပြုပြီနိဗ္ဗာန်သို့ရောက်နိုင်သောအကြောင်း ဖြစ်သည်၊ ဗုဒ္ဓရားမှန် တရားမှန်ကို တွေ့သော်လည်း လူမှလူ ဆိုလောက်အောင် မဖြစ်ခြင်းကြောင့်၊ မယူမဆနိုင်၍ နိဗ္ဗာန် ချမ်းသာကို မခံစားနိုင်၊သို့အတွက် ဘုရားအမျိုးမျိုးတို့တွင် ဗုဒ္ဓရားမှဗုဒ္ဓရားဆိုလောက်သော အတုမရှိသောဗုဒ္ဓရားကို ရွေးကောက်ခြင်းပြုရသည်၊ တရားအရာ၌လည်း အတုမရှိသော တရားကိုရွေးကောက်ရသည်၊ ၊သံဃာအရာ၌လည်းအတုမရှိသော သံဃာကိုရွေးကောက်ရသည်၊စကားအရာ၌လည်း မတုနိုင်သော စကားကိုရှာ၍ ရွေးကောက်ရသည်၊ လူဆိုသော်လည်း လူဆိုလောက်သော လူကိုရွေးကောက်ရသည်၊ ၊ဎင်းရွေးကောက်ခြင်း ငါးပါးတို့တွင် ရှေးဦးစွာ လူမှ လူဆိုလောက်အောင် မိမိကဗုဒ္ဓဟုသုတအရာများစွာ လိမ္မာယဉ်ကျေးမှ စကားမှစကားကို နားလည်သည် ဎင်းစကားမှ စကားကို နားလည်မှ အဘယ်ဗုဒ္ဓရား မှန်မည် မမှန်မည်ကိုသိနိုင်သည်၊ ဗုဒ္ဓရားမှန်ကိုမမှန်ကိုသိနိုင်မှတရားမှန်ကို မမှန်ကိုသိနိုင်သည်၊ တရားမှန်မမှန်ကိုသိ၍ မိမိသိမ်းဆည်းစောင့်ရှောက်ပါမှ သံသာရဘေးမှ ထွက်မြောက်နိုင်သော အရိယာ သံဃာဖြစ်မည် အရိယာဖြစ်မှ နိဗ္ဗာန် ချမ်းသာကို ခံစားခြင်းပြုနိုင်မည်၊

ဘုရားဟူသာ (နဝဂုဏောဟိ) ရှိသည့်အတိုင်း ကိုးပါးသော ဂုဏ်တော်နှင့် နှိုင်းဆပြီးလျှင်၊ မိမိဉာဏ်တွင် နှိုင်းချိန်၍ ကြည့်ရမည်။ (ဣတိပိသောဘဂဝါ) အတိုင်း၊ ကိုးပါးသော ဂုဏ်တော်နှင့်ကိုက်၏ မကိုက်၏ နှိုင်းချိန်လေ။ ဂုဏ်ကိုးပါး မကိုက်က ဘုရားမဟုတ်ဟုမှတ်။

တရားတော်၌လည်း (သွာက္ခာတော) ဂုဏ်တော်အတိုင်း နှိုင်းဆ၍ကြည့်လေ။ ဂုဏ်တော်ခြောက်ပါး မကိုက်က၊ ဤဂုဏ်တော် ၆ ပါးနှင့်ကိုက်သော ဘုရား၏တရားမဟုတ်ကုန်။

သံဃာအရာ၌လည်း (သုပ္ပဋိပန္နော) ဂုဏ်အကြောင်းတရား လေးပါး ထိမ်းသိမ်း၍ အကျိုးတရား ငါးပါးကို ရသဖြင့်၊ အကြောင်းအကျိုးနှစ်ပါးစပ်၊ ဂုဏ်တော်ကိုးပါးနှင့်နှိုင်းချိန်၍ ရှမှ အရိယာ သံဃာဖြစ်သည်။ ၎င်းဂုဏ်နှင့် မကိုက်ပါက၊ ဂုဏ်တော် ကိုးပါးနှင့် ကိုက်သော ဘုရား၏ တပည့်သား မဟုတ်ကုန်။

ဘုရား, တရား, သံဃာ ဟူသော သရဏဂုဏ် သုံးပါး တရားကိုပချန်းပေါ်သို့ ထမ်းလိုက်လျှင် ရှေ့နောက်ဘုရားကို လည်း မိ၏။ သံဃာကိုလည်းမိ၏။ ဘုရားကို ဖက်၍ထားလိုက် လျှင်၊ တရားကိုကျော်ပြီးမှ သံဃာကိုမိနိုင်သည်။ သံဃာကို ဖက်၍ထားလိုက်လျှင်လည်း တရားကိုကျော်ပြီးမှ ဘုရားကို မိနိုင်သည်၊ သို့ဖြစ်၍ အလယ်အလပ် မဇ္ဈိမပဋိပဒါ မကျဉ်း မကျယ် အလယ်အလပ် တရားတည်းဟူသော ချတနာကာ တချက်တည်း ထမ်းဆောင် ကျင့်သုံးလိုက်ပါက၊ ဘုရား, တရား, သံဃာ, အကုန်ပါလေတော့သည်။

ဗုရားမှန်ကို ဘယ်အတွက် ရွေးချယ်ရပါသနည်းဆိုလျှင် ဗုရားတွေက ဧကန် တရားမှန်ကို တွေ့မည်။ တရားမှန်ကို တွေ့၍၊ (ဓမ္မော လောကုတ္တရော မတော) ဆိုသည့်အတိုင်း ကျင့်ဆောင်ပါက၊ ခန္ဓာငါးရပ် ရုပ်နာမ်ပြတ်၍ အရဟတ္တဖိုလ်သို့ ဆိုက်သဖြင့် နိဗ္ဗာန်ချမ်းသာကိုခံစားရမည်။ အကျိုးကို လိုချင်တောင့်တ၍ ဗုရားမှန်ကို ရှာဖွေစဲဆေးမေးမြန်းရသည်။

သံဃာတော်ကို ဘယ်အတွက်ရွေးရပါသနည်းဆိုလျှင်၊ သံဃာတော်တွေက ဗုရားမှန်၏၊ တရားတော်ကို ဆုမ္မဟောပြောသဖြင့် တရားကိုတွေ့၍၊ ၎င်းတရားအတိုင်း ကျင့်သဖြင့် နိဗ္ဗာန်ချမ်းသာကိုလိုချင်၍ရှာသည်။ ။လိုရင်းမှုလမှာ သံသာရစက် အကန့်ကို ဖြတ်၍ သွားတတ်သော တရားတော် အစစ်ကိုလိုချင်၍ ဗုရားကိုရွေးရသည်၊ သံဃာကို ရွေးရသည်။ (ဝစေယျဒါနံ ဒါတဗ္ဗံ) ဆိုသော စကားသည်လည်း၊ ပုဂ္ဂိုလ် ရွေးပြီးလှူက သံဃာတော်နှင့် တွေ့လျှင် သံသရာကို ပြတ်တတ်သော တရားတော်ကို ကြားနာ၍ ကျွတ်စေခြင်းငှါ ဟောတော်မူသည်။

(စေတနာဟံ တမ္မံဘိက္ခုဝေ) ဆိုသော စကားသည်၊ မိမိကိုယ်က တရားထူးရှိသဖြင့်၊ တရားအထူးရှာစရာ မရှိသောသူကို ဆိုသော စကားဖြစ်သည်။ ။လိုရင်း အဓိပ္ပါယ်မှာ၊ တချက်တည်းနှင့် သုံးပါးလုံး ပါနိုင်သော တရားတော်ကို တွေ့သည်သာ လိုရင်းဖြစ်သည်။

သရဏာဂုဏ် ဆိုခြင်းသည်လည်း မြတ်သောတရားကို ဆိုလိုသည်၊ ရတနာသုံးပါးဆိုခြင်းသည်၊ ။ဆင်ရတနာ၊ မြင်းရတနာ၊ သတ္တိုးရတနာ၊ စိန်၊ကျောက်၊ပတ္တမြားရတနာ၊ စကြာရတနာ၊ တည်းဟူသော ရတနာ ခုနစ်ပါးတို့ထက် မြတ်ခြင်းကြောင့် သရဏာဂုဏ် ရတနာသုံးပါးဟုခေါ်သည်၊ အရှင်ဂေါတမမြတ်စွာဗုရားထားတော်မူခဲ့သော သာသနာ ငါးထောင်အတွင်း၌ ဝဋ္ဋပြစ္စယ၊ ဒါနအကြောင်းခံပြီးလျှင် အဖန်ဖန် ပုဂ္ဂိုလ်ရွေးချယ်ရခြင်းသည်၊ လိုရင်းမှာ—တရား ထူး၊ တရားမြတ်ကို တွေ့စေခြင်းငှါ ရှာရသည်ဟုမှတ်လေ။

မြတ်စွာဗုရား သာသနာကုန်က ဘယ်လိုပင်ရွေးချယ်၍ လှူဒါန်း ပေးကမ်းသော်လည်း တရားထူးကို ရမည်မဟုတ်၊ ကာမာဝစရ သုဂတိအကျိုးမျှသာ ဖြစ်သည်။ ။သာသနာ တော်တွင်းမှာမူကား၊ ကာမာဝစရ ကုသိုလ်အကျိုးလည်း ပြည့်စုံနိုင်၏၊ သပ္ပုရိသ သံသေဝနှင့် တွေ့လျှင် (သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ) စကားကို ကြားနာရ၍ တရားထူး ရသဖြင့် နိဗ္ဗာန်သုခ အကျိုးကို ပြည့်စုံ နိုင်သည်ကို မြတ်စွာဗုရား မြင်တော်မူ၍၊ နေယတ္ထ နည်းအားဖြင့် ရွေးချယ် ရမည်ဟု ဟောတော်မူသည်၊

သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ ဆိုသောစကားသည်၊ သူ တော်ကောင်း စကားကို အလွန် ကြားနာရခဲသည်ဟု ဆို သည်။ ။သူတော်ကောင်းဆိုသည်မှာ၊ သပ္ပုရိသသံသေဝ ကိုဆိုသည်၊ သပ္ပုရိသ သံသေဝဆိုသည်ကား၊ သံသာရ ဘေးကြီးမှ ထွက်မြောက်အောင် သူလည်း၊ ကျင့်ဆဲ ကျင့်

တုန်း ကျင့်ပြီး သူတပါးကိုလည်း သံသရာမှ လွန်မြောက်သော တရားတော်ကို ဟောပြခြင်း ပြသခြင်း ရှိသောသူကို ဆိုသည်။

ခန္ဓာအာယတန ပဋိစ္စသမုပ္ပါဒ် ဓါတ်နှင့်တကွ၊ ရုပ်နာမ်ကို ထမ်း၍ ဘဝများစွာ ကျင်လည်ရခြင်းကို သူတော်၍ သူတော်ကောင်း သပ္ပုရိသဟု ခေါ်သည်။ ။လောက သုံးပါးတွင်၊ အဝိဇ္ဇာ၊ တဏှာနှင့်၊ ပြဋ္ဌာ အသူရကာယ်ဘုံကို တော်၍။ လူ့ နတ်ပြည် ပြဟ္မာ ဘဝကို လိုချင်တောင့်တသော သူတော်ကောင်းကို သပ္ပုရိသ သံသေဝမဆိုလို။

ဗုဒ္ဓပဿေကဗုဒ္ဓါရဟန္တာတို့သည်၊ ဘုံသုံးပါးကိုတော်၍ သွားသောနည်းလမ်းအတိုင်း ဘဝသစ်တဖန် မဖြစ်ပြန်တဲ့ တရားထူးကို၊သူလည်းကျင့် သူတပါးကိုလည်းဟောသော ကြောင့်။ သူ့ ဘဝ သူတော်နိုင်တဲ့ သူတော်ကောင်း သော တာပန်ကို ဆိုလိုသည်။

ပညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အနေဥ္ဇာဘိသင်္ခါရ၊ နေ့-ည, ကြီးပွါးအောင် ဟောကြားတတ်သောသူကို သပ္ပုရိသ သံသေဝ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ-ဟု မဆိုလို၊

သင်္ခါရသုံးပါး, ဘုံသုံးပါး၌၊ ဖြစ်တတ်သောတရားကို သာသနာ၌ရှိ၊ မရှိ။ ဗုဒ္ဓရားပွင့်ပွင့်၊ မပွင့်ပွင့်။ ဟောပြောစားသောက်သော သူ အလွန်တရာ ပေါများသည် ဟု မှတ်လေ။

မြတ်စွာဗုဒ္ဓရားသည်၊ သင်္ချေ-၂၀ ပါရမီတော်ဖြည့်ကျင့်၍ ဗုဒ္ဓရားအဖြစ်တော်သို့ ရောက်တော်မူခြင်းသည်။ သဗ္ဗညုဝါ

များကို ဘုံသုံးပါးတွင် ကျင်လည်နေလို၍ ပါရမီဖြည့်တော်မူသည်မဟုတ်၊ သံသရာဘေးမှ ထွက်မြောက်ရန်အလို့ရှိ၍ ဖြည့်ကျင့်တော် မူသည်။ ဖြည့်ကျင့်တော် မူသည့်အတိုင်း သစ္စာလေးပါးကို သိမြင်တော်မူ၍၊ ရှေးဦးစွာ ဓမ္မစကြာတရားကို ကောဏ္ဍည အစရှိသော ပဉ္စဝဂ္ဂီငါးဦးကို သစ္စာလေးပါး မဂ္ဂင်တရားကို ဟောတော်မူသည်။

---

## တရားတော်-ရွှေးခတ်း။

တရားမှ တရားဟု ခုံအပ်သောအရာ၌ ဖြတ်စွာဗုရား သခင်သည် (သဗ္ဗဓမ္မေ) တည်းဟူသော ပုဒ်ကို ရသဖြင့်၊ အလုံးစုံသော တရားကိုသိ၍ ဟောတော်မူလေရာ၊ မြေမျိုး၍ အဝိစိငရဲတွင် တကမ္ဘာခံရသောတရားလည်းရှိ၏။ ။ငရဲ, တိရစ္ဆာန်ပြိတ္တာ အသူရကာယ်ဘုံ၌ ဖြစ်သောတရားလည်း ရှိ၏။ ။လူ-နတ် ဖြစ်သောတရားလည်းရှိ၏၊ ။ရူပဗြဟ္မာ ဖြစ်သော တရားလည်း ရှိ၏။ ။အရူပ ဗြဟ္မာ ဖြစ်သော တရားလည်း ရှိ၏။ ။ခန္ဓာရုပ်နာမ် တဖန်ပြန်၍ ဖြစ်ခြင်းငှါ မစွမ်းသော နိဗ္ဗာန်တရားလည်းရှိ၏။ သို့ဖြစ်ပါ၍ တခုထက် တခု တဆင့်ထက် တဆင့်၊ ရွေးချယ်၍ မိမိတို့ နှစ်သက် သောတရားကို ကျင့်ကြံ လေ့လာ ရမည်ဟုမှတ်လေ။

အကုသလ,ဒါန. သီလ သမထ, ဝိပဿနာ,ဟု တရား ငါးပါးရှိသည်အနက်မှာ၊ ယခု ပစ္စုပ္ပန်ဘဝ၌ အကုသလနှင့် ပြည့်စုံသောသူကို ဒါနကစ၍ သီလ,သမထ,ဝိပဿနာ,ကို ဟောတော်မူသည်။ ။ဒါနနှင့် ပြည့်စုံသော သူကို သီလ

သမထ ဝိပဿနာကို ဟောတော်မူသည်၊ ၊သီလနှင့် ပြည့်စုံသော သူကို သမထ ဝိပဿနာကို ဟောတော်မူ သည်၊ ၊သမထ နှင့် ပြည့်စုံသော သူကို ဝိပဿနာ ဟောတော်မူသည်၊

**တနည်း**........လူ သတ္တဝါတို့သည် ဒါနခေတ်နှစ်, သီလ ခေတ်နှစ်၊ သမထခေတ်နှစ်၊ နိက္ခမ ခေတ်နှစ်၊ ဝမ်းထည်း၊ မနေ့ာတည်း၌ ရှိကြသည် အနက်၊ သူ၏ခေတ်ခံနှင့် သူကို ဟောရသည်၊ ၊ဒါနခေတ်ခံ ရှိသောသူကို သီလ-သမထ နိက္ခမ တရားကိုဟောလို့မရ ဖြစ်သည်၊ ၊သီလ ခေတ်ခံ ရှိသောသူကို သမထ နိမက္ခ တရားကို ဟောလို့မရ ဖြစ် သည်၊ ၊သမထ ခေတ်ခံရှိသောသူကို၊ နိက္ခမ ဝိပဿနာ တရားကို ဟောလို့မရ ဖြစ်သည်၊ ၊နိက္ခမ ခေတ်ခံရှိသော သူကိုမှ ဝိပဿနာ သံသရာ ထွက်ကြောင်းကို ဟောလို့ ရသည်၊ သို့ဖြစ်၍ ၎င်းတရားတို့တွင် နိက္ခမ ခေတ်ခံကိုသာ လိုရင်းဖြစ်၍၊ မိမိတို့စိတ်၌ သံသာရ ဒုက္ခဘေးကို တွေး၍ ကြောက်ရန် ရှိမရှိကို စဉ်းစား၍ကြည့်လေ။

ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို စက်ဆုပ်ရွံရှာ ဘဝ သစ်တခါပြန်၍ မဖြစ်ချင်သောစိတ်မရှိသေးပါက၊ ဖြစ်ပေါ် ပေါက်ရောက် လာအောင် ရုပ်ကို ပိုင်းခြား၍ ကြည့်ခြင်း၊ နာမ်ကို ပိုင်းခြား၍ကြည့်ခြင်း၊ သုံးဆဲ့နှစ်ပုံ ပုံ၍ကြည့်ခြင်း၊ ငါးပုံစိခွဲ၍ပုံပြီးကြည့်ခြင်း၊ မိမိကိုယ်ကို အသေကောင်ကြီး ဖြစ်အောင် ကြည့်ခြင်း၊ ပုပ်၍ဖူးဖူးရောင်လာအောင် ကြည့် ခြင်း၊ အရိုးကျဲကျဲ သွားကျဲကျဲမြင်အောင်ကြည့်ခြင်း၊ အရိုး

အခဆစ်ကြွေပြတ်သွားအောင်ကြည့်ခြင်း၊ သုတ္တံနည်းအားဖြင့် ကမ္မဋ္ဌာန်း ၄၀-တွင် သင့်လျော်ရာကို အာရုံပြု၍ ဗဟိဒ္ဓနှင့် အဇ္ဈတ္တ တူအောင်ကြည့်ကြသဖြင့်၊ နောင်တဖန် သံသရာ၌ ခန္ဓာဝန်ကြီးကိုထမ်း၍ အပါယ်လမ်း, လူပြည်လမ်း နတ်ပြည် လမ်း ဗြဟ္မာလမ်းတို့ကို မလျှမ်း မသွားချင်သော စိတ်သည် ငါကိုယ်တိုင် ကျင့်၍ ငါတွေ့ကြသောအခါ၊ နိက္ခမခေါတ်ခံ ကိုယ်၌ ဖြစ်ပေါ်လာလိမ့်မည်။ ။ဤကဲ့သို့ အတွေ့မဟုတ်။ ရပြီဟူ၍မှတ်လေ။ ။၎င်းနိက္ခမခေါတ်ခံရှိက ယခုသာသနာ တော် အတွင်းမှာပင် သောတာပန် သကဒါဂါမ် ဖြစ်နိုင် ကြ၏။

မြတ်စွာဗုဒ္ဓရှင် လက်ထက်တော်က၊ ရဟန်း ငါးရာ တို့သည် ဗုဒ္ဓထံတွင် ကမ္မဋ္ဌာန်းများကို မှတ်သား၍ ဥရု ဝေဠ တောတွင် သမထအလုပ်ကို ကျင့်ကြံတော်မူကြ၍ သမာဓိအဖြစ်သို့ ရောက်တော်မူကြသဖြင့်။ ဝိပဿနာအာရုံ လိုသော ကြောင့်........ ကျောင်းတော်က အနိမိတ္တ ဗုဒ္ဓ ဖန်ဆင်း၍လွှတ်ပြီးလျှင်၊ ဥဒါန်းကျူးရင့်တော်မူခြင်းကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်တော်မူကြကုန်သည်။

အဘယ်ဂါထာကို ကျူးရင့်ပါသနည်းဆိုလျှင်၊ (သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ)။ ။

သဗ္ဗေ၊ အလုံးစုံသော။ သင်္ခါရာ၊ ကံ, စိတ် ဥတု, အဟာရ တည်းဟူသော အကြောင်းတရား လေးပါး, ပြုပြင်သည့် ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်။ အနိစ္စာ၊ မျက်စိတမှိတ်

လျှပ်တပျက်၌၊ အချက် တထောင်တသောင်းမက ချုပ်စဲပျက်စဲဖြစ်၍မမြဲကုန်၊ ယာဒါ၊ အကြင်အခါ၊ မမြဲတာကို မြင်ခြင်းကြောင့်၊ ပညာယ၊ ဝိပဿနာပညာ ဆင်ခြင်ခါကြည့်သဖြင့်၊ ပဿတိ၊ ဖြစ်ချုပ်ပျက်စဲ မိုဃ်းဖွဲပမာ ကုဋေကုဋာ မကတွေ့မြင်ရ၏၊ အထ၊ ထိုသို့၊ ကုဋေကုဋာ မရေသာအောင် ထွေရာများပြား ပျက်ပြားမကြာ တွေ့သောခါ၌၊ ဒုက္ခေ၊ ဘေးပေါင်း အခုတန့်တန့် ဆင်းရဲကြောင်း မှန်ခြင်းကြောင့်၊ နိဗ္ဗိန္ဒတိ၊ ဘဝမဆုံး ခန္ဓာလုံးကို ပျင်းမုန်းငြီးငွေ့၏၊ ဧသ ဧသော၊ ထိုသို့အခါ ငြီးငွေ့ရာ၌၊ ဝိသုဒ္ဓိယာ၊ တခဲထောင့်ငါးရာ ကိလေသာ၏ စင်ကြယ်ရာ စင်ကြယ်ကြောင်း ဖြစ်သော နိဗ္ဗာန်သည်၊ မဂ္ဂေါ၊ အကြောင်းအစ, ပဌမ သောတာပတ္တိ မဂ်စိတ်တည်း။

## အန္ဓပုထုဇဉ်–ကလျာဏပုထုဇဉ်အကြောင်း။

အန္ဓပုထုဇဉ်ခေါ်သည်ကား၊ မသိမမြင်, မတတ်မလိမ္မာသည်ကို အန္ဓပုထုဇဉ်ဟု ခေါ်သည်။ ၊အဘယ်ဟာကို မတတ်မလိမ္မာ မသိမမြင်ပါသနည်းဆိုသော်၊ ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ် ဓာတ်သစ္စာတို့ကို ခွဲခြမ်း စိတ်ဖြာ၍ မသိမမြင်သောသူကို အန္ဓပုထုဇဉ်ဟုခေါ်သည်။

ခန္ဓာအာယတနပဋိစ္စသမုပ္ပါဒ်ဓာတ်သစ္စာတို့ကို အကျဉ်းအကျယ်,အလပ်သုံးရပ်သောနည်းများနှင့် ခွဲခြမ်းစိတ်ဖြာ၍ သိသူ ကလျာဏပုထုဇဉ်ဟု ခေါ်သည်။ ၊ကလျာဏပုထုဇဉ် ခေါ်ခြင်းကား၊ အသိအမြင် အတတ်အလိမ္မာနှင့်

ပြည့်စုံသောသူဟူ၍လည်းခေါ်သည်၊ ၎င်းတရားကို ခွဲခြမ်း စိတ်ဖြာ၍ သိခြင်းကြောင့်၊ အရိယာ သူတော်ကောင်းတို့ အကျင့်ကိုကျင့်နိုင်၍ မဂ်ဖိုလ်ကိုရနိုင်သည့်ဟူ၍မှတ်လေ။

၎င်းတရားကိုသိသောသူသည် တိဟိတ်အစစ်ဟူ၍မှတ် လေ၊ ။၎င်းတရားကိုသိ၍ တိဟိတ်ဖြစ်က ,ယခုဘဝတရား ကိုကျင့်လျှင် ၉ဂ္ဂံ သောတာပတ္တိမဂ်ကို ရမည်မှတ်လေ၊ အရိုးကြွေကြွေ အသားကြွေကြွေကျင့်ပါက၊အရဟတ္တမဂ်ကို ရမည်ဟုမှတ်လေ၊ ။ဘယ်ကိုအော်၍သိသနည်းဆိုသော်၊ ပရိတ်ကြီးရတနသုတ်ပါဠိတော်ကို ထောက်၍သိရသည်၊

ယေသုပ္ပယုတ္တာ၊ မနသာဒဠ္ဍေန၊ နိက္ကာမိနော၊ ဂေါတမ၊ သာသနမှိ တေပတ္တိပတ္တာ၊ အမတံဝိဂယှလဒ္ဒါ၊မုဓါ၊နိဗ္ဗုတိ၊ ဘုဥ္ဇမာနာ၊ ဣဒံပိသံဃေ၊ရတနံပဏီတံ၊ ဧတေန၊သစ္စေဝဝေန သုဝတ္ထိဟောတု၊

ဤကဲ့သို့ မြတ်စွာဗုဒ္ဓ ဟောခဲ့သည်၊ မှန်သောသစ္စာဖြင့် ငါဗုဒ္ဓ သာသနာ ငါးထောင်အတွင်း ရဟန်းကိစ္စတုံး၍၊ အရဟတ္တဖိုလ်သို့ ရောက်မည်ဟု ဟောတော်မူခြင်းကြောင့် သိလေ၊

## အန္တပုထုဇဉ်အဖြစ်က ကလျာဏပုထုဇဉ်အဖြစ်ကို ရောက်အောင် ပြသောအခန်း၊ ခန္ဓာငါးပါးအခွဲ။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ။ခန္ဓာဆိုခြင်းကား အစဉ်မပြတ်ဖြစ်ခြင်း ကိုခေါ်သည်၊ အပေါင်းအစုကိုလည်း ခေါ်သည်၊ ။ရူပက

ရုပ်ကို ခေါ်သည်၊ ။ဝေဒနာက ခံစားခြင်းကို ခေါ်သည်၊ သညာက မှတ်ခြင်းကို ခေါ်သည်၊ သင်္ခါရက ပြုပြင်ခြင်းကို ခေါ်သည်။ ။ဝိညာဏက အသိကိုခေါ်သည်၊ ။ရုပ်အစဉ် မပြတ် ပေါင်းရုံ ဆက်လက်၍ ဖြစ်ခြင်းကို ရူပက္ခန္ဓာဟု ခေါ်သည်၊ ။ခံစားတာ အစဉ်မပြတ် ပေါင်းရုံဆက်လက် ၍ ဖြစ်ခြင်းကို ဝေဒနာက္ခန္ဓာ ခေါ်သည်၊ ။မှတ်ထာ အစဉ် မပြတ် ပေါင်းရုံ ဆက်လက်၍ ဖြစ်ခြင်းကို သညာက္ခန္ဓာ ဟုခေါ်သည်၊ ။ပြုပြင်တာ အစဉ်မပြတ် ပေါင်းရုံဆက် လက်၍ ဖြစ်ခြင်းကို သင်္ခါရက္ခန္ဓာဟု ခေါ်သည်၊ ။အစဉ် မပြတ်ပေါင်းရုံ ဆက်လက်၍ သိခြင်းကို ဝိညာဏက္ခန္ဓာ ခေါ်သည်၊

ဤ မိမိရူပကာယ ရုပ်ကြီးနှိုက်၊ ၎င်းခန္ဓာငါးပါး အစဉ် မပြတ် မြစ်ရေများ စီးဆင်း၍ နေတိသကဲ့သို့၎င်း၊ မီးတော် များ အစဉ်မပြတ် ဆက်၍တောက်ပြုးနေသကဲ့သို့၎င်း၊ဖြစ်၍ နေကြလေသည် သတ္တဝါဟု သမုတ်၍ ရုပ်နာမ်နှစ်ပြာ ဖြစ် သမျှ ဤကဲ့သို့ အစဉ်မပြတ်ဖြစ်၍ နေသည်ဟုမှတ်လေ၊

၎င်းခန္ဓာငါးပါးနှိုက်၊ ရူပက္ခန္ဓာ ရုပ်အစဉ်ဖြစ်၍ နေသည် ကိုရုပ်တရားတပါးခွဲ၍မှတ်။ ။ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ၎င်းလေးပါး အစဉ်မပြတ် ဖြစ်၍ နေသည်ကို နာမ်တရား လေးပါးဟု ခွဲ၍ မှတ်၊ ။၎င်းငါးပါးကိုပင် ပေါင်း၍ ရုပ်နာမ်နှစ်ပါးဟုခေါ် ခြင်း၊ ။ကိုယ်နှင့် အသက်ဟုခေါ်ခြင်း၊ အဝိဇ္ဇာတဏှာဟု

ခေါ်ခြင်း သုတ်နှင့်အသိဟုခေါ်ခြင်း အကြောင်းနှင့် အကျိုးဟု ခေါ်ခြင်းအားဖြင့် များစွာသော ခေါ်ခြင်းရှိ၏၊

## ရုပ်ပိုင်းကို ပြခြင်း။

ရူပက္ခန္ဓာဟု ခေါ်သော ဤကာယကိုယ် ခန္ဓာကြီးတခုတွင် အထည်ခံ အမာခံဖြစ်သော ပရမတ်ဓာတ်ကြီး ၄-ပါး၊ ခိုင်ခန့်စွာ တည်ထားသဖြင့် ဥပါဒါန်ရုပ် ၂၃ ပါးနှင့်၊ ရုပ် ၂၇-ပါး ရှိ၏၊

၎င်းရုပ် ၂၇ ပါးတွင်၊ ဆုတ္တိဘော၊ ပုဂ္ဂလောကိုခွဲ၍ အမိ အဖ, ခေါ်ကြသည်၊ ၊ ဘုံဌာနကို ခွဲ၍၊ လူ- နတ် ဗြဟ္မာ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ငရဲ အဝိစိဟု ခေါ်ဝေါ် သမုတ်ကြသည်၊ စင်စစ်သော်ကား၊ ဤရုပ်တရားသာ ရှိသည် ဤရုပ်တရားကလွဲ၍ မရှိပြီဟုမှတ်။

ဤရုပ်တရားတွင် အထည်ခံ အမာခံ ဓာတ်ကြီးလေး ပါးဟူသော်ကား၊ ၊ပထဝီဓာတ် အာပေါဓာတ် တေဇော ဓာတ် ဝါယောဓာတ် ပေါင်းလေးပါးဟုမှတ်၊ ။တနည်း အားဖြင့် မြေဓာတ်ကြီးတခု ရေဓာတ်ကြီးတခု မီးဓာတ်ကြီး တခု လေဓာတ်ကြီးတခု အရင်းခံလေးပါးရှိသည်ဟုမှတ်၊

ပြော့ခြင်း မာခြင်း ကြမ်းတန်းခြင်း နူးညံ့ခြင်း သိမ်မွေ့ ခြင်း ပထဝီ-မြေဓာတ်ကြီး တခုဟုမှတ်။ ၊ဖွဲ့စည်းခြင်း ယိုစီးခြင်း ကပ်တွယ်ခြင်း အာပေါ - ရေဓာတ်ကြီးတခုဟု မှတ်၊ ၊ပူခြင်း အေးခြင်း နွေးခြင်း လောင်ခြင်း တေဇော

မီးဓာတ်ကြီး တခုဟုမှတ်။ ။ထောက်ကန် လှုပ်ရှားခြင်း၊ တိုးဝှေ့ခြင်း၊ ဝါယော, လေဓာတ်ကြီးတခုဟုမှတ်။ ။၎င်း အထည်ခံ အမာခံဓာတ်ကြီးလေးပါးတွင် ပထဝီ, တေဇော, ဝါယော, ၎င်းဓာတ်သုံးပါးကို၊ ကာယ, ဖေါဋ္ဌဗ္ဗ, ကိုယ်နှင့် စမ်း၍ကြည့်နိုင်မှ သိနိုင်သည်။ ။နှာခေါင်းနှင့် မျက်စိနှင့် နားနှင့် ကြည့်ရှုလို့မရ၊ နတ်မျက်စိမှ မမြင်ကောင်းဖြစ်သည်။

အာပေါဓာတ်ကို မနောနှင့် သိနိုင်သည်၊ ။မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ဤငါးပါးနှင့် ကြည့်လို့မရ၊ နတ်မျက်စိသော်မှ မမြင်နိုင်။

၎င်း ဓာတ်လေးပါးကို သိလို ထင်လို မြင်လိုသော်၊ သန္တတိ-ပညတ်၊ သဏ္ဌာန-ပညတ်၊ သမူဟ-ပညတ်ထည်း ဟူသော ၎င်းပညတ်သုံးပါးကို ဉာဏ်နှင့် မှုတ်လွှင့်ပစ် နိုင်ပါမှ မြင်နိုင်ချေသည်ဟု မှတ်လေ။

သမူဟ, ပညတ် ခေါ်ခြင်းကား၊ ဖွဲ့စီး ခေါ်ဝေါ်ခြင်းကို မှတ်၍ထားခြင်းဟုမှတ်။ သန္တတိ ပညတ်ခေါ်ဝေါ်ခြင်းကား၊ အလုံး, အပြား, သကာပ် ဖြုပ်, အနိမ့် အမြင့် အစောက်, အရှေ့, အချိုင့် အပိန်, အဖေါင်း စသည်ဖြင့် တည်၍နေသည်ကို မှတ်၍ထားခြင်း။ ။သဏ္ဌာန ပညတ်ခေါ်ခြင်းကား၊ အဖြူ အနီ, အညို, အပြာ, အစိမ်း, အကွက်စသည်ဖြင့် အဆင်းကို မှတ်၍ ထားခြင်း။ ။၎င်း ပညတ် သုံးပါးကို ဉာဏ်နှင့် မှုတ်လွှင့်ပစ်နိုင်မှ ပရမတ္ထသဘာဝဋ္ဌ သဘောသက်သက်သာ ဖြစ်သော ဓာတ်လေးပါးကို မြင်နိုင်ရာသည်၊

# ပရမတ္ထဓာတ် ၄-ပါးကို ပညတ်ကွယ်နည်း အကြောင်း။

သန္တတိ၊သဏ္ဌာန သမူဟခေါ်သောပညတ်သုံးပါးသည် ဤလူ့ပြည်မှ ယူဇနာ-၅၅၈၀၀၀-ကွာဝေးသော ဗြဟ္မာဘုံ အထက်ဘဝဂ်ကစ၍ အောက်ကို အဝီစိငရဲဝင်း၊ အနံကို အဆုံး အစမရှိ၊ မြောင်အတိ ရိုက်သော နရက်အထိဝင်း၊ ပညတ်သုံးပါး ကင်းခြင်းငှါ မစွမ်းနိုင်ကုန်၊

ယင်းပညတ်သုံးပါးကိုပင်၊ ဥပါဒါန်ရုပ် ၂၃ ခုဟု၊ခေါ်ခြင်း ပြုသည်၊ ယင်းဥပါဒါန်ရုပ်နှင့် ဓာတ်လေးပါးပေါင်းမှ ၂၇ ခု ရုပ်ဖြစ်သည်၊

ဆုတ္ထိဘောတွင် ပုဏ္ဏောကိုကျဉ်၍ ပုဏ္ဏောတွင် ဆုတ္ထိဘော ကိုကျဉ်၍ ရုပ် ၂၇ ခုကို ပေါင်းရုံ၍ တည်ထားသော ခန္ဓာ ကိုယ်ကြီးပင် ရုပ်ဟုခေါ်သည်၊ ၊ယင်းရုပ် ၂၇-ခု၊ပေါင်းရုံ၍ တည်ထားသော ခန္ဓာကြီးတွင်၊ ပညတ်အားဖြင့် ဆံပင် မွေးညှင်း ခြေသဲ လက်သဲ သွား အရေထူ အရေပါး ဟူ၍ ၃၂ပါးသော ကံကြမ္မာ ကောင်ကြီးပြု၍ ပညတ် ခေါ်ပြန် သဖြင့်၊ ပရမတ္ထသဘာဝ သဘောတရား ဓာတ်လေးပါးကို မမြင်အောင် ကွယ်ပြန်လေသည်၊

ယင်း ၃၂-ကောဋ္ဌာသကို၊ အင်္ဂါအရေအတွက်အားဖြင့်၊ ဆံပင်ပေါင်းများစွာ၊ မွေးညှင်းပေါင်း များစွာ၊ အရိုးပေါင်း များစွာ၊ အကျောပေါင်းများစွာ၊ ပညတ်ခေါ်ဝေါ် ပြုပြန် သဖြင့်၊ပညတ်များစွာ ခံနေသည်အတွက်၊ ပရမတ္ထတရား

ဓာတ်လေးပါး သဘောကို မြင်အောင် မကြည့်နိုင်ကုန်၊ ဗဟိဒ္ဓကလည်း၊ တော တောင် ဂင်္ဂမာ၊ ရေ, မြေ, သမုဒ္ဒရာ စသည့်ဖြင့်၊ များစွာ ရေမတွက်နိုင်အောင်။ ပညတ်ခေါ်ဝေါ် ပြုခြင်းကြောင့်၊ ပရမတ္ထ သဘောတရား ဓာတ်လေးပါးကို ကွယ်ပြန်လေ၏၊

ထို့ကြောင့်နိဗ္ဗာန်ကို ပရမတ်ကွယ်သည်၊ ပရမတ်ကို ပညတ် ကွယ်သည်ဟု အကျဉ်းဖြင့်ပြသည်၊ နိဗ္ဗာန်ကို ရုပ် ပရမတ်ကွယ်နည်း။ရုပ်ပရမတ်ကို၊ ရုပ်ပညတ်ကွယ်နည်းဟု မှတ်လေ၊ ၊၎င်းရုပ်ပညတ် ဟူသမျှတွင် ခေါ်ဝေါ်သမုတ် ဖွဲ့စီးခြင်း၊ သမူဟပညတ် တပါး၊ တည်တန့်၍ နေသော သဏ္ဌာန်ပညတ်တပါး၊ အဆင်းပညတ်တပါး၊ ၎င်းပညတ် သုံးပါး တွဲလျက် ရှိသည်ဟု မှတ်၊ ။အကျဉ်းအားဖြင့်၊ ၎င်းပညတ်သုံးပါးချ်၍ နေသောကြောင့်၊ ရုပ်ပရမတ်ဓာတ် လေးပါးကို မြင်အောင် မကြည့်မရှုနိုင်၊

၎င်းဓာတ်လေးပါးကို မြင်အောင် ရှုနိုင်သော်လည်း ၎င်း ဓာတ်လေးပါး ဖြစ်ခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းကို မရှု နိုင်ခြင်းကြောင့်၊နိမိတ်ကိုအာရုံမပြုနိုင်မဂ်မဖြစ်နိုင်၊

အဘယ်အတွက်ဆိုသော် ရုပ်သင်္ခါယချုပ်မှ။ မဂ်စိတ် ဖြစ်ခြင်းကြောင့်ဆိုသည်၊ သင်္ခါယတွင် ပညတ်သင်္ခါယ ခန္ဓာပရမတ်သင်္ခါယ ခန္ဓာနှစ်ပါးရှိခြင်းကြောင့်၊ ၎င်းခန္ဓာ နှစ်ပါးလုံးချုပ်မှ သောတာပတ္တိမဂ်စိတ်ဖြစ်သည်၊လေးကြိမ် သင်္ခါယခန္ဓာဒိဋ္ဌိချုပ်လျှင်ရဟန်းကိစ္စပြီး၏၊ ရဟန္တာဖြစ်၏ ဟုမှတ်လေ၊သင်္ခါယဒိဋ္ဌိဆိုခြင်းကား ပညတ်ခန္ဓာ၊ပရမတ်

ခန္ဓာကိုခေါ်သည်၊ ဒိဋ္ဌိက အယူအစွဲမှားခြင်းကို သက္ကာယ ဒိဋ္ဌိဟုခေါ်သည်၊ သက္ကာယက အကြောင်းတရား၊ ဒိဋ္ဌိက အကျိုး တရား၊ အကြောင်းရှိလို့ - အကျိုးတရား ရှိသည်၊ အကြောင်းမရှိက အကျိုးမရှိဟုမှတ်လေ၊ စွဲစရာအကြောင်း ရှိလို့ယူရသည် စွဲစရာမရှိက ယူစရာမရှိဟုမှတ်လေ၊သို့ဖြစ်၍ အကြောင်း စွဲတတ်သော သက္ကာယကိုဖြတ်က အကျိုး ယူ တတ်သောဒိဋ္ဌိပြတ်၏၊

**ဥပမာ။** ။မီးချစ်ဆေးလိပ်ဟု အကောင်အထည်ဒြပ် ရှိခြင်းကြောင့်၊ မီးချစ်အမှန်ဘဲ ဆေးလိပ်အမှန်ဘဲ အယူရှိ သည်၊ မီးချစ်ဆေးလိပ်တည်းဟူသော အကြောင်းခံမရှိက၊ မီးချစ် ဆေးလိပ်ဟု အမှတ်အယူမရှိ ပျောက်ဘိ သကဲ့သို့ မှတ်လေ၊

သို့ဖြစ်၍၊ ပညတ်ရုပ်သက္ကာယကိုပျောက်မှ ပရမတ်ရုပ် သက္ကာယကို မြင်သည် ပရမတ်ရုပ်သက္ကာယ ပျောက်မှ နိဗ္ဗာန်ကိုမြင်သည်ဟုမှတ်လေ၊

---

## ဓာတ်လေးပါးအကြောင်း။

ဓာတ်ဟုခေါ်ခြင်းသည်၊ 'အတ္တနော သဘာဝံ ဓါရေတီတိ ဓာတု' အတ္တနော၊ မိမိ၏၊ သဘာဝံ၊ သဘောတရားကို၊ ဓါရေ တိ၊ ဆောင်စေတတ်၏၊ တသ္မာ၊ ထိုကြောင့်၊ ဓာတု၊ ဓာတ် မည်၏၊ မိမိ၏ သဘောကိုဆောင်တတ်သည်ဟုမှတ်၊ မိမိ၏ သဘောဆိုခြင်းကား၊ ဓာတ်၏သဘောကိုဆိုသည်၊ ဓာတ်၌

သော သဘောကား အကြည်တည်းဟု မှတ်လေ။ အကျဉ်း အားဖြင့် အကြည် နှင့် ဆောင်တတ်ခြင်းကြောင့် ဓာတ် ခေါ်သည်။

## အဓိပ္ပါယ်ကား။

ပြော၍ကြည်ခြင်း, မာ၍ကြည်ခြင်း, နူးညံ့၍ကြည်ခြင်း, ကြမ်းတန်း၍ကြည်ခြင်းကို။ ပထဝီဟုမှတ်။ ။ဖွဲ့စီးကြည်။ ယိုစီးကြည်ခြင်းကို၊ အာပေါဓါတ်ဟုမှတ်လေ။ ။ပူကြည်, အေးကြည် နွေးကြည် တေဇောဓါတ်ဟုမှတ်လေ၊ ထောက်ကန် ကြည် လှုပ်ရှားကြည်, ဆိုင်းတွကြည်, ပွ၍ကြည်, ဖေါင်း၍ ကြည်ခြင်းကို။ ဝါယောဓါတ်ဟုမှတ်လေ။ ။ဓါတ်ခေါ်ခြင်း ကား၊ အကြည်ကို ဆိုလိုသည်၊ ဓာတ်ဟုခေါ်ခြင်းသည်၊ အကြည်ကို ဆိုသောစကားကို မကြေနပ်ခြင်း ရှိပါလျှင်၊ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏၊ စာအုပ် ဘာဝနာဒီပနီမှာ ကြည့်ကြပါလေ။

၎င်းပြင်၊ လယ်တီဆရာတော်ဘုရားကြီး ထုတ်သော၊ အနတ္တဒီပနီ ဝိဇ္ဇာမဂ္ဂဒီပနီ, ကမ္မဋ္ဌာနဒီပနီ, အဟာရဒီပနီ, ရူပဒီပနီ နိဗ္ဗာနဒီပနီ ပဋိစ္စသမုပ္ပါဒ်ဒီပနီ ပါရမီဒီပနီ၊ ဥတ္တမ ပုရိသဒီပနီ၊ ဓမ္မဒီပနီ၊ လက္ခဏာဒီပနီ၊ ၎င်း ကျမ်းအမျိုးမျိုးတို့ ကို ကြည့်ရှုပါလျှင် ဓာတ်ကိုအကြည်ဟု မှုချ ယူနိုင်ပါ လိမ့်မည်။

ဓာတ်လေးပါး။ ဓာတ်ခြောက်ပါး၊ ဓာတ်ဆယ့်ရှစ်ပါး၊ ဓာတ်လေးဆယ့်နှစ်ပါးသော ဓာတ်တို့မှာလည်း၊ စက္ခုနှင့်

ဓာတ်နှင့်တွဲမှစက္ခု ဓာတ်မျက်စိအကြည်ခေါ်၏၊သောတနှင့် ဓာတ်နှင့်တွဲမှသောတ ဓာတ် နားအကြည်ခေါ်သည်၊ ဃာန နှင့် ဓာတ်နှင့်တွဲမှ ဃာနဓာတ်-နှာခေါင်းအကြည်ခေါ်သည်၊ ဇိဝှါနှင့် ဓာတ်နှင့်တွဲမှ ဇိဝှါဓာတ် - လျှာ အကြည်ဟု ခေါ်သည်၊

ကာယနှင့်ဓာတ်နှင့်တွဲမှ ကာယဓာတ်-ကိုယ်အကြည်ဟု ခေါ်သည်၊မနနှင့် ဓာတ်နှင့်တွဲမှ မနဓာတ် - မနောအကြည် ခေါ်သည်၊

ဤကဲ့သို့ အစဉ်အတိုင်း ဓာတ် ၄-ပါး၊ ၆-ပါး၊ ၁၈ ပါး၊ ၂၄-ပါး၊ ၄၂ ပါးကို သိလေ၊

ယခုထုတ်လိုက်သော ကျမ်း၏အမည်မှာ (ဓမ္မဝိဇ္ဇာနုရ နိဗ္ဗာနကျမ်း)ဖြစ်၍ အများလူတို့ တရားအတတ်နှင့် အလင်း နိဗ္ဗာန်ရောက်မည် ဆိုသော ကျမ်းဖြစ်ပါ၍၊ အနည်းငယ် ထည့်လိုက် ပါသည်၊ ၊နောက်ထုတ်မည့် ကျမ်းသည်၊ (ဓါတုမဂ္ဂဝိဇ္ဇာကျမ်း) ဖြစ်၍ လောကီဓာတ် လောကုတ္တရာ ဓာတ် အတတ်နှင့် မဂ်ကိုရအောင် ပြသော ကျမ်းဖြစ်၍၊ ဓာတ်နှင့် တည်ထောင်ြီး ဓာတ်နှင့်ရောက်အောင် ပြပါ ဦးမည်၊

## နာမ်တရားလေးပါးကို-ပြသောအခန်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာ ဏက္ခန္ဓာ ဝင်း ၄-ပါးကို၊ နာမ်တရား ၄-ပါးဟု ခေါ်သည်၊ နာမ်ဟုခေါ်ခြင်းကား၊အမည်မှသာ ရှိသည် ကိုင်၍ပြခြင်း မှ

မစွမ်းနိုင် သိတတ်သော သဘောမျှသာရှိသည် အလွန်တရာ
သိမ်မွေ့သည်ဖြစ်၍ နတ်မျက်စိ၌ မမြင်ကောင်း ဖြစ်သည်
ပသာဒ ရုပ်ငါးပါးနှင့် တွေ့ခအောင်ရှာသော်လည်း . မရနိုင်၊
မနောအရာဖြစ်၍ မိမိတို့ မနောအကြည်ဓာတ်ပေါ်မှာ တင်၍
ကြည့်ပါက ပညာဉာဏ် ရှုးရှုးစိုက်စိုက် ရှိပါလျှင် တွေ့နိုင်
သော အရာဖြစ်သည်၊

ဤကာယကိုယ်၏အတွင်း၌ ကြာဖူးသဏ္ဍာန်နှင့်တူသော
နှလုံးသည်ရှိ၏၊ ၎င်းနှလုံးသည် အဖျား၌ချွန်စွာ အောက်သို့
တွဲလဲဆွဲသျက်နေ၏ ပညာရှိက အဖျားတွင် နှစ်မြွာ သုံးမြွာ
ကွဲ၏ ပညာမဲ့က တခုတည်းသာရှိ၏၊ ၎င်းနှစ်လုံး အတွင်း
လိုဏ်ရှိ၏၊ ၎င်းလိုဏ်အတွင်းထည်းမှာ သွေးတလက်ဖက်
ခန့်ရှိ၏၊ ၎င်းသွေးသည် အောက်သို့ တစက် တစက်မျှ
သည်းခြေပေါ်ကို ကျရောက်၏၊

မှန်မှန်ကျသောသူကို သူကောင်းဟုခေါ်၏၊ ပြတ်တောင်း
ပြတ်တောင်းကြသော သူကိုသူရူးဟု ခေါ်၏။ ၎င်းနှလုံးသွေး
အပေါ်၌ လျှမ်းလျှမ်းတက်စွာ အလွန်ကြည်သော အကြည်
ဓာတ်သည်ရှိ၏။

၎င်းအကြည်ကို မနောဓာတ်ဟု ခေါ်၏၊ ၎င်းအကြည်
ပေါ်မှာ ဝိညာဏ်နား၏ စိတ်ဓာတ်နား၏။ ၊ထိုနည်းတူစွာ
မျက်စိအကြည် နားအကြည် နှာခေါင်း၊အကြည် လျှာအ
ကြည် ကိုယ်အကြည်တို့မှာ ဝိညာဏ်နား၏ စိတ်နား၏။

၎င်းအကြည်ဓာတ်မရှိ၍ မျက်စိ၌ အကြည်ကို သလာ
ဟိမ်ထွမ်းသော်၎င်း နား၌အကြည်မရှိ၍ နားထိုင်းသော်၎င်း
ကိုယ်၌ထုံ၍ အကြည်ဓာတ် ပျောက်သော်၎င်း ရှိကဲ့သော်၊

စိတ်ဝိညာဏ်တို့သည်၊ မနားနိုင်ကုန်၊ ။ဒင်းစိတ်ဝိညာဏ် မနားနိုင်လျှင်၊ အဆင်း အနံ့, အရသာ, အတွေ့တို့ကို မသိနိုင်ကုန်၊ ။ဒင်းအကြည်ခါတ် ခြောက်ပါး မရှိသောအခါ စိတ်ဝိညာဏ် မနားနိုင်၍၊ အသစ် စိတ်ဝိညာဏ် နားတို့ရာ ရုပ်နာမ်ပေါ်လာရပြန်သည်၊

## သတ္တဝါများ၊ ရုပ်, နာမ်, ချုပ်ခြင်းအကြောင်း။

ဒင်းကြာဖူးသဏ္ဌာန်ရှိ၊ နှလုံးအတွင်း သွေးတလက်ဖက်ခန့် အလယ်ကလိပ်ပြာ၏ အတောင်များကဲ့သို့၊ အသားဖတ်ကလေး နှစ်ခုရှိ၏၊ ။မိမိက ကိုယ်ကာယကြီးကို၊ လှုပ်လို, သွားလို, စကားပြောလို, ကွေးလို, ဆန့်လိုသော အကြံဖြစ်ပေါ် လာသောအခါ၊ ဤမနော အကြည်ခါတ်ပေါ်၌ နားနေသော စိတ်ဝိညာဏ်ကလေးနှင့် တကွဖြစ်သော၊ ဝိဉာဇ ဝါယော ဓါတ်တို့သည်၊ ဒင်းအသားဖတ်ကလေး နှစ်ခုကို၊ တိုးဇွေ့ ထွက်သွားပြီးလျှင်၊ အခေါင်းရှိသော အကြော၊ အခေါင်း မရှိသော အကြော အသားတို့ကို၊ ပြန့်နှံ့သဖြင့် စကား ပြောခြင်း၊ လက် ခြေ ဆန့်ခြင်း၊ ကွေးခြင်းအမှုအရာဖြစ်ပေါ် လာသည်၊ မျက်စိအကြည်၊ နားအကြည် နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်, မနောအကြည် ဒင်းအကြည် ခြောက်ခုတို့တွင်၊ မနောအကြည်သည်၊ အကြည်ဆုံးဖြစ်၍၊ စိတ်ဝိညာဏ် ကလေးသည်၊ အမြဲနေသည့် ခန္ဓာအိမ်ဖြစ် သည်၊

ကြည့်လိုသောအခါ၊ နားထောင်လိုသောအခါ၊ နမ်းလို သော အခါ၊ လျက်လိုသော အခါ၊ တွေ့ထိလိုသော အခါ၊

၎င်းဝိညာဏ်ကလေးသည်၊ မိမိမနေသော အကြည်အိမ်မှထွက်၍အပြင်တံခါးအကြည်ငါးပေါက်ကို၊ သွား၍နားပြီးလျှင်အဆင်း အသံ-အနံ့-အရသာ အတွေ့ အာရုံတို့ကို မှတ်သား၍၊ မိမိမနေသောအကြည် ခန္ဓာအိမ်သို့ ယူကဲ့၍။ ၊၎င်းခန္ဓာအိမ်မနေသောအကြည်ဓာတ်ပေါ်ကိုကျရောက်မှဆိုးမှု-ကောင်းမှုကို စဉ်းစားကြည့်ရှုပြီးလျှင်၊ ဆိုးစရာရှိက ဆိုး၍သွား၏၊ ကောင်းစရာရှိက-ကောင်း၍သွား၏။

ဤအခါကျမှ၊ စိတ်ဆိုးသည်၊ စိတ်ကောင်းသည်ဟု၊ ခေါ်ဝေါ်ကြကုန်၏၊

မိမိစိတ်အတိုင်းက၊ အလွန်စင်ကြယ်သော စိတ်ဝိညာဏ်ဖြစ်ပါလျက်၊ တံခါးငါးပေါက်ကို ထွက်ပြီးလျှင်၊ ကြည့်ရှုမိသည်အတွက်၊ စိတ်ဆိုး၊ စိတ်ကောင်း ဖြစ်ရရှာသည်၊ ၎င်းစိတ်ဝိညာဏ်ကလေးသည်၊ တဖန် တံခါးငါးပေါက်သို့ မထွက်မူ၍၊ မိမိမနေသောအကြည် ခန္ဓာအိမ်ပေါ်တွင်၊ နား၍နေသော်လည်း ရှေးတုံးက၊ တံခါးငါးပေါက်က ယူပြီးထားသော၊ ပစ္စည်းဝတ္ထုကို ကြည့်ရှုစဉ်းစား၍ နေခြင်းကြောင့်၊ အဆိုး စဉ်းစားမိလျှင် အဆိုး၊ အကောင်း စဉ်စားမိလျှင် အကောင်း ဖြစ်လာပြန်၍ ၎င်းစိတ်ကလေးကိုပင်၊ အဆိုး အကောင်းရှိ၍ နေခြင်းကြောင့်၊ တဖန် စိတ်ဆိုး၊ စိတ်ကောင်း ဖြစ်ရပြန်၏၊

၎င်းစိတ်ဝိညာဏ် ဓာတ်ကလေး၊ အကြည် တံခါးငါးပေါက်ကိုထွက်၍ အဆိုးအကောင်း မိမိမနေသောခန္ဓာအိမ်သို့၊ သိမ်းပိုက်ယူဆောင်လာခြင်းကို၊ ပဋ္ဌာန်ရ ဝိထိဟုခေါ်၏၊

၎င်းခန္ဓာအိမ်မနေသာအကြည်ခတ်ပေါ်မှာနား၍၊ရှေးအတိတ်က သိမ်းပိုက်လာသော အဆိုးအကောင်း ဝဏ္ဏသဏ္ဍာန်ကို၊ စဉ်းစား၍နေသည်ကိုပင်၊မနေသာဒွါရဝီထိဟုခေါ်၏၊

**ဥပမာကား။** ၊အိမ်တခုနှိုက် အိမ်တွင်းမှာခတ်မီးအိုးကြီးတခုရှိ၍၊ ၎င်းခတ်မီးအိုးကြီးတွင်၊ ခတ်မီးတောက်အလယ်ကနေ၍၊ အပြင်ကမှန်ပေါင်းအိုးကြီး ဝိုင်းလျက်ရှိ၏၊ ၎င်းခတ်မီးအိုးကြီးက၊ခတ်ကျူးသွယ်ထားသောခတ်မှန်ပြောင်းလုံးငါးခုရှိ၏၊၎င်းခတ်မှန်ငါးလုံးကို၊အတွင်းကနေ၍၊ တလှည့်စီ မီးတောက်စေ၏၊ ၊၎င်း အပြင် ငါးလုံးတွင်၊ တလုံးသောခတ်မှန်ပြောင်းအိုး၌၊မီးသွား၍ တောက်သောင်ကျန်သော လေးလုံးမှာ၊ မီးမတောက်၊ ၎င်းငါးလုံးတို့ကို၊ တလှည့်စီ လှည့်၍တောက်သော အရာဌာန၊ အလွန်မြန်ခြင်းကြောင့်၊တပြိုင်တည်း၊ အပြင်ခတ်မှန်ငါးလုံးတို့ မီးတောက်သည်ဟုထင်ရ၏၊ ၎င်းအပြင်ခတ်မှန်ငါးလုံးကို မီးမတောက်စေဘဲနေသော်လည်း၊ အတွင်းခတ်မှန်လုံးမှာ၊ မီးတောက်လျက်အမြဲနေ၏။ ၊၎င်းအပြင်ခတ်မှန်ငါးလုံးမှာ၊မီးပြောင်းအကြည်မရှိသောအခါ၊မထွန်းလင်းနိုင်၊ မထွန်းလင်းနိုင်လျှင် ၎င်းခတ်မှန်ရှေ့ ဥပစာတို့ကို မမြင်နိုင်၊

**စိတ်ဝိညာဏ်**သည် မီးတောက်နှင့်တူ၏ အတွင်းခတ်မှန်လုံးကြီးသည် မနောအကြည်နှင့်တူ၏ အပြင်မှန်ခတ်ပြောင်းလုံးငါးခုတွင်၊ မျက်စိအကြည်၊ နား အကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်နှင့်တူ၏၊ အပြင်မှန်ခတ်လုံးပင်၊ ရှိသော်လည်း၊ မကြည်၍ မလင်းသည်နှင့်

အပြင်ပသာဒရုပ်၊ ငါးပါးအကြည်မရှိ၍၊အဆင်း,အသံ,အနံ့ အရသာကို၊ မသိသည့်နှင့်တူ၏၊ အပြင် မှန်ခါတ်ငါးလုံး မီးမတောက်သည့်နှင့်၊ မျက်စိ နား, နှာခေါင်း လျှာ, ကို, အာရုံမပြုသည့်နှင့်တူ၏။ အတွင်းမှန်ခါတ်လုံးမီးတောက်နေ သည့်နှင့်၊ရှေးကမြင်ဘူးကြားဘူး၊ စားဘူးတာကိုဆင်ခြင်၍ နေသည့်နှင့်တူ၏၊

သတ္တဝါတို့။ ရုဘိမရဏကျသောအခါ။ ရှေးဦးစွာမျက်စိ အကြည်ခါတ်ချုပ်၏။ မိမိအနားတွင်၊ ငြု ငို စသည်ဖြင့်၊ အဆင်းရူပါရုံကိုမသိ၊ မျက်စိအကြည်ခါတ်မရှိ၍ ဝိညာဏ် စိတ်ကလေး မနားနိုင်ခြင်းကြောင့် မသိဖြစ်သည်၊

ဝိညာဏ်စိတ်တို့ မည်သည်မှာ၊ အကြည်ရှိမှ နားနိုင် နေနိုင်သည်၊အကြည်မရှိက မနေနိုင်ဟု မှတ်လေ။ ၎င်းနောက်၊ သောတ, တည်းဟူသော နားအကြည် ချုပ်ပြန်၍ သဒ္ဒါ တည်းဟူသော အသံကို မသိနိုင်၊ ။၎င်းနောက်၊ ဃာန အကြည် ချုပ်ပြန်သဖြင့်၊ အမွှေးအကြိုင်စသော အနံ့တို့ကို မသိနိုင်၊ ။၎င်းနောက်၊ ဇိဝှါ အကြည်ချုပ်ပြန် သဖြင့်၊ ဆေးတိုက်သော်လည်း၊ ချို ချဉ် ငံ ခါးကို မသိနိုင်၊ ၎င်းနောက် ကာယအကြည်မချုပ်လျှင်၊ ငွေများကိုင်၍ ရေစက်ချ သွားပါ ဆိုလျှင် သိသေး၍။ လက်ခြေ အင်္ဂါဖြင့် ပြောဆိုပြသေး၏၊ ကိုယ်အကြည်ချုပ်သော်၊ဘယ်လိုပင်ကိုင်တွယ် ယူဆောင် သော်လည်း မသိနိုင်၊ ။၎င်းအကြည်ခါတ် ငါးပါးမရှိ၍ ချုပ်သည်ကို ပဉ္စဒွါရဝဇ္ဇန်းချုပ်ပြီး၊ ပသာဒရုပ်ငါးပါးချုပ်ပြီ ခေါ်ကြ၏၊ ၎င်းသတ္တဝါသည်၊ ပဉ္စဒွါရဝိထိမဖြစ်နိုင်၊ မနော ဒွါရဝိထိသာ-ဖြစ်နိုင်ပေသည်။

ထိုအခါ ရှေးအတိတ်ကပြုဘူးသော ကုသိုလ်ကံ အကုသိုလ်ကံ အခိုး အငွေ့ များစွာကို၊ စိတ်ဝိညာဏ် ကလေးသည် သိမ်းပိုက်လက်ခံ၍ ထားသောကြောင့် မိမိ ခန္ဓာအိမ်၌ မနေသာအကြည်ခါတ်ပေါ်၌ နားလျက် ရှေးတုံးက မသေမှီ အပေါက် ငါးပေါက်ကိုပိတ်၍ စဉ်းစားသလို ယခု အတွေ့တွေ့ အထူးထူး စသည်ဖြင့် ကုသိုလ်မှု အကုသိုလ် မှုတို့ကို ဆင်ခြင်စဉ်းစားလျက် နေခိုက်တွင်၊ မိမိနား၍နေ သော ခန္ဓာအိမ် မနေသာအကြည်ခါတ် ချုပ်သဖြင့် ကိုင်မိ ကိုင်ရာ ဆွဲမိဆွဲရာ ဆိုသလို၊ ရှေးကပြုထားသော အကု သိုလ်ကံ ကုသိုလ်ကံ မိရာကို အာရုံပြုသဖြင့်၊ နိမိတ်ထင်၍ ၎င်းကံအတိုင်း ဂတိငါးပါး ထိုက်သည်အား လျော်စွာ ခန္ဓာအိမ် ရုပ်နာမ်အသစ် ဖြစ်ပြန်၏၊

၎င်းစိတ်ဝိညာဏ် ကလေးသည် အကြည်ခါတ်နှင့် ကင်း၍ မနေနိုင်သောကြောင့်၊ ကံလက်သွားက ၃၁-ဘုံကို လှည့်၍ စိတ်ဝိညာဏ်ကလေး အလိုရှိတိုင်း ခန္ဓာအိမ်ကို ဆောက်လုပ်၍နေရ၏၊ ကံစိတ် ဥတု အာဟာရ အကြောင်း တရားလေးပါး ပြုပြင်ပုံကို ပမာ ပမည်းနှင့် သေချာစွာ သိလိုသော်၊ ငါတို့စီရင် ရေးသားသော နိဗ္ဗာန်လမ်းပြ ဓမ္မ ကထိကမှာ ကြည့်လေ၊

## အာယတန ၁၂-ပါးကို ပြသောအခန်း။

အာယတန ခေါ်ခြင်းကား၊ အာရုံခြောက်ပါးတို့ မြူးကွန့် ကျက်စားခြင်းကြောင့် အယတန-ခေါ်သည်၊ ။၎င်းအာရုံ

ခြောက်ပါးမြှုံးကွန့် ကျက်စားရာအရပ်ဒေသသည်၊ ခြောက်ပါးပင်ရှိ၏၊ ၊အာယတနခြောက်ပါးဟူသော်ကား၊ စက္ခု သောတ-ဃာန ဇိဝှာ ကာယ-မန၊ ၊ဗမာလိုကာ၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ်-စိတ်ဟု ခေါ်သည်၊ ၊ပဉ္စဒွါရ၊ မနော ဒွါရလည်း ခေါ်၏၊ ၊ပဉ္စက ငါးခု၊ ဒွါရက တံခါး၊ ငါးခု တံခါးဟု ခေါ်သည်၊ ၊မနောက အတွင်း ဒွါရ က တံခါး၊ အတွင်းတံခါးဟု ခေါ်၏၊ ၊အပြင်တံခါး-အတွင်း တံခါးလည်းခေါ်၏၊ ၊၎င်းပဉ္စဒွါရ-မနောဒွါရတည်းဟူသော စက္ခု-သောတ-ဃာနဇိဝှါ ကာယ မန-ခြောက်ပါးတို့သည်၊ ကိုယ်ခန္ဓာမှာ ရှိ၏၊ အပြင်မှာ မရှိဟု မှတ်လေ။

မျက်စိနှင့် အဆင်းသဏ္ဌာန်ဟူသမျှ ဆိုင်သည်၊ နားလျှာ ကိုယ်တို့နှင့် မဆိုင်၊ ၊နားနှင့် အသံဟူသမျှနှင့် ဆိုင်၏၊ မျက်စိ ကိုယ် လျှာတို့နှင့် မဆိုင်၊ နှာခေါင်းနှင့် အနံ့ဟူသမျှ ဆိုင်၏၊ နား မျက်စိ လျှာတို့နှင့် မဆိုင်၊ ၊လျှာနှင့် ရသာ ခြောက်ပါး အချိုအချဉ် စသည်တို့နှင့်ဆိုင်၏၊ ကိုယ် မျက်စိ နားတို့နှင့် မဆိုင်၊ ကိုယ်နှင့် အထိအတွေ့ အနူးအညံ့တို့နှင့် ဆိုင်၏၊ လျှာ နား မျက်စိ နှာခေါင်းတို့နှင့် မဆိုင်၊

စိတ်ဝိညာဏ်နှင့် တောင်တောင် အီအီ တွေတွေ ရာရာ ကြံသည့်နှင့်ဆိုင်၏၊ ကိုယ် လျှာ မျက်စိ နားတို့နှင့်မဆိုင် ဤဒီ ကိုယ်က အခံခာတ်ခြောက်ပါး၊ အပြင်ဗာဟိရက အရိုက် ခတ်ခြောက်ပါးဖြစ်သည်၊ ၊၎င်းအခံခာတ် ခြောက်ပါး၊ အရိုက်ခတ် ခြောက်ပါးကိုပင်၊ သဠာယတန ၁၂-ပါး အာယတန ၁၂-ပါးဟု ခေါ်သည်၊

## ပဋိစ္စသမုပ္ပါဒ်အကြောင်းကို ပြသောအခန်း။

ပဋိစ္စသမုပ္ပါဒ်ခေါ်ခြင်းကား၊ ပဋိစ္စ၊ စွဲ၍၊ ဥပ္ပါဒေါ၊ ဖြစ်ခြင်း၊ စွဲ၍ဖြစ်ခြင်းကို ခေါ်သည်။

ဘယ်ကိုစွဲ၍ ဖြစ်ခြင်းဟု ဆိုပါလျှင်၊ ကာမ အတ္တ ဒိဋ္ဌိ သီလဗ္ဗဒ ဝင်းလေးပါးကို စွဲ၍ဖြစ်ခြင်းကိုခေါ်သည်။

ကာမနှင့် ဥပ္ပါဒါန်နှင့်တွဲ၍ ကာမုပ္ပါဒါန်၊
အတ္တနှင့် ဥပ္ပါဒါန်နှင့်တွဲမှ အတ္တုပ္ပါဒါန်၊
ဒိဋ္ဌိနှင့် ဥပ္ပါဒါန် နှင့် တွဲမှ ဒိဋ္ဌုပ္ပါဒါန်၊
သီလဗ္ဗဒနှင့်ဥပ္ပါဒါန်နှင့်တွဲမှ သီလဗ္ဗုဒုပ္ပါဒါန်၊

တနည်း၊ ကာမုက ကာမဂုဏ်ငါးပါး ခေါ်သည်၊ ပဋိစ္စသမုပ္ပါဒ်က စွဲ၍ဖြစ်ခြင်းကိုခေါ်သည် ကာမဂုဏ် ငါးပါးစွဲ၍ ဖြစ်ခြင်းကို ကာမုပ္ပါဒါန်ဟု ခေါ်သည်။

အတ္တက ပုဂ္ဂိုလ် သတ္တဝါ ငါ မိမ္မ ယောကျ်ားဟု ထင်မှတ်ခြင်း ပဋိစ္စသမုပ္ပါဒ်က စွဲ၍ဖြစ်ခြင်း ပုဂ္ဂိုလ်တဲ့ သတ္တဝါတဲ့ ငါတဲ့ မိမ္မ ယောကျ်ားတဲ့ဟု စွဲ၍ဖြစ်ခြင်းကို ခေါ်သည်၊ ဒိဋ္ဌိက အယူ၊ ပဋိစ္စသမုပ္ပါဒ်က စွဲ၍ဖြစ်ခြင်း၊ ကာမဂုဏ် ငါးပါးနှင့် ငါတဲ့ ငါ့ကိုယ် ငါ့ခန္ဓာတဲ့အယူဖြင့် စွဲ၍ဖြစ်ခြင်း ကိုခေါ်သည် သီလဗ္ဗဒက စွဲမြဲလေ့လာ စောင့်စည်းခြင်း၊ ပဋိစ္စသမုပ္ပါဒ်က စွဲ၍ဖြစ်ခြင်း ကာမဂုဏ်ငါးပါးနှင့် ခန္ဓာကို စွဲမြဲ လေ့လာစောင့်စည်း၍ အကျင့်မှုကို စွဲ၍ ဖြစ်ခြင်းကို ခေါ်သည်။

အကျဉ်းအားဖြင့် ကာမဂုဏ် ငါးပါးကို စွဲ၍ ဖြစ်ခြင်းကြောင့်၊ ငါ့ကိုယ် ငါ့ခန္ဓာဟု စွဲခြင်းကြောင့် မှားသော ဒိဋ္ဌိအယူဖြစ်သည် မှားသော ဒိဋ္ဌိအယူဖြစ်၍ နေခြင်းကြောင့် ဘီလပ္ပဒ ပရာမာသ သံယောဇဉ်ဖြစ်၍နေသည် ၎င်းထက် အကျဉ်းအားဖြင့် မိမိခန္ဓာကိုယ်ကြီးကို စွဲ၍ များစွာသော ဗာဟိရအမှု အရပ်ရပ်တို့ကို စွဲရခြင်းဖြစ်သည်ကို ခေါ်သည် မိမိခန္ဓာကိုယ်ကြီးကို မစွဲမှုက များစွာသော ဗာဟိရ ဝတ္ထု အရပ်ရပ်တို့ကို စွဲပြီဟူ၍ မှတ်လေ၊

ဥပမာ၊ ငါရှိ၍ ငါ့ကိုယ် ငါ့ခန္ဓာဟု စွဲ၍မှတ်ခြင်းကြောင့် ငါ့မယား ငါ့လင်ရှိသည် ငါ့မယား, ငါ့လင် ရှိခြင်းကြောင့် ငါ့သား ငါ့သမီး ရှိသည် ငါ့သား, ငါ့သမီး ရှိခြင်းကြောင့် ငါ့ပစ္စည်း ငါ့ဥစ္စာ ရှိသည် ငါ့ပစ္စည်း ငါ့ဥစ္စာ ငါ့သားသမီး ငါ့လင် ငါ့မယားတည်းဟူသော ငါကစ၍ ငါ့ကိုရုံနေသော အသွေးအရုံရှိခြင်းကြောင့် ၎င်းအသွေးအရုံတို့ တခုခုပျက်စီးယိုယွင်းက ငါနှင့်ပတ်သက်သော ဝတ္ထုဖြစ်၍ ငါပူသည်ဟု မှတ်လေ၊

ငါကောင် ငါ့ရုပ် ငါ့နာမ် ငါ့ကိုယ်ခန္ဓာကောင်ဟု အမှတ်မရှိအောင် အရိယာသူတော်ကောင်းတို့တရား ငါ့ကိုယ်ခန္ဓာပျက်ပြားပျောက်ဆုံး၍ ဘာမျှမတွေ့မမြင်ရအောင် လေ့လာကျင့်ဆောင်ထားတာ တရားတရ လက်ကိုင် ကိုယ်တွင်ရှိပါက ငါ့ကိုရုံ၍ နေသည့်အမှု ဝတ္ထုအပေါင်း သားမယားသောင်းပြောင်းပင် ပျက်စီးသော်လည်း ငါပျောက်၍ငါ မရှိခြင်းကြောင့် ငါမပူ ငါမဆွေး ငါဒုက္ခမရောက် ဇောနှ်

ဖြစ်လာလိမ့်မည် ပဋိစ္စသမုပ္ပါဒ် တရား၌ အင်္ဂါ ၁၂-ပါး၊ အစပ် ၃ ပါး၊ အလွှာ ၄-လွှာ၊ ခြင်းရာ ၂၀ အခွန့်၊ ၃-ပါး၊ မူလ ၂-ပါး၊ ဝတ် ၃-ပါးရှိသည်။

အင်္ဂါ ၁၂ ပါးဟူသော်ကား။ အဝိဇ္ဇာသင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ ဘဝ ဇာတိ ဇရာမရဏ ပရိဒေဝ ဒုက္ခ ဒေါမနဿ တည်းဟူသော မိုးဆယ့်တမိုးတို့သည်၊ ဇာတိ ပဋိသန္ဓေ ယူသည်က သေသော မရဏအထိ ၎င်းအတွင်းမှာသာ ဖြစ်သည်။

အဝိဇ္ဇာခေါ်ခြင်းကား။ မောဟလည်းခေါ်၏ မတတ်မသိ မလိမ္မာ မမြင်မထင်ဟုလည်းခေါ်၏ မှောင်မိုက်ကဲ့သို့အမိုက် အတိဟု ခေါ်၏၊ အလင်းမရှိဟုလည်းခေါ်၏၊ သစ္စာလေးပါး ဗုရားစကားကို ဖုန်းကွယ်ထားသည်ဟုလည်း ခေါ်၏။ ၊ အကျဉ်း အားဖြင့် သစ္စာလေးပါးကို မသိခြင်းကိုလည်း ခေါ်သည်။

သင်္ခါရခေါ်ခြင်းကား။ ပြုပြင်ခြင်းကိုခေါ်၏၊ ၎င်းသင်္ခါရ၌ ခြောက်ပါး ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိသင်္ခါရ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ ခြောက်ပါး ပုညာဘိက ကောင်းမှု သင်္ခါရက ပြုပြင်ခြင်း ကောင်းမှု ပြုပြင်ခြင်း အပုညာဘိက မကောင်းမှု သင်္ခါရက ပြုပြင်ခြင်း မကောင်းမှု ပြုပြင်ခြင်း။ ၊အနေဉ္ဇာဘိက အရူပ ၄-ဘုံ၌ အလွန်ကောင်းမှု သင်္ခါရက ပြုပြင်ခြင်း အရူပ ၄-ဘုံကို ကောင်းမှု ပြုပြင်ခြင်း၊ ၊ကာယက ကိုယ်ခန္ဓာ သင်္ခါရက

ပြုပြင်ခြင်း၊ ကိုယ်ခန္ဓာနှင့် ကံဖြစ်အောင် ပြုပြင်ခြင်း ဝစီက နှုပ်။ သင်္ခါရက ပြုပြင်ခြင်း၊ နှုပ်ဖြင့်- ကံဖြစ်အောင် ပြုပြင်ခြင်း၊ စိတ္တက စိတ်၊ သင်္ခါရက- ပြုပြင်ခြင်း စိတ်ဖြင့်ကံဖြစ်အောင် ပြုပြင်ခြင်း။ အကျဉ်းအားဖြင့်။ ပုညာဘိသင်္ခါရက ကုသိုလ်၊ အပုညာဘိ သင်္ခါရက အကုသိုလ်၊ အနေဥ္စာဘိ သင်္ခါရက ကုသိုလ်၊ ၎င်းသုံးပါးသည်၊ ကုသိုလ်နှင့်- အကုသိုလ်သာ ရှိသည်၊ သင်္ခါရ ခေါ်ခြင်းသည်၊ တရားကိုယ်အားဖြင့်၊ ကုသိုလ် အကုသိုလ်နှစ်ခုကိုကောက်ယူရသည်၊

ကာယကိုယ်နှင့်။ ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုခြင်းသည်-ကာယသင်္ခါရဟုမှတ်၊ ။ဝစီနှုပ်နှင့်။ အကုသိုလ်ကံ၊ ကုသိုလ်ကံပြုခြင်းကို ဝစီသင်္ခါရဟု မှတ်လေ၊ ။စိတ်နှင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ ပြုခြင်းကို စိတ္တသင်္ခါရဟုမှတ်၊ ပေါင်းသင်္ခါရ ခြောက်ပါးတွင်၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ သင်္ခါရက-အကြောင်းတရားဟု မှတ်။

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အနေဥ္စာဘိသင်္ခါရသည်-အကျိုးတရားမှတ်။ ။တနည်း၊ ကာယ-ဝစီ စိတ္တ၊ ၎င်းသုံးပါးကအကြောင်း။ သင်္ခါရတည်းဟူသော၊ ကုသိုလ်ကံ-အကုသိုလ်ကံက - အကျိုးဟုမှတ်၊ ။ပုညာဘိ အပုညာဘိ၊ အနေဥ္စာဘိ၊ ၎င်းသုံးပါးအကြောင်း၊ သင်္ခါတည်းဟူသော-အကုသိုလ်ကံ၊ ကုသိုလ်ကံ — ဖြစ်ပေါ်လာခြင်းက အကျိုးဟုမှတ်၊

အပုညာဘိ ဟူသည်ကား၊ ပါဏာတိပါတ၊ အဒိန္နဒါန်၊ ကာမေသု မိစ္ဆာစာရ၊ သုရာမေရယ၊ ကာယ ကိုယ်ဖြင့်

ပြုသောကံ ၄-ပါး၊ မုသာဝါဒ-ဖရုသာဝါစာ၊ သမ္ဖပ္ပလာပ ပိသုနဝါစာ၊ နှုတ်ဖြင့်ပြုသော ဝစီကံ ၄-ပါး၊ ၊အဘိဇ္ဈာ၊ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ။စိတ်နှင့်ပြုသောမနောကံ ၃ ပါး၊ နဝဒါန၊ ဥသာဘာဒါန၊ ကာမဒါန၊ ငွေကုလိဒါန၊ မဇ္ဇဒါန၊ သတ္တဒါန၊ တည်းဟူသော၊မလှူသင့်သည့်ကိုလှူ၍ဖြစ်သော အကုသိုလ် ကံ-၁၀ ပါး၊ဎင်းကံ ၂၀-ကျော်အရပ်ရှိသည်၊ အပုညာဘိ သင်္ခါရဟု ကောက်ယူလေ၊

ပုညာဘိသင်္ခါရ ဟူသော်ကား၊ (ဒါန ပစာယန ဝေယျာ ဝစ္စ၊) ကိုယ်နှင့်ပြုသော ကာယကံ ၃ပါး၊ (ပတ္တိဒါန ပတ္တာ နုမောဒန ဓမ္မဒေသနာ၊ ) နှုတ်ဖြင့်ပြုသော ဝစီကံ ၃ပါး၊ ၊ (သီလ - ဓမ္မသဝန - ဘာဝနာ၊ )စိတ်ဖြင့်ပြုသော မနောကံ ၃-ပါး၊ ၊ ဎင်းကာယကံ ဝစီကံ-မနောကံ နှင့် ပြုသမျှ ကုသိုလ်ကို၊ ဖြောင့်စွာပြု၍ ပေးတတ်သော ဒိဋ္ဌိဇုကမ္မတာ လူကြီးကတပါး၊ပေါင်း-ဆယ်ပါး၊ကုသိုလ်ဟုမှတ်၊

ဒိဋ္ဌိဇုကမ္မတာကို၊ ဒိဋ္ဌိ ဥဇု ဘူတ ကမ္မတာ-ပုဒ်ခင်း၊ ကမ္မက - ကုသိုလ်မှု၊ ဘူတက ဘူတရုပ် ၄ပါး၊ ဥဇုက ဖြောင့်စွာ၊ ဒိဋ္ဌိက-အယူ၊ ကုသိုလ်ကံရှိ၍။၊ဘူတရုပ်၄ပါးကို ဖြောင့်စွာယူခြင်း၊ လုပ်၍ပေးခြင်းဟု ခေါ်သည်၊ ဎင်းပုည ကြိယာ ဆယ်ပါးတွင်၊ ကာယကံ-ဝစီကံ-မနောကံ-နှင့် ပြုသော၊ ကုသိုလ်ကံကိုးပါးဖြင့်၊ ဖြောင့်ဖြောင့် ဘူတရုပ် ၄-ပါးနှင့် ဖြစ်သောကံကို ပြုပြင်ပေးမည် ဆိုသော၊ ဒိဋ္ဌိဇု ကမ္မတာ-လူကြီးဖြစ်၍၊ ပုညကြိယာ ခေါ်ခြင်းကား၊ ပုညက

ကောင်းမှု၊ ကြိယာက ပြုခြင်း, ဖြစ်ခြင်း, ခံရခြင်း, စံရခြင်း ကောင်းမှုနှင့် ပြုပြင်၍၊ ခံရခြင်း စံရခြင်း, ဖြစ်နေသည်ဟု ဆိုသည်။

အာနုဋ္ဌာတိသင်္ခါရကုသိုလ်သည်၊ ချုပတသယ်ခြောက်သုံး၌ ဖြစ်တတ်သော၊ ရူပါဝစရဈာန် လက္ခံကိုယ်၌ရှိပါမှ၊ ၎င်းဈာန်ကို အခြေခံ၍။ အရူပါဝစရဈာန်ကို ပွားများသဖြင့်၊ ရမှသာလျှင်၊ အရူပါဝစရကုသိုလ်ဖြစ်သည်၊

ဝိညာဏ်သည်။ဝိညာဏ်စိတ်အသစ် ဖြစ်ပေါ်၍ လာခြင်းကိုခေါ်သည်၊ ၎င်းဝိညာဏ်၌၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် မနောဝိညာဏ်ဟု၊ ခြောက်ပါးရှိသည်၊ ၊မျက်စိအကြည်ဓာတ်ပေါ်မှာ၊ အဆင်းသဏ္ဍာန်ဟူသမျှ၊ ထင်လာ မြင်လာသောအခါ ဝိညာဏ်စိတ် အသစ်များစွာဖြစ်၍ နေသည်ကို၊ စက္ခုဝိညာဏ်ဟု ခေါ်သည်၊ ၊နားအကြည်ဓာတ်ပေါ်မှာ၊ အသံဟူသမျှ၊ ထင်လာ ကြားလာသောအခါ၊ အသစ်အသစ် ဝိညာဏ်စိတ်ဖြစ်၍ နေသည်ကို၊ သောတဝိညာဏ်ဟု ခေါ်သည်၊နှာခေါင်းအကြည်ဓာတ်ပေါ်မှာ အနံ့အမျိုးမျိုးထင်လာ နံလာသောအခါ၊ များစွာ ဝိညာဏ်စိတ်ဖြစ်၍နေသည်ကို၊ ဃာနဝိညာဏ်ဟု ခေါ်သည်၊လျှာအကြည်ဓာတ် အပေါ်မှာ၊ အရသာခြောက်ပါးတွေ့ထိသောအခါ၊များစွာဝိညာဏ်စိတ် ဖြစ်၍နေသည်ကို၊ ဇိဝှါဝိညာဏ်ဟုခေါ်သည်၊ ၊ကိုယ်နှင့် အနူးအညံ့ ,အပြော့အမာ အတင်း အထောက်အကန် အသိမ် အမွေ့ တွေ့ထိသောအခါ၊ စိတ်ဝိညာဏ်အမျိုးမျိုးဖြစ်ပေါ်၍

လာသည့်ကို၊ ကာယဝိညာဏ်ဟု ခေါ်သည်၊ ။မနော အကြည်ဓာတ်ပေါ်မှာ၊ တောင်တောင်အီအီ တွေတွေရာရာ ကြံစည်၍နေသောအခါ။ စိတ်ဝိညာဏ်အသစ် အမျိုးမျိုးဖြစ် ပေါ်၍နေသည်ကို၊မနောဝိညာဏ်ဟုခေါ်သည်။

နာမ်ရုပ်ဟူသောကား။ နောက်က ခန္ဓာငါးပါး အခွဲမှာ။ ပြပြီးဖြစ်၍။မပြလိုက်ပြီ။

သဠာယတနမှာသည်းနောက်ကဏ္ဍက။အာယတန ၁၂ ပါးကိုပြပြီးဖြစ်၍၊မပြလိုက်ပြီ၊

ဖဿခေါ်ခြင်းကား တွေ့ထိခြင်းကိုခေါ်သည်၊မျက်စိနှင့် အဆင်းဟူသမျှတွေ့ထိခြင်းကို၊ စက္ခုသမ္ဖဿဟုခေါ်သည်၊ နားနှင့်၊ အသံဟူသမျှတွေ့ထိခြင်းကို၊ သောတသမ္ဖဿဟု၊ ခေါ်သည်၊ ။နှာခေါင်းနှင့်။ အနံ့ဟူသမျှ တွေ့ထိခြင်းကို၊ ဃာနသမ္ဖဿဟုခေါ်သည်။လျှာနှင့်။အရသာဟူသမျှတွေ့ထိ ခြင်းကို၊ဇိဝှါသမ္ဖဿဟု ခေါ်သည်၊ ။ကိုယ်နှင့်၊ အထိမ် အပူ။အနူး အညံ့၊တွေ့ခြင်းဟူသမျှကို၊ ကာယသမ္ဖဿဟု ခေါ်သည် ။စိတ်နှင့်ကြံ၍။ တွေတွေ ရာရာ တွေ့ထိသမျှကို မနောသမ္ဖဿဟု ခေါ်သည်၊ ။သမ္ဖဿဟု ခေါ်ခြင်းကား၊ သမ္ဖရော်ဂေါက။ ယှဉ်ပြိုင်ခြင်း၊ ဖဿ က၊ တွေ့ထိခြင်း၊ ယှဉ်ပြိုင်၍ တွေထိခြင်းကိုခေါ်သည်၊ ။ဘာကို ယှဉ်ပြိုင် တွေ့ထိသနည်းဆိုလျှင်၊ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်၊ မနော-အခံဓာတ်ခြောက်ခုနှင့်၊ အဆင်း၊ အနံ့၊ အရသာ အတွေ့၊ အသံ၊ အကြံ၊ ၎င်းခြောက်ခု၊ အရိုက်ဓာတ်၊ တွေ့ထိ ယှဉ်ပြိုင်၍ နေခြင်းကို ခေါ်သည်။ ၎င်းအခံဓာတ်ခြောက်ခု၊

အရိုက်ခေတ်ခြောက်ခု ယှဉ်ပြိုင် တွေ့ထိ၍ နေသောအခါ စိတ်ဝိညာဏ်ဟု ခေါ်သည်၊

ဝေဒနာခေါ်ခြင်းကား၊ ရှုခြင်း ဆင်ခြင်ခြင်း ခံစားခြင်းကို ခေါ်သည်၊ ၊မျက်စိနှင့် အဆင်း၊ နားနှင့် အသံ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် အထိမ်အတွေ့၊ စိတ်နှင့် အကြံ၊ ၎င်းခေတ်တို့ ယှဉ်ပြိုင်တွေ့ထိ၍ နေသောအခါ ဆိုးမှု ကောင်းမှု အနိဋ္ဌာရုံ ဣဋ္ဌာရုံတို့ကို ရှုဆင်ခြင် ခံစားခြင်းကို ဝေဒနာဟု ခေါ်သည်၊

တဏှာခေါ်ခြင်းကား၊ တတ်ခြင်း ခင်တွယ်ခြင်းကိုခေါ် သည် ၎င်းအခံခေတ် ခြောက်ပါး အရိုက်ခေတ် ခြောက်ပါး ယှဉ်ပြိုင်တွေ့ထိ၍ အဆိုးအကောင်းကို ရှုဆင်ခြင်ခံစားပြီး လျှင် တတ်နှစ်သက် ခင်တွယ်ခြင်းကို တဏှာဟုခေါ်သည်၊

ဥပါဒါန် ခေါ်ခြင်းကား၊ စွဲ၍ဖြစ်ခြင်းကိုခေါ်သည်၊ ၎င်း အခံခေတ်နှင့် အရိုက်ခေတ်တို့တွေ့ထိ၍ အဆိုးအကောင်းကို ခံစား၍ခင်တွယ်တတ်ပြီးလျှင်မျက်စိတမှိတ် လျှပ်တပြက် တနာရီ တရက် တလ တနှစ် နောက်က အနမတဂ္ဂသံသရာ က စပေါင်း၍ ယခုတိုင် ရှေ့ကိုလည်း အနမတဂ္ဂ ဘဝတိုင်း မမေ့နိုင်အောင် စွဲ၍ထားခြင်းကို ဥပါဒါန်ဟု ခေါ်သည်၊

ကံဘဝခေါ်ခြင်း ကံအသစ် ဖြစ်သည်ကို ကံဘဝဟု ခေါ်သည် ဘဝကဖြစ်ခြင်း ၎င်းအခံခေတ် ၆-ပါး၊ အရိုက် ခေတ် ၆-ပါး၊ တွေ့ထိ၍ ဝေဒနာခံစားခြင်း တဏှာတတ် ခြင်းဖြစ်လာသော် အကုသိုလ်ကံ ကုသိုလ်ကံ အသစ်အသင် ဖြစ်သည်ကို ကံဘဝဟုခေါ်သည်၊

ဇာတိဟုခေါ်ခြင်းကား-ခန္ဓာအိမ် ဆောက်လုပ်ခြင်းကို ခေါ်သည်။ ။၎င်းကာမဂုဏ်ငါးပါး, အာရုံ ၆ ပါး မြူးကွန့် ကျက်စား၍၊ အကုသိုလ် ကုသိုလ်ကံ အတွက် ခန္ဓာအိမ် အသစ်ဆောက်ရခြင်းကို ဇာတိပဋိသန္ဓေဟုခေါ်သည်။

ဇရာမရဏခေါ်ခြင်းသည်၊ဇရာက ရင့်ရော်အိုဆွေးခြင်း၊ မရဏက သေပျောက်ခြင်း၊ရင့်ရော်အိုဆွေး၍ သေပျောက်ခြင်းကို ဇရာမရဏဟုခေါ်သည်။

ငိုကြွေးခြင်း,သက်ကြီးရှိုက်ငင်ပင်ပန်းခြင်း,ဆင်းရဲခြင်း နှလုံးမသာ မယာခြင်းစသော မီးဆယ့်တမီးတို့ကို၊ ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ,စသည်ဖြင့်ခေါ်၍၊ ၎င်းမီးဆယ့် တမီးတို့သည်၊ ဇာတိ ပဋိသန္ဓေ နေသည်ကစ၍ သေသည် တိုင်အောင် ၎င်းအတွင်းမှာ ဖြစ်သောတရားဖြစ်သည်။

(အင်္ဂါ ၁၂-ပါး, ပြီး၏)

——— o ———

အဓွန့် သုံးပါး ဟူသော်ကား — နောက်က အနမတဂ္ဂ သံသာရက ဖြစ်သမျှ အကုသိုလ် ကုသိုလ်ကံအနန္တ, ဘဝ ပေါင်း အနန္တ, အတိတ်ကာလက ရှည်ခြင်းကို အဓွန့် ဟု ခေါ်သည်၊ အဓွန့်က ရှည်ခြင်း။

ယခုပစ္စုပ္ပန္နဘဝတွင် အကုသိုလ်ကံ အနန္တ၊ ကုသိုလ်ကံ အနန္တ, ဘဝတွေ အနန္တဖြစ်၍ ရှည်ကြာစွာ နေခြင်းကို ပစ္စုပ္ပန်ကာလ အဓွန့်ဟုခေါ်ခြင်း။

ရှေ့ကိုအနမတဂ္ဂသံသာ၏ ဘဝပေါင်းများစွာ, ကုသိုလ် အကုသိုလ်ပေါင်း များစွာဖြစ်၍ ရှည်ကြာစွာ နေခြင်းကို အနာဂတ်ကာလ, အဝွန့်ဟုခေါ်သည်။

အတိတ်ကာလ နောက်နောက်ကဖြစ်သမျှ ဘဝအနန္တ တွင် တဘဝဖြစ်မည့်ကိုလျှင်၊ တဘဝအသစ်ဖြစ်ဘို့ နောက် က အကြောင်းတရားငါးပါး၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံဘဝ အရင်းခံလျက်၊ ယခု ဘဝ ထိအောင် အကြောင်းခံသည်။

နောက်အတိတ်က၊ ၎င်းအကြောင်းတရားငါးပါး အရင်း ခံလိုက်ခြင်းကြောင့်။ ယခုပစ္စုပ္ပန်ဘဝတွင် ဝိညာဏ် နာမ်ရုပ် သဠာယတန, ဖဿ ဝေဒနာ တည်းဟူသော အကျိုးငါးပါး ကို ရသည်။

၎င်းပစ္စုပ္ပန်ဘဝ, အကျိုးတရားငါးပါး တည်းဟူသော ရုပ်နာမ်ကိုရ၍၊ အခံဓာတ် ၆ ပါးနှင့်၊ အရိုက်ဓာတ် ၆ ပါး တွေ့ထိသောအခါ၊ မိမိနောက်က အကျိုး ပေးလိုက်သည့် အတိုင်း၊ ဝေဒနာအဆုံးခံစားမှုတွင်မရပ်ဘဲ၊ တဏှာ ဥပါဒါန် ကံဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟု အကြောင်းတရားထပ်၍ခံပြန် လေ၏။

အကြောင်းခံနည်းကား၊ မျက်စိ နှင့် ရူပါရုံ တွေ့ထိသော အခါ၊ အဆိုးကိုမြင်သဖြင့် မကောင်းမှု၌ များစွာအာရုံခံစား ခြင်းကြောင့် တဏှာနှယ်ကိုကူးသဖြင့်၊ တဏှာ ဥပါဒါန်, ကံဘဝ, အဝိဇ္ဇာ,သင်္ခါရ အကြောင်းတရားငါးပါး၊ အသစ်

ခံပြန်လေသည်၊အကောင်းကိုမြင်သဖြင့် များစွာကောင်းမှုနှင့် ဝေဒနာ အာရုံခံစားခြင်းကြောင့် တဏှာနယ်ကိုကူးသဖြင့်၊ တဏှာ, ဥပါဒါန် ကံဘဝ အဝိဇ္ဇာ, သင်္ခါရ အကြောင်းတရား ငါးပါး ခံရပြန်လေသည်၊

တနည်း မျက်စိနှင့် အဆင်းသဏ္ဍာန် ကိုမြင်သောအခါ အဆိုးကိုမြင်သဖြင့် မနှစ်မြိတ်ဆိုးသော ဒေါသနယ်ကိုရောက်၍ သစ္စာ ၄ ပါးကိုမသိတတ်သော အဝိဇ္ဇာကြီးဖုံးလွှမ်းသဖြင့်၊ တဏှာ နယ်ကိုရောက်၍၊ အကြောင်းတရား ငါးပါးတွင် သင်္ခါရ-အပြုအပြင်ကိုခံရခြင်း၊ ၊အကောင်းကို မြင်သဖြင့် အကောင်းတည်းဟူသော အာရုံနှင့် ဝေဒနာ ခံစား၍၊ လိုချင်သော-လောဘ နယ်ကို ရောက်၍၊ မောဟ တည်းဟူသော အဝိဇ္ဇာ ဖုံးလွှမ်းသဖြင့်၊ သစ္စာ ၄ ပါးကို မမြင်ခြင်းကြောင့် အကြောင်းတရား ငါးပါး အသစ်ဖြစ်သော သင်္ခါရ-အပြု အပြင်ကို ခံရပြန်၏၊

နားနှင့်လည်း အဆိုးကို ကြားသဖြင့်၊ ဒေါသဖြစ်၍မောဟ တည်းဟူသော-အဝိဇ္ဇာဖုံးလွှမ်းသဖြင့်၊သစ္စာ ၄ ပါးကိုမမြင် ခြင်းကြောင့်၊ တဏှာတတ်မိ၍ သင်္ခါရအပြုအပြင်ခံရခြင်း၊ အကောင်းကို ကြားပြန်ကလည်း၊ လောဘ ဖြစ်၍ မောဟ အဝိဇ္ဇာ ဖုံးလွှမ်းခြင်းကြောင့်၊ သင်္ခါရပြုပြင်ခြင်း အကြောင်း တရားငါးပါး ပြုပြင်ခြင်းကို ခံရသည်၊

နှာခေါင်း၊ အနံ့နှင့် အဆိုးအကောင်းကို တွေ့သောအခါ၊ လောဘ-ဒေါသ ဖြစ်၍၊ အထက်ကနည်းအတိုင်း ဖြစ်သည် ဟုမှတ်လေ၊ လျှာနှင့်လည်း ထိုနည်းတူစွာ အကြောင်းငါးပါး

ခံသည်ဟု မှတ်လေ၊ ကိုယ်၌လည်းထိုနည်းတူစွာ မှတ်လေ၊ မနောစိတ်၌လည်း ထိုနည်းတူစွာ မှတ်လေ။ ။အခံခေတ် ခြောက်ပါး၊ အဇ္ဈတ္တ အရိုက်ခေတ် ခြောက်ပါး၊ ၊ဗာဟိရ ခေတ်တို့ ထိခိုက်ခြင်းကြောင့်၊ တဏှာနယ်ကျူး၍ လောဘ ဒေါသ ဖြစ်ပြီးလျှင်၊ အကြောင်းတရား ငါးပါးစီ ယှဉ့်၍၊ ယခု ပစ္စုပ္ပန် ဘဝတွင် အဘယ်မျှလောက် များသည်ဟု ဉာဏ်နှင့် မျှော်၍ကြည့်လေ။

ယခုဘဝတွင် မျက်စိနှင့်အဆင်းသဏ္ဌာန်ထိ၍၊ လောဘ ဖြစ်ခြင်းကြောင့် အကြောင်းငါးပါး။ ဒေါသဖြစ်ခြင်းကြောင့် အကြောင်းငါးပါး၊ ဤကဲ့သို့ အကြောင်းတွေခံတာ မရေနိုင် ကြောင်းကို မြင်လျှင်၊ နားနှင့် အကြောင်းခံ, နှာခေါင်းနှင့် အကြောင်းခံ, လျှာ ကိုယ် စိတ် အကြောင်းခံတွေကို များစွာ မြင်ပါလိမ့်မည်။

ဤယခု-ဘဝကဲ့သို့၊ နောက်နောက်သော အတိတ် ဘဝ တို့ကလည်း အကြောင်းခံတွေ များစွာ၊ အနမတဂ္ဂ—မရေ တွက်နိုင်ဆိုတာကိုမျှော်၍ကြည့်လေ။ ။ယခု ပစ္စုပ္ပန်ဘဝ အကြောင်းတရားငါးပါး ခံခြင်းကြောင့်၊ နောင်, အနာဂတ် ဘဝမှာ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အကျိုးငါးပါး ပေးပြန်လေ၏။

နောင် ,အနာဂတ်ဘဝ၊ လူ-နတ်-ဗြဟ္မာ-ငရဲ-တိရစ္ဆာန် ပြိတ္တာ-အသုရကာယ်လည်း ရုပ်နာမ် နှစ်ပါးသာရှိ၏၊ ယခု ဘဝလည်း ရုပ်နာမ် နှစ်ပါးသာ ရှိ၏, အတူတူပင်တည်း၊ ဘုံ၃၁-ဖြစ်ဖြစ်သမျှ ရုပ်နာမ်က မကွဲ၍ အတူတူဘဲဟုမှတ်။

မူလ နှစ်ပါးဟူသောကား၊ အဝိဇ္ဇာနှင့် တဏှာတည်း၊ ဝဋ်သုံးပါး ဟူသောကား၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါက ဝဋ်ကိုခေါ်သည်၊ ၊အစပ် ၃ စပ်ဟူသောကား၊ အတိတ် ကာလက အကြောင်းငါးပါး တစပ်၊ ၊ယခု ပစ္စုပ္ပန်တွင် ဉာဏ်ခန္ဓာကိုယ်ကြီး အကျိုးရသည်က ငါးပါး၊ ၊ဉာဏ်ခန္ဓာ ကိုယ်ကြီးရ၍ အာရုံ ခြောက်ပါးနှင့် တဖန် အကြောင်း ခံတာကငါးပါး၊ ၎င်းဆယ်ပါးက တစပ်၊ ၊ယခုပစ္စုပ္ပန်က အကြောင်းငါးပါး ခံလိုက်သည့်အတိုင်း၊ နောင်, အနာဂတ် ဘဝမှာ ယခုရုပ်နာမ်ကဲ့သို့ ရသော အကျိုးတရား ငါးပါးက တစပ်၊ ၊

အလွှာ လေးလွှာဟူသောကား၊နောင် အတိတ်ကာလက တလွှာ၊ ယခုပစ္စုပ္ပန်က အကြောင်းနှင့်အကျိုး နှစ်မျိုး နှစ်လွှာ၊ နောင်အနာဂတ်ကတလွှာ။ ပေါင်း ၄-လွှာ ဖြစ်သည်၊

ခြင်းရာနှစ်ဆယ်ဟူသောကား၊ အတိတ်က ငါးပါး ယခု ပစ္စုပ္ပန်က ဆယ်ပါး၊ နောင်အနာဂတ် ငါးပါး၊ ပေါင်းနှစ် ဆယ် ဖြစ်၏၊

## သစ္စာ ၄-ပါးတွင် ဒုက္ခနှင့် သမုဒယ ၂ပါးကို ပြသောအခါ်း။

သစ္စာဆိုသောစကားသည်၊ အမှန်ကို ခေါ်သည်၊ ဒုက္ခက ဆင်းရဲခြင်း သစ္စာနှင့်တွဲ၍ ဆင်းရဲတာမှန်ခြင်းကို ဒုက္ခသစ္စာ ခေါ်သည်၊ သမုဒယက ချဲ့ခြင်း ခင်တွယ်ခြင်း တတ်ခြင်း လိုချင်ခြင်း အာရုံမကုန်ခြင်း အာရုံမဆုံးခြင်း သစ္စာနှင့်

တွဲသဖြင့် ချဲ့ထွင်ခင်တွယ် လိုချင်ဘွယ်မကုန် အာရုံမဆုံး လုံးလုံးမပြတ် မှန်ခြင်းကို သမုဒယသစ္စာ ခေါ်သည်၊ ၎င်း သစ္စာနှစ်ပါးကို ဝဋ္ဋသစ္စာဟု ခေါ်သည်။

အဘယ်ကြောင့်- သမုဒယနှင့် ဒုက္ခကို ဝဋ္ဋသစ္စာခေါ်ပါ သနည်း ဆိုပါလျှင်၊ တေဘူမက ဘုံသုံးပါးနှိုက် တတ်ခြင်း ခင်တွယ်ခြင်း လိုချင်ခြင်းကြောင့် ရုပ်နာမ်ကြီးကို ထမ်းရွက် ဆောင်လျက် ခန္ဓာအမျိုးမျိုး ဒုက္ခအဆင်းရဲကြီးနှင့် သံသ ရာမဆုံး ကျင်လည်၍နေရခြင်း မှန်သောကြောင့်၊ သမုဒယ နှင့် ဒုက္ခသစ္စာနှစ်ပါးကို ဝဋ္ဋသစ္စာဟု ခေါ်သည်။

သမုဒယသည် အကြောင်းတရား၊ ဒုက္ခသည် အကျိုး တရား ဖြစ်သည်၊ ၎င်းသမုဒယသစ္စာ၌ တရားကိုယ်အား ဖြင့် သင်္ခါရသုံးပါး ကံကိုကောက်၊ တနည်းလောဘတရား ကိုယ်ဟုကောက်။ ။တနည်း သင်္ခါရ သုံးပါး ကံသည် ကုသိုလ် အကုသိုလ် အရင်းခံဟုကောက်လေ။ ။တနည်း ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး အစပ် ၃-ပါး၊ အလွှာ ၄-လွှာ၊ ခြင်းရာ ၂၀၊ အဝွန့် ၃-ပါး၊ ဝဋ် ၃ ပါး၊ မူလ ၂-ပါး တို့ကို သမုဒယသစ္စာဟု ခေါ်သည်။ ၎င်းတရား အတိုင်းကိုပင် ဒုက္ခသစ္စာ ဖွဲ့ရသည်၊ ၎င်းတရားအတိုင်း စိတ်စေတသိက်တို့ ဖြစ်၍ ရုပ်နာမ်ကို အကျိုးရခြင်းကြောင့်၊ ဒုက္ခသစ္စာ ဖွဲ့ရ သည်။

သမုဒယဟု ဆိုသောသူသည်၊ တေဘူမက၌ ရုပ်နာမ်ကို အမျိုးမျိုး အလုပ်ကောင်းသောသူ ဟူ၍လည်း မှတ်လေ၊ ဒုက္ခ

ဆိုသော သူတို့ကလည်း၊ ရုပ်နာမ်ကို ရလျှင် အမျိုးမျိုး ဆင်းရဲအောင် လုပ်မည် နှိပ်စက်မည်ဟု မျက်စိတမှိတ် မပြတ် ကြံစီ၍နေသောသူ မှတ်လေ၊

ပိဋကနယ၊ သင်္ဂြိုဟ်ပနယ၊ သမ္မတနယ၊ ဝိပရိနာမနယ၊ ဒုက္ခသစ္စာအနက် ၄-ချက်၊ သမုဒယသစ္စာ အနက် ၄-ချက် တို့ကို ပြလျှင် ကျယ်မည်ကို စိုး၍မပြလိုက်ပြီ၊ အကျယ်ကို သိလိုလျှင် ငါတို့စီရင်ရေးသားသော ပဋိစ္စသမုပ္ပါဒ် မေးဖြေ ကျမ်းမှာ ကြည့်ပါလေ၊

## သစ္စာ ၄-ပါးတွင်၊ မဂ္ဂသစ္စာနှင့် နိရောဓ သစ္စာကို ပြခြင်း။

မဂ္ဂသစ္စာသည် အကြောင်းတရား၊ နိရောဓသစ္စာသည် အကျိုးတရားဖြစ်သည်၊ ။နိရောဓသည် စိတ် စေတသိက် ရုပ်တို့မှ ချုပ်ခြင်း၊ သစ္စာနှင့်တွဲသော စိတ် စေတသိက် ရုပ် ချုပ်သည် မှန်ခြင်းကို နိရောဓသစ္စာခေါ်သည်၊

မဂ္ဂသည် အကြောင်းဟုခေါ်၏၊ ခရီးဟုခေါ်၏၊ သစ္စာနှင့် တွဲသော် အကြောင်းမှန်၏ ခရီးမှန်၏၊ အဘယ်အကြောင်း အဘယ်ခရီးဟု ဆိုသော်၊ စိတ်, စေတသိက် ရုပ်, ချုပ်တတ် သည့် ခရီးကို သွားသည်မှန်၏ ၎င်းကို မဂ္ဂသစ္စာဟု ခေါ် သည်၊

နိရောဓကို နိဗ္ဗာန်ဟုလည်း ခေါ်၏၊ မဂ္ဂကို မဂ်အလုပ် ဟုလည်း ခေါ်၏၊ နိရောဓတည်းဟူသော နိဗ္ဗာန်အကျိုးကို

လိုလျှင် မဂ္ဂတည်းဟူသော အကြောင်းမင်ကို လုပ်မှ ရသည်၊ ။ဒုက္ခတည်းဟူသော ရုပ်နာမ်အကျိုးကို လိုလျှင် သမုဒယ တည်းဟူသော လောကီကုသိုလ် အကုသိုလ် အကြောင်းကို လုပ်မှရသကဲ့သို့လည်း မှတ်လေ၊

မဂ္ဂဆိုသောသူသည် ဒုက္ခနှင့် သမုဒယကို အလွန်တရာ ပျင်းမုန်းငြီးငွေ့၍ တေဘူမကနိုက် ဖြစ်သော စိတ် စေတသိက်၊ ရုပ်၊ တို့ကို ချုပ်အောင်ပျောက်အောင် လုပ်မည်ဆိုသော သူမည်၏ နိရောဓ ဆိုသောသူသည် မင်းတို့ဒုက္ခ သမုဒယကို ပျင်းမုန်းငြီးငွေ့၍ ဘုံသုံးပါး၌ ဖြစ်သော စိတ် စေတသိက်၊ ရုပ်တို့ကို ချုပ်အောင်လုပ်ကြံနိုင်ပါလျှင် ငါက အလွန်ချမ်းသော နိဗ္ဗာန်ဘုံကြီးကိုပြမည် ခေါ်မည့် တကြိမ်ချုပ်က သောတာပန် နှစ်ကြိမ်ချုပ်က သကဒါဂါမ် သုံးကြိမ်ချုပ်က အနာဂါမ် လေးကြိမ်ချုပ်က ရဟန္တာတခါတည်း ကိုပ္ပင်ငြိမ်း၍ဓာတ်သိမ်းပြီးပေးမည်ဟုဆိုသောသူတည်း၊

ထို့ကြောင့်- လောကီစိတ် စေတသိက် ရုပ်သဘောတရားတို့သည် တေဘူမက၌ ပညတ်နှင့်ပရမတ်ရုပ်ကို ကျက်စားအာရုံပြု၍ နေခြင်းကြောင့် ရုပ်သင်္ခါရ မချုပ်နိုင် လောကီဟုဆိုအပ်သော စကြာဝဠာဟူသမျှတို့၌ ပရမတ် ခတ်ရုပ် ပညတ်ခတ်ရုပ်ကို အာရုံပြု၍ နေကြခြင်းကြောင့် ပရမတ်သင်္ခါရ ပညတ်သင်္ခါရ မချုပ်နိုင် လောကီ၌ပရမတ် ပညတ်ရှိသည် နိဗ္ဗာန်၌ ပရမတ်ပညတ် မရှိကုန်၊

အဘယ်ကြောင့် သိရသနည်းဆိုလျှင် စကြာဝဠာကမ္ဘာကို တည်ထောင် ကတည်းက ရှေးဦးစွာ မြေ ရေ လေ မီး

တည်းဟူသော ပရမတ်ခါတ်ကြီးလေးပါး အရင်းတည်၍ ပညတ်ဓါတ်ကြီးလေးပါးဖြစ်ပေါ်ရသည်။ ပညတ်ဓါတ်ကြီး အရင်းခံ၍၊ ဥပါဒါန်ရုပ် ၂၃ ပါး၊ ရုပ်သင္ဂဟပါဠိ ၂၇ ကို စွဲ၍၊ အဓိဗိအမဟု ခေါ်ဝေါ်သမုတ်ကြလေသတည်း။ ။လူ့နတ် ဖြဟ္မာ၊ တိရစ္ဆာန်ခေါ်ခြင်းကား၊ အရပ်နယ်ရွှာနခြား၍ ဘုံအားဖြင့်သာ ခေါ်ကြသည်၊ နာမ်ဆိုသော ပုဂ္ဂိုလ်ကို စွဲ၍ အဗို အမသာရှိသည်ဟုမှတ်လေ၊

## မဂ္ဂင် အကြောင်း။

စိတ်,စေတသိက် ရုပ် ချုပ်တတ်သည့် မဂ်ခနိုးကိုလုပ်လိုသော်၊ ပဌမသောတာပတ္တိမဂ်စိတ်တလုံးတွင် အင်္ဂါရှစ်ပါး ရှိ၏ဟုမှတ်။ သဗ္ဗိုဟ်ကျမ်း၌—သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ တည်းဟူသော—ဝိရတီ စေတသိက် သုံးလုံးသည်၊ ရံခါရံခါ လောကုတ္တရာစိတ်မှာ ယှဉ်သည် ဟု ဆိုသည်။ ၎င်း ကျမ်းဆရာ ဆိုသည့်အတိုင်းမှန်ပါ၏၊ သို့သော် သဗ္ဗိုဟ်ကျမ်း ကျက်မှတ်ကြသော သူတို့သည် မဂ်နှင့် လျှောင်လျှင်မဂ်ဖြစ်ပြီ မဂ် ဧကန်ဘဲထိုယူလော့ ယူထ များကြသည်၊ ဘယ်လိုပင်ယှဉ်ယှဉ် တဘ၀လုံးပင် မပြတ်အောင် ယှဉ်စေကာဦးတော့ မဂ်မဖြစ်နိုင်၊

ဥပမာဆိုသော် အိမ်တလုံးဖြစ်ဘို့ရာ အင်္ဂါသည်၊ ရှစ်မျိုးရှိ၏၊ တိုင်-ထုပ်-ရောက်-ခိုင်း-မြား အမိုး-အကာ-အခင်း-ဟူ၍ ရှစ်ဌာနရှိ၏၊ ၎င်းအိမ်သည် တိုင်-ထုပ် ရောက်-သုံးမျိုးရှိရုံမျှနှင့် အိမ်မဖြစ်နိုင်၊ အကယ်၍ အိမ်လိုချင်၍ ဆောက်သော်လည်း လူမနေရခြင်းဖြစ်သည်၊ ဤကဲ့သို့ အိမ်၏ အင်္ဂါ

ရှစ်ပါးရုံမှ အိမ်တလုံး အထမြောက် သကဲ့သို့။ မဂ်အင်္ဂါရှစ်ပါးရုံမှ၊ သောတာပတ္တိ မဂ်စိတ်တလုံး ဖြစ်သည်ဟုမှတ်လေ။

ငင်း ပိရတီ စေတသိက် မဂ်အင်္ဂါ သုံးလုံးသည်၊ သီလအရာဖြစ်သည်။ သီလကွဲ အဓိသီလ ခေါ်သည် လူသီလ, ရဟန်းသီလ, သာမဏေသီလ, ဘိုးသူတော် မယ်သူတော်သီလ, ငင်းသီလအပေါင်းတို့သည်၊ ကာယဝါစာ, ဝစီဝါစာ၌သာ အကျုံးဝင်ခြင်းကြောင့်၊ စိတ် စေတသိက် ရုပ်တို့ကိုချုပ်အောင်မလုပ်နိုင်,မဂ်မပွဲနိုင် မဂ်မဖြစ်နိုင်ဟုမှတ်လေ။

တိုင်-ထုပ်-ရောက် သုံးခုနှင့်, အိမ်လိုချင်၍ အိမ်ဆောက်ထားသော သူတယောက်သည်၊ ဒိုင်း မျှား အမိုး-အကာအခင်းမရှိ၍ မိမိလည်းမနေရ အိမ်လည်းမဖြစ်။ ဤတသက်နေစား ရေစား မြေစား၍ ပျက်စီးရရှာလေ၏။

ထိုအတူ၊ သောတာပတ္တိမဂ်နှင့်၊ သောတာပန်အဖြစ်ကိုလိုချင်၍၊ သီလကွဲ သုံးပါးကို ပုဂ္ဂိုလ် အားလျော်စွာ စောင့်ရှောက်ပါသော်လည်း၊ နေ-ရေ-မြေ-တည်းဟူသော မနောဒေါသ,မနောလောဘ,မနောမောဟတို့ ထကြွသောင်းကြမ်းတိုက်ဖျက်သဖြင့်၊ ဤတသက် ဤတခါ, တဘဝ တနတ်စာမဂ်အခြေမပါဘဲ သေမြဲသေရရှာတော့သည်။

သို့ပါ၍ မဂ်အင်္ဂါရှစ်ပါးတွင် ၃-ပါး ယှဉ်သော်လည်း၊ ကာယကံ-ဝစီကံမျှ ထိမ်းသိမ်းခြင်းကြောင့်။ ဇာတ်သိမ်းတတ်သော-စိတ် စေတသိက် ရုပ်မချုပ်၍၊ မဂ်အလုပ် မပြီးကြရသည်ဟုမှတ်လေ။

တဖန်၊ အိမ်နေရအောင်ဟု အရင်းခံ အမာခံ တိုင် ထုပ် ရောက်ပြီးပေါ့ကိုလို၊ ဒိုင်း မျှား အကာ၊ ထိုသုံးဖြာကို၊ ထပ်ခါ အားထုတ်၊ ကြိုးစားလုပ်သော်လည်း၊ အိမ်ဟုတ်တော့မည်၊ မဟုတ်သလိုနှင့်၊ အထည်ကိုယ်ကဖြင့် နေရာကျပြီဟု စိတ်ချပြီး နေပြန်ပါလည်း၊ မိုးတာနှင့် အခင်းမရှိတာနှင့် ငုံးတိတိ ဖြစ်ပြန်သကဲ့သို့။ ။ထိုနည်းအတူ၊ သီလ အရင်းတည်ပြီး သမထ တည်းဟူသော-အမိစိတ္တကို အားကျကာ လုပ်ပြန်သော်လည်း၊ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိနှင့် အရင်းက မဂ်အင်္ဂါသုံးလုံးနှင့် ပေါင်းပါမှ— မဂ္ဂင်ခြောက်လုံး ရ၏၊ မဂ္ဂမနုသတ္တာ မပွဲလောက်သဖြင့် မဂ်တလုံးမဖြစ်သေး၊ စိတ်တလုံး ကမ္မဋ္ဌာန်းအာရုံ၌ တည်ရုံမျှသာရှိသေးသည်။

အိမ်ပင်ခေါ်ရ၏— အိမ်မဖြစ်သေး၊ အဝေးကကြည့်ရှုလျှင် အကာကိုမြင်ရ၍ မုချ အိမ်တခုဘဲဟုထင်ရ၏၊ အမိုးအခင်း မရှိခြင်းကြောင့် ဆင်းတက်၍လဲ မနေရ၊ သည်ဘာဝ-သည် တခါ အိမ်မပြီးတာ တန်းလန်းနှင့် စခန်းဘဲကျန်ရပြန်တော့ သည်။

ယောက်ျားဟဲ့သည်တခါ၊ အမိုးနှင့် အခင်းကို လက်ငင်း ဘဲ လုပ်တော့မည်ဟု ဉာဏ်ထုတ်၍လာနိုင်မှ၊ သူငါပင်နေ နိုင်သကဲ့သို့၊ တကဲ့ပညာ၊ တကဲ့သဒ္ဓါ၊ တကဲ့ဘာဝနာ၊ တကဲ့ ဝိပဿနာ ကျက်စားရာဖြင့်၊ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ၊ အကြံ ကောင်းရှိသဖြင့်၊ မဂ်၏အင်္ဂါ၊ ရှစ်ဖြာ ညီမြောက်၊ မဂ်တလုံး ကောံရသည် ရှေ့နေဝ်စဉ်းစားလောကီဉာဏ်များပါမှ၊ လော ကုတ္တရာအနားကပ်နိုင်မည်ဟု စိတ်ကြည်စွာမှတ်ကြလေ။

## မဂ္ဂင်အဓိပ္ပါယ်ပြသောအခန်း။

မိမိစိတ်,စေတသိက်,ရုပ်ချုပ်မှ နိရောဓတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရ၍၊ သောတာပတ္တိ ပဌမ မဂ်ကို ဖြစ်မည့်အကြောင်းကြောင့်။ သီလက္ခံ့ အဓိသီလ အရာကို ထိမ်းခြင်းသည်၊ ကာယကံ ဝစီကံ ထိမ်းသောကြောင့်၊ စိတ်မချုပ်။ စိတ်မချုပ်ပါက စေတသိက်ရုပ်တို့ ဇကာန် မချုပ်ဟုမှတ်။

သမထအလုပ်၊ သမာဓိ မှာလည်း စိတ်တလုံးသွားသမျှ ရုပ်သဏ္ဍာယချည့် ဖြစ်ခြင်းကြောင့်။ သဏ္ဍာယတွေများလွန်းလို့၊ သဏ္ဍာယ တခုတည်းဖြစ်အောင် ကမ္မဋ္ဌာန်း ၄၀-တွင် တခုခုသော ကမ္မဋ္ဌာန်းကြိုးနှင့် ချိ၍ထားခြင်းဖြစ်သည်။ ၎င်း စိတ်သည် မချုပ်ပျော်သေး၊ ၎င်းကမ္မဋ္ဌာန်း ၄၀ ကာယ နုပဿနာတခုခုတွင် စိတ်တည်၍နေခြင်းကား၊ သဏ္ဍာယ ပညတ်ရုပ်တခုခုမှာ ဝိယိအစဉ်အားကျ၍နေသည်။ ပဉ္စဒွါရ ဝိထိမဟုတ်ကုန်၊ မနောဒွါရဝိထိဟုယူလေ။

၎င်း ပုဂ္ဂိုလ်၏ မနောအကြည် ခေတ်ကလေးပေါ်တွင်၊ ကမ္မဋ္ဌာန်း နိမိတ်ကိုထင်၍ ရှုသင်ခြင်းသဖြင့်။ မိမိစိတ် ငြိမ် သက်၍နေသောအခါ၊ ၎င်းကမ္မဋ္ဌာန်း နိမိတ်ကို ဝိပဿနာ ဉာဏ်နှင့် ခေတ်ရိပ် ခေတ်မှန်ဖြစ်အောင် ရှုရသည်။

ရှုနည်းကား၊ ပြော့မှု,မာမှု ဉာဏ်နှစ်ခု ရှုလောပထဝီဆိုသည် တချက်။ ပူမှု မွေမှု ဉာဏ်နှစ်ခု၊ ရှုလောတေဇောခေါ်တ်။ ဖွဲ့ခြင်း ယိုခြင်း,ဉာဏ်နှစ်သင်း၊လင်းသောအာပေါခေါ်တ်။ ထောက်ကန်

လှုပ်ရှား ဤနှစ်ပါး မှတ်သား ဝါယောဓာတ်။ ။ ၎င်းသိနိုင်အတိုင်း ဓာတ်လေးပါး အရင်းခံကို မြင်အောင် တပါးပါးသောဓာတ်ကို ဖြစ်စေ ရှုဆင်ခြင်ရာသည်၊

နတ်မျက်စိ မမြင်ကောင်း ညာဏ်အရာဖြစ်၍ညာဏ်နှင့် မြင်အောင် ကြည့်ရမည် ဤအခါ ဘယ်ဓာတ်ကိုရှုရှု အကြည်ဓာတ်ကို ကေန်မြင်လိမ့်မည်။ ။ ၎င်းအကြည်ဓာတ်တွေ့မြင်၍ နေသောအခါ ပညတ်သဏ္ဌာန်သ တည်းဟူသော အဝုပ်ကောင်, အသေကောင်, အရိုးစု, ကမ္မဋ္ဌာန်းတို့ ပျောက်၍၊ ပရမတ် သဏ္ဌာယဓာတ်တွေကို မြင်လိမ့်မည်။ ဤအခါလည်း စိတ်မချုပ်၍စေတသိက်ရုပ်တို့လည်းမချုပ်သေးဖြစ်သည်၊

၎င်းပရမတ်ဓာတ် ပရမတ်ရုပ်တို့ကို တွေ့မြင်သောအခါ၊ နုက္ခဝိပဿနာညာဏ် ပေါ်လာ၍ ဤဓာတ်တွေ၊ မှတ်ရခြင်းကား၊ ဆင်းရဲသော ဒုက္ခပါကလားဟု လောကီအာရုံကို ဖွတ်တတ်သော ဂေါတြဘုညာဏ် ပေါ်လာသဖြင့် ၎င်းပရမတ်ဓာတ်တွေ ချုပ်ပျောက်ခြင်းကြောင့် လောကီစိတ်ကလေးသည် အတည်အတန့် နားစရာ ရုပ်သဏ္ဌာယဆိုတာ ပရမာအနုမြူမျှ မရှိသဖြင့် အလိုလိုချုပ်ပျောက်ရလေ၏၊

ဤအခါ လောကီစိတ် ချုပ်ပျောက်သည်နှင့် တပြိုင်နက် မဂ်အင်္ဂါရှစ်ခု စေ့ခြင်းကြောင့် လောကုတ္တရာဟု ဆိုအပ်သော သောတာပတ္တိ မဂ်စိတ်ကလေး တကြိမ်ဖြင်၍ ချုပ်ပျောက်သွားပြန်၏။ ။ မဂ်စိတ်ကလေး တကြိမ်ဖြစ်၍ ချုပ်ပျောက်သည်နှင့်တပြိုင်နက် ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ်

စသည်ဖြင့် . ဖြစ်ပေါ်ပြန်ရ၏။ ဖိုလ်စိတ် ၂ ကြိမ် ၃-ကြိမ် ဖြစ်၍ ချုပ်ပျောက်သည်နှင့် ဖလ သဒ္ဒါ အာရုံကုန်ခြင်း ပေး သောကြောင့် ဘဝင်ကျ၍ သတိမရ အိပ်ပျော်သောသူ ရေမွန်းသော သူကဲ့သို့ ထိုက်သည့်အားလျော်စွာ သူကြာ သည့်လောက် ကြာ၍မေ့နေပြီးလျှင် နိဗ္ဗာန်ကိုအာရုံခံစား၍ နေ၏။

ဤကား မဂ်ကျပုံတည်း၊

ဤကဲ့သို့ မေ့၍နေပြီးမှ သတိရပြန်သော်၊ လောကီစိတ် ပြန်၍ ဖြစ်ခြင်းကြောင့် မိမိရသောမဂ်ကို ပစ္စဝေက္ခဏာ ဇော ၅-ကြိမ်ဖြင့်ဆင်ခြင်လေသည်။ ယခုငါသည်အိပ်ပျော် သောသူ ရေနစ်သော သူကဲ့သို့ ဖြစ်ရခြင်းကား၊ မဂ်ဟုတ် ၏လော မဟုတ်၏လောကို ဆင်ခြင်ခြင်း၊ ။ယခုငါသည် အဘယ် မျှလောက်သော အာရုံစိတ်တို့ကို ပယ်နိုင်ပါသ နည်းဟု ဆင်ခြင်ခြင်း ရှေ့ကိုအဘယ်မျှလောက် ပယ်စရာ တရားရှိပါသနည်းဟု ဆင်ခြင်ခြင်း၊ ။မိမိသည် သောတာ ပန်ဖြစ်၏ မဖြစ်၏ကိုဆင်ခြင်ခြင်း သောတာပန်တို့ပယ်သော တရား ကုဏ္ဍ သီလဗ္ဗတ ပရာမာသ မိစ္ဆာဒိဋ္ဌိတည်းဟူ သော ၄င်းတရားငါးပါးကို ပယ်နိုင်၏လော မပယ်နိုင် ၏လော ဆင်ခြင်ခြင်း၊ ။ဤကဲ့သို့ ဆင်ခြင်သဖြင့် မိမိ ကိုယ်ကို မိမိသိ၍ ဝိစိကိစ္ဆာ မိစ္ဆာဒိဋ္ဌိမှ ကင်းပျောက်၍၊ သောတာပန် အဖြစ်သို့ ရောက်လေ၏၊

## သောတာပန်တို့ ပယ်သောတရား ပြသောအခန်း။

သံသာရဒုက္ခဘေးကြီးကို ကြောက်ရွံ့ကြသော သူတော်ကောင်း အပေါင်းတို့သည် ရှေးဦးစွာ မိမိကိုယ်ကိုစဉ်းစားရာ၏၊ ငါတို့၌ အနမတဂ္ဂသံသာရက ယခုတိုင် ဘဝများစွာ ကျင်လည်၍ လာရသောကြောင့် လူနတ်ပြဟ္မာ ဘုံသုံးဖြာတွင် စံစရာ ကုသိုလ်တွေ များစွာရှိ၏၊ အပါယ် သံသရာမှာလည်း ခံစရာ အကုသိုလ်တွေ များစွာရှိ၏၊ အဘယ်သတ္တဝါမှ စံစရာ ခံစရာ ကုသိုလ် အကုသိုလ်ကင်းသော ပုဂ္ဂိုလ်မရှိဟု ရချယူလေ၊

ရှေ့ကိုဘဝများစွာ ကျင်လည်ပါသော်လည်းအကုသိုလ် ကုသိုလ်နှင့်ပင် ကျင်လည်၍ တေဘူမကတွင် နေရမည် အမှန်ဘဲဟု သိလေ၊ ဤကဲ့သို့ နောက်နောက်ကစ၍ ယခုထိ ယခုကစ၍ ရှေ့ကိုဘဝမဆုံး အနန္တ ကျင်လည်သမျှ ကုသိုလ်အကုသိုလ်တရားကို အထူးကြီးကြီးစားစား ပြုလုပ်ရှာဖွေဘို့ရာ မဟုတ်ဟု ညာဏ်မှာ ထင်လာလိမ့်မည်၊

စဉ်းစားပုံ တချက်ကိုပြဦးအံ့။ ၊တေဘူမက သင်္ခါရတရားတို့သည်၊ မိမိအလိုသို့ မလိုက်ခြင်း အသွန်တရာ များပြားလှသည်၊ တဘဝတွင် မွေးသည့်နေ့ကစ၍ အသက် ၄၀၊ အသက် ၅၀-သေခါနီးအထိ၊ ဘယ်လိုပင် ကာမာဝစရ ကုသိုလ်တို့ကို ပြု၍ထားသော်လည်း သေခါနီးဆဲဆဲ မနေသာအကြည်ခတ်နာမ်ရုပ်နှစ်ပါး ချုပ်သောအခါ အတိတ်ကာလ အနမတဂ္ဂ သံသာရက ရှိသော အကုသိုလ်ကံက

လာ၍ စိတ်ဝိညာဏ်ကလေး အပေါ်ကို ကျရောက်ပါက၊ ၎င်းအကုသိုလ်ကံအတိုင်း အပါယ်လေးပါးသို့ ကျရောက်ရ လေတော့သည် လောကီကုသိုလ်တွေရှိသမျှက မကယ်နိုင် ကြည့်၍နေလေတော့သည်။

သိရိဓမ္မာ သောကမင်းကြီး ရေတွင်းပေါင်း-၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀၊ ၎င်းကု သိုလ်တွေ မကယ်လာ အပါယ်ရွာသို့ အပါယ်စိတ်နှင့် ကျရောက်၍ စပါးကြီးမွေ ဖြစ်ရခြင်း၊ ဒါနကုသိုလ်တွေ ရှိပါလျက် အပါယ်ကဦး၍ အပါယ်သို့ ဖြစ်ရခြင်းကို စဉ်းစားလေ။

ကောဏ္ဍညသံဂတ် ဘုရားရှင် လက်ထက်တော်က ၂၂၇ ပါးသော သိက္ခာပုဒ်ကို တကြိမ်တခါမျှ မကျိုးမပေါက်ရ အောင် စောင့်စီးထိမ်းသိမ်းတာရှိပါလျက် သေခါနီးဆဲဆဲ၌ ရှေးက ဖြစ်ခဲ့ဘူးသော ပိန်းပင်ကိုဆွဲ၍ ပိန်းရိုး ပြတ်ပါလာ သည်ကို အာပတ်သင့်၏လော မသင့်၏လော ဝိစိကိစ္ဆာ ကုက္ကုစ္စ ဝင်လာသဖြင့် ဧရာပဒ နဂါးတိရစ္ဆာန်ကြီး ဖြစ်ရ ခြင်း ဤကဲ့သို့ ဉာဏ်နှင့် ကြည့်ရှုလေ၊ သီလကုသိုလ်ကို တဘဝလုံး စောင့်ထိမ်းသော်လည်း မကယ်နိုင်။

မဋ္ဌိက တံငါကြီးသည်၊ တသက်လုံး အကုသိုလ်အလုပ် နှင့် အသက် မွေးသော်လည်း သေခါနီးတွင် ပစ္စေကဗုဒ္ဓါ ဘုရားရှင်ကို ဆွမ်းတခွက် လှူဘူးသော အာရုံကြောင့် တာ ဝတိံသာမှာ နတ်သားဖြစ်ကြောင်းကိုလည်း စဉ်းစားလေ။

တေဘူမက တရားအပေါင်းတို့သည် ဘယ်တရားကိုမှ ဘယ်တရားက မနိုင်, အစိုးမရခြင်းကြောင့်၊ မြတ်စွာဗုရား သခင်သည် ဥဒါန်းကျူးရင့်တော်မူသည်မှာ၊(သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေသင်္ခါရာ ဒုက္ခ၊ သဗ္ဗေဓမ္မာ အနတ္တာ ) ဟု, ကျူးရင့်တော်မူလေသည်၊

သဗ္ဗေ၊ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ ကံ စိတ် ဥတု အာ ဟာရ တည်းဟူသော အကြောင်းတရား လေးပါး၊ ပြုပြင် စီရင်သော ပဋိစ္စသမုပ္ပါဒ် နာမ်ရုပ်တို့သည်၊ အနိစ္စ၊ ခဏမစဲ ချုပ်ပျောက် နဲ့ကြောင့်, မိုယ်းဖွဲ့ပမာ သံသရာမှာ မြဲတာ ဘာမျှမရှိပါတကား၊ ၊သဗ္ဗေ၊ခပ်သိမ်းကုန်သော၊သင်္ခါရာ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်၊ ဒုက္ခာ၊သံသာရဝဲ တေဘုံထဲတွင် ဆင်းရဲကြောင်းသာ ဖြစ်ရရှာ၏၊ ၊သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဓမ္မာ၊ တေဘူမက ဖြစ်ရခါခါ အကု သလာ – ကုသလာ တရားတို့သည်၊ အနတ္တာ၊ မိမိအလို ဘယ်အခါကိုမှ ပြောဆိုမရ အနတ္တအရာ ဟုတ်လှစွာ၏၊

တေဘူမကဋ္ဌဖြစ်သော ကုသိုလ်, အကုသိုလ် တရားတို့ သည်၊ ကုသိုလ်ပြု၍ ကုသိုလ်အကျိုး အတိုင်း စံရမည်ဟု ကောန်မူချစိတ်မချရ၊ အကုသိုလ်ပြုမိ၍ အကုသိုလ် ခံရမည် မဆိုရ၊ အခွင်သင့်ရာ ဦးရာ ကံက ပေးတတ်သောကြောင့်၊ အစိုးမရသောတရားဟု ကောန်သိရာ၏၊

မြတ်စွာဗုရား ပွင့်တော်မူမှ ဟောတော်မူသော တရား သည် နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာတရား ကိုးပါး ဖြစ်၍၊ ပဌမ သောတာပတ္တိမဂ်စိတ်တကြိမ် ဖြစ်လျှင်၊ နေ့ခံ

နောက်က အကုသိုလ်ဟူသမျှ တခါတည်းပြတ်ရလေတော့သည်၊ လူကောင်း ဗြဟ္မာကောင်း ဘဝနှင့် ချန်ကြွင် စံရ၍ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသွားသော တရားတော်ဖြစ်၍ အလွန်တရာကျေးဇူးတင်ဘွယ် ကောင်းလှလေသည်။ သောတာပတ္တိမဂ် ဆိုခြင်းကား၊ သောတ က-နားပေးသည်၊ ပတ္တိက ရောက်ခြင်းပေးသည်၊ မဂ္ဂါက ခရီးပေးသည်၊ သံသရာဒုက္ခမှ ထွက်သွားတတ်သော ခရီးအစတရား နားမှာ ခွဲခွဲမြဲမြဲ ရောက်သည်ဟုခေါ်သည်။

အဘယ်တရားခေါ်သနည်းဟုဆိုလျှင်၊ စိတ်, စေတသိက် ရုပ်တို့ ချုပ်ငြိမ်းတတ်သည့် တရား နားကို ရောက်သည်ကို ဆိုလိုသည်။ ၊ဣဿာ ငြူစူစောင်းမြောင်းခြင်း၊ မစ္ဆရိယ၊ ငါတတ်သလို၊ ငါ ချမ်းသာသလို၊ ငါလှသလို၊ ငါ အခြွေအရံများသလို၊ ငါအသက်ရှည်သလို၊ ဝန်တိုခြင်းငါးပါး၊ ကုက္ကုစ္စ၊ ဤတရားလည်း သံသရာမှ ထွက်၏လော, မထွက်၏လော ငြိုငြင်ခြင်း၊ ဝိစိကိစ္ဆာ၊ ကုက္ကုစ္စ ဖြစ်ခြင်း၊ သီလဗ္ဗတ-ပရာမာသ၊ ဂေါသီလ၊ ဂေါပါလ၊ တေဘူမက၊ အင်္ဂါ သီလတွေ နှင့် နိဗ္ဗာန်ကိုရောက်မည်ယူခြင်း၊ မိစ္ဆာဒိဋ္ဌိ၊ မိမိခန္ဓာမြဲ၏ဟု ယူခြင်း။ ဤတရား ငါးပါးသည် သောတာပန် ပုဂ္ဂိုလ်တို့ ပယ်သောတရားဖြစ်သည်။

လင် ရှိသော ပုဂ္ဂိုလ်, မယားရှိသော ပုဂ္ဂိုလ် တို့မှာ၊ အခမ္ဘိက တရားငါးပါးကို ကြဉ်သည်၊ လူသူမြင်လောက် သောနေရာ၌ သံသဂ္ဂမပြုခြင်း၊ မကျွန်းမသောအခါ-သံသဂ္ဂ

မပြုခြင်း၊ ကိုယ်ဝန်အရင့်အမာရှိသောအခါ သံသဂ္ဂမပြုခြင်း၊ မိမိက ရာဇကိုပွါးများအောင် ဆေးစား၍ သံသဂ္ဂမပြုခြင်း၊ ဇင်းငါးပါးကိုရှောင်ကြဉ်သည်၊

သောတာပန်များ—ဝိစိကိစ္ဆာ, မိစ္ဆာဒိဋ္ဌိကို ပယ်သည် ဆိုသောစကားသည်လည်း၊ ဝိစိက-ငြိုငြင်သည်၊ ကိစ္ဆာက ရှုပ်ထွေးသည်၊ ငြိုငြင် ရှုပ်ထွေး၍နေသည်ကို ဝိစိကိစ္ဆာဟု ခေါ်သည်၊ ။မိစ္ဆာက-မှားသည်၊ ဒိဋ္ဌိက-အယူဖြစ်သည်၊ မှားသောအယူကို မိစ္ဆာဒိဋ္ဌိခေါ်သည်၊ ။ငြိုငြင်ရှုပ်ထွေး၍ မှားသော အယူကို ဝိစိစ္ဆာ, မိစ္ဆာဒိဋ္ဌိ-ဟု ခေါ်သည်၊

အဘယ်ဟာကို ငြိုငြင် ရှုပ်ထွေး၍ မှားယူပါသနည်း ဆိုသော်၊ ။ရှင်ဂေါဓမ္မ-မြတ်စွာဗုဒ္ဓရားသည် ဗုဒ္ဓရားအဖြစ်သို့ ရောက်တော်မူ၍၊ ၄၅-ဝါ, ကာလပတ်လုံး သတ္တဝါအများ ကို တရားဒေဇ တိုက်ကျွေးတော်မူသော ဒေသနာတို့သည်၊ သတ္တဝါတို့၏ သဏ္ဍာန်ကို ကြည့်ရှု၍ သင့်သျော်သည့် အလျောက်၊ဟောကြားတော်မူသော စကားတရားအရပ်ရပ် တို့တွင် အကျဉ်းကိုချုပ်လိုက်သော်၊ အမှန်တက အမှန်ဆုံး လေးလုံးသော စကားကို ပြောကြားတော် မူသော အခါ၊ ဗုဒ္ဓရားပြောသော သစ္စာ ၄-ပါးသည်၊ ဟုတ်၏လော မဟုတ် ၏လော ဟု ငြိုငြင်ရှုပ်ထွေး၍ မှားနေခြင်းကို၊ ဝိစိကိစ္ဆာ မိစ္ဆာဒိဋ္ဌိ-ဟု မဂဓ ဘာသာဖြင့် ခေါ်သည်ဟုမှတ်လေ၊

ဒုက္ခသစ္စာ, ပရိညာယ ဆိုသည့်အတိုင်း၊ ဆင်းရဲတာမှန် သည် ပိုင်းခြား၍ ကြည့်ဆိုသောကြောင့်၊ မိမိ ကိုယ်ကို

ဘယ်, ဘဝမှာဖြစ်ဖြစ် ကောန်ဆင်းရဲမည်ဟု သိလျှင် ဒုက္ခသစ္စာ၌ ငြိုငြင်ရှုပ်ထွေးခြင်း မရှိဟု ယူလေ။

သမုဒယသစ္စာ ပဟာနေန၊ လောဘီအကုသိုလ် ကုသိုလ်တရားနှစ်ပါးသည် ချဲ့သည်, တတ်သည်, ခင်တွယ်သည်တောင့်တသည်, လိုချင်သည်၊ ၎င်း စိတ်မျိုး ဖြစ်သည်ကိုအကြွင်းမရှိ ပယ်သိုခြင်းကြောင့်၊ အကုသိုလ် - ကုသိုလ်ကိုစံလို ခံလိုသော စိတ်မရှိ၍ ပယ်နိုင်ပါက၊ သမုဒယသစ္စာ၌ငြိုငြင် ရှုပ်ထွေးခြင်း မရှိ၍ ဝိစိကိစ္ဆာ ကင်းပျောက်ပြီဟုမှတ်လေ။

နိရောဓသစ္စာ၊ သစ္ဆိကရဏဋ္ဌာယ၊ စိတ် စေတသိက်ရုပ်တို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက် ပြုသိုခြင်းကြောင့်နိဗ္ဗာန်ကို ကောန် လိုချင်သော စိတ်ရှိပါက၊ နိရောဓ သစ္စာ၌ငြိုငြင်ရှုပ်ထွေးခြင်း မရှိပါ၍ ဝိစိကိစ္ဆာ, မိစ္ဆာဒိဋ္ဌိ ကင်းပျောက်လေ၏။

မဂ္ဂသစ္စာဘာဝေတဗ္ဗ၊ စိတ် စေတသိက် ရုပ်တို့ချုပ်တတ်သော မဂ္ဂင်ရှစ်ပါး၊ သီလ သမထ, ဝိပဿနာ တရားမှလွဲ၍အခြားသောတရား နိဗ္ဗာန်ရောက်ကြောင်းမရှိ၊ အကျဉ်းဆုံးဝိမုတ္တိရသ ပညာအရာ ညာဏ်အရာဖြစ်သော သမ္မာသဘော်ပ္ပတရားမှလွဲ၍ ရောက်ကြောင်းမရှိ၊ ဤတရားအတိုင်း၊ ကောဝမှောကိုကျင့်မှ စိတ် စေတသိက် ချုပ်၍၊ နိရောဓ သစ္စာနိဗ္ဗာန်ကို ရောက်မည် ဟု ယူနိုင်ပါလျှင် မဂ္ဂသစ္စာ၌ ဝိစိကိစ္ဆာ, မိစ္ဆာဒိဋ္ဌိ ကင်းပျောက်လေ၏။

၎င်းအမှန်လေးချက်ကို၊ ဆိုကဲ့သည့်အတိုင်း ယူနိုင်ပါလျှင် သောတာပန် အစစ် ဖြစ်ပြီး၊ ခုနစ်ဘဝ နေရမည့်ဟု ဧကန်မချ မှတ်လေ။ ။၎င်းအယူအတိုင်း တနေ့ယူနိုင်လျှင် တနေ့-သောတာပန်၊ တလယူနိုင်လျှင်၊ တလ သောတာပန်၊ တသက် ယူနိုင်လျှင် အမြဲ သောတာပန် အစစ် ဖြစ်ပြီဟု မှတ်လေ။ နောက်နောက်က ပါရမီကို အပြစ်မတင်လေနှင့် ဒွိဟိတ်ကို အပြစ်မတင်လေနှင့် မိမိမယူနိုင်၍ အသုံးမကျ၊ အလွန်ဖျင်းသည်ကိုသာ အပြစ်တင်ပါလေ။

## ပါရမီဆယ်ပါးကိုပြခြင်း။

| လောကတ္တစရိယံ၊ ဒသ ပါရမီ ၁၀ ပါး။ | ဉာတတ္ထစရိယံ၊ ဒသဥပ ပါရမီ ၁၀ ပါး။ | ဗုဒ္ဓတ္ထစရိယံ၊ ဒသပရမတ္ထ ပါရမီ ၁၀ ပါး။ |
|---|---|---|
| ပညာ | ပညာ | ပညာ |
| ဒါန မေတ္တာ ဝီရိယ | သီလ ခန္တီ သစ္စာ | နိက္ခမ အဓိဋ္ဌာန် ဥပေက္ခာ |
| သီလ ခန္တီ သစ္စာ | နိက္ခမ အဓိဋ္ဌာန် ဥပေက္ခာ | ဒါန မေတ္တာ ဝီရိယ |
| နိက္ခမ အဓိဋ္ဌာန် ဥပေက္ခာ | ဒါန မေတ္တာ ဝီရိယ | သီလ ခန္တီ သစ္စာ |

## ပါရမီ ၁၀ ပါး,အပြားသုံးဆယ်ဖြစ်ပုံ။

ပါရမီ,ခေါ်ခြင်းကား (ပါရံနိဗ္ဗာနံ ဧတေနာတိ ပါရမီ) ဆိုခြင်းကြောင့်၊ နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ကူးမြောက်တတ်ခြင်းကို "ပါရမီ" ခေါ်သည်။

ဗုဒ္ဓလောင်း အစရှိသော အရိယာ သူတော်ကောင်းတို့သည်၊ ဒါနပြုသောအခါ—နောက်လိုက် နောက်ပါ စိတ်ထားခြင်းသည် မေတ္တာနှင့်ဝီရိယကိုထားသည်။ ။သီလပြုသော်ခန္တီနှင့် သစ္စာကိုထားသည်။ ။နိက္ခမပြုသောအခါ အဓိဋ္ဌာန်နှင့် ဥပေက္ခာကို ထားသည်။ ပညာ အကြီးမှူး အဖြစ်သည် လောကုတ္တရာပညာသည်၊ ဒသပါရမီ လောကီအရာ၌ ပါရမီကိုးပါးပေါ်တွင် ညာဏ်ကြီးသည်။

ညာဏတ္တစရိယံ ပါရမီ ပညာသည်၊ ဗုဒ္ဓအား ဆွေတော် မျိုးတော်အရာ၌၊ ပညာညာဏ် ကိုးပါးပေါ်မှာ ကြီးသည်။ ။ဗုဒ္ဓစရိယ-ဒသပရမတ္ထ ပါရမီပညာသည်၊ ဗုဒ္ဓအသူသူတို့ ကျက်စားရာ၊ မဂ်ညာဏ် ဖိုလ်ညာဏ် နိဗ္ဗာန်ရောက်ကြောင်း အရာ၌၊ ကိုးပါးပေါ်မှာ ပညာညာဏ်ကြီးသည်။

လောကတ္ထစရိယ ဒါနသည်၊သုတ္တံဒါန ၁၀-ပါး၊ ရေတွင်း ရေကန်, ဇရပ် တံတား အမွေး နံ့သာ ပန်း,မှန် စသည်ဖြင့် ပြုသည်ဟု မှတ်လေ။

ညာတတ္ထစရိယံ-ဒါနသည်၊ ဗုဒ္ဓသား ဆွေတော်, မျိုးတော်အလို့ငှါပြုသော, ဝိနည်းဒါန လေးပါး၊ ဆွမ်း သင်္ကန်း ဆေး- ကျောင်း စသည်ဖြင့် ပစ္စည်းလေးပါးကို ပြုသည်၊ ဗုဒ္ဓသားများ အလိုဖြစ်သည်။

ဗုဒ္ဓတ္ထစရိယံ-ဒါနသည်၊ရှေးရှေးဗုဒ္ဓတို့ကစ၍၊ယခုတိုင် ဗုဒ္ဓများ အလို စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန

တည်းဟူသော အဘိဓမ္မာ ဒါန, အာရုံခြောက်ပါး၊ စိတ်, စေတသိက်, ရုပ်,တို့ ချုပ်ငြိမ်းသော အရာဒါန၊ မိမိကိုယ်ကို ပြုကျင့်သည်—ဗုရားအလိုဖြစ်သည်။

လောကတ္ထစရိယံ သီလသည်၊ ငါးပါး သီလ, ရှစ်ပါး သီလ, ဆယ်ပါးသီလ, အာဇီဝဋ္ဌမက သီလ လူအဖြစ်နှင့် ဆောက်တည်သော သီလကို ခေါ်သည်။

ဉာတတ္ထစရိယံ-သီလသည်၊ ဗုရားတပည့် သားတော် သမီးတော်လုပ်၍ ၂၂၇-ပါး၊ ပါတိမောက္ခ သံဝရသီလ, အာဇီဝသုဒ္ဓိသီလ, ဣန္ဒြိယသံဝရသီလ သေခိယသီလတို့ကို ကျင့်သုံး ဆောက်တည်သည်ကို ခေါ်သည်။

ဗုဒ္ဓတ္ထစရိယံ သီလသည်၊ ၎င်းအာရုံခြောက်ပါးတို့ ချုပ်ငြိမ်းအောင် ပြုသော တရားကိုပင် စောင့်သော အရာကို ခေါ်သည်၊

လောကတ္ထစရိယံ-နိက္ခမသည်၊ တနေ့ - တရက် - တလ ဝသည်ဖြင့်၊ အရိယာဓမ္မသီလများကို စောင့်ထိမ်းရအောင် မြတ်သော တောထွက်ခြင်းဖြင့်၊ သား သမီး ပစ္စည်း ဥစ္စာ ဘဏ္ဍာ, ရွှေ ငွေ တို့ကို - လူအဖြစ်နှင့်စွန့်၍ ထွက်ပြီးလျှင်၊ ကျောင်း ကန် ဇရပ် ဆိပ်ငြိမ်ရာ ချဉ်းကပ်၍ သွားခြင်းကို လောက လူ့ဘောင်တွင် ကျော်စောသဖြင့်၊ လောကတွင် တနေ့တရက် တောထွက်ခြင်းကိုခေါ်သည်။

ဉာတတ္ထ စရိယံ-နိက္ခမသည်၊ ဗုရားသား ဆွေတော် မျိုးတော် အဖြစ်နှင့်၊ သာသနာဘောင်မှာ ရဟန်းသာမဏေ ထေရှင်အဖြစ်နှင့်၊ ဆိတ်ငြိမ်ရာ ကျောင်း ကန် ရည၀ါတော ၃-ပါသို့ ထွက်သွားသည်ကို ခေါ်သည်။

ဗုဒ္ဓဿစရိယံ - နိက္ခမသည်၊ ၎င်းအာရုံခြောက်ပါး သိမ်းဆည်း၍ ( ဝါကျတော တကျတော နိက္ခန္တံ တိတိ နိက္ခမ) ဆိုသောကြောင့်၊ တထောင့်ငါးရာ ကိလေသာတို့မှ ထွက်မြောက်သဖြင့် ဒသပရမတ္ထပါရမီ ဗုဒ္ဓဘုရားအလိုတော် အတိုင်းကို ခေါ်သည်။

၎င်း ဗုဒ္ဓဿစရိယံ - ဒသပရမတ္ထဖြစ်သော ဗုဒ္ဓဘုရား အလိုတော်၌၊ ဒါန, သီလ, နိက္ခမ, မေတ္တာ, ဝိရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, ဥပေက္ခာ, ပညာဆယ်ပါးတို့သည်၊ အာရုံခြောက်ပါးကို ချုပ်အောင် ဝိပဿနာ ညာဏ်ပညာ ထက်ထက်နှင့် တချက်တည်းပြုသည်နှင့် ဆယ်ပါးလုံးပြီးလေတော့သည်။

ပြီးပုံကား၊ အဘိဓမ္မာဒါနခြောက်ပါးတည်းဟူသော မျက်စိ နား, နှာ, လျှာ, ကိုယ်, စိတ်တို့တည်ရာ သဏ္ဌာနဒိဋ္ဌိ ခန္ဓာ နာမ်ရုပ်တို့ကို၊ ဘုံ ၁၁-၌ မဖြစ်လို စွန့်ချနိုင်ခြင်း မိမိခန္ဓာ ကိုမမြင် ပျောက်၍ စိတ်စေတသိက် ရုပ်တို့ချုပ်ငြိမ်းအောင် ပြုနိုင်ခြင်းကို အမြတ်ဆုံးသောဒါန၊ ဗုဒ္ဓဿစရိယံ ဒသပရ မတ္ထ ဗုဒ္ဓဘုရားအလိုတော်၌ ဒါနကြီးဖြစ်သည်ဟူ၍ မှတ်လေ။

၎င်းအာရုံ ခြောက်ပါး တဏှာ, မာန, ဒိဋ္ဌိတို့ ချုပ်ငြိမ်းအောင်ပြုကျင့်ဆောက်တည်သည်ကိုပင် သီလဟုမှတ်လေ။ ၎င်းခန္ဓာကြီး အခင်အတွယ်ဆုံးကိုပင် စွန့်ချလှူခြင်းကို သမထမြောက်အောင် လုလ္လ ဝိရိယစိုက်၍ စောင့်စည်းသဖြင့် ဝိရိယဟု ခေါ်သည်။ ။၎င်းတရားကိုပင် မေတ္တာပြုသဖြင့် မေတ္တာဟု ခေါ်သည်၊ ။၎င်းတရားကိုပင် သည်းခံ၍ကျင့်ခြင်းကို ခန္တီဟု ခေါ်သည်၊ ။၎င်းတရားကိုပင် မှန်ကန်စွာ

ကျင့်သဖြင့် သဗ္ဗာခေါ်သည်။ ။ငင်းတရားကိုပင် ငါသည် ရုပ်နာမ်မချုပ်လျှင် ချုပ်အောင်ကျင့်မည်ဟု အမြဲ့ဥာန်ထားခြင်းကို မြဲ့ဥာန်ပါရမီဟုခေါ်သည်။ ။ငင်းတရားကိုပင်ဖြိုရုခြင်းမရှိ ပကတိအသင့်အတင့် လစ်လျူရှုခြင်းကို ဥပေက္ခာဟုခေါ်သည်၊ ။ရုပ်တရားကိုကျင့်၍ အာရုံခြောက်ပါး ချုပ်ငြိမ်းသဖြင့် ပညတ်ပရမတ် ရုပ်သဏ္ဍာယတို့ ပျောက်ငြိမ်းသောကြောင့်၊ တထောင့်ငါးရာ ကိလေသာ မရှိခြင်းကိုပင် နိက္ခမပါရမီဟု ခေါ်သည်။ ။ငင်းတရားအတိုင်း မိမိခန္ဓာကြီး ကိုယ်ကာယပျောက်၍ ရုပ်နာမ်နှင့်ပါးချုပ်၍ အလင်းတည်းဟူသော နိဗ္ဗာန်ကို အာရုံပြုနိုင်အောင် ကြိုးစည်၍ပေးနိုင်သော ဉာဏ်ကိုပင် ပညာပါရမီဟု ခေါ်သည်။

သို့ဖြစ်ပါ၍ အဘိဓမ္မာဒေါ်နှ ဓမ္မဒေါ်နှဟု ခေါ်သော အာရုံခြောက်ပါး ခန္ဓာအာယတန ဓာတ်သစ္စာတို့ကို သုံးသပ်ဆင်ခြင်သည်နှင့် ဗုဒ္ဓဘုရားရှင် ဗုဒ္ဓအလိုတော်အကျင့်မြတ်ပါရမီဆယ်ပါးသည် တချက်တည်း တပြိုင်နက် ဖြစ်ရလေတော့သည်။

အဘယ်ကြောင့် ငင်းအဘိဓမ္မာ ဓမ္မဒေါ်နှကြီးသည်။ အမြတ်ဆုံး ဖြစ်ပါသနည်းဆိုလျှင် မိမိ၌ရှိသော ပဋ္ဌည်းရေတနာအကုန်နှင့် မိမိသားသမီးတယောက်နှင့် သေမင်းက လဲပါဆိုလျှင် မလဲနိုင် ဘယ်အတွက်ဆိုလျှင် ပဋ္ဌည်းထက် သားသမီး မြတ်ခြင်းကြောင့် ဖြစ်သည်။ သားသမီးတကျိပ်နှင့် မိမိမယား မိမိလင်တယောက်နှင့် သေမင်းက လဲပါဆိုလျှင်၊ မလဲနိုင် ဘယ်အတွက်လဲဆိုလျှင် မိမိက မြတ်လို့ဖြစ်သည်၊

သားသွီးတို့ထက် မိမိလင် မိမိမယားမြတ်ခြင်းကြောင့် မိမိ မယားတကျိပ်နှင့် မိမိလင် တကျိပ်နှင့် မိမိကိုယ်နှင့် သေ မင်းက လဲပါဆိုလျှင် မလဲနိုင်၊ ဘယ်အတွက်လဲ ဆိုလျှင် မိမိက မြတ်ဆို့ဖြစ်သည်။

ပစ္စည်း၊ သား, သွီး, မယား, လင်, တို့ထက်၊ မိမိခန္ဓာ ကိုယ်ကြီး အမြတ်တက အမြတ်ဆုံးကို စိန်မိုးရထား တတွဲ အပြည့်နှင့် မိမိခေါင်းကိုဖြတ်၍ လဲပါဆိုလျှင် မလဲနိုင်ဖြစ် သည်။ ။ဤအမြတ်ဆုံးသော ခန္ဓာကိုယ်ကြီးက အရင်းခံ အမြတ်ဆုံးထား၍ ပေါက်ပွားသော အခြေအရံ ပစ္စည်း သား မယား ဗာဟိရဝတ္ထုတို့ ဖြစ်လာသည်။ ။၎င်းအမြတ်ဆုံး ခန္ဓာ ကိုယ်ကြီးကို အနှစ်သာရ ဘာမျှမရှိပါ ကလားဟု သုံးသပ်ဆင်ခြင်၍ စွန့်ချလှူဒါန်းပါမှ နိဗ္ဗာန်ကိုရ၍ ဗုဒ္ဓတ္ထ စရိယံဒါန အမြတ်ဆုံး ဖြစ်နိုင်သည်။ ။သို့ပါမှ ဗုရားအလို တော်ပြည့်၍ မြတ်စွာဗုရား နောက်တော်က လိုက်၍ နိဗ္ဗာန် ကို ရနိုင်မည် ဖြစ်သည်ဟူ၍ မှတ်လေ။

ဗုဒ္ဓတ္ထစရိယံ-ခေါ်ပေါ်ခြင်းကား၊ ဗုဒ္ဓက-ဗုရား၊ အတ္ထက အလို၊စရိယက-**ကျ**င့်ခြင်း၊ ဗုရားအလိုတော်ကို ကျင့်ခြင်းဟု ခေါ်သည်။

ဉာတတ္ထစရိယံ- ခေါ်ခြင်းကား၊ ဉာတကာနံက-ဗုရား သား ရှင်သာမဏေရဟန်းတော်တို့၊ အတ္ထက-အလို၊ စရိယာ ကကျင့်ခြင်း ဗုရားသားသွီး ရှင်သာမဏေရဟန်း အရိယာ များအလို ကျင့်ခြင်းဟုခေါ်သည်။

လောကဗ္ဗစရိယံ-ခေါ်ခြင်းကား၊ လောက က-လောက ၃ ပါး၊ အတ္ထက-အသို၊ စရိယက ကျင့်ခြင်း၊ ကာမလောက ရူပလောက အရူပလောက ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် လောက ၃-ပါးတွင် အကောင်းဆုံးကိုအလို ရှိ၍ ကျင့်ခြင်းကို ခေါ်သည်၊

လောကဗ္ဗစရိယံ ပါရမီဆယ်ပါးသည်၊ လောကအလို ဖြစ်၍ လောကသုံးပါးတွင် လူနတ်ဖြဟ္မာ ဖြစ်သဖြင့် ဗုဒ္ဓတ္ထ စရိယံ ဆယ်ပါး အမြတ်ဆုံးဒသပရမတ္ထပါရမီကို တွေ့လျှင် ကျင့်သုံးသောက်တည်နိုင်အောင် ထောက်ပင့် လိုက်သော လောကီ ကုသိုလ် လောကပါရမီဟု မှတ်လေ၊

ဉာတတ္ထစရိယံ ပါရမီဆယ်ပါးသည်၊ ဗုဒ္ဓသားသွီးတို့ အလိုသို့ ကျင့်ခြင်းကြောင့်၊ ရဟန်း သာမဏေ ထေရီမ,ဖြစ် သဖြင့် ဗုရားအလိုတော် ဒသပရမတ္ထပါရမီ ဗုဒ္ဓတ္ထစရိယံ ကိုတွေ့၍ ကျင့်သုံး သောက်တည်နိုင်ရန် ထောက်ပင့်လိုက် သော လောကီ ကုသိုလ် ဉာတတ္ထစရိယံ ပါရမီဟု မှတ် လေ၊

ယာခုလူပညာရှိ သူတော်ကောင်းတို့သည်၊ လောကတ္ထ စရိယံ ပါရမီဆယ်ပါး ပြည့်စုံပြီဟု မှတ်လော်၊ ။ဗုဒ္ဓတ္ထ စရိယံ ပါရမီဆယ်ပါး ဗုရားအလိုတော်ရှိ နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကိုသာ လိုကြတော့သည်၊

အာဘာပါဠိမြောက်အတိုင်း သိမ်းဆည်း၍နေကြသော ရဟန်း သာမဏေ ထေရီမတို့သည် ဗုရား သားသွီးဖြစ်၍၊

ဉာတတ္ထစရိယံ ပါရမီ ပြည့်စုံပြီဟု မှတ်လေ။ ဘုရားအလိုတော် ဗုဒ္ဓတ္ထစရိယံ ဆယ်ပါး အကျင့်မြတ် တရားကိုသာ လိုကြတော့သည်။

ဗုဒ္ဓတ္ထစရိယံ ဘုရားအလိုဆိုသည်ကား၊ မြတ်စွာဘုရားတို့ ဟူသမျှသည် သတ္တဝါအများကို မိမိနှင့်အတူတကွ နိဗ္ဗာန် ပြည်မြတ်သို့ သွားလိုသောစိတ် အမြဲရှိသည်ဖြစ်၍။ ဘုရား အလုပ်, ဘုရား တရား ဘုရားအကျင့် ဘုရားအလိုလည်း နိဗ္ဗာန် ရောက်တတ်သည့်အလုပ်။ နိဗ္ဗာန် ရောက်ကြောင်း တရား, နိဗ္ဗာန်ရောက်သည့်အကျင့်ကိုသာအလိုရှိသည်ဟူ၍ မှတ်လေ။

သို့ဖြစ်ပါ၍၊ နိဗ္ဗာန်ရောက်တတ်သောတရား ခန္ဓာငါးပါး, ရုပ်နာမ် ချုပ်တတ်သော သမထ ဝိပဿနာ တရားကိုသာ ကျင့်သောသူမှ၊ ဘုရား, တရား, ဘုရားအလိုတော်, ဘုရား၏ အလုပ်ကို လုပ်သည် ကျင့်သည်မည်၏။ ဗုဒ္ဓတ္ထစရိယံ, ဘုရားအလိုတော်ရှိသော တရားကိုကျင့်သည်မည်၏။

သို့ဖြစ်ပါ၍၊ ရဟန်း ရှင်လူ, ဥပါသကာ, ဥပါသိကာ, သူတော်ကောင်း-အပေါင်းတို့သည်။ လောကတ္ထစရိယံ၊ ဒါန သီလ, နိက္ခမ။ ။ဉာတတ္ထစရိယံ၊ ဒါန, သီလ, နိက္ခမတို့ကို ယခုရပြီးဖြစ်၍ တော်ရုံ အသင့် အတင့် ထားပြီးလျှင် အရေး အကြီးဆုံး အလျှင်အလိုဆုံးဖြစ်သော၊ ဗုဒ္ဓစရိယံ၊ ဒါန, သီလ, နိက္ခမတချက်တည်း၊ ပြီးသည့်ပါရမီဆယ်ပါးကို ကျင့်သုံး ဆောက်တည်ရန် အလွန်တရာ ကောင်းလှလေသည်၊ ဝိဝိ

စဉ်းစားကြပါကုန်။ သူ့ဘဝ, သူ - တော်ချင်တဲ့ သူတော် ကောင်း - အပေါင်းတို့။

( **သူ့ဘဝ - သူမတော်လို့၊ သူမတော် - သူမကောင်းကိုမဆိုလို** )

ဘယ်အတွက် ဗုဒ္ဓဗျာဒိတ်ရယ်, ဗုဒ္ဓလိုတော်အကျင့်က အရေးအကြီးဆုံး အလျှင်အလိုဆုံးဆိုပါလျှင်၊ ဗုဒ္ဓဗျာဒိတ်ရယ်, ဗုဒ္ဓလိုတော်၏ အကျင့် ပါရမီဆယ်ပါးသည် ဗုဒ္ဓပွင့် သည်မှစ၍ သာသနာတည်သလောက် အတွင်းမှာသာ ကျင့်နိုင်သည်။ သာသနာကုန်လျှင် သေမတတ် နိဗ္ဗာန်သွား လို၍ ကျင့်ချင်ပါသော်လည်း မကျင့်နိုင်ဟူ၍မှတ်လေ။

လောကဗျာဒိတ် နှင့် ဉာတဗျာဒိတ် အကျင့်သည် လောကီအကျင့် လောကီကုသိုလ်ဖြစ်ခြင်းကြောင့်၊ ဗုဒ္ဓ သာသနာ ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, ဘယ်အခါမဆို ကျင့်နိုင်သည်။

ဂင်းပါရမီအပြား ၂၀-အကျင့်သည် ဘယ်လိုပင်များစွာ ကျင့်၍ ထားတာရှိစေဦး၊ သာသနာမရှိက ဗုဒ္ဓဗျာဒိတ် အကျင့် ဗုဒ္ဓလိုတော် ပါရမီဆယ်ပါးကို မကျင့်နိုင်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မရနိုင်ဟု မြဲမြဲကြီး မှတ်ကြပါလေ။

**ဥပမာ**၊ မိမိတို့အိမ်တွင် အလျှင်မလိုသောအလုပ်သည် များစွာရှိ၍၊ အလျှင်လိုသော အလုပ်သည် တခုတည်းရှိ၏ ဆိုလျှင်၊ ဂင်းအလုပ်နှစ်ခု၌ အလျှင်လိုသောအလုပ်ကို လုပ် မည်လော, အလျှင်မလိုသောအလုပ်ကိုသာ လုပ်မည်လော

ဟုဆိုလျှင်၊ အလျှင်လိုသော အလုပ်ကိုသာ လုပ်ပါမည်ဟု ဝန်ခံလိမ့်မည်။

ထိုနည်းတူစွာ၊ ယခုဘဝ လူသူတော်ကောင်း, ရဟန်း သူတော်ကောင်း ဖြစ်ရခြင်းသည်၊ နောက်က ယခုတိုင် နောက်က ပါရမီအပြား ၂၀ ထောက်လိုက် ခြင်းကြောင့်၊ သာသနာတော်တွင်း ကြုံကြိုက် ကြသည့်အခါမှာ၊ အရေး မကြီးသော လူ့,နတ်,ဗြဟ္မာ ကျက်ငှက် တိရစ္ဆာန်အဖြစ်သို့ ရောက်တတ်သော လောကီကုသိုလ် အကုသိုလ်တို့ အလုပ် များစွာကိုထား၍၊ အလွန်ရခဲ-ကြုံခဲ တွေ့ခဲ-ဖြစ်ခဲ-ကြားနာရခဲ မှတ်ရခဲ-ကျင့်ရခဲသော ဗုဒ္ဓုပ္ပါဒ်စရိုက်သံ၊ ဗုရားအလိုတော် အရေး အကြီးဆုံးသော အကျင့်ကို၊ လျှင်လျှင် မြန်မြန် လိုက်လန် ရှာသွေ့မေးမြန်း၍ ကျင့်ဘို့ ကြံဘို့ သိမ်းဆည်းဘို့ ကောင်း လှလေသည် စဉ်းစားကြပါကုန်။

## တရားဟောဆရာ ဓမ္မကထိက ပုဂ္ဂိုလ်တို့ ကျင့်ဝတ် ၅ ပါးကိုပြခန်း။

ဓမ္မကထိက ပုဂ္ဂိုလ်တို့ မည်သည်၊ အင်္ဂါ ငါးပါးနှင့် ညီညွတ် ရသည်။ ။အင်္ဂါငါးပါး ဟူသော်ကား။ တံမိုး လက်ဆောင်စား၍ မဟောပြောရခြင်းတပါး။ တရားဓေ တကာ နှစ်ယောက်လာလျှင် လောကီမျက်နှာကို လိုက်၍ မဟောရခြင်းတပါး။ နောင်ဤကဲ့သို့ပေးချင်ကျွေးချင်အောင် လာဘ်လာဘရအောင်သာဘ်ကိုမြှောက်၍မဟောရခြင်းတပါး။ သတ္တဝါ များကို သံသရာ ဝဲဩဃ ထဲတွင် ကျင်လည်

နေအောင်မဟောရခြင်းတပါး၊ ၆၆နိုက် သံသရာမှ ထွက်မြောက်တတ်သောတရားကို ကျင့်တုံး ကျင့်ဆဲ ကျင့်ပြီး ရှိရမည်၊ ရှိသည်အတိုင်း သံသရာမှ ထွက်မြောက်တတ်သောတရားကိုဟောညွှန်ပြရခြင်းတပါး၊ ။ဒေါင်းငါးပါးနှင့် ညီညွတ်မှ ဓမ္မကထိက ပုဂ္ဂိုလ်အရာလိုက်သည်။

——o——

## အန္တရာယ်ရှစ်ပါးကို ပြခြင်းအကြောင်း။

တရားဟောဆရာဓမ္မကထိကပုဂ္ဂိုလ်တို့သည်၊အန္တရာယ်ရှစ်ပါးကို ရှောင်ရသည်၊ ဒါန-သီလ-ဘာဝနာ ပညာကြီးသော ၁၀ ပါးကို ကျင့်ထိမ်းဆောက်တည် ပြုလိုပါသည်ဟု ဆိုလျှင်၊ ၎င်းတရားတို့သည်။ပညာဘိ သင်္ခါရတရား ဖြစ်သည်၊ ဘုံသုံးပါး လည်သောတရားဖြစ်၍ မပြု မလုပ်နှင့် ဆိုလိုက်တားလိုက်လျှင် ပုညအန္တရာယ် သင့်၍ ဖြစ်ရာ ဘဝ၌ ငတ်မွတ် ခေါင်းပါး တတ်သည်၊ အသက် တိုတတ်သည်၊ ပညာနည်းပါးတတ်သည်ဟူ၍ မှတ်လေ။ မပြု မကျင့်နှင့်ဟု မဟောရ၊ သံသာရဘေးမှ ထွက်မြောက်တတ်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို သုံးသတ် ဆင်ခြင်၍ အာရုံခြောက်ပါး စိတ် စေတသိက် ရုပ်တို့ ချုပ်ငြိမ်းရာ နိရောဓ သစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုနည်းဖြင့် သေသေ ချာချာ အာရုံထားပုံ သုံးသတ်ပုံ အလုပ်နှင့်တကွ ပြသပြီးလျှင် ၎င်း ပညာဘိ ကုသိုလ်နှင့် တွဲ၍ လုပ်ဟု သွန်သင် ဆုံးမဟောပြောလိုက်ရမည်။

အကျဉ်းအားဖြင့်၊ ဘုရားအလိုတော် ဗုဒ္ဓစရိယံ, ဒသ ပရမတ္ထပါရမီ အလုပ်နှင့် တွဲ၍ ဟောညွှန်ပြလိုက်ရမည်ဟု မှတ်လေ။ မိမိနိုက် သံသာရဒုက္ခမှထွက်မြောက်တတ်သော မဂ်တရား, ဖိုလ်တရားကိုနားလည်ပါလျက် မဟောမပြော ဘဲ နေခဲ့သော်၊ မဂ္ဂန္တရာယ် သင့်၍ မဂ်ဖိုလ်ကို မရနိုင်ဟု မှတ်လေ။ ။မိမိတို့ကိုးကွယ်ဆည်းကပ်သော ရှင်ဂေါတမ ဘုရားကို အရှိအသေ ပျက်အောင် ဘုရားမဟုတ်ဟု ဟော ပြောခဲ့ပါလျှင်၊ ဗုဒ္ဓဂိုဏ်းသင့်၍ ဗုဒ္ဓအန္တရာယ်ဖြစ်သည်။

၎င်းရှင်ဂေါတမဘုရား၏တရား လောကုတ္တရာကိုးပါးကို မဟောမပြော, ပုညကြိယာဆယ်ပါးနှင့်သာ နိဗ္ဗာန်ရောက် သည်—ဟု လောကတရားကို လောကုတ္တရာ တရားလုပ်၍ ဟောပြောမိပါက၊ ဓမ္မအန္တရာယ်သင့်၍ မဂ်ဖိုလ် မရနိုင်ဟု မှတ်လေ။ ။ဘုရား တပည့်သား ဖြစ်ပြီ၊ အကြောင်းတရား လေးပါး ထိမ်း၍ အကျိုးတရား ငါးပါးနှင့် ပြည့်စုံသော ယောကျာ်း,မိန်း ရဟန်း သာမဏေ ဘိုးသူတော်,မယ်သီလ ဓုတနသုတ် အတိုင်း ဂိုဏ်းဂဏအဝင် ထေရ်အရှင် တရား ရှစ်ပါးတို့ကို တိုက်ခိုက် ပြောဆို၍ ဟောမိပါက၊ သံဃာ အန္တရာယ်သင့်၍ မဂ်ဖိုလ် မရနိုင်ဟု မှတ်လေ။

သံသရာစက်အကန့်ကို ဖြတ်၍ပြတတ်ဟောတတ်သော မိမိတို့ဆရာကို တိုက်ခိုက်ဟောကြား,မကောင်းစကားဆိုမိ ပါက၊ အာစရိယအန္တရာယ်သင့်၍ မဂ်ဖိုလ်မရနိုင်။ လောကီ ပညာသင်ပြတတ်သောဆရာကို မကောင်းခြင်းအကြောင်း ပြောဟော မိပါက၊ လောကအန္တရာယ်သင့်၍ လောကထဲ တွင် အပါယ်ငရဲကို ခံရခြင်းဟုမှတ်လေ။

လောကုတ္တရာတရားကို ဟောပြတတ်သော မိဘကို တိုက်ခိုက်၍ ပြောဆို ဟောကြားမိပါက၊ မာတာ ပိတ အန္တရာယ်သင့်၍ မဂ်ဖိုလ်မရနိုင်၊ လောကီဒေသနာ, အကုသလာကိုပယ်ဖြတ်၍ ပြတတ်သောမိဘတို့ကို မကောင်း ပြောဟောမိပါက၊ လောကအပါယ်ငရဲတွင်ခံ၍ လူ့,နတ်, ဗြဟ္မာ, ချမ်းသာကို မရနိုင်ဟု မှတ်လေ။

လောကသမုတိနတ်, ဆံဦးကိုပိုင်သောမင်းနှင့် အတိုက် အခံရန်မူအောင် ဟောပြောမိကဲ့သော်၊ ရာဇအန္တရာယ် သင့်၍ မိမိ၏အသက် သေတတ်သည်ဟု မှတ်လေ၊

အန္တရာယ်ရှစ်ပါး, ဂုဏ်းရှစ်ပါး, ပြီး၏၊

---

## တရားဟောဆရာ ဓမ္မကထိကပုဂ္ဂိုလ်တို့၊ သန္ဓိဒါ ၄-ပါးနှင့် ပြည့်စုံရမည်အကြောင်း။

သန္ဓိဒါ လေးပါး ဟူသော်ကား။ အတ္ထ ပရိသန္ဓိဒါ, နိရုတ္တိပရိသန္ဓိဒါ, ဓမ္မပရိသန္ဓိဒါ, ပရိဘာသာပရိသန္ဓိဒါဟု လေးပါးရှိ၏၊

သန္ဓိဒါက-ပြည့်စုံခြင်း၊ အတ္ထက-တရားနာသောလူမျိုး တို့၏ အနက်ဘာသာ၊ ပ ညာက-ပိုင်းခြားခြင်း။ မာဂဓဘာ သာစကားကို၊ ဗမာလို တလိုင်းလို ကချင်လို တရုပ်လို ဘာ သာ စကားဖြင့် အနက်ပြန်ဆို၍ တရားနာသူလူမျိုးတို့ နား လည်အောင် ပိုင်းခြားဝေဘန်၍ဟောနိုင်ခြင်းနှင့်ပြည့်စုံသည် ကို အတ္ထ ပရိသန္ဓိဒါနှင့် ပြည့်စုံသည်ဟု ခေါ်သည်၊

**အဓိပ္ပါယ်မှာ၊** မိမိ ဟောပြောလိုသော တရားကို ရှမ်းဖြင့်-ရှမ်းလို၊ ကရင်ဖြင့်-ကရင်လို၊ ဗမာဖြင့်-ဗမာလို ပြန်ဆို၍။ သတ္တဝါ တရားနားလည်၍ တရား ရအောင် ဟောပြနိုင်ခြင်းကို ခေါ်သည်။

နိရုတ္တိပရိညာဏ၊ အနက်, အဓိပ္ပါယ်, ငုပ်၍နေသည်ကို ဖေါ်ထုတ်ပိုင်းခြားခြင်း။ သမ္ဘိဒါက-ပြည့်စုံခြင်း၊ အနက်, အဓိပ္ပါယ်, ငုပ်၍နေသည်ကို ပမာ ပမည်း သံဝဏ္ဏနာနည်း ဖြင့် နားမလည်လျှင် လည်အောင် ဖေါ်ထုတ်၍ ဟောပြနိုင်ခြင်းကို နိရုတ္တိ ပရိသမ္ဘိဒါဟု ခေါ်သည်။

**အဓိပ္ပါယ်၊** ဗုဒ္ဓ တရား သံဃာကို ကိုးကွယ်ကြဟု အဏ္ဏ ပရိသမ္ဘိဒါ ပြည့်စုံ၍ ဘာသာ အမျိုးမျိုးစကားနှင့် ဟောပြနိုင်သော်လည်း၊ ဘယ်ဗုဒ္ဓ,ဘယ်တရား ဘယ်သံဃာကို ကိုးကွယ်ရမည်နည်းဟု မေးခဲ့ပါလျှင်၊ နိရုတ္တိ ပရိသမ္ဘိဒါ မပြည့်စုံက၊ ဗုဒ္ဓ တရား, သံဃာ၏အဓိပ္ပါယ်ငုပ်၍ နေသည်ကို ဖေါ်ထုတ်၍မပြနိုင်။ ပြည့်စုံပါက၊ ဗုဒ္ဓ၏အင်္ဂါ ဂုဏ်တော်ကိုးပါး, ရုပ်ထူး နာမ်ထူး, ဗုဒ္ဓပါရမီ, အကျင့် အစရှိသည့်ဖြင့်မရေမတွက်နိုင်၊ဗုဒ္ဓတည်းဟုခေါ်နိုင်သော အခြင်းအရာကို ဖေါ်ပြနိုင်မှ၊ ၊တရား၌လည်း တရားတက တရားတွင်၊ တရားအစစ် သံသရာ ထွက်မြောက်နိုင်သော အဓိပ္ပါယ်၊ သဘာဝ ရုတ္တိ အာဂမ ရုတ္တိ ဒေသန ရုတ္တိနှင့် ဟောပြနိုင်မှ၊ သံဃာ၌လည်း အကြောင်းတရား ၄-ပါး အကျိုးတရား ၅-ပါး၊ အကြောင်း အကျိုး ဂုဏ်ကိုးပါးနှင့် တကွ အဓိပ္ပါယ်ယာဏ္ဏငုပ်၍နေသည်ကို ဖေါ်ထုတ် ဟောပြ နိုင်ပါမှ၊ နိရုတ္တိပရိသမ္ဘိဒါနှင့် ပြည့်စုံသည်ဟုခေါ်သည်။

ဓမ္မပရိသန္တိဒါ ခေါ်ခြင်းကား၊ ဓမ္မပရိညာက – သစ္စာ ၄-ပါးကို ပိုင်းခြားခြင်း၊ သန္တိဒါက-ပြည့်စုံခြင်း၊ သစ္စာ လေးပါးကို ပိုင်းခြားတတ်၍ ဟောပြနိုင်ခြင်းနှင့် ပြည့်စုံသည်ကို ဓမ္မပရိသန္တိဒါဟုခေါ်သည်။

ပရိဘာဏ ပရိသန္တိဒါ ခေါ်ခြင်းကား၊ ပရိဘာဏက တခါမျှ မကြားမမြင်ဘူးသော နိမိတ်ထူး၊ ပရိညာက ပိုင်းခြားခြင်း၊ သန္တိဒါက-ပြည့်စုံခြင်း၊ တရားနာသောသူတို့ နား, မျက်စိ၌ သူရုပ် သူကောင် နိမိတ်ထူး ထင်မြင်အောင် ပိုင်းခြား၍ ဟောပြနိုင်ခြင်းကို ပရိဘာဏ, ပရိသန္တိဒါဟု ခေါ်သည်။ ။ဓမ္မကထိက ပုဂ္ဂိုလ်တို့သည်၊ ၎င်းသန္တိဒါ ၄ – ချက်နှင့် ပြည့်စုံရသည်ဟု မှတ်လေ။

တန္တိ၊လံဒေသ၊ဘာသာမျှမရခံပေးပါဆိုမှ ခံရဘိသကဲ့သို့၊ ရှမ်း,ကရင်,တရုပ်,ဗမာကို မဂ္ဂဓရာဇ်တိုင်းသားများ ပြောသောစကားနှင့် ပြောဟောနေက၊ ဘာမျှတရားမရနိုင်ဆိုလိုသည်၊ တရားနာသူတို့၏ သက်ရိုက်ဘာသာ, သညာအခေါ်အားဖြင့် ဟောပြောပါမှ၊ ခံရသကဲ့သို့ တရားရနိုင်သည်ဟု မှတ်လေ။

## အနိစ္စ' ဒုက္ခ' အနတ္တ' လက္ခဏာသုံးပါးကို ပြခြင်းအကြောင်း။

အနိစ္စ' ဒုက္ခ' အနတ္တသုံးပါးကို လက္ခဏာရေး သုံးပါးဟု ခေါ်ကြသည်၊ ဟောကြသည်၊ ၎င်းခေါ်ကြ ဟောကြသော စကားတရားသည် ဒေသနရုတ္တိအတိုင်း ဟောခြင်းကြောင့်၊ ဟောပြောသောဆရာမှာ ဥမ္မာဂဓစကားကို ဗမာ,တလိုင်း

ရှမ်း, ကရင်လို ပြန်နိုင်ပါမှ အဿုပရိသန္တိဒါနှင့် ပြည့်စုံရုံမျှ ရှိသည်၊ ။အနိစ္စ ဒုက္ခ,အနတ္တ လက္ခဏာကို၊ တရားနာသူတို့ ဘာသာလို မပြန်နိုင်ပါက အဿုပရိသန္တိဒါ တောင် မပြည့် စုံဟု-မှတ်လေ၊

အဿုပရိသန္တိဒါ ပြည့်စုံအောင် ဗမာလို ပြန်နည်းမှာ၊ ရှေးဦးစွာ - ဦးစီးခေါင်းဆောင် စကားကို ပြန်ရသည်၊ ။ ၎င်း အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ လေးပုဒ်မှာ၊ လက္ခဏာ ဆိုသောစကားသည်၊ ဦးစီးနာယက အကြီးအမှူးဖြစ်သည့် သို့ဖြစ်ပါ၍ လက္ခဏာကို အလျှင်ပြန်ရမည်၊

၎င်းလက္ခဏာနှင့် အနိစ္စ နှစ်ခုတွဲမှ အနိစ္စ လက္ခဏာခေါ် သည်၊ ။၎င်းလက္ခဏာနှင့် ဒုက္ခနှင့် နှစ်ခုတွဲမှ ဒုက္ခလက္ခဏာ ခေါ်သည်၊ ။၎င်းလက္ခဏာနှင့် အနတ္တနှင့်တွဲမှ အနတ္တလက္ခ ဏာ ခေါ်သည်၊ ။လက္ခဏာ ခေါ်ခြင်းက ဦးစီးနာယက လူကြီးဖြစ်သောကြောင့် လက္ခဏာကို ရှေးဦးစွာ ဗမာလို ပြန်ဆိုရသည်၊

လက္ခဏာဆိုတာ ဗမာလို ထင်ခြင်း မှတ်ခြင်းကို ခေါ် သည်၊ အနိစ္စက, မမြဲခြင်း အခိုက်အတန့်ကလေးမျှ တည်၍ မနေနိုင်ခြင်း၊ နှစ်ခုပေါင်းသော အခိုက်အတန့်မျှ မတည်၍ မမြဲခြင်းဖြင့် ထင်အောင် မြင်အောင် မှတ်ခြင်းကို အနိစ္စ လက္ခဏာဟု- မာဂဓဘာသာခေါ်သည်၊

ဒုက္ခ လက္ခဏာ၌၊ဒုက္ခက ဆင်းရဲခြင်း၊လက္ခဏာက ထင် မှတ်ခြင်း၊ ဆင်းရဲတာကိုထင်မှတ်ခြင်းဖြင့် ဒုက္ခလက္ခဏာဟု ပါဠိဘာသာ မာဂဓ စကားခေါ်ကြသည်၊

အနတ္တလက္ခဏာ၌ အနတ္တက မိမိစိတ်အလို ကိုယ်အလိုကို မလိုက်ခြင်း အစိုးမရခြင်း လက္ခဏာက ထင်ခြင်း နှစ်ခုပေါင်း မိမိကိုယ်စိတ်နှစ်ဖြာအလိုကို အစိုးမရခြင်း မလိုက်ခြင်းဖြင့် ထင်ပြင်မှတ်သားနိုင်ခြင်းကို အနတ္တလက္ခဏာဟု ခေါ်သည်၊

အဓိပ္ပါယ် ကောက်က အနိစ္စလက္ခဏာ ဆိုတာသည်၊ အခိုက်အတန့်မျှ မတည်၍ မမြဲသည်ကို ထင်ထင် ပြင်ပြင် ဉာဏ်နှင့် ရှုးရှုးစိုက်စိုက် မှတ်နိုင်ခြင်း၊ ၊ဒုက္ခလက္ခဏာဆိုတာသည် အဆင်းရဲအပေါင်းမှ ထင်ထင်ပြင်ပြင်မှတ်နိုင်ခြင်း အနတ္တလက္ခဏာ ဆိုတာသည်၊ မိမိကိုယ်စိတ်နှစ်ဖြာတို့၏ အလိုကိုမလိုက်ခြင်း အစိုးမရခြင်းကို ထင်ထင်ပြင်ပြင် မှတ်နိုင်ခြင်း ဤကဲ့သို့ တရားနာသူတို့၏ ဗမာဘာသာလိုပြန်ဆိုနိုင်မှ အဋ္ဌ ပရိသဂ္ဂီဒါ ပြည့်စုံရုံမျှ ရှိသေးသည်ဟုမှတ်၊

နိရုတ္တိပရိသဂ္ဂီဒါလိုသေး၍ အဓိပ္ပါယ်ယဋ္ဌ ကျန်သေးသည်၊ အဘယ်မမြဲတာကို ထင်မှတ်ရမည်နည်း အဘယ်ဆင်းရဲတာကို ထင်မှတ် ရမည်နည်း၊ အဘယ်မိမိအလိုမလိုက်တာကို ထင်မှတ်ရမည်နည်းလို့ မေးလျှင်၊ ၎င်းနိရုတ္တိပရိသဂ္ဂီဒါ မပြည့်စုံ မဟောပြနိုင် ရှိတတ်၏၊

ပြည့်စုံ၍ဟောပြနိုင်ခြင်းကိုအနည်းငယ်ဘောင်ပြပါဦးအံ့၊ မိမိ၏ခန္ဓာကိုယ်ကြီး၌ နံက်စာ တထပ်စားသောက်လိုက်ရာအစာသစ်အိမ်ထည်းသို့ ရောက်၍ ပါစက တေဇောဓာတ်ကချက်ပြုတ်သဖြင့် အစာကြွမ်း အရေကြွမ်းတို့သည် အောက်

အစာဟောင်းအိမ်တွင်းသို့ ကျရောက်၍၊ ကျင်ကြီး ကျင်ငယ် ဖြစ်ကြလေကုန်၏။ အစာသစ်အိမ်ထည်း၌ အဆီနှ အဆီကြွမ်းတို့ ကျန်ရစ်ကုန်၏။ ၎င်း အဆီနှ အဆီကြွမ်း များကို အောက်က ပါစက တေဇောဓာတ်မီး အမြဲချက်၍နေသောကြောင့်။ အခေါင်းရှိသော အကြော, မရှိသော အကြော၊ အသား အရေ အာကာသအခြင်းအရာ ပေါက်ထွင်းလျက်ရှိသဖြင့်၊ ပြန့်နှံ့၍ဓာတ်ဆီတွေ မိုဃ်းဖွားကလေးများတက်သလို၊ မီးခိုးများ တက်သလို သွားသဖြင့်။ အစာမစားမှီက ရုပ်ကလာပ်ရတွေ ချုပ်ပျော်၍၊ နောက် ဓါတ်ဆီထည့်လိုက်ခြင်းကြောင့်၊ ရုပ်ကလာပ်သစ်တွေ အသစ်အသစ် ဖွားဖွားဖွားဖွားနှင့်ဖြစ်လာရကုန်၏။ ၎င်းရုပ်ကလာပ်သစ်တွေလည်း ဖြစ်ပြီးချုပ်,ဖြစ်ပြီးချုပ်ဖြစ်ကုန်၏၊ အခိုက်အတန့်မျှ မတည်။ အစာသစ်အိမ်တွင် ဓာတ်ဆီကုန်ခန်းသောအခါ အထက်၌ တွဲလဲဆွဲလျက်နေသော နှလုံး သီးပွတ်ကို ပါစကဓာတ်မီး တက်၍လောင်ခြင်း၊ အစာသစ်အိမ်၌ အစာအာဟာရနဲ့ခြင်း၊ ၎င်းကိုစွဲ၍ ဆာသည်လောင်သည်၊ ထမင်းဆာသည်ဟုခေါ်ဝေါ်သမုတ်ကြ၏၊ ၎င်းအစာသစ်အိမ်၌ ဓါတ်မီး လောင်စရာ မရှိ၍ ညဉ့်စာအသစ်တထပ်ကို ပါစကဓာတ်မီး ချက်ဘို့ရာ သွင်းရပြန်သတည်း။

ဤကဲ့သို့ ပါစကဓာတ်မီးချက်ဘို့ရာ၊ နံနက်,တထပ်၊ ည တထပ် သွင်းလောင်းလျက် လာရခြင်းသည်၊ ဤရုပ်ကြီး တခဏမျှ အခိုက်အတန့် မတည်လို့၊ သွင်းလောင်း၍လာရ သည်ဟု မှတ်လေ။ ထင်လေ မြင်လေကုန်။

အကယ်၍ အတည်အတန့်မြဲပါက ငယ်စဉ်က အစာအဟာရ စားသောက်၍ လာတာ ယခုအသက်-၄၀-၅၀ အထိ၊ ထမင်းဟင်း သရေစာတို့သည်၊ သင်္ဘောတစင်းနှင့် တင်၍မကုန်နိုင်အောင်ရှိသင့်သည်၊ လူခန္ဓာကြီးအထည်းမှာ အစာတွေတည်တန့် နေပါမူ လူ၏ကိုယ်သည် စပါးတသိန်း ဝင်ပုတ်ကြီးမျှမက ရှိကြရလိမ့်မည်၊ အခိုက်အတန့်မျှမတည် ခြင်းကြောင့်ဟု မှတ်လေ။

ဤကဲ့သို့ ခဏမစဲ ချုပ်ပျောက်နဲ့ကြောင့် တဖွဲ့ဖွဲ့ ဓာတ်ဆီတို့ကိုသွန်းလောင်း၍နေရခြင်းသည်၊ ဒုက္ခကိုယ်၊ ဒုက္ခခန္ဓာ တောတောင် ဂန္ဓမာ ရေလမ်း မြေလမ်း ဒလကြမ်းရှာဖွေ လုပ်ကိုင် သွားလာရသောသူ ပုပု၊ ရှရှ မြင်သမျှ ဤကိုယ် ခန္ဓာကြီးကို ဓာတ်ဆီလောင်းဘို့ရာ ခန္ဓာဝန်ကြီး အတွက် ကြောင့်ဒုက္ခစိုက်၍ရှာဖွေရသည်ကိုဉာဏ်နှင့်မျှော်ကြည့်လေ၊

ဤခန္ဓာဝန်ကြီး အဘယ်မျှလောက် ဒုက္ခ ရောက်အောင် နှိပ်စက်သနည်းဟုဆိုလျှင်၊ ကျေးငှက်. တိရစ္ဆာန်တို့သည်၊ နံက် မျက်စိနှစ်လုံးပွင့်ကတည်းက ခန္ဓာဝန်အတွက် အစာ ရှာရသည်မှာ နေဝင်ခါတိုင်အောင် ရှာကြပါမှ တဝမ်းဝရုံ မဝရုံရှိသည် ဤခန္ဓာကြီး၏အတွင်းက ပါစကဓာတ်မီးသည် ဘောပိုင် တောင်ပိုင် ဘီလူးကြီးနှင့်တူ၏၊ ခန္ဓာကြီးသည် တောကြီး တောင်ကြီးနှင့်တူ၏၊ ၎င်းတောတောင်အတွင်း ရောက်သမျှ သမင် ဒရယ် ကျီငယ် စိုင် ဆတ်တို့ကို နေ့စဉ် မပျက်စားသောက်သကဲ့သို့ ခံတွင်းမှလည်စောက်သို့ကျသမျှ အစာစုကို တခါတည်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ်ပျော်ကုန်အောင်ချက်၍ပစ်နိုင်သော ဓာတ်မီးကြီးပေတည်း။

ဝင်းခေါတ်မီးကြီးအတွက် မျက်စိတမှိတ်မျှ မအားမလပ် ရအောင် ကြိုးစိရခြင်းဒုက္ခ၊ ပန်းညီးဘဲ့လွှာ နေ့တိုညစဉ်ရှာဖွေ ရခြင်းဒုက္ခ၊ ရပြန်လျှင်လည်း မပျောက်မပျက်ရအောင်သိမ်း ဆည်းရခြင်း ဒုက္ခ၊ ပျောက်ပျက် ပြန်လျှင်လည်း ခန္ဓာဝန် အတွက် မူဆွေးရသောဒုက္ခ၊ အသစ်ကြိုးရခြင်း ရှာရခြင်း, ဒုက္ခ၊ ခဏမစဲ ရိယ်းဖွဲ့ကျသည်မျှ မနေမတွက်နိုင်အောင် ဒုက္ခတွေကို ဉာဏ်နှင့် ထင်မြင်အောင် ကြည့်ရှုလေ။

ဤခန္ဓာကိုယ်ကြီးကို မိမိကခေါတ်ဆီ ခေါတ်မီးချက်ဘို့ရှာ ရှာ၍မရခြင်းကြောင့်၊ ခဏကလေး ဆိုင်းပါဦးဆိုလို့မရခြင်း အနတ္တ။ ။ခေါတ်ဆီ အစာအာဟာရမထည့်၍ခဏခြင်း တ ကိုယ်လုံး ခေါတ်နွတွေကို လျှောက်၍လောင်သဖြင့် ဤခန္ဓာ ကြီး ပျက်သွားမည်ကို မြင်၍ ခေါတ်မီးကို မလောင်စေရန် တား၍မရခြင်း အနတ္တ။ ။ငါသည် ခေါတ်မီးလောင်ဘို့ရှာ နေ့စဉ် အစာသစ်အိမ်ကို အစာထည့်ပေးပါမည်၊ ဤရုပ်ကြီး ကို ကိုက်ခဲနာကျင်အောင် မပြုပါနှင့်ဟု ပြောဆိုတားမြစ်လို့ မရ အနတ္တ။ ။ပါဝကခေါတ်မီးချက်ဘို့ရှာ တနှစ်,တလစာ, တခါတည်း အစာသစ်အိမ်ထည်းသို့ထည့်ထား၍ ငြိမ်းစွာ နေပါရစေဆို၍၊ မိမိအလိုမရခြင်း အနတ္တ။ ။မိမိအလိုသို့ မလိုက်ထာတွေ ခန္ဓာပေါ်မှာကြည့်မည်ဆိုလျှင်၊ ရေလို့မကုန် နိုင်အောင် ရှိမည်ကို ဉာဏ်နှင့် ထင်မှတ်ပါလေ။ ။နိရုတ္တိ ပရိသဒ္ဒိဒါ, အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခ ဏာ, အဓိပ္ပါယ် ယထ္ထုဝုပ်၍နေသည်ကို ပြခြင်းပြီး၏။

အဘယ်ကဲ့သို့ အနိစ္စလက္ခဏာ မမြဲတာကို ထင်မြင် အောင် လုပ်ရမည်နည်း၊ အဘယ်ကဲ့သို့ ဒုက္ခလက္ခဏာ

ဆင်းရဲတာကို ထင်ရှားအောင် လုပ်ရပါမည်နည်း၊ အဘယ်ကဲ့သို့ အနုဿလက္ခဏာ အလိုသို့မလိုက်, အစိုးမရတာကို ထင်ရှားအောင် လုပ်ရပါမည်နည်းဟု မေးကဲ့ပါလျှင်၊ မွေပရိသန္ဒိဒါ. တရားအရာ ပိုင်းခြားခြင်း၌ မပြည့်စုံ၍မဟော မပြနိုင် ဖြစ်ချေသည် ဟု မှတ်လေ။

အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တလက္ခဏာကို ဓမ္မပဋိသန္ဒိဒါဖြင့် ဝေဘန်ပိုင်းခြား၍ အနည်းငယ်ပြဦးအံ့။ ဓမ္မပဋိသန္ဒိဒါကို ပြလိုသော်၊ ရှေးဦးစွာ ဟောပြလိုသော တရားတွင် အကျိုးတရား,အကြောင်းတရားကို ဉာဏ်နှင့် ရှာ၍ကြည့်ရှုပြီးလျှင်၊ အကြောင်း အကျိုး တရားကို ကွဲကွဲ ပြားပြားဖြင့် သရုပ် သကောင်ထင်အောင် ပြရသည်။

သို့ဖြစ်ပါ၍၊ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးပါးတွင် လက္ခဏာ ဦးစီး နာယကကို ပြပြီးဖြစ်၍ ဖယ်ပြီးထားဦး။ ကျန်တရားသုံးပါးတွင် အကျိုးတရားအကြောင်းတရားကို ကြည့်၍ပြရသည်ဟု မှတ်လေ။

အနိစ္စ နှင့် ဒုက္ခသည် အကြောင်းတရား၊ အနတ္တသည် အကျိုးတရားဟုမှတ်။ ။အဘယ်အတွက်ဆိုပါလျှင်၊အနိစ္စ လက္ခဏာ မမြဲတာကို ထင်မြင်နိုင်၍ ထင်မြင်လျှင် ဒုက္ခ လက္ခဏာ၊ ဆင်းရဲတာကိုထင်မြင်နိုင်တော့သည်၊ ၎င်းဒုက္ခ လက္ခဏာ ဆင်းရဲတာကို ထင်မြင်၍ မနှစ်သက် မလိုချင်၍ ပညတ်, ပရမတ်, ရုပ်ဓာတ်, နာမ်ဓာတ်, စိတ် စေတသိက် ချုပ်သွားသည်ရှိသော်၊၎င်းနှစ်ပါးအကြောင်းခံခြင်းကြောင့် အကျိုးတရား, အနတ္တ, ငါငါဟု စွဲမှတ် ထင်တတ်သော

သက္ကာယ ရုပ်နာမ်ကို အာရုံပြုတတ်၍၊ အနတ္တလက္ခဏာ၊ အစိုးမရ အလိုမလိုက်ခြင်းသဘော, အကြောင်းအရာ ထင်ခြင်းအကျိုးကို ရသည်၊

**အဓိပ္ပါယ်အကျဉ်းကား၊** ရုပ်နာမ်မြဲ၏ဟုထင်နေသည်ကို မမြဲတာမြင်ပါက၊ ချမ်းသာသည် ထင်နေသည်ပျောက်၍ ဆင်းရဲသည်ကို ကောန်ထင်မြင်သည်။ ၎င်းဆင်းရဲတာ ထင်မြင်သဖြင့် ရုပ်နာမ်အသစ်ဖြစ်မည်ကို မလိုချင်သော အာရုံဖြစ်၍ ဖွန့်ပစ်လိုက်ခြင်း အကြောင်းနှစ်ပါး ခံလိုက်သဖြင့်၊ အတ္တ, အတ္တ, ငါငါဟု ရုပ်နာမ်နှစ်ဖြာကို စွဲခြင်းမှကင်းသော အာရုံ အနတ္တအကျိုးသည် ကောန်ရလေသည်၊

ဝိပ္ပလ္လာသ, ဖေါက်ပြန်ခြင်းကြောင့် အနိစ္စ မမြဲသည်ကို နိစ္စ မြဲသည်ဟု ထင်မှတ်ခြင်း။ ဒုက္ခ ဆင်းရဲသည်ကို သုခ ချမ်းသာသည်ဟုထင်မှတ်ခြင်း၊ အနတ္တ၊ ငါ့ကိုယ် ငါ့ခန္ဓာဟု စွဲလန်းစရာအလိုသို့မလိုက်သည်ကို၊ အတ္တ, ငါ့ကိုယ်-ငါ့ခန္ဓာ အလိုသို့ လိုက်သည်ဟု ထင်မှတ်ခြင်း၊ ဤကဲ့သို့ ဝိပ္ပလ္လာသ ဖေါက်ပြန်၍ နေသဖြင့်၊ အနိစ္စတရား, ဒုက္ခတရား, အနတ္တ တရားကို မသိ မမြင် မထင်နိုင်ကုန်၊

အနိစ္စတရားကို သန္တတိဖုံးလွှမ်း၍ မမြဲတာကို မထင် မမြင်နိုင်ကုန်၊ ၊ဒုက္ခတရားကို အရိယာပထ ဖုံးလွှမ်း၍ ဆင်းရဲတာကို မမြင်နိုင် မထင်နိုင်၊ ၊အနတ္တ တရားကို ဃနဖုံးလွှမ်း၍ စိတ်,စေတသိက်ရုပ်တို့ အစဉ်ချုပ်သည်ကို မမှတ်နိုင်၊ ခွတ်ပေါက်အောင် မရှုနိုင်ခြင်းကြောင့် အလိုမလိုက် အစိုးမရသည်ကို မမြင်နိုင် မထင်နိုင်ဟုမှတ်လေ၊

## အနိစ္စတရားကို သန္တတိဖုံးလွှမ်းခြင်း အကြောင်းကိုပြခြင်း။

**သန္တတိခေါ်ခြင်းကား၊** တည်၍နေခြင်းကိုခေါ်သည်၊ သန္တတိ၌၊ ပညတ်ရုပ်သန္တတိ ပညတ်နာမ်သန္တတိ, ပရမတ်ရုပ် သန္တတိ, ပရမတ်နာမ် သန္တတိဟု လေးပါးရှိ၏၊ ၎င်းသန္တတိတည်၍နေသည်ကိုဝိတက်စေတသိက်သဘောဖြစ်သော သမ္မာသင်္ကပ္ပဉာဏ် ရှုးရှုးရိုက်ရိုက် မရှိပါက ပျောက်လွင့်အောင် ဝိပဿနာဉာဏ်မပေါ်လာနိုင်၊ ပညတ်ရုပ်, ပညတ်နာမ် သန္တတိ တည်၍နေသည်ကို ဉာဏ်ကောင်းကောင်း အကြိ ကောင်းကောင်း ရှုတ်လွှင့်နိုင်ပါမှ ပရမတ်ရုပ်, ပရမတ်နာမ် သန္တတိကိုထင်မြင်လာနိုင်သည်၊ တဖန်၊ ပရမတ်ရုပ် ပရမတ်နာမ် သန္တတိ တည်သည်ကို ဉာဏ်နှင့် မှုတ်လွှင့်နိုင်ပါမှ၊ အကျိုးတရားအနတ္တ, နိဗ္ဗာန်ကို ယင်မြင်ခြင်း ရောက်၍၊ အတ္တ၊ ငါငါ ပျောက်နိုင်သည်၊

**ဥပမာ၊** ကောင်းကင်၌ တိမ်တိုက်နှစ်ခုတို့ တိုက်ခိုက်မိသောအခါ လျှပ်စစ်သည် လက်ခနဲ တဖြိုင်နက်မှောင်အတိမှ လင်းလိုက်၏။ ၎င်းတိမ်တိုက်တို့ မျက်စိတမှိတ်မျှ မလပ်ရအောင် ထိခိုက်၍နေပါလျှင် လျှပ်စစ်သည် တလင်းတည်းလင်း၍နေလိမ့်မည်၊ မှောင်မိုက်ခြင်းမရှိနေလိမ့်မည်၊ မီးထွန်းထားသကဲ့သို့ နေလိမ့်မည်၊ အဘယ်ကြောင့် တလင်းတည်းလင်း၍ နေပါသနည်းဆိုလျှင်၊ ၎င်းတိမ်တိုက်နှစ်ခုတို့ တိုက်ခိုက်ခြင်း မပြတ် ဆက်ခါ ဆက်ခါ ထိခိုက်ခြင်းကြောင့်၊ သန္တတိတည်းဟူသောအဆက်ကအမျှင်မပြတ်ခြင်းကြောင့်

တလင်းတည်း လင်း၍ နေရသည်။ ၊ငင်း တိမ်တိုက်တွင် ခိုက်ခြင်း၊ လေးလေးထိခိုက်လျှင် လျှပ်စစ်အရောင်လည်း ပြတ်ခါပြတ်ခါ လင်းရသည်။ ။မီးခွက်တခု၌ ထွန်းသော မီးတောက် အရောင်လည်း ထိုနည်းတူစွာ ရေနံဆီကို တစက် တစက် ပြတ်တောက် ပြတ်တောက် ထည့်ပါလျှင် မီးတောက်သည် သေလိုက် တောက်လိုက်၊ သေလိုက် တောက်လိုက် နေလိမ့်မည်၊ တခါတည်း ရေနံဆီကို ထည့်၍ ထားခြင်းကြောင့် မီးတောက်သည် သေလိုက် တောက်လိုက်၊ မြန်လွန်းလှ၍ တလစပ် မီးတောက်၍ နေသည်ဟု ထင်ကြရသည်၊ ၊ငင်းမီးသည်၊ အသေ-အတောက် မြန်သဖြင့်၊ သန္တတိ၊ အစွန်မပြတ် ဆက်ခါဆက်ခါ နေသောကြောင့်၊ ချုပ်ပျောက်၍သွားသော မီးတောက်တွေကို၊ မသိနိုင်မမြင်နိုင်၊ ရေနံဆီကုန်၍၊ မီးငြိမ်းမှသာ၊ မီးသေသည်ဟု တခါတည်း မှတ်လိုက်ကြတော့သည်၊

ငင်းမီးခွက် မီးတောက် အသွင်နှင့် အမျှ မီးခိုးနှင့်စင် သျက်နေသည်ကို သေသေချာချာ ဉာဏ်နှင့်ရှုးရှုစိုက်စိုက် ရှိပါက၊ ဖြတ်ဖြတ် ဖြတ်ဖြတ် နှင့် ချုပ်ပျောက်ဆုံး၍ သွားသော မီးအသေတွေကို မရေမတွက်နိုင်အောင် မြင် လာပါလိမ့်မည်၊

ဤဥပမာ၌ ခန္ဓာကိုယ်ကြီး၌ ပါဝင်သော မီးတောက်၊ ချက်ဘိုးရာနေရာအသီးသီး၌ အာဟာရဓါတ်ဆီ တနေ့လုံး မပြတ် မီးခွက်နှင့်တူသော အင်္ဂါသင်ဇိဿိသို့ ထည့်ကာ ထည့်ကာ ပေး၍ထားခြင်းကြောင့်၊ မီးတောက်နှင့်တူသော လူ့ရုပ်ကြီးတည်၍ နေနိုင်သည်၊ ၊ငင်း ခန္ဓာကိုယ်ကြီး၌

အာကာသ အခြင်းအရာ ခြားလျက် ဖေါက်ထွင်းနိုင်သော အပေါက်တွေများစွာ ရှိခြင်းကြောင့် တကိုယ်လုံးချုပ်ပျော်၍သွားသော မီးခိုးတွေကဲ့သို့ အခိုးအငွေ့တွေ ချုပ်ပျောက်သေဆုံး ကြကုန်သည်။ ။ရေနံဆီ မရှိ၍ မီးငြိမ်းသကဲ့သို့ ဓာတ်မီးချက်စရာ ဓာတ်ဆီမရှိ၍ ကိုယ်ခန္ဓာနှိက် ရှိသော ဓာတ်နှုတွေကို လိုက်၍လောင်သဖြင့် တခါတည်း သေဆုံးရလေသည်။

သူသေကောင်ကြီးသည် ဓာတ်ဆီထည့်သော အိုးကြီးဖြစ်၍။ရေနံဆီထည့်သော မီးခွက်ကြီးနှင့်တူ၏။ ရုပ်ခန္ဓာကြီးအတည်အတန့်လှုပ်ရှား သွားလာနေသည့်နှင့် မီးတောံကြီးနှင့်တူ၏။ မီးတောက်ဖျားက ချုပ်ပျောက်၍ မီးခိုးဖြစ်သွားသည့်နှင့် ပါစကဓာတ်မီးချက်၍ တကိုယ်လုံး အခိုးဖြစ်ပြီးချုပ်ပျောက်သွားသည့်နှင့်တူ၏။ ။မီးတောံသေသည့်နှင့် တကိုယ်လုံး ပြန့်နှံ့အောင်သွားသော ဓာဘ်ဆီတွေ ဓာတ်မီးတွေ ချုပ်ပျောက်ငြိမ်းသည့်နှင့်တူ၏။ ။မိမိခန္ဓာကိုယ်ကြီးကို ထမင်း ဟင်းနံကတ်တထပ် အစာသစ်အိမ်သို့ ထည့်လိုက်ပြီးလျှင် သေသေချာချာ ညာဏ်ကိုရှုးရှုးစိုက်စိုက်ထား၍ကြည့်ပါမူကာ ရေနံဆီနည်း၍ မီးတောံသေးသော မီးခွက်ကို ရေနံဆီထပ်၍ ထည့်လိုက်သောအခါ မီးတောက်တိုး၍တောက်လာဘိ သကဲ့သို့၊ မိမိခန္ဓာကြီး၌ ဓာတ်ဆီတွေကို ပါစကတေဇောက ချက်လိုက်သဖြင့် တကိုယ်လုံး ဖွားဖွားဖွားဖွားနှင့် တိုးတက်၍ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနှင့် ဖြစ်၍နေသည်ကို ညာဏ်စိတ်ထည်းမှာ ဇကန်တွေ့ပါလိမ့်မည်၊

## ဒုက္ခလက္ခဏာကို အရိယာပထ ဖုံးလွှမ်းခြင်း အကြောင်း။

အရိယာ ပထသည် လေးပါးရှိ၏။ ။လျောင်းခြင်း၊ ထိုင်ခြင်း၊ ထခြင်း သွားခြင်း၊၎င်းလေးပါးရှိ၏။ ။၎င်းမိမိ ရုပကာယကြီးသည် တလစပ် မပြတ်သွား၍နေလျှင် ညောင်းညာ၏၊ တလစပ် မပြတ်ထိုင်၍ နေလျှင် ညောင်းညာ၏၊ တလစပ် မပြတ်ရပ်တည်၍ နေလျှင် ညောင်းညာ၏၊ တလစပ်မပြတ် လျောင်း၍နေလျှင် ညောင်းညာ၏၊

သို့ဖြစ်၍ ထိုင်လို့ညောင်းလျှင် လျောင်း၏၊ လျောင်းလို့ ညောင်းလျှင် သွား၏၊ သွားလို့ညောင်းလျှင် ရပ်၏၊ ရပ်လို့ ညောင်းလျှင် ထိုင်၏။ ။၎င်းကဲ့သို့ အရိယာပထလေးပါးကို ပြောင်းလွှဲ၍ နေခြင်းကြောင့် ၎င်းခန္ဓာကိုယ်ကြီး တခဏမစဲ တဖွဲဖွဲပျက်၍ ဆင်းရဲစွာ နေရခြင်းကို မသိနိုင်ကြသည်၊ မိမိသည်သွားသောအခါ၎င်း၊ရပ်သောအခါ၎င်း၊ ထိုင်သော အခါ၎င်း၊ လျောင်းသောအခါ၎င်း။ ။မိမိ၏ အရိယာပထ လေးပါးတို့ ပြောင်းလွှဲခြင်းကို အာရုံမပြုဘဲလျက် မိမိခန္ဓာကြီးကို ဉာဏ်နှင့်ရှုးရှုးစိုက်စိုက် တေဇောခတ်တည်းဟူသော တကိုယ်လုံးအပူတွေကို ကြည့်ရှုပါက အပူခတ်တွေ ထင်လာ မြင်လာ ပါလိမ့်မည်၊ ။၎င်းအပူခတ်တွေသည် နတ်မျက်စိနှင့် ကြည့်သော်လည်း မမြင်နိုင်ရာ၊ ။ကာယ ဖေါဋ္ဌဗ္ဗ ကိုယ်နှင့် စမ်းသပ်၍ ကြည့်ပါက မနောဝိညာဏ်မှာ ထင်လာ မြင်လာပါလိမ့်မည်၊

ဤအခါ မိမိကိုယ်ကာယကြီးကို ဉာဏ်နှင့် မှတ်လွှင့်၍ အပူကို သက်သက် ခွဲယူရသည်။ ။ရင်းရုပ်ကြီး သန္တတိ ဆက်၍ တည်နေသည်ကို မကြည့်နှင့် ကြာကြာထိုင်သော အခါရင်း။ ကြာကြာရပ်သောအခါရင်း။ ကြာကြာသျောင်း သောအခါရင်း။ တကိုယ်လုံး အပူတွေများစွာ တွေ့ထင်လာ လိမ့်မည်။ ။ဒုတိယ ပဌမ ဤတေဇောဓာတ် အပူကို ခွဲ၍ ကြည့်သောအခါ ခန္ဓာကိုယ်ကြီး ပူသည်ဟု မထင် မမြင် စေနှင့် အပူကိုသတ်သတ်ခွဲခြား၍ ဉာဏ်နှင့် ယူ၍ကြည့် ကြည့်ပါများသော် နတ်ချက်မိမှ မမြင်ကောင်းသည့် အပူ ဓာတ်တွေကိုဉာဏ်မှာထင်လာလိမ့်မည် တွေ့လာလိမ့်မည် ဤအခါ ဤရုပ်ကြီးကို မမြင်ဟုမှတ်။ တောတောင် ဂန္ဓမာ ရေ မြေ သမုဒ္ဒရာကိုလည်း မမြင်ဟုမှတ်။ ပါမျှမမြင် ရိပ်ရိပ် ရိပ်ရိပ်နှင့် အပူဓာတ်တွေကို မြင်လိမ့်မည်။

အစတရက် နှစ်ရက် တလအတွင်းနိုက်။ ကွက်ကျား ကွက်ကျား မြင်လိမ့်မည်။ ။ဤကဲ့သို့ တဖြေးဖြေးမြင်၍ ပညတ်ရုပ်သဏ္ဍာယ ချုပ်ပြီးလျှင် ပရမတ်ဓာတ် အပူတွေ ပရမတ်ရုပ်သဏ္ဍာယကို တွေ့လျှင်ဘဲ အလွန်တရာကျေးဇူး ရှိပြီဟူ၍မှတ် အရိယာပထ ၄ ပါး ကွယ်ပျော်၍ ဒုက္ခသစ္စာ အခင်းရဲကို ကောင်းကောင်းကြီး သိပြီဟု မှတ်ပါလေ။ ရင်းပရမတ်ဓာတ် အပူတွေ ပရမတ် ရုပ်သဏ္ဍာယကို တွေ့မြင်ကဒုက္ခမှန်းသေသေချာချာသိခြင်းကြောင့် ရင်းဒုက္ခ တွေကို မမှတ်လို မခံစားလို အာရုံကို လွှတ်လိုက်သည်နှင့် ဘဂြိုင်တည်း ဝိပဿနာဉာဏ် ဆယ်ပါးတွင် အဆုံးသော ဂေါတြဘူဉာဏ်ဖြစ်၍ ပရမတ်ရုပ်သဏ္ဍာယ ချုပ်ပျော်ခြင်း

လောကီစိတ်တွေ ချုပ်ပျောက်ခြင်းဖြစ်၍၊ မဂ်စိတ်တကြိမ် ဖြစ်ပေါ်လာရ၏။

၎င်း မဂ်စိတ် တကြိမ်သည် အကြောင်းတရား ဖြစ်၍၊ အကျိုးတည်းဟူသော ဖိုလ်စိတ် ၂-ကြိမ်, ၃ ကြိမ်ပေါ်လာရပြန်၏။၎င်းဖိုလ်စိတ်သည် ဖလသဒ္ဒါဖြစ်ခြင်းကြောင့်၊ဖလံ၊ အာရုံ ကုန်ခန်းသဖြင့်၊ ဝါ၊ လောကီအာရုံ စိတ်ကုန်ခန်းသဖြင့်၊ မေ့လျော့၍ တခဏတခဏဟု များစွာ စိတ်မရှိဘဲဖြစ်၍ နေလေ၏၊

၎င်းလောကီ လောကုတ်စိတ်နှစ်ခုဖြစ်၍ ချုပ်ပြီးမှပြန်၍ လောကီစိတ်ဖြစ်ပြန်သဖြင့်၊မိမိရသောသောတာပတ္တိမဂ်ကို ပစ္စဝေက္ခဏာ ဇော ၅-ကြိမ်ဆင်ခြင်လေသည်ဟုမှတ်လေ။ ၎င်း မဂ်စိတ်ဖြစ်ပုံမှစ၍၊ ဤကျမ်း၌ ရေးလိုက်သော အရာ ဌာနတို့ကို မကြေ မချမ်းရှိကဲ့ပါလျှင်၊ ဆရာတော်နှင့်တွေ့မှ မေးပါလေ။ ကြေချမ်းအောင် အလုပ်နှင့်တကွ ဒေသနရုတ္တိ အာဂမရုတ္တိ, သဘာဝရုတ္တိ များနှင့် ပြောဟောပြပါမည်။

---

## အနတ္တကို ဂဏှာဖုံး၍ အလိုသို့မလိုက် အစိုးမရခြင်းကို မမြင်နိုင်သောအချက်ကိုပြခြင်း။

အနတ္တကို အဘယ်ကဲ့သို့ ဂဏှာ ဖုံးလွှမ်းပါသနည်းဆိုလျှင်၊ ဂဏှာက-မှတ်ခြင်း မငြိမ်ခြင်းကို အနက်ရသည်။ တခုခုသောအာရုံကို ပြောင်းကာ လွဲကာ မှတ်၍ နေသောကြောင့်၊ ၎င်း စိတ်ပြောင်းကာ လွဲကာ အာရုံဖြစ်သမျှ အလို

လိုက်သည်၊ အစိုးရသည် ထင်မှတ်ကြသည်၊ ။အလိုမလိုက်ခြင်း အစိုးမရခြင်းကို မမြင်နိုင်၊ ။အဘယ်အတွက်မမြင်ပါသနည်း ဆိုသော်၊ မိမိတို့ စိတ်အလိုရှိသမျှ နာမ်မကျွန်ုပ်တရားက ရုပ်ကျွန်ုပ်ကြီးကို သွားဟဲ့ လာဟဲ့ ပြောဟဲ့ ဆိုဟဲ့ ကြည့်ဟဲ့ နမ်းဟဲ့ လျက်ဟဲ့ ခံစားဟဲ့ ရပ်ဟဲ့ ထိုင်ဟဲ့ လျောင်းဟဲ့ ဤကဲ့သို့ မရေတွက်နိုင်အောင် တခုမှ တခုပြောင်းလွှဲ၍စေခိုင်းနေခြင်းကြောင့်၊ ပြောင်းလွှဲစေခိုင်း၍ ရသမျှမြဲ၏၊ အလိုလိုက်၏၊ ငါအစိုးရ၏ ဟု မှတ်တတ်သော ဂဃနဖုံးလွှမ်း၍ နေခြင်းကြောင့်၊ အစိုးမရ အလိုမလိုက် အနတ္တကို မမြင်နိုင်၊ မထင်နိုင်ခြင်း လက္ခဏာ ဖြစ်ပေါ်၍ နေကြရသည်၊

၎င်း ဂဃန ဝိပ္ပလ္လာသဖေါက်ပြန်၍ အလိုလိုက်၏၊ အစိုးရ၏ဟု ထင်မှတ်၍နေခြင်းကိုဖျောက်၍၊ အလိုမလိုက် အစိုးမရခြင်းကိုသိလိုလျှင်၊ မိမိကိုယ်၌ ရုပ်တရားတပါး, နာမ်တရားတပါးခွဲခြား၍၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုပိုင်းခြားပြီးလျှင်၊ ကြည့်ရှုပါမှက အစိုးမရကြောင်း အလိုမလိုက်ကြောင်းကို ထင်မြင်လာပါလိမ့်မည်၊

(မြင်-ကြား နံ့-သျှက်ထိ ရုပ်မှတ်အိ၊သိလျှင်နာမ်ဟုမှတ်) ဆိုသော သံခိပ်အတိုင်း၊ ။မြင်သမျှ-အဆင်းရုပ်၊ ကြားသမျှ အသံရုပ်၊ နံ့သမျှ - အနံ့ရုပ်၊ လျက်သမျှ - ရသရုပ်၊ ထိသမျှ အတွေ့ရုပ် ၎င်း ၅-ပါးတွင်၊ အဆင်း အနံ့ အသံ အရသာ အတွေ့တို့ကို လိုက်၍လိုက်၍ သိသမျှ နာမ်ဟူ၍မှတ်လေ၊

အခဆင်းကို မြင်သမျှ အခဆင်းကို သက်သက် ခွဲ၍ယူ၊ သန္တတိ သမူဟ နှစ်ပါးကို မမြင် မထင်စေနှင့်၊ သန္တတိ ဆိုခြင်းကား- အနိမ့် အမြင့်, အရှေ အတို, အဝိုင်း အစောက် အပြားဟူ၍ တည်သမျှအခြင်းအရာကို မမြင်စေနှင့်ဆိုသည်။ သမူဟဆိုခြင်းကား လူ အိမ် မြေကြီး တော တောင် ဟူ၍ ခေါ်ဝေါ် သမုတ်ဖွဲ့စီးခြင်းကို မထင် မမြင်စေနှင့် ဆိုသည်။ အခဆင်းသက်သက် ခွဲ၍ယူနိုင်ပါလျှင် ဝဏ္ဏရုပ်ကို သိပြီး ဟူ၍မှတ်လေ။

ရုပ်၊ရုပ်ကို။ ပစ္စာနုသတိ၊ အပဟုတ်သိ၍ ဆိုသည်အတိုင်း။ ရူပ ပရိစ္ဆေဒဉာဏ်ကို ကောနိရဖြို၊ ရုပ်ကိုဒိုင်းခြား၍ သိနိုင် ကြည့်နိုင်ပြီ၊ ။အသံ၌လည်း – လူသံ, ခေါင်းလောင်းသံ, ခွေးသံ, ကြက်သံ ဟှည်းသံ အစရှိသည်ဖြင့်၊ သန္တတိ, သဏ္ဍာန, သမူဟ ဟု၊ ၎င်းပညတ် ၃ ပါးပျောက်၍၊ အသံ သက်သက်ကိုခွဲ၍ယူနိုင်ပါလျှင် သဒ္ဒါရုပ်ကိုအပဟုတ်သိပြီဟု မှတ်လေ။ သန္တတိ ဆိုခြင်းကား- အလုံး အထည်ဒြပ် သကပ် တည်၍နေခြင်း။ ။သဏ္ဍာန ဆိုခြင်းကား – အပြာ အဝါ အကြောင် အကျား အနီ စသည်ဖြင့်တည်ခြင်း။ ။သမူဟ ဆိုခြင်းကား –ဖွဲ့စီး၍ ထားသမျှကို အမည် နာမနှင့် စပ်ဆိုင် သမျှ ခေါ်ဝေါ်သမုတ်ခြင်း။ ။၎င်း ၃ ပါးမမြင်စေမထင်စေ နှင့်။ အသံ သက်သက်ကို ဉာဏ်ထဲမှာခွဲ၍ ယူနိုင်ခြင်းကို ရူပ ပရိစ္ဆေဒဉာဏ်၊ ရုပ်ကို အပဟုတ်သိသော ဉာဏ် ဟု ဆိုသည်။

**ဥပမာ။** ။ဝေးသောအရပ်က ဖြစ်စေ၊ နီးသောအရပ်က ဖြစ်စေလူသံတခုကိုကြားလိုက်လျှင်၊နားမှာကြားလိုက်သည့်

နှင့်တပြိုင်နက်၊ ပညတ် ၃ ပါး၊ သန္တတိ သဏ္ဍာန သမူဟ တို့ကို မှတ်သိပြီးမှ သဒ္ဒါရုပ် အသံကို သိကြသည်။ ပညတ် သဏ္ဌာယ ၃-ပါးလွှမ်းမိုး၍နေသောကြောင့်၊ပရမတ်သဒ္ဒါရုပ် အသံသက်သက်ကို ခွဲ၍မယူနိုင်ကြသည်၊ ၎င်းပညတ် ၃-ပါးကို ဉာဏ်နှင့်မှတ်လွှင့်ပါလျှင်၊ သဒ္ဒါရုပ် အသံသက် သက်ကို ထင်လာပါလိမ့်မည်။ ။သဏ္ဍာန - သန္တတိ သမူဟာဆိုခြင်းကား- လူခေါ်ဝေါ်ခြင်းအမည်ကို မထင်မမြင် စေနှင့်၊ လူ၏ သဏ္ဍာန်အဆင်းကို မထင်မမြင်စေနှင့်၊ လူ၏ အရပ် အနိမ့်အမြင့်ကို မမြင်စေနှင့်၊ အသံ သက်သက်ကို မှတ်လိုက်ဆိုလိုသည်၊ အကျဉ်းအားဖြင့် လူပျောက်အောင် လူမထင် မမြင်အောင် ဆိုလိုသည်၊ ဤအရာနက် ပရမတ္ထ ဉာဏ်အရာဖြစ်၍ ခက်ခဲသည်၊ စဉ်းစား၍ ကြည့်ရှုကြ ပါကုန်၊

အနံ့၌လည်း ရေမွှေးနံ့၊ အပုပ်နံ့၊ အညှီနံ့၊ ခွေးသေပုပ်နံ့ ငါးသေပုပ်နံ့၊ လူသေပုပ်နံ့ စသည်ဖြင့်၊ မထင်မမြင်ဘဲ အနံ့ သက်သက်ကို ခွဲ၍ယူနိုင်မှ ဂန္ဓရုပ်ကိုသိခြင်း၊ ထင်ခြင်းဟု ခေါ်သည်။ လျှာ၌လည်း ရသာခြောက်ပါးကို သက်သက် ခွဲယူနိုင်မှ ရုပ်ကိုအဟုတ်သိဆိုသည်၊ ပညတ် ၃ ပါး မထင် မမြင်လာစေနှင့်၊

ဖေါဋ္ဌဗ္ဗ အတွေ့၌လည်း ကြမ်းတမ်းခြင်း၊ နူးညံ့ခြင်း၊ ပြေခြင်း၊မာခြင်း၊ထိမ်မွေ့ခြင်း၊ ထောက်ကန်ခြင်း၊လှုပ်ရှား ခြင်း၊ ပူခြင်း ဧခြင်း စသည်ဖြင့် တခုခု ထင်အောင် မြင် အောင် တခြားသက်သက်ခွဲယူနိုင်ပါမှ၊ ဖေါဋ္ဌဗ္ဗအတွေ့ရုပ်

ကို အဟုတ်သိခေါ်သည်၊ ငါပူသည် ပေါင်ပူသည် ကိုယ်ပူသည် ကိုယ်ဖြသည် ကိုယ်ပြော့သည် ကိုယ်မာသည် ဗာဟိရ၌လည်း အထည်တခုခုကို ပူသည် ဖြသည်စသည်ဖြင့် မထင်မမြင်ဘဲ ပညတ် ၃-ပါးကိုပျောက်၍၊အထက်က ပြော့ခြင်း မာခြင်း ပူခြင်း ဖြခြင်း သက်သက်ကို ခွဲ၍ယူနိုင်မှ ဆိုလိုသည်၊

၎င်းအခဲဝင်းရုပ် အနံ့ရုပ် အသံရုပ် အရသာရုပ် အတွေ့ အထိတို့ကိုခွဲ၍ ပညတ် ၃-ပါး ပျောက်အောင် ယူနိုင်လျှင် ပရမတ်ရုပ်ကို သေသေချာချာသိပြီ ထင်ပြီ မြင်ပြီ ဟူ၍မှတ်လေ၊၎င်းအခဲဝင်း အသံ အနံ့ အရသာ အတွေ့တို့ကို သိတိုင်း သိတိုင်း နာမ်တရားဟုမှတ်လေ၊

၎င်းရုပ်ကိုသိတို့ရာသာ ခဲယဉ်းသည် နာမ်တရားသိတို့ရာ မခဲယဉ်းဖြစ်သည် ရုပ်သိလျှင် နာမ်ပါသိပြီးဖြစ်၍ နာရူပ ပရိစ္ဆေဒဉာဏ် နာမ်ရုပ်ကို ပိုင်း၍ ဖြကေနသိပြီဟူ၍မှတ်လေ၊ ၎င်းနာမ်ရုပ်ကိုပိုင်းခြား၍သိက ဘင်္ဂဉာဏ် ဖြစ်ပျက်ထကို မြင်လိမ့်မည်၊

အဘယ်ကဲ့သို့ မြင်သနည်းဆိုလျှင် အခဲဝင်းတခုကို ရှေးဦးစွာ မြင်လိုက်၍ အခဲဝင်းရုပ် သက်သက်ခွဲ၍ ယူနိုင်လျှင် အခဲဝင်းခါတ်တွေ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ်လိုက် ပျက်လိုက် ဖြစ်လို့နေသည်ကို ဧကန်မြင်လိမ့်မည်၊ ၎င်းမြင်ခြင်းကို ဘင်္ဂဉာဏ်ဟု ခေါ်သည်၊

သင်္ခါရုပ် အသံသည်လည်း လူတယောက် စကားပြောသံချက်ကို နားထောင်နေလျှင် ပဌမစကားတလုံးကာစ၍ မှတ်သွားသော်စကားလုံးပေါင်း တထောင်တသောင်းထိအောင် ဉာဏ်နှင့် ရှုးရှုးစိုက်စိုက် ရှုကြည့်ပါလျှင် တလုံးပြောပြီးတလုံးချုပ်၊ နောက်စကားတလုံး ပြောပြီးချုပ်၊ နောက်ထပ်စကားပြောပြီးချုပ်၊ နောက်ထပ် အဆစ်ဖြစ်သော အသံစကားတလုံးထပ်ပြောလျှင်ချုပ်၊ ဤကဲ့သို့ သင်္ခါရုပ်အသံတွေသည် တသံဖြစ်ပေါ်လိုက် ချုပ်လိုက် တသံဖြစ်ပေါ်လိုက်ချုပ်လိုက် အသံပေါင်း မရေမတွက်နိုင်အောင်အထိ ဖြစ်လိုက် ချုပ်လိုက် ဖြစ်လိုက် ချုပ်လိုက် ဤကဲ့သို့သင်္ခါရုပ်အသံတွေ ဖြစ်ပျက်ခြင်း ဘင်္ဂဉာဏ်ပေါ်ပေါက်လာလိမ့်မည်၊

ဂန္ဓရုပ် အနံ့တွေ ဖြစ်ပျက်ခြင်းကိုလည်း ဤကဲ့သို့ဉာဏ်နှင့်သိလေ၊ ရသရုပ်ဖြစ်ပျက်ခြင်းကိုလည်း ဤကဲ့သို့ဉာဏ်ဖြင့်သိလေ၊ ဖောဋ္ဌဗ္ဗရုပ် တွေ့ထိခြင်း အဖြစ်အပျက်ကိုလည်း အထက်က နည်းအတိုင်း သိလေ၊ ။ဝိဏ္ဏာဏ အကျယ်ကို ပြလျှင် ဤစာအုပ်မျိုး ကုဋေ ကုဋာတောင်မလောက်မည်စိုး၍ မပြလိုက်ပြီ။

၎င်းပညတ်ရုပ် ၂-မျိုးပျောက်၍၊ ပရမတ်ရုပ် တခုခုမှာ ထင်လာလျှင် ပရမတ်ဓါတ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ အစိုးမရခြင်း အလိုသို့မလိုက်ခြင်းကို ဧကန်အမှန် သိလာပါလိမ့်မည်၊ ။၎င်းအဆင်းခေါတ် အသံခေါတ် အနံ့ခေါတ် အရသာခေါတ် အတွေ့ခေါတ် ခေါတ်တပါးနှစ်ပါး ခေါတ်၄ပါး ခေါတ်ခြောက်ပါး ခေါတ်၅ပါး ခေါတ်ဆယ့်ရှစ်ပါး ခေါတ်

လေးဆယ့်နှစ်ပါး ခေတ်တွေ မရှေနိုင်အောင် ရှိရာထွင် တခုခုသော ပရမတ်ခေတ်ကိုရှု၍ ပရမတ်ရုပ် ချုပ်ပျောက် ဖြစ်ပျက်ခြင်းကိုမိမိပစ္စက္ခ ရဝိထိမဟုတ် မနောဒွါရဝိထိကျ၍ မနောအကြည် ခေတ်ပေါ်မှာ ထင်လာ မြင်လာသော်။ ယခု မှတ်၍နေရခြင်း ဒုက္ခ၊ ထင်မြင်နေရခြင်း ဒုက္ခ၊ မိမိစိတ် အတည်မရ ပရမတ်ရုပ် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နှင့် ချုပ် သမျှကိုမှတ်ရခြင်း ပရမတ်ရုပ် ဖွားဖွား ဖွားဖွားနှင့် ပေါ်လာ သည်ကို မှတ်ရခြင်း ဖြစ်သမျှ မရှေနိုင်အောင် မှတ်ရခြင်း၊ ချုပ်သမျှ မရှေနိုင်အောင် မှတ်ရခြင်း မိမိက တခုတည်း မှတ်လိုသော်လည်း မရ၊ ဖြစ်ပျက် သမျှကို လိုက်၍မှတ်ရ ထင်ရ မြင်ရခြင်းကြောင့် အစိုးမရ အလိုမလိုက်ခြင်းကို သေသေချာချာသိသဖြင့်ဒုက္ခကြီးတဲ့ဟုထင်လာမြင်လာ၍ ၎င်းပရမတ်ခေတ်တွေ ချုပ်ပျောက်၍ နေသည်ကို အာရုံပြု ၍ဝတဲလိုက်သည်နှင့် တပြိုင်နက် လောကီပညတ်ရုပ် လော ကီပရမတ်ရုပ် သင်္ခါရနှစ်ခုတို့သည် ချုပ်ပျောက်လေ၏။

၎င်း တေဘူမကနိုင်ဘ် ဖြစ်သော ပညတ် ပရမတ်ရုပ် ချုပ်ပျောက်သည်နှင့် တပြိုင်နက် လောကီစိတ် စေတသိတ် ရှစ်ဆယ့်တစ်တို့ သည်လည်း ချုပ်ပျောက်လေ၏။

ဤအခါ နိရောဓသစ္စာ သန္တိကရဓာတ္တာယ ဆိုသည့် အတိုင်း စိတ်, စေတသိတ်, ရုပ်တို့ ချုပ်ငြိမ်းရာ နိရောဓ သစ္စာကို မျက်မှောက်ပြု၍ နိဗ္ဗာန် အလင်း တရားကြီးကိုမြင် ဘိ ရာ သောတာပတ္တိ မဂ်စိတ်တကြိမ်ဖြစ်ပေါ်လာရ၏ ၎င်း

မဂ်စိတ်ဆည် လောကီဝိပဿနာ ညာဏ်ကြောင့်ရသော မဂ်စိတ်တည်းဟု မှတ်လေ၊

ဝင်းသောတာပတ္တိ မဂ်စိတ်တကြိမ် အကြောင်းခံခြင်းကြောင့် အကျိုးတရား တည်းဟူသော ဖိုလ်စိတ် နှစ်ကြိမ်သုံးကြိမ်ဖြစ်ပေါ်ရ၏၊ ၊ဝင်းဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်အကျိုးတရားကို ရသောကြောင့် ပုဂ္ဂိုလ်အား လျှော်စွာ လောကီစိတ် လောကီအာရုံ ဖြတ်ပြီးလျှင် နိဗ္ဗာန်အာရုံ အလင်းတရား လောကုတ္တရာမှာ ဘဝင်ကျ၍ ခံစားလျက်နေ၏၊

ပုဂ္ဂိုလ်အားလျှော်စွာ နိဗ္ဗာန်အာရုံကို ခံစားပြီးသော် လောကီစိတ်ဖြစ်ပေါ်လာပြန်သည်ဖြစ်၍ မိမိရသော မဂ်ကို ဆင်ခြင်ခြင်း ကျန်သောကိလေသာ ပယ်တို့ရာကို ဆင်ခြင်ခြင်းစသည်ဖြင့် ပစ္စဝေက္ခဏာဇောငါးကြိမ်ဖြစ်ပြန်လေ၏၊

ဤမဂ်ဝိထိကျပုံ ဖြစ်ပုံသည် အလွန်တရာ ဆိမ်မွေ့နက်နဲခြင်းကြောင့်၊ ဒေသနာရုတ္တိ ၊အာဂမရုတ္တိ စာဆိုတာကို မှတ်၍ထားသောရဟန်းရှင်လူတို့သည်၊ ဝိစိကိစ္ဆာဖြစ်တတ်သည်၊ မိမိက တရားအလုပ်ကို ကျင့်ကြံလေ့လာဘူးသော ရဟန်းရှင်လူတို့မှ သဘာဝရုတ္တိနှင့် နှိုင်းချိန်၍ ယူနိုင်ဆနိုင်သည်၊ ၊ဒေသနာရုတ္တိ, စာတည်း ကဆိုသော စကားကို ကြည့်ပြီးလျှင်၊ အာဂမရုတ္တိ အားကိုးအားထား ပြောသော်လည်း၊ မိမိက-သဘာဝရုတ္တိ တည်းဟူသော အကျင့်ဖြစ်တရားကို တကြိမ်တခါမှ ပေါက်ရောက်အောင် မလေ့လာဘူးပါက၊ ဒေသနာသဘောကို ကောန်မသိဟူ၍မှတ်လေ၊

**ဥပမာကား။** ။တောက ကြက်တူရွေးငယ် တကောင်ကို အိမ်သို့ယူလာ၍၊ စကားတတ်အောင် လူများက ရွှေကဲ ကြက်တူရွေး ကြက်တူရွေး ဟု သင်ကြားသောကြောင့်၊ ၎င်းကြက်တူရွေးသည် ရွှေကဲကြက်တူရွေး-ဟု မည်တတ် အံတတ် ပြောတတ် ဆိုတတ်၏။ ။၎င်းကြက်တူရွေးကို သူတဦး တယောက်က- ခြောက်မူးရေရွှေ ခုနစ်မူးရေရွှေ, ကိုးမူးရေ ရွှေတို့ကို ဂိုင်ပြ၍ ရွှေ အကဲကို ခတ်စမ်းပါ။ ဘယ်နှစ်မူးရေ ရှိသနည်းဟု မေးလျှင်၊ ၎င်းကြက်တူရွေး သည် ရွှေအကဲမသိဟု ဧကန်မှတ်လေ။ ။ဘယ်အတွက် မသိသနည်း ဆိုပါလျှင် ရွှေနှင့် စပ်သော ရွှေပန်းထိမ်သည် အလုပ်ကို မတတ်၍ မသိသည်ဟု မှတ်လေ။

၎င်း ကြက်တူရွေး သင်ကြား၍၊ ရွှေကဲ ကြက်တူရွေး မည်တတ်သည်နှင့်၊ ယခု ရဟန်း ရှင်လူတို့ ဒေသနုရုတ္တိကို ကျက်အံ၍ ရသည်နှင့် တူ၏။ ။၎င်း ကြက်တူရွေးကို ဟိုလူ သည်လူက ဆိုလိုက်ပါခိုင်း၍ ဆိုပြသည်နှင့်၊ မိမိတို့ ဒေသနုရုတ္တိ ကျက်မှတ်၍ထားသည်ကို အားကိုးပြီးလျှင်၊ အာဂမရုတ္တိနှင့် ဟောကြ ပြောကြသည်နှင့် တူ၏။

တဦး တယောက်က ရွှေကိုပြ၍ ရွှေကို သိမဲ့လားဟု ကြက်တူရွေးကို မေးသည်နှင့်၊ တရား သဘောအတိုင်း သောတာပတ္တိ မဂ်စိတ်ကိုဖြစ်အောင် ပြောပြစမ်းပါဟုမေး သည်နှင့် တူ၏။ ။ရွှေကဲကို ကြက်တူရွေး မသိသည်နှင့်၊ တရား သဘောကို မိမိတို့ မလေ့လာ မကျင့်ဆောင်ဘူး၍

သောတာပတ္တိ မဂ်စိတ် ဖြစ်တို့ရာကို မသိသည့်နှင့်တူ၏။ မိမိတို့က ဒေသနာရှုတ္တိကို ကျက်မှတ်၍ရသဖြင့်၊ အာဂမ ရုတ္တိ အားကိုး အားထား ပြုလုပ်၍ ဟောပြောသော်လည်း သဘာဝရုတ္တိ အကျင့်အလုပ်ကိုမလေ့လာဘူးက၊ တရား၏ သဘောဖြစ်ပုံ ပျက်ပုံကို မသိဟု၍မှတ်ကြပါလေ။

ဆလိန်ရေးချ ဝတ်စနစ်လုံးပေါက်တော့(ဆား)ဖြစ်၏။ ဆား မဟုတ်ဘူးလားဆိုလျှင် ဆား ဟုတ်ဘူးဟုမဆိုနိုင်။ သို့သော်လည်း၊ တကယ့်ဆားမဟုတ်၍ လက်နှင့်တို့ပြီး သျက် သော် မငံဘူး ကြေနိမှတ်လေ။ ။ဘယ်အတွက် ဆိုလျှင်၊ စာ ဆားမို့ မငံသည်။ တကယ့်ဆားဖြစ်လျှင် ကြေနိုငံရတော့ သည်။ သို့ပါ၍စာဆားလည်းမပျက်ရအောင်၊ တကယ့်ဆားကို လျက်ကြမှ ငံသည့်၊ ဖန်သည့်၊ သိကြပါလိမ့်မည်။

စာ ဆား နှင့် တင်းတိမ်၍နေက၊ ကြက်တူရွေး စကား တတ်သလို အဘယ်နံ့ရောအခါမှ ရွေ့ကဲမသိ။ ဆား အရသာ မသိ။အဏ္ဏနောမတိ ယူမိယူရာ ဒေသနာတခြား သဘာဝ မှားလို့ရှိ သူများကိုအပြစ်တင်၊ စာအစဉ်ဟောပြောသဘော ကမပေါက်၊ အကျင့်ကိုမရောက်၍ နိုင်းထောက်ပြီးမစာနှ၊ ဝိဝ နှင့် ကိစ္စာ၊ ဈာသာ နှင့် မဇ္ဈရိယာ၊ မာန နှင့် ဒိဋ္ဌိ၊ အဝိဇ္ဇာ မှောင်အတိမ်ရှိ တရား၏သဘောကို စောတနာမရှုပ် ရအောင် အလုပ်ကြမ်းပြုလိုက်ပါသည် ညာတကာအပေါင်း သူတော်ကောင်းတို့။

# ဒေသနရုတ္တိကို သဘာဝရုတ္တိ ထင်မြင်အောင်ဖြင့်၊ သောတာပတ္တိ မဂ်ဖြစ်ပုံကို

ပြလိုက်ပါဦးအံ့။

ဧတ္ထုပန၊ သောတာပတ္တိမဂ္ဂံ၊ ဘာဝေတွာ၊ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန၊ ဗဟီနာပါယ ဂမနော၊ သတ္တက္ခတ္တုပရမော၊ သောတာပန္နော နာမ၊ ဟောတိ၊ ။

ဧတ္ထုပန၊ ဤတေဘူမကဉ္စဖြစ်သော ရုပ်နာမ်ခန္ဓာ ဓာတ်သဘာဝတို့သည် အနှစ်အရသာမရှိပါ၍ ပယ်ကာဖြတ်ပြီးလျှင်၊ ဧတ္ထုပန၊ လူ နတ်၊ ဗြဟ္မာ၊ အပါယ်ရွာနှင့် လူးလာ ရုန်းဆန် ငါးတန်ခန္ဓာ သံသရာမပြတ် စက်ရဟတ်မှ တတ်ခြင်းကင်း ကွာဖြတ်လိုပါ၍၊ သောတာပတ္တိမဂ္ဂံ၊ သောတာပန်ဖြစ်တတ်သော မဂ်တရားကို၊ သောတာပတ္တိမဂ္ဂံ၊ ပညတ် ပရမတ် နှစ်ရပ်သက္ကာယခါတ်သမထကို၊ ဘာဝေတွာ၊ အကြိမ်ကြိမ် အဖန်ဖန် ၃ တန်သန္တတိ ပျော်၍အမှန် ၄-တန်ဓါတ်များ ချုပ်ပျော်သွားအောင် ပွါးများလေ့လာ ပြုခြင်းကြောင့်၊ ဘာဝေတွာ၊ ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်ရာကို အခါခါလှည့် ဉာဏ်စိုက်၍ ကြည့်ခြင်းကြောင့်၊ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန၊ ပညတ်ချုပ်ပျောက် ဓာတ်ကိုရောက်၍ အထောက်မတည် အလည်လည်ပျက် ဖြစ်ရချက်ကို နှစ်သက်မရှိ ဝိစိကိစ္ဆာ မရှိပါ၍ သက္ကာယချုပ် လောကီစိတ်ပြုတ်သဖြင့် တမဟုတ် မဂ်ဉာဏ် အကြောင်း ရင်းခံခြင်းကြောင့်၊ ဗဟီနာပါယ ဂမနော၊ ငရဲတိရစ္ဆာန် ၄-တန်အသူရကာယ် အပါယ်ဘုံ မရောက် ဖိုလ်အကျိုး ထောက်ခြင်းကြောင့်၊ သတ္တက္ခတ္တုပ

ပရမော၊ ဗုရားသားသွီးမှန်စွာ ပရမတ္ထသံစာ၊ အရိယာ အစစ်ကြောန်ဖြစ်၍ ဘဝသစ်ရနစ်ခါလူနတ်ရွာတွင် ချမ်းသာ စံစား နိဗ္ဗာန်ကို သွားတတ်သောကြောင့်။ သောတာပန္နော နာမ၊ အနာထပိဏ်ဍိကသာခါ ပုံပမာသို့ သံစာတဦး နာမည် ထူးသည်။ ဟောတိ၊ ဖြစ်ခြင်းကောင်းစွာ ဖြစ်ရရှာလေ၏။

( ပရိကံ၊ ဥပစာ၊ အနုလုံ၊ ပဋိလုံ၊ ဂေါတြဘု၊ ဝေါဒါန်)မဂ်ဝီထိ ကျပုံတွင်၊ ပရိကံက—ပိုင်းခြားမှု၊ ဥပစာက—မိမိရှေ့ရှုခြင်း။ အနုလုံက—အစက အဆုံး, အပြန်ပြန် ကြည့်ရှုခြင်း။ ပဋိလုံက အဆုံးက - အစကို အပြန်ပြန် ကြည့်ရှုခြင်း။ ဂေါတြဘုက အနွယ်ဖြတ်ခြင်း။ ဝေါဒါန်က-တခုကိုဖြတ်၍ တခုကိုရခြင်း။ ခန္ဓာ နာမ်ရုပ်တို့ကို ပိုင်းခြားပြီးလျှင် အပြန်ပြန်ကြည့်ရှုခြင်း၊ လှန်၍ ပြန်၍ ကြည့်ရှုခြင်းများသောကြောင့်၊ မိမိတို့ပြုသော ပရိကံ၊ ပိုင်းခြားခြင်းအနွယ်ဖြတ်၍ စိတ်တခုမှ စိတ်တခုသို့ ပြောင်းလွဲခြင်းကိုခေါ်သည်၊ ။အဓိပ္ပါယ်၊ သုတ္တံနည်းအား ဖြင့် ၃၂-ပုံ မိမိကိုယ်ကိုပုံ၍ ပရိကံထားပြီးလျှင် ၃၂-ပုံကို မြင်အောင် ကြည့်ရှု နိုင်သော်၊ ဥပစာအတိုင်း မိမိအာရုံ ရှေ့ရှုရာကိုယူ၍ရသဖြင့်။ အနုလုံ ပဋိလုံ အားဖြင့် အပြန်ပြန် အလှန်လှန် ရှုကြည့်ပါ များသော်၊ ၎င်းပညတ် ရုပ်မှတ်၍ နေရသော သဏ္ဍာယဒိဋ္ဌိကို မြင်၍မမြဲခြင်း။ ဆင်းရဲခြင်းကို မြင်သော်၊ အနိစ္စ, ဒုက္ခ, ဖြစ်ပေါ်လာသောကြောင့် ၎င်းမှတ်၍ နေရသော ပညတ်သဏ္ဍာယ, ပရမတ်သဏ္ဍာယ ရုပ်နာမ် နှစ်ပါးကို အာရုံသွတ်လိုက်သော် ဂေါတြဘုဉာဏ် ဖြစ်ပေါ် လာရသဖြင့်၊ လောကီစိတ် ဇောကသိတိ၊ ရုပ်ရနာမ်ရ တောဘု

မဂ အာရုံ ချုပ်ပျောက်သောကြောင့်၊ စိတ္တနိယာမ အစဉ် ဖြစ်၍၊ လောကီစိတ်ချုပ်သည်နှင့်တပြိုင်နက် လောကုတ္တရာ သောတာပတ္တိ မဂ်စိတ် တကြိမ်ဖြစ်ပေါ်ရ၏၊ ၎င်းမဂ်စိတ် အကြောင်းတရား ချုပ်သောအခါ အကျိုးတရား ဖိုလ်စိတ် ၂ ကြိမ် ၃ ကြိမ် စသည်ဖြင့် ဖြစ်ပေါ်ပြန်၏၊ ၎င်းအကျိုး တရား ဖိုလ်စိတ်သည် ဖလသဒ္ဒါဖြစ်သောကြောင့် လောကီ အာရုံ ချုပ်ပျောက်ပြီးလျှင် နိဗ္ဗာန်ကည်းဟူသော တရား အာရုံကို ခံစား၍ ဘဝင်အားဖြင့် ထိုက်သည်အားလျော်စွာ ကျရောက်၍ နေလေ၏၊ ။ပြီးလျှင် လောကီစိတ် တဖန် ဖြစ်ပေါ် လာခြင်းကြောင့် ပစ္စဝေက္ခဏာဇော ၅-ကြိမ်ဖြင့် ဆင်ခြင်လေ၏။

၎င်း (ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘု, ဝေါဒံ) ဆိုသော အရာသည် အပါယ်ဘုံကို ပရိကံပြု၍၊ ဂေါတြဘု အပါယ် စိတ်, အပါယ်ရုပ် ပြတ်ခြင်းကြောင့် ကာမာဝစရ ကုသိုလ် စိတ် ဖြစ်ပေါ်ရခြင်း တမျိုး၊ ။ကာမာဝစရ ပရိကံပြု၍၊ ကာမာဝစရ စိတ်,အနုယ်ချုပ်ပျောက်ခြင်းကြောင့် ရူပါဝစရ ကုသိုလ်စိတ် ဖြစ်ခြင်း၊ ။ရူပါဝစရ ဈာန်ကို ပရိကံပြု၍ ရူပါဝစရဈာန်စိတ် ချုပ်ပျောက်၍ အရူပါဝစရ ဈာန်စိတ်ကို ရခြင်း၊ အပါယ်ပရိကံ အပါယ်စိတ်၊ ကာမာဝစရ ပရိကံ ကာမာဝစရစိတ်, ရူပါဝစရဈာန် ရူပါဝစရစိတ်, အရူပါ ဝစရဈာန် အရူပါဝစရစိတ်, ပေါင်း တေဘူမက လောကီ စိတ်ချုပ်၍ လောကုတ္တရာ မဂ်စိတ်ကိုရခြင်း၊ဤကဲ့သို့လည်း ရှိသည်ဟု—မှတ်လေ၊

**ဥပမာ။** ။အပါယ်ပရိက်ံ ဆိုခြင်းကား၊ အပါယ်လေးဘုံ၌ ခံ၍နေရသော သတ္တဝါတွေကို ပရိက်ံပြုပြီးလျှင် ဥပစာအားဖြင့် ရှေ့ရှုကင်လာသော် အနုလုံ ပဋိလုံအားဖြင့် သတ္တဝါတွေဖြစ်ရခြင်း။ ခံနေရခြင်းကို အပြန်ပြန် အလှန်လှန် ပွားခြင်းကြောင့် ဂေါတြဘု တည်းဟူသော အပါယ်ဘဝကို မလိုချင်၍၊ အပါယ်ကို ဖြစ်တတ်သော အကုသိုလ် စိတ်ဒုစရိုက်တို့ကို စွန့်ဖြတ်လိုက်သည်နှင့် တမြိုင်နက် စိတ်တို့သည် နိယာမ, အစဉ်ဖြစ်သောကြောင့်၊ အပါယ်စိတ် အပါယ်အာရုံပြတ်၍ ကာမာဝစရစိတ် တရဖြစ်ပေါ်လာရ၍ ကာမာဝစရ ကုသိုလ်အကျိုး အာရုံကိုခံစား၍ နေသကဲ့သို့ အဆင့်ဆင့်(ပရိကံ ဥပစာ အနုလုံ ပဋိလုံဂေါတြဘု ဝေါဒံ) တည်းဟူသော အပဏာ ဇောတို့ကိုလည်း လောကီမှာ ဖြစ်သေးသည်ဟု-မှတ်ပါလေ၊

---

## သဒ္ဓါ၏ အကြောင်းကို ပြခြင်း။

သဒ္ဓါသည်၊ စိတ်, စေတသိက် တို့နိုက်။ ကြည်လင်ခြင်း လက္ခဏာရှိသည်ဟု ဆိုသောစကားသည်၊ ။ဝေလဥ္စယနည်းဖြင့် အလယ်က နေ၍ပြောသော စကား ဖြစ်သောကြောင့် အစနှင့်အဆုံးကို သိရသည်၊ အဘယ်ကဲ့သို့ သိရသနည်းဆိုပါလျှင် သဒ္ဓါဆိုသော စကားသည် ဗမာဘာသာအားဖြင့် ယုံတလုံး ကြည်တလုံးဖြင့် ယုံကြည်ခြင်းအနက်ကို ချ၍ တောဘူကော၌ ဖြစ်သော ရုစ်ဆယ့်တခု စိတ်တို့မှာ ယုံကြည်ခြင်း၊ ။လောကုတ္တရာ မဂ်စိတ် ၄ လုံး၊ ဖိုလ်စိတ်

၄-လုံးမှာ ယုံကြည်ခြင်း ဤကဲ့သို့ အစ တေဘူမကာ အဆုံး ဝတ္တုဘူမိကတို့ကို လိုက်၍သိရသည်။

ပဉ္စာနန္တရိယ,ကံငါးပါး၌ အမိအဘကိုဖြစ်စေ အရိယာ သူတော်ကောင်းကိုဖြစ်စေ၊သေစေလိုသောစိတ်စေတနာနှင့် သတ်လိုက်ရ၍ သေသွားသည်ကို ယုံခြင်းတချက် ဝင်း ပုဂ္ဂိုလ် သေခြင်းကြောင့် မိမိစိတ်မှာ လိုက်လိုက် လဲလဲ သဒ္ဓါပီတိနှင့်တကွဖြစ်၍ ကြည်ခြင်းကြောင့် ယုံနှင့်ကြည်နှင့် ပေါင်း၍ ယုံကြည်ခြင်းအနက် အကုသိုလ် ပဉ္စာနန္တရိယ ကံစိတ် သဒ္ဓါဟု-ခေါ်သည်။

သဒ္ဓါသည် ပီတိနှင့်မကွေမကွာ ဖြစ်သည် ပီတိဆိုခြင်း ကား၊ နှစ်သက်ခြင်းကို ခေါ်သည်။ ၊တရခုကို ယုံ၍ ကြည်ပြီး နှစ်သက်သည်ကို(သဒ္ဓါ ပီတိ ပွင်းဆီးထိသ်အိကာ ပြောင်းပြော့)ဟု၊စပ်ဆိုကြလေသည်။ ၊သူတထူး၏ပစ္စည်း ကိုခိုးယူသောအခါ အသပြာ ရွှေ, ငွေ မိမိလက်ကို ရောက်ပြီဟု ယုံခြင်းကြောင့် လိုက်လိုက် လဲလဲ ပမ်းသည်း စိတ်နှလုံး ထည်း၍ ကြည်ကြည် လင်လင် ရှိခြင်းသည် အကုသိုလ် ဒုစရိုက် သဒ္ဓါ ယုံကြည်ခြင်းတပါးဟု မှတ်လေ၊

ဒါန အရာ၌လည်း၊ ဤပုဂ္ဂိုလ် ဤရဟန်း ဤလူမျိုးကို ကျွေးမွေးပေးကမ်းခသည်ကို ယုံ၍ လိုက်လိုက်လဲလဲ ဝမ်း ထည်း စိတ်နှလုံး ထည်း၍ ကြည်ကြည် လင်လင် ဖြစ်ခြင်း သည် ကာမာဝစရ ယုံကြည်ခြင်း၊ သဒ္ဓါကုသိုလ် စိတ်ဟု မှတ်လေ။

သီလအရာ၌လည်း ဒုစရိုက်သီလကို ကြဉ်၍ သုစရိုက်သီလငါးပါး၊ ရှစ်ပါး။ ဆယ်ပါး၊ ၂၂၇ ပါးကို၊ ထိမ်းသိမ်းရ၍ ၎င်းသီလ၏ အကျိုးယုံ၍ လှိုက်လှိုက်လှဲလှဲ ကြည်ခြင်းကို ကုသိုလ် ကာမာဝစရ သဒ္ဓါဟု မှတ်လေ။

ဘာဝနာ အရာ၌လည်း ကသိုဏ်း ပရိကံ တခုခုကို ပွါးများ၍ အဘိညာဏ်စျာန်ကို ရ၍ ယုံသဖြင့် လှိုက်လှိုက်လှဲလှဲကြည်ခြင်းကို ရူပဝစရ ယုံကြည်သဒ္ဓါဟု-မှတ်လေ၊

၎င်းရူပါဝစရစျာန်ကို အရင်းခံပြု၍ အရူပါဝစရစျာန်ကို ပွါးများ၍ ရခြင်းကြောင့် ၎င်းမိမိရသောအရူပါဝစရစျာန်ကို ယုံ၍ကြည်ခြင်းသည် အရူပါဝစရ ယုံကြည်ခြင်း သဒ္ဓါဟု မှတ်လေ၊

၎င်းသဒ္ဓါရသည့် တေဘူမကာ၌ ဖြစ်သော အကုသိုလ် သဒ္ဓါ ကုသိုလ်သဒ္ဓါဟု မှတ်လေ၊ ။ပဋ္ဌာနဒိရိယ ကာံ၌ အကုသိုလ် အရာတွင် များစွာ သဒ္ဓါအမျိုးမျိုး ဖြစ်သည်ကို ညာဏ်နှင့် မြင်ပါလေ၊ ၊ဒုစရိုက် အရာ၌လည်း များစွာ အကုသိုလ် သဒ္ဓါဖြစ်သည်ကို ညာဏ်နှင့်မြင်ပါလေ၊

ဒါန ကုသိုလ် အရာ၌လည်း များစွာ သဒ္ဓါဖြစ်သည်ဟု ညာဏ်နှင့် မျှော်မြင်ပါလေ၊ ၊သီလအရာ၌လည်း သဒ္ဓါ များစွာ ဘာဝနာ အရာ၌လည်း သဒ္ဓါများစွာ၊ ၊ကာမာဝစရ ဘာဝနာ၊ ရူပါဝစရ ဘာဝနာ၊ အရူပါဝစရဘာဝနာ ၎င်းဘာဝနာအရာ ၃-မျိုး၌လည်း များစွာသဒ္ဓါဖြစ်သည်ဟု ညာဏ်နှင့် မျှော်မြင်ပါလေ၊

သဒ္ဓါသည်၊ ဇုရားအစရှိသော ရတနာ -၃- ပါးတို့၌ ကြည်လင်ခြင်းလက္ခဏာကို ရသည်ဟုဆိုသော သဒ္ဓါသည် တောဘူမကတွင် အကုသိုလ်, ကုသိုလ်, အပါဒါန်, သဗ္ဗဒါန် ခွဲ၍ သမ္မဒါန် သက်သက်ကို ပြသော သဒ္ဓါဟု မှတ်လေ၊ ဥပမာ၊ လူနှစ်ယောက်တွင်၊ တယောက်ကို ဖွာပ ယဉ်ကျေးဘည်ဆိုလျှင်၊ တယောက်သည်၊ မဖွာ မယဉ်ကျေးကြောင်းကိုသိရသည်၊ ၊ကုသိုလ်အရာ ရတနာ-၃-ပါး၌ ယုံကြည်ခြင်း သဒ္ဓါရှိပါလျှင် အကုသိုလ်အရာ နစ်ခိုက်မှု၌လည်း ယုံကြည်ခြင်းသဒ္ဓါ ဖြစ်မည်ဟု ဇကန်သိရသည်၊

၃၁-ဘုံတွင်၊အကုသိုလ်နှင့်ကုသိုလ်အရာမှာ၊အကုသိုလ်သည်၊ အရုပ်ဆိုး အကြီးတန် ဖြစ်သည်၊ ၊ကုသိုလ်သည် ဖွာပ ယဉ်ကျေး ပြေပြစ်ချောမောခြင်း ဖြစ်သည်၊ သဒ္ဓါသည် အကြီးတန်၊အကုသိုလ်မှာလည်း သဒ္ဓါရှိသည်၊ အလှ အယဉ်၊ ကုသိုလ် အရာမှာလည်း သဒ္ဓါ ရှိသည်၊ ၊အဘိဓမ္မာ သဂြိုဟ်ကျမ်း၌ သမ္မဒါန် သဒ္ဓါကိုသာ ပြသည်၊ အပါဒါန် သဒ္ဓါကို မပြဖြစ်သည်၊ ၊သို့သော်လည်း၊ သမ္မဒါန် ရှိက အပါဒါန်ရှိမြဲ၊ ၊ပယ်ဆုတရား ရှိက၊ သယ်ဆုတရား ရှိမြဲ၊ မှတ်ကြောင်းတရားရှိက၊ ယူကြောင်းတရားရှိမြဲ၊ ၊မကျင့်ထိုက်သောတရား ရှိက၊ ကျင့်ထိုက်သောတရား ရှိမြဲ၊ ၊ ပယ်အပ်သောတရားရှိက၊ ပွားအပ်သောတရားရှိမြဲ၊ မလုပ်အပ်သောတရားရှိက၊လုပ်အပ်သောတရား ရှိမြဲ၊ ၊မတရားသော အရာဌာနရှိက၊ တရားသော အရာဌာန ရှိမြဲ၊ ၊မဖြောင့်ချမ်းသော အရပ်ရှိက၊ ဖြောင့်ချမ်းသော အရပ်ရှိမြဲ၊ ၊အနိဋ္ဌ

မမြဲသော သဘာဝဝတ္ထုသဘောရှိက၊ နိစ္စ၊ မြဲသောသဘာဝဝတ္ထုသဘော ရှိမြဲ၊ ။သင်္ခတခေတ် ၄-ပါး ပြုပြင်ခြင်းရှိသော အရပ်ရှိက၊ အသင်္ခတခေတ် ၄-ပါး ပြုပြင်ခြင်း မရှိသော အရပ်ရှိမြဲ၊ သေတတ် ဖြစ်တတ် ပျက်တတ် ချုပ်တတ်သော ဘုံဌာနရှိက၊ မသေတတ် မဖြစ်တတ်, မပျက်ကတ် မချုပ်တတ်သောဘုံဌာနရှိမြဲ၊ မခိုင်မာယိုယွင်းပျက်စီးတတ်သော ခန္ဓာငါးပါး ရှိက၊ ခိုင်မာ မယိုယွင်း မပျက်စီး တတ်သော ခန္ဓာငါးပါး ရှိမြဲ ဟု မှတ်လေ။

သောတာပတ္တိမဂ်စိတ်ကိုရ၍ယုံသဖြင့်၊ သောတာပတ္တိဖိုလ်စိတ်တည်းဟူသော ကြည်ခြင်း၊ လောကုတ္တရာ သဒ္ဓါ တပါး၊ ။သကဒါဂါမိ မဂ်စိတ်ကိုရ၍ ယုံသဖြင့်၊ သကဒါဂါမိ-ဖိုလ်စိတ် ကြည်ခြင်း၊ လောကုတ္တရာ သဒ္ဓါတပါး၊ အနာဂါမိ မဂ်စိတ်ကိုရ၍ ယုံသဖြင့်၊ အနာဂါမိ ဖိုလ်စိတ်၌ ကြည်ခြင်း၊ လောကုတ္တရာ သဒ္ဓါတပါး၊ ။အရဟတ္တမဂ် စိတ်ကို ရ၍ ယုံသဖြင့်၊ အရဟတ္တဖိုလ် စိတ်၌ ကြည်ခြင်း၊ လောကုတ္တရာ သဒ္ဓါတပါး၊ ။ပေါင်း- စိတ် ၄ ပါးကိုရ၍ ယုံသဖြင့် နိဗ္ဗာန် အာရုံမှာ ကြည်ခြင်း၊ သဒ္ဓါ တပါးဟု မှတ်လေ၊

တေဘူမကတွင် ကုသိုလ်နှင့်အကုသိုလ်ကိုပယ်ကြောင်း သံသယ်ကြောင်း ခွဲလိုက်လျှင်၊ အကုသိုလ်ကို ပယ်ကြောင်း တရား, ကုသိုလ်ကိုပွါးကြောင်းတရားဟု မှတ်လေ၊ တေဘူမကာ နှင့် စတုဘုံမိက ခွဲလိုက်လျှင်၊ တေဘူမက၌ ဖြစ်သော အကုသိုလ် - ကုသိုလ်တရား အစုဘို့သည်၊ ပယ်ကြောင်း

တရားဟုမှတ်။ စတုဘုံမိက လောကုတ္တရာ ကုသိုလ်ကိုသာ သယ်ကြောင်း ကျင့်ကြောင်း ပွါးကြောင်း တရားဟု မြဲမြဲ မှတ်ပါလေ။ မိမိတို့ဉာဏ်၌ တရားတခုထက် တရားတခုကို စာနာ၍၊ ကောင်းသည်ထက် ကောင်းသည်ကို ရွေးချယ် ကျင့်ကြံလေ့လာ ထိုက်သည်ကို စဉ်းစားကြပါကုန်။

မြေမျိုတတ်သော ပဉ္စာနန္တရိယ ကံကို ပြုသည်ထက်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် ၄ ဘုံ၌ ဖြစ်တတ်သော အကုသိုလ်ဒုစရိုက်၊ အဓမ္မဒါန တရားအစုက သာသည်ဟူ၍မှတ်လေ။ ၎င်းအပါယ် ၄ ဘုံဖြစ်တတ်သော တရားတို့ထက်၊ ကုသိုလ်သုစရိုက်ဒါနတရားကျင့်၍ လူနတ် ဖြစ်ရခြင်းက—သာ၏။ ။၎င်း လူနတ် ဖြစ်ရသော တရားတို့ထက် ရူပဗြဟ္မာ ဖြစ်တတ်သော၊ ဘာဝနာ အဘိညာဉ် ဈာန်တရားက သာ၏။ ။၎င်းဗြဟ္မာဖြစ်တတ်သော တရားတို့ထက်၊ အရူပဗြဟ္မာဖြစ်တတ်သော အရူပါဝစရဘာဝနာ အဘိညာဉ်ဈာန်တရားတို့က-သာ၏။ ။၎င်း တေဘူမက၌ ဖြစ်တတ်သော သင်္ခါရ ၃-ပါး၊ အကုသိုလ်-ကုသိုလ်တရားတို့ထက်၊ နိဗ္ဗာန် ဘုံသူ နိဗ္ဗာန်ဘုံသား ဖြစ်တတ်သော လောကုတ္တရာ တရား ၉-ပါးက အသာဆုံး ဖြစ်သည်။ ၎င်း တရားကိုကျင့်က သောတာပန်အစစ် 'အကယ်၍ မဖြစ်သော်လည်း၊ အဖျင်းဆုံး လူပြည် နတ်ပြည် ဗြဟ္မာပြည်မှာ ကောင်းကောင်း ချမ်းချမ်းသာသာ ဖြစ်ရပါသေး၏။ ဉာဏ်ရှိမှ-သိနိုင်သည်။ ဉာဏ်မရှိက - မဂ်တရားကျင့်၍ သောတာပန် မဖြစ်၍ သေသည်ရှိသော်၊ ငတ်မွတ် ခေါင်းပါး၍

အသက်တို-အခဝင်းရဲခံရခြင်းကို အလွန်ပူပန်သဖြင့် စိုးရိမ်၍ ကုသိုလ်တကာတွင် အဖျင်းဆုံး ဖြစ်သော ဓမ္မနော်ပိတ်ခွေး ဒါနကုသိုလ်ကလေးကို ရှေးရှု၍ ပြောလေ့ ဆိုလေ့ရှိတတ်သည့် ဝိဝိ စဉ်းစားကြပါလေ။

---

## ဓမ္မဓိဋ္ဌာန်ဘုရားကို ပုဂ္ဂလဓိဋ္ဌာန်ဘုရားကွယ်ခြင်း၊ ပုဂ္ဂလဓိဋ္ဌာန် ဂေါတမဘုရားကို စေတီလေးပါးကွယ်ခြင်းအကြောင်း။

မပြိုမပျက် မအက်မကွဲ မကြိုစည်နိုင်သော ဓမ္မဓိဋ္ဌာန် နိယတ အမြဲဘုရားကြီးကို ပုဂ္ဂလဓိဋ္ဌာန် ဂေါတမဘုရားကို အားကိုးသဖြင့် ကွယ်ပျောက်၍နေရှာလေသည်။ လောက သုံးပါးတုံသုံးပါးတွင် စကားအရာ၊ လွန်လိမ္မာ၍၊ ပညာရူပ ဏ္ဍိရှိသော ဘဂဝဓမ္မရာဇာ ရှင်ချစ် ဂေါတမ၊ မြတ်ဗုဒ္ဓဟု နာမကျေညာ အံ့ဩဖွယ်ရာ ပုဂ္ဂလဓိဋ္ဌာန်ဘုရားကြီးကို ရုပ်ထု ညွှန်သော ဓမ္မ၊ဓာတု-၄ရုပရိဘောဂ စေတီမျှတ်နှုက်ကို အားကိုး သဖြင့် တိမ်ကောကွယ်ပြုပ်ရရှာလေသည်။

အဘယ်ကဲ့သို့ ကွယ်ပါသနည်းဆိုလျှင်၊ စေတီဆိုသော မဂဓဘာသာ စကားကို နားမလည်၍ တဆင့်ကိုတဆင့် ကွယ်ကြရှာလေသည်၊ စေတီဆိုသောစကားသည် စေ့ဆော် ခြင်းကိုအနက်ရသည်။ (စေတေးတိ တိ စေတီ) စေတေးတိ၊ စေ့ဆော်တတ်၏၊ တဘွား၊ ထိုကြောင့်၊ စေတီ၊ စေတီမည်၏။

**ဥပမာ။** ။မိမိတို့ဘခင် သေဆုံးသည့်နောက်၊ ဘခင် အရိုး, ဘခင်ရုပ်ပုံ ဘခင်အသုံးအဆောင် ဘခင် ပြောဟော မှာကြားသောစကား၊ ၎င်း-၄-ပါးကို နားဦးကြားတိုင်း တွေ့ တိုင်း မြင်တိုင်း သတိရတိုင်း မိမိဘခင်ကို အာရုံစေ့ဆောင်၍ မြင်ဘို့ ထင်ဘို့ရာဖြစ်သည်၊ ထိုနည်းတူစွာ၊ ဓာတုက-ဓာတ် တော်၊ စေတီက-စေ့ဆောင်၊ နှစ်ချပေါင်း ဓာတ်တော်ကို မြင်သဖြင့် ဘခင်နှင့်တူသော ဘုရားမျက်နှာတော်၊ ဂေါတမ ကိုစေ့ဆောင်၍ မြင်ဘို့ ထင်ဘို့ရာဖြစ်သည်။

ဥဒ္ဒိဿက-ရည်မှတ်ခြင်း၊ စေတီက-စေ့ဆောင်ခြင်း၊ နှစ်ချ ပေါင်း-ဘုရား၏သဏ္ဌာန်၊ ဓာတ်ကားရုပ်ထု၊ ဆင်းထုတို့ကို မြင်သဖြင့် ဘခင်နှင့် တူသော ဂေါတမ ဘုရားကို ထင်ဘို့ မြင်ဘို့ရာဖြစ်သည်၊ ဘုရား၏ အသုံးအဆောင် ပရိဘောဂကို မြင်သဖြင့်၎င်းနည်းမှတ်လေ၊ ဘုရား၏တရားတော် မဂ်တရား ဖိုလ်တရားကိုကြားလျှင် ၎င်းတရားကို ဟောပြနိုင်သောသူ ပုဂ္ဂလဓိဋ္ဌာန်ဘုရားရှင်ဂေါတမကိုမြင်ဘို့ထင်ဘို့ရာဖြစ်သည်၊ ဉာဏ်ရှိမှ စေတီ-၄-ပါးကို တွေ့သည်ဖြစ်စေ၊ မတွေ့သည် ဖြစ်စေ၊ ပုဂ္ဂလဓိဋ္ဌာန် ဘုရားရှင်ဂေါတမကို ထင်နိုင် မြင်နိုင်၊ ဉာဏ်မရှိက ၎င်းစေတီ-၄-ပါး အလွန်တရာ တန်ခိုးကြီး၍ ဘုန်းကြီး၍ ကွယ်ထားခြင်းကြောင့် မမြင်မထင်နိုင်၍ ရုပ်ထု ဆင်းထုနှင့်ပင် ကိစ္စကုန်ရရှာလေတော့သည်။

၎င်းစေတီ-၄-ပါးကို မြင်သဖြင့်၊ စေတီဆိုသည့်အတိုင်း စေ့ဆောင်၍ အရှင်ဂေါတမ ပုဂ္ဂလဓိဋ္ဌာန် ဘုရားကို တွေ့မြင် ရ၍ ဖူးမျှော်ရ၍ လျှောက်ရမေးရ၍ နေပါသော်လည်း၊ ၎င်း

ပုဂ္ဂလဓိဋ္ဌာန် ဗုရားပံရိုးကြီး၌ ချီးမွမ်းထောမနာ မကုန်နိုင်သဖြင့် ရူပအစိန္တေယျ ဂုဏအစိန္တေယျ ဝစနအစိန္တေယျ ဉာဏအစိန္တေယျ ၄ ပါး လွှမ်းမိုးထားခြင်းကြောင့်၊ ၎င်းပုဂ္ဂလဓိဋ္ဌာန် ခန္ဓါပါး၌ ကြွမ်းအောင်းတော်မူသော မြွခန္ဓါငါးပါး ဓမ္မဓိဋ္ဌာန်ဗုရားကြီးကို မမြင်နိုင် မထင်နိုင် ရှိခြသည်။

မြင်ဘို့ရာ ဥပမာကား။ ။မိမိတို့ဘခင်က မသေမှီမှာထားခဲ့သည့်မှာ ရုပ်နာမ်ဆက်ခါ စက်ပမာသို့ သံသရာဝဲတောဘုံထဲတွင် အမြဲမရ တရားမျှကို ဘယ်တော့ကမှ မကျင့်မကြံလေနှင့် မြဲသောတရား အစိုးရသောတရား မဆင်းရဲသောတရားကိုသာ ကျင့်ကြံလေဟု မှာထား၍ သေသွားသည်ရှိသော် မိမိတို့ဘခင်ကို ချစ်ပါက ကျေးဇူးတင်ပါက ရှိသေပါက ဘခင် ရုပ်နာမ်ပေါ်မှာ ကြွမ်းအောင်း၍ပြောသွားသော တရားစကားကို မှတ်သား၍ ပယ်အပ်သော တရားကိုပယ်ပြီးလျှင် ကျင့်အပ်သော တရားကိုသာ ကျင့်ပါမှ ဘခင်ကို ကျေးဇူးတင်၍ ဘခင်ခန္ဓာ၌ ကြွမ်းအောင်းသော ဗုရားဓမ္မဓိဋ္ဌာန်ကိုတွေ့မည်။

ထိုနည်းတူစွာ အဘနှင့်တူသော ပုဂ္ဂလဓိဋ္ဌာန်ဗုရားကို အာရုံနှင့် စေ့ဆော်လို့ တွေ့သည်ဖြစ်စေ ကိုယ်တိုင်ဗုရား အရှေ့ရှေ့နှင့် တွေ့သည်ဖြစ်စေ ၎င်းပုဂ္ဂလဓိဋ္ဌာန် ဗုရားခန္ဓာ၌ အမြဲကြွမ်းအောင်းသော ဓမ္မဓိဋ္ဌာန်ဗုရားကိုမတွေ့မမြင်မကျင့် မသုံး မဆောက်တည်ပါက သံသရာ ဒုက္ခမှ မလွတ်နိုင် ၎င်းဓမ္မဓိဋ္ဌာန် ဗုရားကိုတွေ့၍ တရားအသုံးကို ရခဲ့ပါလျှင်

ဓမ္မဝိဥာဉ်ဘုရား ပုဂ္ဂလဝိဥာဉ်ဘုရား နိယတဘုရား ပစ္စေက ဗုဒ္ဓါဘုရား အနုဗုဒ္ဓါဘုရား သုတဗုဒ္ဓါဘုရား တည်းဟူသော ဘုရားအမျိုးမျိုးတို့ကို၊ တဆင့်က တဆင့်ကို ရှာဖွေကြံစည်၍ ကျေးဇူးတင်တတ်သည်၊

ပုဂ္ဂလဝိဥာဉ် ဘုရား၌သာ အရာဌာနပွဲ၍ ဘုရားအမျိုးမျိုး ရှိသည်၊ ။ပျက်စီးခြင်းရှိသည် မမြဲခြင်းရှိသည် ကြံနိုင်ခြင်း ရှိသည် တုနိုင်ခြင်းရှိသည်ဟု မှတ်လေ။ ။ဓမ္မဝိဥာဉ်ဘုရား ကို ကြံနိုင်ခြင်းမရှိ တုနိုင်ခြင်းမရှိ ဖြိုပျက်ခြင်းမရှိ မမြဲခြင်း မရှိ၊ ။မကြံနိုင် မတုနိုင် မဖြိုပျက်နိုင် မြဲသောနိယတ ဓမ္မဝိဥာဉ်ဘုရားမှ ပဥ္စမဘုရားအစပ်ဟု သေသေချာချာမှတ်ပါ လေ၊

ပုဂ္ဂလဝိဥာဉ် ဘုရားအမျိုးမျိုး တို့ကို လူအာဘာနည်းများ ကြံစည်နိုင်သည် တုပနိုင်သည်ဟု မှတ်ပါလေ၊ ။ကမ္ဘာ့ ကမ္ဘာ အစဉ်အဆက်ဆက်က လူအာဘာနည်းများ ဤကဲ့သို့ ကြံစည်နိုင်ခြင်း တုပနိုင်ခြင်းကြောင့် ပုဂ္ဂလဝိဥာဉ် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကိုတွေ့၍ အားကျပြီး တုပလိုသော ကြောင့် ဆုလေးပါးကို ပန်ဆင်၍ ပါရမီဖြည့်ကျင့်ကြသဖြင့် ဘုရားအဖြစ်တော်သို့ ရောက်ကြသည်မှာ ဂင်္ဂါဝါလု သဲစုမျှ မက ရှိကြောင်းကို ညာဏ်နှင့် သိလေ၊ ။ဘုရားတဆူကို တဦးတယောက်က တုပ ကြံစည်ခြင်းကြောင့်သာ ဘုရား ဖြစ်၍ဂင်္ဂါဝါလုသဲမက ဘုရားပေါင်းများစွာဖြစ်သည် မတုပ နိုင်ဟုဆိုပါလျှင် ဘုရားတဆူမျှပွင့်ဘို့ရာမရှိနိုင်၊ ။ဖြစ်သမျှ ပုဂ္ဂလဝိဥာဉ် ဘုရားအပေါင်းတို့သည် တဆူကတဆူကိုတုပ ကြံစည်နိုင်၍သာ ဘုရားများစွာဖြစ်သည်ဟု မှတ်ပါလေ။

သို့ဖြစ်ပါ၍၊ ဒီပင်္ကရာ’ တဏှင်္ကရာ’ မေဓင်္ကရာ’ သရဏင်္ကရာ’ ကောဏ္ဍညသံ’ ဂေါဏာဂုဏ်’ ကဿပ’ ဂေါတမ-ဟု၊ ပုဂ္ဂလ ဝိဇ္ဇာနံ အမည်မျှသာ ကွဲကြသည်၊ ဘုရားဆိုသော စကားမှာ မကွဲ၊ တခုတည်းအမြဲ၊ နိဗ္ဗုဘုရား၊ နိယတဘုရား၊ ဓမ္မဝိဇ္ဇာနံ ဘုရား၊ အမြဲဘုရား၊ ဤဘုရားမှသာ ဘုရားဟုမှတ်လေ။

ဤနိယတ၊ နိဗ္ဗု၊ ဓမ္မဝိဇ္ဇာနံအမြဲဘုရား၊ ကြွမ်းအောင်းသော ခန္ဓာ ပညတ်၊ သကပ်ဒြပ်ကိုသာ ခွဲ၍၊ ပုဂ္ဂလဘောဒအားဖြင့် ပုဂ္ဂလ ဒိဇ္ဇာနံ ဘုရား, လူက ဖြစ်သည့် ဘုရားဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

ဒီပင်္ကရာ။ ။ဒီပတဏှင်္ကရာဟု ပုဒ်ဆစ်သဖြင့်၊ တဏှာ ကုန်၍ အလင်းသို့ရောက်သောသူဟု အနက်ရ၏။ ။ဒီပင်္ကရာ နှင့် ဘုရားနှင့် တွဲသော် ဒီပင်္ကရာဘုရား။ ။အဓိပ္ပါယ် မှာ၊ တဏှာ ကုန်၍ အမြဲဘုရားကြွမ်းအောင်းသဖြင့်၊ အလင်းသို့ မြင်သောသူ, ရောက်သောသူဟု ခေါ်သည်။

တဏှင်္ကရာ၌လည်း၊ ဘုရားနှင့် တွဲမှ တဏှင်္ကရာ ဘုရား ဖြစ်သည်။ တဏှင်္ကရာ၊ တဏှာကုန်ခန်း၍ ဘုရား ကြွမ်း အောင်းသောသူဟုခေါ်သည်။ ။သို့ဖြစ်ပါ၍၊ ဘုရားတခြား တဏှင်္ကရာတခြား ဂေါတမတခြား ဘုရားတခြား,ကောဏ္ဍ သံတခြား,ဘုရားတခြား,ကဿပတခြား,ဘုရားတခြား,ဘုရား ကလိုက်၍ လိုက်၍ တွဲပါမှ၊ ဂေါတမ,ဘုရား၊ဒီပင်္ကရာ,ဘုရား၊ တဏှင်္ကရာ, ဘုရား၊ ဤကဲ့သို့ ခေါ်ဝေါ် သမုတ်ကြသည်။ ဘုရား, ဘယ်သင်းလဲ၊ ဂေါတမ, ဘယ်သင်းလဲ။ ။ဘုရား

ဘယ်သင်းလဲ၊ ကဿပ ဘယ်သင်းလဲ၊ ဤကဲ့သို့ ကွဲပြား၍ မသိခြင်းကြောင့်၊ ဟိုဘုရား, သည်ဘုရား, တောင်ဘုရား, မြောက်ဘုရား ဟု အမှတ် အထင် ကွဲလျှက်၊ ဗုဒ္ဓဘာသာ လူမျိုးတို့ ယခုတိုင် ရှိနေကြသောသူ အလွန်တရာ များပြား ကြသည်၊ ဉာဏ်နှင့် သေသေ ချာချာ စဉ်းစားကြပါကုန်၊

"ဓမ္မဝိဇ္ဇာနုရ-နိဗ္ဗာနကျမ်း"

ဤတွင်

ပြီးပါပြီ။

# သောတာပန်လမ်း–သံခိပ်ကျမ်း။
## “ နိဒါန်း ”

ဗုဒ္ဓဘာသာ၏ သာသနာအစစ်ကို ဖွင့်လှစ် တည်ထောင်တော်မူသော ဝိပဿနာ ကမ္မဋ္ဌာန်းပြ ဓမ္မကထိက ပုဂ္ဂိုလ်အမော် နိုင်ငံကျော်သော ဓမ္မစေတီဆရာတော်ဘုရားသည်၊ အများ သဗ္ဗဝါ ပဋိစ္စသမုပ္ပါဒ်ကို ညွှာတာ သနားသဖြင့် ဒါယကာ အများတို့ လျှောက်ထားချက်အရ၊ သောတာပန်လမ်း-သံခိပ်ကျမ်းကို ရေးသားစီရင်ပေသတည်း။

ယင်းကဲ့သို့ ရေးသားစီရင်သောကျမ်းများအနက်၊ (ဓမ္မဝိဇ္ဇာနုရ-နိဗ္ဗာနကျမ်း သောတာပတ္တိ-မဂ္ဂဝိဇ္ဇာကျမ်း၊ ခေတ္တမဂ္ဂ-ဝိဇ္ဇာကျမ်း၊ ပဋိစ္စသမုပ္ပါဒ်လမ်း-မေးဖြေကျမ်း၊ ဘာသာစစ်တမ်း-အလင်းကျမ်း၊ ဓမ္မစေတီ-ဝတ်ရွတ်စဉ်၊ သောတာပန်လမ်း-အလင်းကျမ်း၊ နိဗ္ဗာန်လမ်းပြ-ဓမ္မကထိကကျမ်း) တို့ ဖြစ်ပေသတည်း။

အပါယ် သံသရာ, အပါယ် ဒုက္ခတို့မှ ကင်းလွတ်ကြလိုသော အမျိုးကောင်း သားသမီးတို့သည်၊ ဤ ယခုရေးသားစီရင်သောကျမ်းတို့ကို ကြည့်ရှုသင်ကြားကြပါက၊ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးတို့ကို ရကြ၍၊ ဧကန်မုချ အပါယ်ဒုက္ခမှ ကင်းလွတ်ကြပေလိမ့်သတည်း။

ဗုဒ္ဓ ဘာသာ၏ သာသနာ အရင်း အမြစ် ကျသည်ကို ငါတို့ ဉာဏ်အမြင်မှာ မိန်းမကလေးများဖြစ်ပေသည်။ မိန်းမကလေးတယောက် ဘာသာမှုနှင့် ပျက်စီးက၊ အနှစ်တရာ အတွင်းမှာပင် မိစ္ဆာ ဒိဋ္ဌိတွေ တသိန်း, တသန်းမက ပွါးများ ပေရာ၏။

မိန်းမကလေး တယောက်က ဗုဒ္ဓ ဘာသာ အစစ်ကို တစ်တစ်-ခွခွ၊ ကျကျ-နန၊ သေသေ-ချာချာ၊ ပေါက်ပေါက် ရောက်ရောက်၊ တတ်ကျွမ်းလိမ္မာက၊ ၁-နှစ် ၂-နှစ်အတွင်း မှာပင် တထောင် တသောင်းမက ဗုဒ္ဓဘာသာဖြစ်ပေရာ၏။ အကယ်၍ ပရိယေသနကိစ္စမှုဖြင့် ဘာသာကွဲကို ယူငြား သော်လည်း၊ မိမိ မိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်၊ မိမိတို့၏ သားသမီး တို့လည်းမဖြစ်နိုင်၊ မိမိ၏လင်ကိုသာ ဗုဒ္ဓဘာသာဖြစ်အောင် ကြံစီရာ၏။

ဗုဒ္ဓဘာသာ၏ တရားအစစ်ကို တစ်တစ်-ခွခွ ကျကျ-နန မတတ်မလိမ္မာသောမိန်းမကလေးများသည်၊ ဘာသာကွဲနှင့် အိမ်ထောင်ပြုလိုက်လျှင် ဗုဒ္ဓဘာသာကို စွန့်လွှတ်၍၊ မိစ္ဆာ ဒိဋ္ဌိအယူကိုသာ လိုက်သွား,ပါသွားသူ, များကြပေသည်။

၎င်းမိန်းမကလေးက ပေါက်ပွါးသော သားသမီးတို့သည် လည်း၊ မိစ္ဆာဒိဋ္ဌိသာအကုန်ဖြစ်ကြလေကုန်၏။ ယင်းကဲ့သို့ သာသနာအရင်းအမြစ်ကျပုံ၊ သာသနာကြီးပွါးအောင်စီမံပုံ၊ သာသနာ—ပျက်စီးပုံ၊ သာသနာ—ကြီးပုံ၊ ပေါက်ပုံ တို့ကို အကျယ်နှင့်သိလိုလျှင်၊ ဘာသာစစ်တမ်း - အလင်းကျမ်းမှာ ကြည့်လေ။ ။ငါတို့နှင့် တွေ့ကလည်း၊ လျှောက်ထားလျှင် ပြောပြပါ၏။

## ပဏာမ-ဥယျောဇဉ်။

ဗုဒ္ဓံ၊ ဓမ္မံ၊ မြတ်သံဃံ၊ အဟံ ဝန္ဒိတွာ။

သောတာပန်သို့-များလူကိုယ်-ကြည်ညို တောင်းပန်ထွာ။
သောတာပန်လမ်း-သံခိပ်ကျမ်း-ထုံးဆန်းမည်သည်သာ။
ရုပ်နာမ်ခန္ဓာ-ဓာတ်သစ္စာနှင့်၊အာယတနပဋိစ္စ-မတတ်က
အန္ဓ ခေါ်သည်သာ။
ကလျာဏ အမည်ရ တတ်ကြသူတို့မှာ။
ကလျာဏ-ဖြစ်က-မဂ်မရသည့်သာ။
အန္ဓဗာလ သုပန်ကြ-ဝေးစွ ဂေါ်နှင့်ကွာ။
ဆုတောင်းမခ-ကျင့်ကြိုက-ရမည့် ဧကန်သာ။
ကျမ်းကိုမချင့်-ရမ်း၍ကျင့်-အခွင့်မရောက်ပါ။
နည်းလမ်းသိမှ-ကျင့်လိုက်က-ခဏမဂ်ဆိုက်မှာ။
သောတာပန်မှ-ကျင့်လမ်းစ သိကြရှိရုံသာ။
လူသောတာပန်-မကျင့်ပြန် မှတ်နေ ခုနစ်ဘဝ။
တရားကျင့်က ဧဗီဇ-ကောလနှစ်မျိုးပ။
ပဋ္ဌိတာ နိဗ္ဗုကွာ ဤဘဝ ရေဟန္တာ။
တရားကျင့်ကျင့် မကျင့်ကျင့်-အခွင့်ရောက်သည်သာ။
အနာဂါရ—အာဂါရနှင့်၊ ပုဂ္ဂလ နှစ်မျိုး—ကျင့်စဉ်ရိုး၊
ကျမ်းကိုးပြမည့်သာ။
ထွက်လမ်းသိက နိဗ္ဗာန်-ကျင့်ရမဟုတ်ပါ။
ကျင့်ရန်မခက် သိဘို့ခက်-မပျက်မှတ်လိုက်ပါ။
ရုပ်နာမ်မသိ-လူမိုက်-ဖြစ်မည်ဧကန်သာ။
ရုပ်နာမ်သိက-မိုက်ကွာ-ကျင့်ဘို့မလိုပါ။

ထိုကြောင့် ပင်လျှင်-ဤကျမ်းတွင်-သင်အံကျက်မှတ်ပါ
နိဗ္ဗာန်လိုလား အမျိုးသား-ကြိုးစားကြလေပါ။

—— ၀ ——

## ခန္ဓာငါးပါးသံခိပ်။

ရူပဝေဒနာ-သညာသင်္ခါရ-ဝိညာဏ-မှတ်ကြငါးခန္ဓာ၊
ဖေါက်ပြန်ခံစား မှတ်သားစိမံ-သိကြောင်းကြံ-မှတ်ရန်
အကျဉ်းသာ၊
ဖေါက်ပြန် တတ်ပြား - ရုပ်တရား - မှတ်ထား - ခုတ်
လေးဖြာ၊
ခံစားတတ်စွာ ဝေဒနာ ငါးခုသရုပ်လာ။
မှတ်သားသညာ ခြောက်ခုဖြာ-အာယတနာ-ပဒ္ဒိန္ဒြာ။
သင်္ခါရတရား-စိမံပြား-များသုငါးဆယ်သာ။
အသိဝိညာဏ် ပွါးခြောက်တန်-မှတ်ရန်ဒွါရသာ။

——

## ပရမတ်ရုပ်ခုတ်-ဖြ-ပါးသံခိပ်။

နှုံးသုံ့ပြော့မာ ကြမ်းတန်းစွာ-မှတ်ပါ ပထဝီခုတ်။
ဖွဲ့စီးယိုမှု-ကပ်တွယ်ပြု-ရှုခလာ,အာပေါခုတ်၊
ဧး, ပူ နွေး, လောင်-ကျွမ်းဤသောင်-လှုပေါင်တေဇော
ခုတ်။
လှုပ်ရှား ထောက်ကန် - တောင့်တင်းပြန် - မှတ်ရန်,ဝါ
ယောခုတ်။

ရုပ်ကလာပ်ခြား - ခွဲထား ပေါက်လင်း-ရှိတုံလျှင်း မှတ်
ခြင်းအာကာသ၊
ကြီသိသမှု-ဝိညာဏ-မှတ်ကြခေတ်ခြောက်ရပ်၊

## ခေတ်-၁၈ပါးသံခိပ်။

မျက်, နား, နှာ, လျှာ ကိုယ်, မနာ ခြောက်ဖြာအခံခေတ်၊
ဆင်း, သံ, နံ့ ရ, တွေ့ ကြီဆ-ခြောက်ဝအတိုက်ခေတ်၊
မြင်, ကြား.နံ, လျက် ထိ ရုပ်မှတ်တိ သိသမှုနာမ်ဟုမှတ်
မျက်, ဆင်း, နှစ်ခု ပေါင်းဆုံပြု မြင်မှု ရုပ်နာမ်ပေါ်၊
နား, သံ, နှစ်ခု-ပေါင်းဆုံပြု ကြားမှုရုပ်နာမ်ပေါ်၊
နှာ, နံ့, နှစ်ခု-ပေါင်းဆုံပြု နံမှုရုပ်နာမ်ပေါ်၊
လျှာ. ရ, နှစ်ခု ပေါင်းဆုံပြု ရမှု ရုပ်နာမ်ပေါ်၊
ကိုယ်,ထိ, နှစ်ခု ပေါင်းဆုံပြု တွေ့မှုရုပ်နာမ်ပေါ်၊
မနော, ကြီဆ, တွေ့ဆုံက-မနု ရုပ်နာမ်ပေါ်၊
မနု, နိုက်သာ, နံ့တိုက်လာ-နှစ်ဖြာနာမ်ချည့်ပေါ်၊

## ပရိညာ-၃-ပါးသံခိပ်၊

ယောဂီသူမြတ်-ဘိစေအံပ်-သုံးရပ်ပရိညာ၊
ညာတ-တိရ-ပဟာန-သုံးဝသရုပ်ဖြာ၊
ခန္ဓာ အာယတန-ပဋိစ္စခေတ်-သမုပ္ပါဒ်-တတ်က ညာတ
သာ၊
ရှင်းပေါ်တွင်-လက္ခဏာတင်-ထင်မြင် တိရဏာ၊
နိဗ္ဗိဒါဉာဏ်-ပြတ်ကင်းကွာ-မှတ်ပါပဟာနာ၊
ထွေထွေ ညာတ-ကူးက-တိရဏာ-ရောက်ခါ - ပဟာန
ပမာပြ မှတ်ကြသေအချာ၊

## မင်္ဂလေးပါး-သံနိပ်။

ခန္ဓာအာယတန-ပဋိစ္စခေတ်-ပရမတ်ခေတ်-ထက်အောင်ခဲကြိတ်ပါ၊
ရုပ်နာမ်ခန္ဓာ-ထင်တုံလာ-မှတ်ပါအနတ္တ၊
အနတ္တာစစ် ရောက်ပြန်လစ်-စင်စစ်ဒိဋ္ဌိကွာ၊
ဒိဋ္ဌိသက္ကာ-ကွာသူမှာ မှတ်ပါသောတာစစ်၊
ခန္ဓာငါးဝ-အနိစ္စဟု-စိတ်က မကြွာ ထင်သောခါ-မှတ်ပါသကဒါစစ်၊
ကာမဂုဏ်ငါးလီ ခံစံသည် ပါးပြီကေန်ဖြစ်း
သီဝထိကိုးဖြာ-ထင်တုံလာ မှတ်ပါအသုဘာ၊
အသုဘာတရား-ထင်တုံပြား-မှတ်ထားနာဂါမ်စစ်၊
ရုပ်နာမ်အစ ဒုက္ခရှု ထင်မှုရဟန္တာ၊

---

## လက္ခဏာလေးပါးသံနိပ်။

အနိစ္စ ဒုက္ခ-အနတ္တ မှတ်ကြ အသုဘာ၊
နိစ္စသုခါ-အတ္တာ-သုဘ ဤလေးဝ-သတ်မှ သေမည်သာ။
မသတ်တတ်က-သံသာရ-ဘဝရှေမည်သာ၊
အနတ္တရောက်-အတ္တပျောက် - မှတ်လောက် သောတာသာ၊
အနိစ္စရောက်-နိစ္စပျောက်-မှတ်လောက်သကဒါ၊
အသုဘာရောက်-သုဘပျောက်-မှတ်လောက်အနာဂါ
ဒုက္ခ ထင်ရောက်-သုခပျောက် မှတ်လောက်ရဟန္တာ ၊
ခန္ဓာငါးတွင်-လက္ခဏာတင် ကျင့်စဉ် ဤတိုင်းသာ။

## ပဋိစ္စသမုပ္ပါဒ်-သံခိပ်။

သစ္စာလေးပါး မသိခြား မှတ်ထားအဝိဇ္ဇာ၊
ကုကုနှစ်ဖြာ-စိမံတာ-မှတ်ပါသင်္ခါရာ၊
ဘဝနှစ်ရပ်-ခေတ်နှင့်စပ် မှတ်ကြဝိညာဉ်သာ၊
ကိုယ်စိတ်နှစ်ဖြာ-ဆိုသည့်မှာ-မှတ်ပါရုပ်နာမ်သာ၊
မျက်၊နား၊နှာ လျှာ၊ကိုယ်မနာ-ခြောက်ဖြာအာယတနာ၊
ထိမှုခြောက်ဝ ရှည်တုံက ဖဿ ခေတ်ခြောက်ဖြာ၊
ခံစားတတ်ထာ-ငါးရလာ-မှတ်ပါဝေဒနာ၊
အာရုံခြောက်သွယ် မြောက်ပွါးချယ်-သုံးဆယ်ဝေဒနာ
ခြောက်ဖြာအာရုံ ကပ်ငြိထုံ-ခြောက်ပုံခေတ်တဏှာ
စွဲလမ်းတတ်ပြန် ဥပါဒါန် လေးတန်သူ့သင်္ချာ၊
ဒိဋ္ဌိ၊ကာမ သီလဗ္ဗတ-အတ္တ၊လေးသင်္ချာ၊
ဖြစ်တတ်ဖြစ်အပ်-သူ့သင်္ခေပ် မှတ်ကြ ဘဝသာ၊
ဥပပါတ် ကမ္မ-နှစ်ရပ်ပြ ဘဝခေတ်သင်္ချာ၊
ကမ္မဘဝ ကုကုပြ-ဥပ ရုပ်နာမ်သာ၊
ဘဝခေတ်ကား-အကျယ်အား ကိုးပါးကျမ်း၌သာ၊
အသစ်ရုပ်နာမ် ဖြစ်ရဟန်-မှတ်ရန်ဇာတိသာ၊
ဆံဖြူသွားကျွ-သားရေယွင်းယို ခန္ဓာကိုခေါ်ဆိုမှုဇရာ
ပျက်ဆုံးသေကြေ-ရုပ်နာမ်ထွေ-ခေါ်လေမရဏာ၊
စိုးရိမ်မည်ငို-ကိုယ်စိတ်ဆင်းရဲ-လွန်ပူကဲ-ခွဲလော ခေတ် ငါးဖြာ၊

## သံသရာရှဲ့ချ-ဘူရင်သုံးဦး သံခိပ်။

တဏှာဒိဋ္ဌိ မာန်တို့ သိလော ပပဉ္စာ၊
သံသရာရဟတ် ရှဲ့ထွင်တတ် ရအပ်သူ့သညာ၊
ဒိဋ္ဌိကငါ ငါ့ဉစ္စာ တဏှာစွဲချက်မှာ၊
ငါသာလျှင်တတ်-ငါသာမြတ် မှတ်လော မာနသာ၊
သံသရာကို တိုစေသို-သူ့ကိုသတ်ကြပါ။
သူ့ကိုမဖြတ် ရမ်း၍သတ် မပြတ်သံသရာ။
ဒိဋ္ဌိဖြတ်လျှင် ဂေါ်နှစ်ဆင့် အသင့်ရသည့်သာ။
တဏှာကင်းကွာ-ထိုသူမှာ မှတ်ပါရဟန္တာ၊
မာနတရား ဆိုသည်ကား သီးခြားမသတ်ရာ။
တဏှာကင်းကွာ မာနဟာ ပါကာသွားသည်သာ၊
ဒိဋ္ဌိတဏှာ သတ်သူမှာ မှတ်ပါဥပမာ၊
သဘောဝပင်နှင့်ပေပင်တသီးစိုက်သူနည်း-အပြီးတူဘ့ပါ
ဒိဋ္ဌိပျောက်ကွာ-ဝိစိဟာ-ပါကာ သွားသည့်သာ။
ဒိဋ္ဌိသက္ကာ-ကွာသူမှာ-မဟာသောတာစင်၊
မဟာသောတာ ဖြစ်သူမှာ ပါယ်ရွာတိတ်မဖြစ်၊
လူ့ပြည်နတ်ရွာ ရှန်ဆန်ကာ ချမ်းသာအာသစ်သစ်။
အပါယ်ကင်းလို တောင်းဆုဆို လူမိုက်ကြီးအားသစ်၊
ကာ ဗျာ နှစ်ပါး လွှန်ခေါင်းပါး မှတ်သားသကဒါဝစ်၊
ကာမဘုံမှာ-တကြိမ်သာ လားရန်ရှိသည့်ဖြစ်၊
ကာ,ဗျာ,နှစ်ရပ် အကုန်ပြတ် မှတ်ကြ့အနာဂါမ်စင်၊
လူ့ပြည်နတ်ရပ် ကာမခတ် နှောက်ထပ်လာမဖြစ်၊
ငါးတန်သုဒ္ဓါ ဗြဟ္မာ့ရွာ လားရန့်တလမ်းဖြစ်။

လုံးစုံကိလေ-အကုန်ကျွေ-ဖြစ်လေရဟန္တာ၊
ဝဋ်မြစ်နှစ်ရပ်-အကုန်ပြတ် နောက်ထပ်မဖြစ်လာ၊
ဒုက္ခခပ်သိမ်း-ကင်းလွတ်ငြိမ်း-ဇာတ်သိမ်းတော့သည်သာ၊

---

## မဂ်လေးပါးသံခိုင်။

ကိလေပယ်သတ်-တရားမြတ်-ရအပ်မဂ်နှာမံ၊
ဒိဋ္ဌိဝိစိ-ပယ်နိုင်ဘိ-ဖြစ်၏သောတာပန်၊
ကာမရာဂ-ဗျာပါဒ-ပါးက သကဒါဂါမ်၊
ကာမဗျာပါ-အကုန်ကွာ မှတ်ပါ-အနာဂါမ်၊
ခပ်သိမ်းကိလေ-အကုန်ကျွေ-ဖြစ်လေအရဟံ၊

---

## ဒုစရိုက်ပယ်ပုံ။

သက်သတ်ခိုးမှု ကာမေသုနှင့် မုသားမိစ္ဆာ-ကင်းပြတ်ကွာ-မှတ်ပါ သောတာပန်၊
သကဒါဂါမ်-ပယ်သတ်ဟန်-ကျမ်းဂန် မပြည့်နှုန်း၊
ပိသု ဖရုသ-ဗျာပါဒ ပြတ်က အနာဂါမ်၊
သမ္ဖသ် ဘိဇ္ဈာ-ကုန်သောခါ မှတ်ပါ ရဟန္တာ၊

---

## သောတာပန်ဖြစ်ရန် အကြောင်း-၄-ပါး။

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာ စိတ်ထား၊ မဂ်အားသျှော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ သောတာပန်စစ်၊ ဖြစ်ကြောင်းတည်း၊

## သက္ကာယနှင့် ဒိဋ္ဌိကို ခွဲပြခဏ်း၊

အဟုတ်မှန်စွာ၊ ငါးခန္ဓာ။ မှတ်ပါ သက္ကာယ။
သန္တောကာယော။ သက္ကာယော၊ ဘဝေါကျစေကွ။
ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး။ အထင်မှား၊ မှတ်သား
ဒိဋ္ဌိကာ။

## ကိလေသာ ၃ ပါးကို-မဂ္ဂင် ၃ ပါးနှင့်သတ်ခဏ်း။

လွန်ကြူးဆူပွက်၊ မျိုးမပျက်၊ ၃-ချက် ကိလေသာ၊
သီလသမာ၊ ဓိပညာ။ သတ်ရာ သုံးသိက္ခာ၊
အနုသနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ၊

## သမ္ပဒါန် ရှစ်ပါး ပြခဏ်း။

စောင့်ရှောက်ထကြွ၊ မှုရုံသုံးစား၊ မိတ်ကောင်းများမှီ၊
ဤလေးလီ၊ လောကီ ကြီးမြင့်ကြောင်း။
သဒ္ဓါ သီလ၊ စာဂ ပညာ၊ ဤလေးဖြာ၊ နောင်ခါ
ကြီးမြင့်ကြောင်း၊

## ရန်သူအောင်ခြင်း ၄ ပါး-ပြခဏ်း။

သစ္စာ ဓမ္မ၊ ဝိရိယနှင့်၊ စာဂဟူသည်၊ ရန်သူအောင်မှု၊
ကြောင်းလေးခု။

## သစ္စာလေးပါး ပြခဏ်း။

ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်၊ ဒုက္ခ သစ္စာသာ၊
ခန္ဓာငါးခု၊ ခင်တွယ်မှု၊ သမုဒယသာ၊

ဒုက္ခသမုဒယံ၊ ငြိမ်းရာမှန်၊ နိဗ္ဗာန်နိရောဓ။
နိဗ္ဗာန်လမ်းစဉ်၊ ရှစ်မဂ္ဂင်၊ ခေါ်တွင် မဂ္ဂသာ၊
ရောဂါသွေ့သင်း၊ ပျောက်ခြင်း ဆေးမြတ်၊ ပမာကင်း၊
မှတ်ကြဥပမာ။ ။

## ရဟန်းကျင့်ဝတ် ၆-ပါး။

မကောင်းရာမြစ်၊ ကောင်းရာလှစ်၊ အသစ် ဟောကြူး၊
မကြွားစဘူး၊ ကြွားဘူး ထပ်မံ၊ နိဗ္ဗာန်ဝင်မှု၊ ဉာဏ်ခြောက်ခု၊
ကောင်းမှု, လွန်သေချာ။

## ကျောင်းထိုင်အင်္ဂါ ၅-ပါး။

ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊
နှာခ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ၅-အင်္ဂါ၊

## တရားနာကျိုး ၅-ပါး။

မကြွားစဘူး၊ ကြွားဘူး ဖြူစင်၊ ကင်္ခါ ပျောက်ကင်း၊
ဖြောင့်စင်းအယူ၊ စိတ်မှုကြည်လင်၊ ဉာဏ်၅ အင်၊ ချစ်ရှင်တရား၊
နာကျိုးတည်း၊

## ခန္ဓာ ၅ ပါးကို-ဥပမာနှင့်ပြခဏ်း။

ရေမြှုပ်ပမာ ရုပ်ခန္ဓာ၊ ဝေဒနာ-ရေပွက်သာ၊
တံလျှပ်သညာ-သင်္ခါရာ၊ မှတ်ပါ ငှက်ပျောသာ၊
စိတ်ဝိညာဏ - မျက်လှည့်ပြ၊ ဗုဒ္ဓ, ဥပမာ၊

## သမထဝိပဿနာ နှစ်ပါး-ထူးခြားဟန် ပြခန်း။

သမထ ဝိပဿ်-ဤနှစ်ရပ်၊ မှတ်ကြ ဘာဝနာ၊
သမထ ဝိပဿနာ-တို့နှစ်ဖြာ၊ ဓူတာ မဟုတ်ပါ၊
သမထ ဘာဝနာ–ဆိုသည်မှာ၊ ငြိမ်းရာ ကပ်ရပါ။
ဗဋ္ဋဗောခ၊ ဆယ်ကြောင့်ကြ၊ ပယ်ရသေးသည်သာ။
နေရာအပြစ်၊ တဆယ့်ရှင်၊ စင်စစ် ကင်းစေရာ၊
အင်္ဂါငါး၁၊ ပြည့်ရုံမျှ၊ ဟန်ကျ ထိုနေရာ၊
ငြိမ်းရာဌာန၊ မကောင်ကြဘဲ၊ ပိတ်ကစွဲ၊ အမြဲ မဖြစ်ပါ။
လေးဆယ် သမထ၊ အကုန်ပြ၊ ကြည့်ကြ, သင့်ဟုတ်မှာ၊
သမထ တရား၊ ဆိုသည့်ကား၊ ရခြား, ဈာန်ကိုသာ၊
ခြောက်ရှစ် နိဝရဏ၊ ဆူါနိုင်မှ၊ ရကြ ဈာန်ဆိုတာ၊
ကာမဂုဏ်ငါး၊ ခွေကြီးငြား၊ ပျက်ပြားတတ်သည်သာ၊
မပျက်ပါမှ၊ နှစ်ဘ၊ ရကြ ထောက်တည်ရာ၊
အပါယဘေး၊ မလွတ်သေး၊ တွေးလော ဉာဏ်နှင့်သာ၊
ဝိပဿနာ–ဉာဏ်ဆိုတာ။ လွန်စွာ မခက်ပါ၊
အိမ်ထောင်ကိစ္စ၊ မပယ်ချဘဲ၊ ပိတ်ကစွဲ၊ အမြဲလုပ်ရပါ၊
နှစ်ပါးနိဝရဏ၊ ပယ်နိုင်က၊ ရကြမဂ် သောတာ၊
အပါယဘေး ရှင်းရှင်းဝေး။ တွေးလောဉာဏ်နှင့်သာ၊
ကာမဂုဏ်ငါး၊ ခံစားခံစား။ ပျက်ပြားမရှိပါ၊
ဝိသာခါနှင့်၊ သဏ္ဍာ သိကြငြား၊ ထိုသူများ၊ ဉာဏ်အားထင်စေပါ၊
ဝိပဿနာလောက်၊ ကျိုးမရောက်၊ ကျွမ်းထောက်ပြနိုင်ပါ၊

ဤနည်းကိုပ-သဘောကျ-ရှုဋ္ဌသောတာသာ၊
ရုပ်နာမ်ပရမတ်-သိတုံလတ်-မှတ်လောဒိမြဲကွာ၊

## ပညတ်, ပရမတ်, ရောစပ်သော ဓာတ်ကို ပြခဏ်း။

ဆံပင်ကစ ဦးနှောက်ကျ-ဝိသ ပထဝီသာ၊
ပိတ္တံ, အာဒိ, မုတ္တံထိ - ဒွါဒိ, အာပေါဘာ၊
ဖျားသောအပူ၊ နူလာပူနှင့်၊ ရင့်စေ၊ ကျက်စေ၊ ဤလေး
တွေ့၊ မှတ်လေ တေဇောသာ၊ ၊ယောက်ျား။
ဖျားသောအပူ၊ မီးရင်ပူနှင့်၊ ရင့်စေ၊ ကျက်စေ၊ ဤလေး
တွေ့၊ မှတ်လေ တေဇောသာ၊ ၊မိန်း၊
ဆန်ရုန် အရှဝမ်း၊ ကိုယ်လုံး ဖြန်းနှင့်၊ တခန်း ထွက်ဝင်၊
ခြောက်ပါးလျှင်၊ မှတ်ခြင်း ဝါယောသာ၊
ငင်းလေးရပ် ပေါင်းတုံလတ်-ရုပ်ခါတ် လေးဆယ်နှစ်၊
ဝိညာဉ်ခြောက်ပါး-ရောတုံငြား-ဓာတ်ကားလေးဆယ်
ရှစ်၊
ပရမတ်ရုပ်နာမ်-စွဲကာပ်ပြန်-မှတ်ရန်ဒိမြဲသာ၊
ပညတ်ရုပ်မှာ-တဏှာဟာ-နာနာ ငြိသည်သာ၊
တဏှာဒိမြဲ-ဒွါလိုဘိ-ကြည့်၍ရှုကြပါ၊

## ဝိပ္ပလ္လာသ ၁၂-ပါး ပြခဏ်း။

စိတ္တသညာ-ဒိဋ္ဌိပါ-မှတ်ရာဝိပ္ပလ္လာ၊
နိစ္စ, သုခ, အတ္တ, သုဘာ, ဤ(၄)ဖြာ ပွါးရာဆဲနှစ်သာ၊
ဝိပ္ပလ္လာရှစ်-ပယ်တုံလစ် စင်စစ် သောတာသာ၊

သကာဒဂါ-ပါသ်သတ်ရာ-ကျမ်းမှာ မပြည့်သွန်း။
ဓိတ္တသညာ-သုဘာမှာ-နာဂါမ် ပယ်ရာညွှန်း၊
ဝိပ္ပလ္လာ(၁၂)ပယ်တုံလစ်-စင်စစ် ရဟန္တာ။

## ဓမ္မစေတီ ဆရာတော်ဗုရားကို ကန်တော့ခက်း။

ရတနာငြိလျှံ၊ အပရာဇိတ်၊ ပလ္လင်ပျံ့ဝယ်၊ တုမခံအံ့ရာ၊ သုတံမြတ်စွာ၊ လူ့ဗြဟ္မာ, နတ်တကာတို့၏၊ ကိုးကွယ်ရာမှန်ကူ၊ ညာဏ်မတူလှစ်၊ စံယူ၍မဖြစ်နိုင်အောင်၊ သယမ္ဘူစစ် ဖြစ်တော်မူပေသော မြေတောင်အလုံး နေရောင်ဖုန်းသကဲ့သို့ ပရမေခေါင်ဆုံး ကိုယ်တော်မြတ်သည်၊ နတ် လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာ သောင်ကမ်း၊ နိဗ္ဗုန္နန်းသို့၊ လှမ်းတက်ရအောင်၊ ရည်ရွယ်ဆောင်၍၊ ငါးထောင် သာသနာ။ ထားသည်မှာကို၊ ဘဂဝါရှင်ချစ်၊ သားတော်စစ်တို့၊ ဆက်လှစ်၍သာ၊ပြုသည့်တာကြောင့်၊ခုခါရေခံ့ရှိ၊အတိဓဇာ၊ဇာခနေယျာသို့၊ ငါမှသာသနာ။ ပြုနိုင်မှာဟု။ ငါးဖြာကာမ။ ပယ်စွန့်ချပြီး။ ဗုဒ္ဓမြတ်စွာ။ သာသနာထမ်း၊ ရဟန်းအစစ်၊ သားအဖြစ်ကို၊ စင်စစ်ရောက်တော်မူပေသော၊ လူသချော်မှာ။ မွေ့ရာပယ်နွှေ၊ တယောက်မှို၊ ဓမ္မစေတီဟု၊နယ်ပြည်ကျော်ကြား၊ ကျေးဇူးတော်ရှင် အရှင်ဗုရားအား။ နှစ်ဖြာနာမ်ရုပ်၊ မချုပ်သမျှ။ ဘဝဘေးပေါင်း။ ထောင်သောင်းမက။ ခံနေရသော ဒုက္ခသည်-တပည့်တော်တို့သည်၊ သံသရာသမုဒ်၊ ဝဲဇာလုပ်မှ၊ နှုတ်ထွက် စေရန်၊ ရည်ရွယ်သန့်၍၊ ဆယ်တန် လက်ဗုံ

ထိပ်ထက်လျှံပြီး၊ နှစ်ဖုံပါဒ၊ သိဿေကျအောင်၊ ငါးဝခန္ဓာ၊ ရူပကာကို၊ သဒ္ဓါဖွင့်ဖြိုး၊ ဦးနှိမ်ကြိုး၍၊ ရှိခိုးကန်တော့ပါ၏၊ အရှင်ဘုရား၊

---

## ပျို့နှင့် မေတ္တာပို့ရန်။

မေဒုဗဟုရ်။ တောင်မြင့်မိုရ်နှင့်၊ နှိုင်းဆိုမသင့်၊ ပမာချင့်လည်း၊ ကြီးမြင့်အဘိတာ၊ ဘုပထေမျာနှင့်၊ အာကာပြင်ကျယ်၊ ကောင်းကင်လယ်လည်း၊ တကယ်နှိုင်းဆ၊ တုမရသား။ များစွာကျေးဇူး၊ ရှိပင်ဘူးသည်၊ ထူးလှပါရမီ၊ အလီလီဖြင့်၊ ဂုဏ်သရေတင့်လည်း၊ ပင်မြင့်ဗုဒ္ဓဟော၊ ပရမေ၏၊ သုံးထွေသာသနာ၊ ကြီးပွားရာကို၊ ငါသာပြုမည်၊ စိတ်တော်ရည်၍၊ အာဘာနည်စစ်၊ ကာမဂုဏ်နှစ်ကို၊ စွန့်ပင်ပယ်ခွါ၊ လူတို့ရွာမှာ၊ ဗုဒ္ဓါရှင်ချစ်၊ သားတော်ဖြစ်သည့်၊ ထူးသစ်သညီ၊ မေ့စေတီဟု၊ နယ်ပြည့်ကျော်ကြား၊ ရှင်ဘုရားအား၊ ဝပ်တွားပဏာ၊ ဦးတင်ပါ၏၊ ရာကျော်သက်ပေါင်း၊ ရှည်စေကြောင်းဖြင့်၊ မကောင်းအနိဋ္ဌ၊ ဘေးဘယတို့၊ မခကင်းစင်၊ လူရှင်ရဟန်း၊ ရန်မသန်းဘဲ၊ ချမ်းပါစေ၊ မေတ္တာရေဖြင့်၊ ထွေထွေထပ်လောင်း၊ မာစေကြောင်းကို၊ ညွှတ်ပြောင်းပဏာ၊ သာသနာကျိုး၊ ကိုယ်တော်ကျိုးလည်း၊ သည်ပိုးနိုင်စေ၊ တက်သစ်နေနှင့်၊ ထွက်ပေခါသမယ၊ စန္ဒာ (လ) သို့၊ ကြီးစွာဘုန်းရှိန်၊ ဂုဏ်မတိမ်ဘဲ၊ သုံးအိမ်နှောင်မှ၊ ကင်းစင်ပအောင်၊ ဗလကိုယ်အား၊ ညာဏ်နှစ်ပါးဖြင့်၊ တိုးပွါးပါစေ၊ သွန်းညောင်ရေနှင့်၊ များတွေသဏ္ဍာပါ၊ ဝေဘောယျာဘို၊ တဏှာဒိဋ္ဌိ၊

မာန်ပြဲကို၊ မိမိရေ၊ ဖြတ်နိုင်ကြအောင်၊ ဟောပြနိုင်စေ၊ သက်တော်ရှေပြီး၊ ကြိလေသာသနာ၊ ရှိသည့်တာကို၊ ငါ သာသနာပြုမည်၊ စိတ်တော် ရည်တိုင်း၊ မဆုပ် ဆိုင်းဘဲ၊ ဟုတ်တိုင်းကိုသာ၊ ဖြစ်နိုင်ပါစေ၊ ငါးထွေခန္ဓာ၊ ရူပကာ လည်း၊ သခ်ါရပူ၊ ကြောင်းလေးခုမှ၊ ဥပါဒ်မြဲဘင်၊ နာမ်ရုပ် ရှင်တို့၊ အစဉ်ဆက်လတ်၊ ခါမပြတ်အောင်၊ ကြိုးဖြတ်အား အင်၊ တွင်းပြင်နှစ်ဝ၊ ရန်မခဘဲ ကြိသမျှပြည့်ရုံ၊ ဘာမဖြုံဘဲ၊ ကိုလုံကြွယ်ဝ၊ လိုရှိရ၍၊ ဗုဒ္ဓသာသနာ၊ မမှိန်ဖြာသည်.......၊ ဝကြာတိုက်လုံး လင်းစေတတည်း။

## ဆုတောင်း-ရေစက်ချ။

၁၊ ဒါနသီလာ၊ ဘာဝနာဖြင့်၊ ၁၀-ဖြာပုညာ၊ ကုသလ ကြောင့်၊ လေးဝမဂ္ဂင်၊ နိဗ္ဗာန်ဝင်၊ လျှင်မြန်ရှောံရလို၊

၂၊ ဒါနသီလာ၊ ဘာဝနာဖြင့်၊ ၁၀-ဖြာပုညာ၊ ကုသလ ကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာကို၊ အာဘာနည်ပ ပရိသ၊ မချ ဖြစ်ရလို၊

၃၊ သီလသမာ၊ ဓိပညာနှင့်၊ သိက္ခာ၃ ဆင့်၊ ပြည့်ရုံ တင့်လျှာဘ်၊ ရောဂါခပင်း၊ လွတ်လွတ်ကင်း၊ ငြိမ်း ခြင်း ရပါလို၊

၄၊ ပညာပဟူသမ္ဘ၊ တဘ်လွယ်ရ၍၊ မြတ်စွာ့အမျိုး၊ တံခိုး ရှိနှင့်စေဘ်၊ ကမ္ဘာပေါ်၊ ကျော်အောင်ဖြစ်ရလို၊

၅၊ အသင်းအင်္ဂါ၊ လက္ခဏာမှု၊ ဘယ်သူပြိုင်က၊ တုမရတဲ့၊ ဆထောင်ကဲ၊ အမြဲဖြစ်ရလို၊

၆၊ ကာမဂုဏ်တရား၊ အရုပ်များကို၊ ပယ်ရှား ပြီးခါ၊ သာသနာဝယ်၊ ရောင်ဝါထင့်ဆန်း၊ မြတ်ရဟန်း၊ မှန်းတိုင်း ဖြစ်ရလို၊

၇။ သုံးပုံပိဋကတ်၊ တရားမြတ်လည်း၊ တတ်အပ် ထင်ထင်၊ နှုတ်ဝယ်တွင်၊ အစဉ်ရပါလို၊

၈၊ မဂ်,ဖိုလ်,တရား၊ ခက်သိများကို၊ ပိုင်းခြားဝေဘန်၊ ကျေနပ်တိတိ၊ ဒိဗ္ဗိတဉာဏ်၊ ကွဲအောင်သာ၊ မြန်စွာပြရလို၊

၉၊ အန္တပါလေ၊ မိုက်သူတွေကို၊ သေသေချာချာ၊ အာယတနာပဋိစ္စ၊ ငါးဝခန္ဓာ၊ ဓာတ်သစ္စာနှင့်၊ ဝိပဿနာတရား၊ ရုပ်နာမ်များ၊ ပိုင်းခြားပြရလို၊

၁၀၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ လည်း၊ မကြာ ချက်ခြင်း၊ သောင်းတိုက်တွင်း၊ ထွန်းလင်းရပါလို၊

—— ၀၀ ——

## မေတ္တာပို့။

၁၊ ယခုပြုရ၊ ကုသလကြောင့်၊ များစွာ့သတ္တဝါ၊ ဝေဘောယျာလည်း၊ ရောဂါကင်းပျောက်၊ ဘေး မရောက်ကြံတိုင်းမြောက်ပါစေ၊

၂၊ တိုင်းသား ပြည်သူ၊ များရှင်လူတို့၊ ကြည်ဖြူသဒ္ဒါ၊ ရတနာ ၃-ပါး၊ ဦးထိပ်ထား၊ ညွတ်တွားခ,စေရာ၊

၃၊ ပြည့်ရှင် မင်းမြတ်၊ သမေ့ နတ်လည်း။ စောင့်အပ် တရား၊ မမှားဆယ်ဖြာ၊ ကျင့်သိက္ခာ၊ ကောင်းစွာ ပြည့်ပါစေ။

၄၊ ဆောင်း, နွေ, မိုးလ၊ သုံးဝဥတု၊ ရာသီမှု၊ ယခု ညီစေရာ၊

၅၊ သီးနှံပဲပြောင်း၊ ကောင်းစေပါး။နှမ်းကားထပ်ဘူ၊ တောင်သူတလွှား၊ ပြည့်ရုံငြား၊ ပေါများကြပါစေ၊

၆၊ ပေါများ ရွှေ-ငွေ၊ ဆံရေပေါ်၊ ကျွဲ-နွား-ဆင်-မြင်း၊ ပြည့်ရုံလျှင်း၊ ငြိမ်းခြင်း ရောက်ပါစေ၊

၇၊ ကောင်းခြင်းရောင်းဝယ်၊ ကုန်သည် သူဌေး၊ မည် ကြွေး၄ါးချ၊ကုန်စင်ရ၍၊ဖွာပစေရာ၊တံဆာဆင်မိုး၊ ထိန်ထိန်မိုး၊ ပွင့်ဖြိုးကြပါစေ၊

၈၊ စိုးရိမ်ကြောင့်ကြ၊ ဗျာပါရလည်း၊ ကင်းကြစေလို၊ ဆုပန်လို၊ လူမိုလ်သတ္တဝါ။

၉၊ ကောင်းကြိုဟူသမျှ၊ပြည့်ရုံကြလျက်၊သတ္တာသယရန်၊ ပယ်သတ်ဟန်၊ ဉာဏ်မြင်လင်းပါစေ၊

၁၀၊ ဒိဋ္ဌိသတ်နည်း၊ တရားကြီးလည်း၊ ညီးညီးထိန်ဝါ၊ မှောင်ကိုခွါ၊ မြန်စွာလင်းပါစေ၊

၁၁၊ မြန်စွာလင်းပ၊ သက္ကာယကို၊ ပယ်ချပြီးခါ၊ အရိယာ ဇာတ်တွင်း၊ ရောက်တုံလျှင်း၊ လင်းစေသာသနာ၊

၁၂၊ မေတ္တာပို့သမျှ၊ ပြည့်ရုံကြ၍၊ များဖွာဝေဘော၊ ရကြ စေ၊ ပေးဝေအမျှသာ၊ ၊သာဓု-သာဓု-သာဓု၊

## မဏ္ဍလ ၁ မ ဥဒ္ဒေသ ဝဇီ သံခိပ် - အဓိပ္ပါယ်ပြခဏ်း။

### (၁) ဗုဒ္ဓ၊ ဓမ္မ၊ မြတ်သံဃာ၊ အဟံဝန္ဒိတွာ၊

အဓိပ္ပါယ်။ ။ဗုဒ္ဓားအစစ်၊ သဗ္ဗညုတ, ဉာဏ်ကြီးမြင်းအောင်းသော အရှင်မြတ်၊ တရားအစစ်၊ မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်ပရိယတ္တိ ဆယ်ပါးသော တရားတော်မြတ်၊ သံဃာအစစ်၊ မဂ်၌တည်သော ပုဂ္ဂိုလ် ၄-ယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ် ၄ ယောက်၊ ဤရှစ်ယောက်သော အရိယာအရှင်မြတ်၊ ။ဤဗုဒ္ဓားအစစ်,တရားအစစ်, သံဃာအစစ်ကို အသက်ရှည်သမျှ ကိုးကွယ် ဆည်းကပ်ခြင်းမှန်သည်အတိုင်း၊ ဝန္ဒနာပဏာမဖြင့် ရှိခိုးပါ၏၊

### (၂) သောတာပန်လို၊ များလူဗိုလ် ကြည်ညိုတောင်းပန်တွာ၊

အဓိပ္ပါယ်။ ။ပုထုဇန် အဖြစ်နှင့် နေရသမျှ ကာလပတ်လုံး၊ အပါယ်ဘေး, အပါယ်ဒုက္ခ, ဧကန်မလွတ်သည်ကို သိကြသည်ဖြစ်၍၊ ၎င်းဒုက္ခမှ စိတ်ချ လက်ချ ဧဧ မြဲမြဲ လွတ်ငြိမ်းသော သောတာပန်, သိကြား, ဝိသာခါ, အနာထပိဏ်တို့လို၊ လင်-သားမယား၊ ရတနာ-ရွှေငွေ၊ ကာမဂုဏ် မည်းစိမ်ကို ခံစံလျက်၊ နိဗ္ဗာန်ကိုဝင်လိုမှုကြောင့် သောတာပန်ဖြစ်ဘို့ရာ နည်းလမ်း ကျမ်းပြုတော်မူရန်၊ တောင်းပန်ကြသည်၊

---

### (၃) သောတာပန်လမ်း၊ သံခိပ်ကျမ်း၊ ထုံးဆန်း မည်သညာ၊

အဓိပ္ပါယ်။ ။သောတာပန် ဖြစ်သော နည်းလမ်းကို၊ ကျကျ-နန သေသေ-ချာချာ ဗမာစာတတ်သူမှန်က ခလေး လူကြီး သိနိုင်တို့ရန် ရေးသားသော ကျမ်းဖြစ်သည်။

(၄) ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့် အာယတန ပဋိစ္စ
မတတ်က အန္ဓ ခေါ်သညာ၊ ။

အဓိပ္ပါယ်။ ။ရဟန်း ရှင်လူ မည်သူမဆို ပုဂ္ဂိုလ်တို့ သည် ရုပ်တရား နာမ်တရား ခန္ဓာတရား ဓာတ်တရား သစ္စာတရား အာယတနတရား ပဋိစ္စသမုပ္ပါဒ် တရားတို့ကို မသင်မကြား၍ မတတ်က သံသရာထွက်လမ်း ဉာဏ် မျက်စိကန်းကြ၍ အန္ဓပုထုဇန် လူမိုက်ဟု ခေါ်သည်။

(၅) ကလျာဏ၊ အမည်ရ၊ တတ်ကြ သူတို့မှာ။

အဓိပ္ပါယ်။ ။ဤ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ အာယ တန, ပဋိစ္စသမုပ္ပါဒ် တရားတို့ ကျွမ်းကျင်လိမ္မာ၍ တတ် စွမ်းသောသူသည်၊ သံသရာ ထွက်လမ်းကို ဉာဏ်မျက်စိ ပေါက်ရောက်သောကြောင့်၊ ကလျာဏပုထုဇန်ဟု ခေါ် သည်။

(၆) ကလျာဏ မဖြစ်က၊ မဂ်မရသည်သာ။

အဓိပ္ပါယ်။ ။သွားလိုသောခရီးလမ်းတခုကို ရှေးဦးစွာ ပိုင်ပိုင်နိုင်နိုင်မသိဘဲလျှက် သွားလျှင် မရောက်နိုင်သကဲ့သို့၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရားကို သိကျွမ်းသူ၊ ကလျာဏမဖြစ်က မဂ်ဖိုလ်မရဟု ဆိုလိုသည်။

(၇) အန္ဓဗာလ၊ ဆုပန်ကြွ၊ ဝေးစွာ့ မဂ်နှင့်ကွာ၊

အဓိပ္ပာယ်၊ ၊ဘာဝနာနည်းမသိတဲ့ သူကျ ရမ်း၍ ဆုပန်ကြွ သော-ရဟန်း ရှင်လူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် အဝေးကြီး ဆိုလိုသည်၊

(၈) ဆုတောင်းမရ၊ ကျင့်ကြံက၊ ရမည် ဧကန်သာ၊

အဓိပ္ပါယ်၊ ၊ရောက်နိုင်ရသော နည်းလမ်းကို ကျကျ နန သင်ကြား၍ တတ်မြောက်က၊ ကျင့်ကြံလိုက်လျှင် ခဏ ကလေး မဂ်,ဖိုလ်နိဗ္ဗာန်ကို ဧကန်ရမည်ဟု ဆိုလိုသည်၊

(၉) ကျမ်းကိုမချင့်၊ ရမ်း၍ကျင့်၊ အခွင့်မရောက်ပါ၊

အဓိပ္ပါယ်၊ ၊ဤ ယခုရေးသားပြသသော "သောတာ ပန်လမ်း-သံခိပ်ကျမ်း" ကို မသင် မကြားတဲ့လျက်၊ ရမ်း၍ ကျင့်က အခွင့်မရောက်နိုင် ဆိုလိုသည်၊

(၁၀) နည်းလမ်းသိမှ၊ကျင့်လိုက်က၊ခဏမဂ်ဆိုက်မှာ၊

အဓိပ္ပါယ်၊ ၊သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်သော နည်းလမ်းကို သိပြီးမှကျင့်လိုက်လျှင် အခါမလင့် ချက်ခြင်းမဂ်ဖိုလ်ကို ရနိုင်သည်ဟု ဆိုလိုသည်၊

(၁၁) သောတာပန်မှ၊ ကျင့်လမ်းစ၊ သိကြွရှိရုံသာ၊

အဓိပ္ပါယ်၊ ၊သောတာပန်-ဆိုသော စကား၊ ကလျာ ဏ-ဆိုသော စကား၊ ရှေ့က သောတာပန်-ဆိုသော စကား သဘောအတူတူ ဖြစ်သည်၊ ကျင့်လမ်းစဉ်ကို သိသော

ပုဂ္ဂိုလ်ဟု ခေါ်သဖြင့်၊ ဤပုဂ္ဂိုလ် သုံးမျိုးဖြစ်မှ ကျင့်လမ်း စဉ်ကို ကျကျနန သိရှိသေးသည်၊

(၁၂) လူသောတာပန်၊ မကျင့်ပြန်၊ မှတ်ရန် ခုနစ်ဘဝ၊

အဓိပ္ပါယ်၊ ၊လူဝတ်ကြောင်၊ တိုးသူတော်၊ မယ်သီလ တို့ သောတာပန်ဖြစ်၍၊ တရားမကျင့်-ဝိပဿနာ ဘာဝနာ ကင်းသော ပုဂ္ဂိုလ်များ ခုနစ်ဘဝလွန်၍ ကျမ်းဂန်၌မရှိ၊ ၈ ကြိမ်မြောက်သောဘဝကို ပဋိသန္ဓေမယူဟု၊ ရတနသုတ် ပါဠိတော်တွင်၊ မြတ်စွာဘုရား ဟောတော်မူသည်၊

(၁၃) တရားကျင့်က၊ ဇေဝိဇကောလ နှစ်မျိုးပ၊

အဓိပ္ပါယ်၊ ၊လူဝတ်ကြောင်၊ တိုးသူတော်၊ မယ်သီလတို့ သောတာပန်ဖြစ်ပြီးနောက်၊ ဝိပဿနာတရား ပွားများပါက တဘဝနေရသော-ဧကဗီဇ သောတာပန် နှစ်ဘဝ၊ သုံးဘဝ လေးဘဝ, ငါးဘဝ, ခြောက်ဘဝ, ပဋိသန္ဓေ နေရသော ကောလာဟလ, သောတာပန်ဖြစ်၏ဟု ဆိုလိုသည်၊

(၁၄) ပဗ္ဗဇိတာ၊ နိဗ္ဗာန်ကွာ၊ ဤဘဝ, ရဟန္တာ၊

အဓိပ္ပါယ်၊ ၊ရသေ့ရဟန်း, ရှင်သာမဏေ, အရဟတ္တဇ ရှိကြသောပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကွာ၍ သောတာပန်ဖြစ်က၊ ၎င်း အဝတ် အသက်ထက်ဆုံးတည်ရှိပါလျှင်၊ ဤဘဝ ရဟန္တာ ဖြစ်၏ဟု ဆိုလိုသည်၊

(၁၅) တရားကျင့်ကျင့်၊ မကျင့်ကျင့်၊ အခွင့် ရောက် သည်သာ၊

အဓိပ္ပါယ်။ ။ဧရဝဇ္ဇပဧဗ္ဗို၊ ဧဟနဲ သာမဏေများ သောတာပန်ဖြစ်က၊ ၎င်းအဝတ် အသက်ထက်ဆုံး တည်ပါမူ။ တရားမကျင့်သော်လည်း ၅ဘဝ ဧဟနဲကိစ္စ တုန်းကုန်၏။

(၁၆) အနာဂါရ၊ အာဂါရနှင့်၊ ပုဂ္ဂလနှစ်မျိုး၊ ကျင့်စဉ်ရိုး၊ ကျမ်းကိုးပြမည်သာ။

အဓိပ္ပါယ်။ ။အနာဂါရ လူမျိုးသည် ကမ္မဋ္ဌာန်းကစ၍ အိမ်ထောင်မှုကို မပြုသောလူမျိုး ခေါ်သည်၊ အာဂါရခေါ်ခြင်းကား၊ အိမ်ယာ တည်ထောင်၍ နေသော ပုဂ္ဂိုလ်မျိုး ခေါ်သည်။ ဗုဒ္ဓရားကိုယ်တော် မြတ်သည် ကာမဂုဏ်ကို လက်မလွှတ်ဘဲလျက် နိဗ္ဗာန်ရောက်သော နည်းလမ်းကို အာဂါရ ပုဂ္ဂိုလ်များအတွက် သောတာပန်လမ်း ဘုံစဉ်ခံလမ်းကို ဟောတော်မူသည်၊ ယခုဘဝ နိဗ္ဗာန်ရောက်လိုသူ အနာဂါရ ပုဂ္ဂိုလ်များ အတွက်၊ ဒိဋ္ဌိတဏှာ နှစ်ပါးသတ် တရားကို ဟောတော်မူသည်။

(၁၇) ထွက်လမ်းသိက၊ နိဗ္ဗာန်၊ ကျင့်ရမဟုတ်ပါ။

အဓိပ္ပါယ်။ ။ရုပ်နာမ်ခန္ဓာ၊ ဓာတ်သစ္စာ၊ အာယတနာ၊ ပဋိစ္စသမုပ္ပါဒ်တရားကို ကျွမ်းကျင် သိမြင်၍၊ ထွက်လမ်းသိက အရိယာသို့ အဝင်အပေါ်၊ အရိယာဖြစ်၍ သဉ်ပ္ပါဒ်သော နိဗ္ဗာန်ကို ရခြင်းကိုခေါ်သည်။

(၁၈) ကျင့်ရန်မခက်၊ သိဘို့ခက်၊ မပျက်မှတ်လိုက်ပါ။

အဓိပ္ပါယ်။ ။ကျင့်ရာလမ်းစဉ်ကို ရှေးဦးစွာ သိပြီးမှ ဘုရားကျင့်ရိုးထုံးစံဖြစ်၍၊ ဤကဗျာသံပေါက်ကိုပြသည်။

(၁၉) ရုပ်နာမ်မသိ၊ လူဒိဋ္ဌိ၊ ဖြစ်မည့် ဧကန်သာ။

(၂၀) ရုပ်နာမ်သိက၊ ဒိဋ္ဌိကွာ၊ ကျင့်ဘို့မလိုပါ။

(၂၁) ထိုကြောင့်ပင်လျှင်၊ ဤကျမ်းတွင်၊ သင်အံကျက်မှတ်ပါ။

(၂၂) နိဗ္ဗာန်လိုလား၊ အမျိုးသား၊ ကြိုးစားကြလေပါ။

ဤကဗျာ ၄-ပိုဒ် အဓိပ္ပါယ်ကား။ ။ခန္ဓာငါးပါးကိုရုပ်နာမ် ခွဲခြမ်း၍သိရမည်။ ဓာတ်ခြောက်ပါး၊ ဓာတ် ၄၉ ပါး။ ဓာတ် ၁၇-ပါး၊ အာယတနခြောက်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား၊ တို့ကို ရုပ်နာမ် ခွဲခြမ်းစိတ်ဖြာ၍ သိရမည်။ ၎င်းဓာတ်တို့၌ ဓာတ်တပါးတပါးလျှင် ရုပ်နာမ် ရုပ်နာမ်ခွဲခြမ်း၍သိရမည်။ သက္ကာယဒိဋ္ဌိကွာလောက်အောင် သိကျွမ်းနားလည်ရမည်။ မသိက, လူ့ရှင်ရဟန်းတို့မှာ ဒိဋ္ဌိကောင်ကြီး ဖြစ်၍နေသောကြောင့်၊ သံသရာမှမလွတ်နိုင်ဟုဆိုလိုသည်။သိက သက္ကာယဒိဋ္ဌိကွာသဖြင့် ဒိဋ္ဌိဟူသမျှအကုန်ပြတ်ကင်း၍ သောတာပန်ဖြစ်၏ဟု ဆိုလိုသည်။ ကြွေး ဆက်ကောက်ကို၊ မြွေလက်ကောက် မှတ်ထင်သူ တယောက်သည်၊ ကြွေးမှန်းသိက မြွေ အထင်အမှတ်များပျောက်သွားသကဲ့သို့ပင် ဖြစ်သည်။ ဤအတူ ဤခန္ဓာကောင်ကြီးကို မြွေထင်ဘိသကဲ့သို့၊ ဝဋ္ဋိုလ် သတ္တဝါ ငါသူတပါး ယောက်ျား-မိန်းမဟူ အထင်အယူ

အမှတ်များသည်၊ အမှန်အတိုင်း ကြေးနှင့်တူသော ရုပ်ကောင် နာမ်ကောင်၊ ခန္ဓာကောင် ခေတ်ကောင် ပဋိစ္စသမုပ္ပါဒ်ကောင် မှန်း သေသေချာချာသိက၊ ငါသူတပါး ယောက်ျား မိန်းမ အထင် အမှတ် အယူများပျောက်လေတော့၏။ သို့အတွက် ကျင့်ဘို့မလိုပါဟု ဆိုလိုသည်။

ဤ ယခုကျမ်းတွင် ရေးသားလိုက်သော ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားဘို့ကို၊ နိဗ္ဗာန်လိုလား အမျိုးသား ကြိုးစားကြလေပါဟု အားပေးတိုက်တွန်းလိုက်သည်။

## ခန္ဓာငါးပါး - အဓိပ္ပါယ် ပြခန်း။

(၁) ရူပဝေဒနာ၊ သညာသင်္ခါရ၊ ဝိညာဏ၊ ငတ်ကြွ ငါးခန္ဓာ။

(၂) ဖေါက်ပြန်ခံစား၊ မှတ်သားစိမံ၊ သိကြောင်းကြွ၊ မှတ်ရန် အကျဉ်းသာ။

ဤ ကဗျာ ၂-ပိုဒ်၏ အဓိပ္ပါယ်ကား။ ၊ဖေါက်ပြန်သော သဘော—ရူပက္ခန္ဓာ၊ အဆိုးအကောင်းကို အာရုံခြောက်ပါး တို့၌ခံစားခြင်း-ဝေဒနာက္ခန္ဓာ၊ မှတ်သားခြင်း-သညာက္ခန္ဓာ၊ စိမံပြုပြင်ခြင်း - သင်္ခါရက္ခန္ဓာ၊ သိခြင်း - ဝိညာဏက္ခန္ဓာဟု ခေါ်ဆိုသည်၊ အကျယ်ကိုသိလိုက၊ ငါတို့စီရင်ရေးသားသော သောတာပန်လမ်း-အလင်းကျမ်းကို ကြည့်လေ။

(၃) ဖေါက်ပြန် တတ်ပြား၊ ရုပ်တရား၊ မှတ်ထား ခေတ်လေးဖြာ။

အဓိပ္ပါယ်။ ။ပြော့မှုမှ မာမှုသို့ ပြောင်းလဲ ဖေါက်ပြန်ခြင်း၊ ကြမ်းတန်းမှုမှ နူးညံ့မှုသို့ ပြောင်းလဲဖေါက်ပြန်ခြင်း။ မာမှုမှ ပြော့မှု နူးညံ့မှု ကြမ်းတန်းမှု ဤကဲ့သို့ပထဝီဓာတ် ဖေါက်ပြန်ခြင်း၊ ၁-ဖွဲ့စေး ကပ်တွယ်ခြင်းမှ ယိုစီးခြင်းသို့ ဖေါက်ပြန်ခြင်း။ယိုစီးခြင်းမှဖွဲ့စေးကပ်တွယ်ခြင်းသို့ပြောင်းလွဲခြင်း၊ ဤကဲ့သို့ အာပေါဓာတ် ဖေါက်ပြန်ခြင်း။ ၂-ဧမှုမှ ပူခြင်း လောင်ခြင်း ကျွမ်းခြင်းသို့ ဖေါက်ပြန်ခြင်း။ ပူခြင်း လောင်ခြင်း ကျွမ်းခြင်းမှ အဧသို့ဖေါက်ပြန်ခြင်း။ ဤကဲ့သို့ တေဇောဓာတ် ဖေါက်ပြန်ခြင်း၊ ၃-ထောက်ကန် တောင်းတင်းခြင်းမှ လှုပ်ရှားခြင်းသို့ ဖေါက်ပြန်ခြင်း လှုပ်ရှားခြင်းမှ ထောက်ကန်တောင့်တင်းခြင်းသို့ ပြောင်းလွဲ၍ဝါယောဓါတ် ဖေါက်ပြန်ခြင်း၊ ၄-ဤဓာတ်လေးပါး ရုပ်တရား ဖေါက်ပြန်မှုကို ဉာဏ်နှင့် ရှုးရှုးမိုက်မိုက် မြင်အောင်ကြည့် ပညတ် အထည်ဒြပ် သဏ္ဌာန်ကို မတွေ့မမြင်စေနှင့် ဖေါက်ပြန်မှုသဘော သက်သက်ကိုမြင်၍ ဉာဏ်၌ထင်ပါက ပရမတ် ရုပ်ဓာတ်ကို ဧကန်သိပြီဟု-မှတ်။

(၄) ခံစားတတ်စွာ၊ ဝေဒနာ ငါးခုသရုပ်လာ။

အဓိပ္ပါယ်။ ။မျက်စိနှင့် အဆင်းကိုမြင်၍ ကောင်းမှန်းသိမှု သုခဝေဒနာ ၁၊ နှစ်သက်မှု သောမနဿ ဝေဒနာ ၂၊ အဆိုးကိုသိမှုဒုက္ခဝေဒနာ ၃၊ စိတ်ဆိုးခြင်း စိတ်ညှိုးညင်ခြင်း၊ ဒေါမနဿဝေဒနာ ၄၊ လစ်သျူနေခြင်း ဥပေက္ခာဝေဒနာ ၅၊ ဤဝေဒနာခံစားမှုသည် နားနှင့်အသံ တိုက်ဆိုင်သော အခါဂုင်း၊ နှာခေါင်းနှင့်အနံ့တိုက်ဆိုင်သောအခါဂုင်း၊ လျှာနှင့်

ရသော တိုက်ဆိုင်သောအခါ ငှင်း၊ကိုယ်၌တရရထိခိုက်သော အခါငှင်း မနေသာနှင့် စိတ်ကျူးသောအခါငှင်း ပေါ်လာတတ်၏ ဉာဏ်နှင့် တွေး၍ ဆင်ခြင်ကြည့်က ထင်မြင် လိမ့်မည်၊ အထည်ဖြိုပ် - အစိုင်အခဲမရှိ၊ နတ်မျက်စိမှ မမြင်ကောင်း ပရမတ် သဘောသက်သက်အားဖြင့် ထင်မြင်က ဝေဒနာ ဓာတ်ကိုသိပြီဟု မှတ်၊

(၅) မှတ်သားသည့် - ခြောက်ချပြာ၊ အာယတနာ ပဋိစ္စ၊

အဓိပ္ပါယ်၊ ၊ပဋိစ္စသမုပ္ပါဒ်၌ အာယတန - ခြောက်ပါးဖြင့် မှတ်သားခြင်းကို ခေါ်သည် အကျယ်သိလိုက ငါတို့စီရင် ရေးသားသော ပဋိစ္စသမုပ္ပါဒ်လမ်း - အလင်းကျမ်း အမေး အဖြေမှာ ကြည့်လေ၊

(၆) သင်္ခါရတရား စီမံပြား၊ များလှ ငါးဆယ်သော၊

အဓိပ္ပါယ်၊ ၊သင်္ခါရ ခေါ်ခြင်းကား၊ ရုပ်နာမ်ဖြစ်ပေါ် လာအောင်စီမံခြင်း ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်အောင် စီမံခြင်းကိုခေါ်၏ ငှင်းကံ သင်္ခါရသည် စေတသိက်ငါးဆယ် ရှိ၏၊ အကျယ်သိလိုက သင်္ဂြိုဟ်နိဿယကို ကြည့်လေ၊

(၇) အသိဝိညာဏ် ပွါးခြောက်တန်၊ မှတ်ရန် ဒီ၌သာ

အဓိပ္ပါယ်၊ ၊မျက်စိနှင့် အဆင်းကို မြင်၍သိမှု စက္ခု ဝိညာဏ် ၁၊ နားနှင့်အသံကြား၍သိမှု သောတဝိညာဏ် ၂၊ နှာခေါင်းနှင့်အနံ့နံ၍သိမှု ဃာနဝိညာဏ် ၃၊ လျှာနှင့်အရသာ

တွေ့ထိ၍သိမှု ဖဿဝိညာဏ် ၄ ကိုယ်ကို တခုခု ထိခိုက်၍ သိမှု ကာယဝိညာဏ် ၅ မနောနှင့် စိတ်ကူး၍ တခုခုမနော ထဲမှာသိမှု မနောဝိညာဏ်ဟူ၍ ဝိညာဏ်ခြောက်မျိုးရှိ၏။ ဧ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ပဋိသန္ဓေ ဝိညာဏ်ကို ရှုကြည့်ဘို့ရာ မလိုပြီဟုမှတ်။ ။ဤယခု ဖြစ်လိုက်သော ခန္ဓာ ငါးပါး ပရမတ်ခတ်တရားကို မိမိခန္ဓာပေါ်၌ တင်၍ကြည့်ရှု စဉ်းစားသဖြင့် သူ့နေရာနှင့် သူ့သဘောကျကျနနထင်ရှင်၍ အထည်ဒြပ် အစိုင်အခဲမတွေ့ သဘောသက်သက် တွေ့ရှိ သည်အတိုင်း ဤခန္ဓာငါးပါးပရမတ်သဘောသက်သက်သာ ရှိသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား - မိမ္မ, မရှိကြောင်း ကောန်သိသည်အတိုင်း ယူလိုက် ပယ်လိုက်က သောတာပန် ဖြစ်ပြီဟု မှတ်လေ။ ။သင်္ကြား၍ ဆင်ခြင် တွေးတောမကြံမစီဘဲနှင့် သောတာပန် ဖြစ်နိုင်ပမလားဟူ၍ ရမ်းတုပ် မှန်းတုပ် ရမ်းပြော မှန်းပြောသော ပေါ်န်း, ရှင်လူ တို့မှာ၊ အနန္တ အနန္တ အနမတဂ္ဂ ဘုံလှည့်သော အခါမှ မဖြစ်ဟုမှတ်။

**ပရမတ်ရုပ်ဓာတ် - နာမ်ဓာတ်ခြောက်ပါး**
**အဓိပ္ပါယ် ပြခဏ်း။**

(၁) နူးညံ့ ပြော့မာ၊ ကြမ်းတန်းမှု၊ မှတ်ပါ ပထဝီ ဓာတ်။

အဓိပ္ပါယ်ကား၊ ။နူးညံ့ သဘော ပြော့ခြင်းသဘော မာခြင်းသဘော ကြမ်းတန်းခြင်း သဘောသက်သက်တို့ကို၊

ပထဝီရုပ်ဓာတ်ဟုမှတ်၊ အထည်ဒြပ် အစိုင်အခဲမရှိ သဘော အားဖြင့် ရှိ၏၊

(၂) ဖွဲ့စေးယိုမှု၊ကပ်တွယ်ပြု ရှုလော အာပေါဓာတ်၊

အဓိပ္ပါယ်၊ ၊ရုပ်မှုန့်ကလာပ်မှုန့်ကလေးတွေကို တခုနှင့် တခု ကပ်တွယ်ထားခြင်း ဖွဲ့စေးထားခြင်း ပြိုပျက်၍ ယိုစီး သွားခြင်းကို အာပေါဓာတ်ဟု ခေါ်သည်၊

(၃) ဇေ, ပူ နွေး, လောင်၊ ကျွမ်း၍ဆောင်၊ လှူဘောင် တေဇောဓာတ်၊

အဓိပ္ပါယ်၊ ၊ဤမိမိ ကိုယ်ကြီး၌၊ ဇေမှု ပူမှု နွေးမှု လောင်မှု ကျွမ်းမှုတို့ကို တေဇောဓာတ်ဟု ခေါ်သည်၊

(၄) လှုပ်ရှားထောက်ကန်၊ တောင့်တင်းပြန် မှတ်ရန် ဝါယောဓာတ်၊

အဓိပ္ပါယ်၊ ၊ဤကိုယ်ကြီး လှုပ်ရှားမှု ထောက်ကန် ထားမှု တောင့်တင်း လာမှုတို့ကို၊ ဝါယော ရုပ်ဓာတ်ဟု ခေါ်သည်၊ ဤရုပ်ဓာတ် မြေ ရေ, လေ, မီး, ဓာတ်ကြီးလေးပါး သည် လောကပထဝီ တေဇော အာပေါ ဝါယောတမျိုး၊ သုတ္တန်နည်း ပထဝီ တေဇော အာပေါ ဝါယောတမျိုး၊ ပရမတ် ပထဝီ တေဇော အာပေါ ဝါယောတမျိုးအားဖြင့် ၃-မျိုးရှိ၏၊ ၊၎င်းပရမတ် ဓာတ်လေးပါးသည် လောက ပထဝီ မြေဓာတ် တပါးမှာလည်း ရှိ၏ အာပေါ ရေဓာတ် တပါးမှာလည်း ရှိ၏၊ တေဇော မီးဓာတ် တပါးမှာလည်း ရှိ၏၊ ဝါယော လေဓာတ်တပါးမှာလည်းရှိ၏၊ ၊သုတ္တန်နည်း

ခေါ်သော ပထဝီ တေဇော အာပေါ ဝါယော ဓာတ်လေးပါး ထဲမှာလည်း ပရမတ်ဓာတ်လေးပါး လေးပါးစီရှိ၏။ ။၎င်းပရမတ် ဓာတ်လေးပါးသည် စိတ်ကြောင့် ဖြစ်ပေါ်လာသော ပရမတ်ဓာတ်လေးပါး၊ ကံကြောင့် ဖြစ်ပေါ်လာသော ပရမတ် ဓာတ်လေးပါး၊ ဥတုကြောင့် ဖြစ်ပေါ်လာသော ပရမတ်ဓာတ်လေးပါး၊ အာဟာရကြောင့် ဖြစ်ပေါ်လာသော ပရမတ်ဓာတ်လေးပါး၊ ဤကဲ့သို့ပရမတ်ဓာတ် ဖြစ်ပေါ်လာသော နည်းများစွာရှိ၏ အကျယ်ကို သိလိုမူ ငါတို့စီရင် ရေးသားသော သောတာပန်လမ်း အလင်းကျမ်း ဒုတိယ ပြင်ချက်မှာ ကြည့်လေ၊ ဝိပဿနာရှုအပ်သောပရမတ်ဓာတ် လေးပါး မရှုအပ်သော ပရမတ်ဓာတ် လေးပါးကို ခွဲပြား သိလိမ့်မည်၊

(၅) ရုပ်ကလာပ်ခြား ခွဲထားပေါက်လင်း ရှိတုံ့ချည်း မှတ်ခြင်း အာကာသာ၊

အဓိပ္ပါယ်၊ ။ရုပ်ကလာပ်မှုန့်ကလေးတွေ တခုနှင့်တခု အကြားကို၎င်း အာကာသဓာတ်ဟု ခေါ်သည်၊

(၆) ကြံသိသမျှ ဝိညာဏ မှတ်ကြ ဓာတ်ခြောက်ရပ်၊

အဓိပ္ပါယ်၊ ။ကြံစည်ခြင်း, စိတ်ကူးခြင်း, တွေးတောခြင်း, မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, ထိခြင်းတို့၌ အဆိုး အကောင်းမှစ၍ သိသမျှစိတ်ကလေးကို နာမ်ဟုခေါ်သည်၊ အထက်ကရုပ်ဓာတ်လေးပါး အာကာသဓာတ်တပါး အသိနာမ်ဓာတ် တပါး၊ ပေါင်း ဓာတ်ခြောက်ပါး နာမ်ရုပ်

နှစ်ပါးဖြစ်၍၊ ။အထည်ခြုပ်မရှိ ပိုင်ပိုင် နိုင်နိုင် ဤခါတ်ခြောက်ပါးသဘောသိက သဏ္ဍာသဗ္ဗိကွ၍ သောတာပန်ဖြစ်ပြီဟုမှတ် အနတ္တပေါက်ပြီဟုမှတ် အတ္တ ငါပျောက်ပြီဟုမှတ်လေ၊

—✻—

## ဓာတ် ၁၈-ပါး။ ၁၇-ပါးသံခိပ် အဓိပ္ပါယ် ပြချက်။

(၁) မျက်-နား - နှာ - လျှာ - ကိုယ်မနော၊ ခြောက်ဖြာအခံခါတ်၊

အဓိပ္ပါယ်၊ ။မျက်ဝိ, နား နှာခေါင်း လျှာ,ကိုယ်,မနောဤခြောက်ရသည် သဏ္ဍာဝါတို့၏ ကိုယ်၌ရှိသော အခံဓာတ်ဟုမှတ်လေ၊

(၂) ဆင်း သံ-နံ့ရ၊ တွေ့ ကြံသ၊ခြောက်ဝအတိုက်ဓာတ်

အဓိပ္ပါယ်၊ ။အဆင်း - အသံ-အနံ့ - အရသာ - အတွေ့အထိ အကြံစိတ်ကူး အတိုက်ဓာတ်ခြောက်ရဟုမှတ်၊

(၃) မြင် ကြား နံ့ သျက်-ထိ ရုပ်မှတ်ဘိ၊သိသမျှနာမ်ဟုမှတ်၊

အဓိပ္ပါယ်၊ ။မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊လျက်သမျှကိုယ်ကိုထိလာသမျှ ဤငါးခု ရုပ်ဟုမှတ်၊ မနောထဲ၌လည်းစိတ်ကူး၍ ဤငါးခုထင်လာလျှင်လည်း ရုပ်ဟုမှတ် ဤအာရုံငါးပါးကို သိသမျှစိတ်သည် နာမ်ဟုမှတ်လေ၊

(၄) မျက်ဆင်းနှစ်ခု၊ ပေါင်းဆုံပြု၊ မြင်မှုရုပ်နာမ်ပေါ်၊ အဓိပ္ပါယ်၊ ။မျက်စိနှင့် အဆင်း မြင်ဆိုင် တိုက်ခိုက်မိသောအခါ၊ ၎င်းမျက်စိအကြည်ထဲမှာ အဆင်းရုပ်ကလေးပေါ်၏၊ မနေသာအကြည်ထဲ၌လည်း မရှေးမနှောင်း တပြိုင်နက်ပေါ်၏၊ ၎င်းရုပ်ကလေးနှင့် သိမှုနာမ်တရားသည် အတူတကွပေါ်၏၊ မျက်စိအကြည်၌ အဆင်းရုပ် ပျက်သည်နှင့် တပြိုင်နက် သိမှုနာမ်တရားစိတ်ခဏကလေးချုပ်၏၊ ၎င်းပရမတ်နာမ်ရုပ်နှစ်ပါးအတူတူ ဖြစ်၍ အတူတူပျက်၏၊ မခွဲဝကောင်း ခွဲထိုမရဟုမှတ်၊

(၅) နားသံနှစ်ခု၊ ပေါင်းဆုံပြု၊ ကြားမှုရုပ်နာမ်ပေါ်၊ အဓိပ္ပါယ်၊ ။နားနှင့် အသံနှစ်ခုတို့ ပေါင်းဆုံတိုက်ခိုက်မိသောအခါ၊ နား အကြည်ခဏတ်မှာ အသံရုပ်တွေ့ ထင်၏၊ ၎င်းအသံကိုကြားမှုသိမှုစိတ်ကလေးကို နာမ်ဟုခေါ်၏၊ အသံရုပ်, ထင်သည်နှင့် တပြိုင်နက်၊ သိမှုနာမ်တရား အတူတူ ပေါ်လာ၍ အတူတူချုပ်ပျောက်ကုန်၏၊

(၆) နှာနံ့နှစ်ခု၊ ပေါင်းဆုံပြု၊ နံ့မှုရုပ်နာမ်ပေါ်၊

အဓိပ္ပါယ်၊ ။နှာခေါင်းနှင့် အနံ့ ပေါင်းဆုံသောအခါ၊ နှာခေါင်းအကြည်ခဏတ်မှာ အနံ့ရုပ်တွေ့ပေါ်၏၊ ၎င်းရုပ် ပေါ်သည်နှင့်တပြိုင်နက် သိမှုစိတ်လည်းပေါ်လာရလေ၏၊ ၎င်းအနံ့ နံ့မှန်းသိသည်နှင့်တပြိုင်နက် နှာခေါင်း၌ ရုပ်နာမ်နှစ်ပါးအတူတူဖြစ်၏၊ အတူတူပျက်ကြကုန်၏၊ အထက်ကပြသော ရုပ်နာမ်ဖြစ်ပျက်ပုံကဲ့သို့မှတ်၊

(၇) လျှာ-ရ-နှစ်ရ၊ ပေါင်းဆုံပြု၊ ရမှုရုပ်နာမ်ပေါ်၊

အဓိပ္ပါယ်။ ။လျှာနှင့် ချိုချဉ်, ငံ-ခါးစသော အရသာ ပေါင်းဆုံမိသောအခါ၊လျှာအကြည်ဓာတ်ပေါ်၌ အရသာရုပ် တွေ့ ပေါ်၏၊ သိမှုနာမ်ဓာတ်လည်းပေါ်၏၊ အထက်ကကဲ့သို့ မှတ်လေ၊

(၈) ကိုယ်-ထိနှစ်ရ၊ ပေါင်းဆုံပြု၊ တွေ့မှုရုပ်နာမ်ပေါ်၊

အဓိပ္ပါယ်၊ ။ကိုယ်နှင့် တရရ ပေါင်းဆုံသော အခါ၊ ကိုယ်၌ ထိမှုရုပ်ဓာတ်တွေ့ပေါ်၏၊ အသိ နာမ်တရားလည်း တပြိုင်နက်ပေါ်လေ၏၊ အတူတူဘဲရုပ်နာမ်ချုပ်၏။ အထက် က ကဲ့သို့ဘဲ ကိုယ်၌ ရုပ်နာမ်တွေ့ပေါ်၏, ချုပ်၏၊

(၉) မနော-ကြံသ၊ တွေ့ဆုံကြ၊ မန-ရုပ်နာမ်ပေါ်၊

အဓိပ္ပါယ်၊ ။မနော၌ အကြံ-စိတ်ကူးတို့ တိုက်ဆိုင် လာသော အခါ၊ ဈေးတုံးက မြင်ဘူးသော အဆင်းရုပ်နှင့် သိမှုနာမ်တရားပေါ်ခြင်း၊ ကြားဘူးသော အသံရုပ်နှင့် သိမှု နာမ်တရားပေါ်ခြင်း၊ နံဘူးသောအနံ့ရုပ်နှင့်၊ သိမှုနာမ်တရား ပေါ်ခြင်း၊ လျက်ဘူးသောအရသာရုပ်နှင့်၊ သိမှု နာမ်တရား ပေါ်ခြင်း၊ထိဘူးသောအတွေ့ရုပ်နှင့်သိမှုနာမ်တရားပေါ်ခြင်း ဤငါးမျိုး မနောထဲ၌ နာမ်ရုပ်တွေ ဖြစ်ပျက် ဖြစ်ပျက် ပေါ်လာကြကုန်၏ဟု မှတ်၊

(၁၀) မန-၌သာ၊နာမ်တိုက်လာ၊နှစ်ဖြာ နာမ်ချည့်ပေါ်။

အဓိပ္ပါယ်၊ ။မနော၌ အကြံ စိတ်ကူး တည်းဟူသော ဓမ္မာရုံသည်၊ ရုပ်သက်သက် တိုက်မိသောအခါ အထက်က

ပြသည့်အတိုင်းမှတ်၊ ၊နာမ်တိုက်ခြင်းကား၊ မိမိစိတ် မနေ့တနေ့က မကောင်း ဖြစ်သွားဘူးသည့် အကောင်း ဖြစ်သွားဘူးသည်ကို ပြန်၍တွေးမှု ကြံမှုစိတ်ကို စိတ်ချဉ်းတွေးဆင်ခြင် ကြံစည်မှုကို မနေ့နာမ်အကြည့်၌ ပေါ်မှုလည်း အသိနာမ်တရား သိမှုလည်း နာမ်တရားဖြစ်၍ မနေ့ကဲ့ ဓမ္မာရုံနာမ်ဖြစ်၍တိုက်သောအခါ နာမ်နှစ်ပြာပေါ်ပုံကို ပြလိုက်ပေသည်၊ ၊အကျယ်သိလိုက ဝိညာဏဓာတ်တိ ခုနှစ်ပါး ဓာတ်သတ္တာရသ အဋ္ဌာရသ ပါရှိသော သံသရာ ဖြတ်ခဏ်းမှာ၎င်း၊ သောတာပန်လမ်း - အလင်းကျမ်း ဒုတိယပြချက်မှာ၎င်းကြည့်ရှုလေ၊စာသွား၏အရာကိုနားမလည်ဟုမှတ်လေ၊

## ပရိညာ ၃-ပါးသံခိပ် အဓိပ္ပါယ် ပြခဏ်း။

(၁) ယောဂီသူဖြတ်၊ သိစေအပ်၊ သုံးရပ်ပရိညာ၊

အဓိပ္ပါယ်၊ ၊သံသရာမှာ မနေလို၍ ဒုက္ခအမျိုးမျိုးကို ငြီးငွေ့စက်ဆုပ်သောသူကို ရောဂါဝဝရ ပုဂ္ဂိုလ် ယောဂီပုဂ္ဂိုလ်ဟု ခေါ်၏၊ ၎င်းသံသရာမှ ထွက်မြောက်လိုသောသူတို့ သိအပ်သိထိုက် သိသင့်သော တရားသည် ပရိညာသုံးပါးဟု-ရှိသည်၊

(၂) ဉာတ၊ တိရ၊ ပဟာန၊ သုံးဝသာရုပ်ပြာ၊

အဓိပ္ပါယ်၊ ၊ဉာတပရိညာ တိရဏပရိညာ ပဟာနပရိညာဟူ၍ သုံးပါးရှိသည်၊

(၃) ခန္ဓာအာယတန ပဋိစ္စခတ် သရုပ္ပါဒ် တတ်က ညာတသာ။

အဓိပ္ပါယ်။ ။ခန္ဓာငါးပါး အာယတန ၁၂-ပါး။ ပဋိစ္စ သမုပ္ပါဒ် ခတ်ခြောက်ပါး ခတ်လေးပါး ခတ် ၁၈-ပါး၊ ၁၇ ပါး ၄၃-ပါး သစ္စာလေးပါးတို့ကို တတ်ကျွမ်းလိမ္မာ၍ သဏ္ဍာယဒိဋ္ဌိ ကွာလောက်အောင် နားလည်ပါမူ ညာတ ပရိညာစခန်းပေါက်ရောက်ပြီဟု ခေါ်သည့် အရိယာနွယ်ဝင် ဟု-ခေါ်သည်၊

(၄) ၎င်းပေါ်တွင် လက္ခဏာတင် ထင်မြင်တီရဏာ။

အဓိပ္ပါယ်၊ ။၎င်း ရုပ်နာမ် ခန္ဓာ ခတ်သစ္စာ အာယ တနာ ပဋိစ္စသမုပ္ပါဒ်တို့၏ အပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာသုံးပါးတင်၍ ရှုကြည့်နိုင်သူကိုပင်,တီရဏပရိညာ စခန်းပေါက်ရောက်သူ သံသရာက ထွက်သွားတာ ၂-စခန်း နားမိ နိုမိ ရုပ်မိသူဟု-ခေါ်သည်၊

(၅) ဒိဋ္ဌိတဏှာ ပြတ်ကင်းကွာ၊ မှတ်ပါ-ပဟာနာ။

အဓိပ္ပါယ်၊ ။ခန္ဓာငါးပါးပေါ်တွင် နာမ်ရုပ်ထင်အောင် ရှုနိုင်ခြင်း၊ပရမတ်ခတ်တွေကို ထင်မြင်ခြင်းကိုပင် ညာတ ပရိညာစခန်း ပေါက်ရောက်သူ။ တီရဏပရိညာသုံးပါးတွင် အနတ္တပရိညာ ပေါက်ရောက်သူ။ပဟာနပရိညာ ဒိဋ္ဌိတဏှာ နှစ်ပါးတွင် ဒိဋ္ဌိပဟာနပရိညာပေါက်ရောက်သူ၊အတ္တပျောက် သူ၊ သဏ္ဍာယဒိဋ္ဌိ ပယ်နိုင်သူ၊ အတ္တဝါဒုပါဒါန်, သီလဗ္ဗတ ပရာမာသ ပယ်နိုင်သူ။ အတ္တနုဒိဋ္ဌိ ပယ်နိုင်သူ၊အကရိယဒိဋ္ဌိ

အဟောတုကာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ ဤဒိဋ္ဌိကြီးသုံးပါး ပယ်နိုင်သူ၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ပယ်နိုင်သူ၊ ဥစ္ဆေဒဒိဋ္ဌိ, သဿတဒိဋ္ဌိ နှစ်ပါးကင်းလွတ်သူ၊ သောတာပန်ဖြစ်သူ၊ အရိယာ ဖြစ်သူ၊ အပါယ်တံခါးပိတ်သူ၊ ဘုံစဉ်စံသူ၊ ဗုဒ္ဓပုဂ္ဂိုလ်ဖြစ်သူ၊ သံသရာ နယ်မှထွက်သွားသောသူဟု အမျိုးမျိုးဒေသနာစကားဖြင့် ခေါ်ဝေါ်ကြလေသည်။ ။တဖန် ရုပ်နာမ်ခန္ဓာတို့ကိုဖြစ်ခြင်း ပျက်ခြင်းနှင့်တကွ ထင်မြင်လာမှု၊ ဉာတပရိညာ ပေါက်ရောက်ပိုင်နိုင်စွာသိပြီး၍၊ အနိစ္စတီရဏပရိညာပေါက်ရော် ပိုင်နိုင်စွာသိသူ၊ ပဟာန ပရိညာတွင် ကာမရာဂ, ဗျာပါဒ တဏှာခေါင်းပါးသူ၊ သကဒါဂါမ်ဖြစ်သူ၊ နတ်ပြည်တဘဝ လူ့ပြည်တဘဝ ပဋိသန္ဓေယူပြီး နိဗ္ဗာန်သွားသူဟုအမျိုးမျိုး ကျမ်းဂန်စကား ခေါ်ကြလေသည်။ ။တဖန် ရုပ်နာမ်ခန္ဓာ တို့ကို ငြီးငွေ့စက်ဆုပ်၍လှပတင့်တယ်ခြင်း၊ ရှာမတွေ့သော် တီရဏပရိညာတွင်, အသုဘ ပရိညာပေါက်ရော်ပိုင်နိုင်သူ၊ အနာဂါမ်ဖြစ်သူ၊ သုဒ္ဓါဝါသ ငါးဘုံကို သွားမည့်သူ။ ကာမ သုဂတိ ခုနစ်ဘုံကို တဘဝမှ ပြန်၍မလာသူ၊ ကာမရာဂ, ဗျာပါဒ ကင်းပြတ်သူ၊ လင် သား, မယားတို့နှင့် ကာမဂုဏ် သံသဂ္ဂစိတ်မရှိသူ၊ ကာမဂုဏ်အနာခံနိုင်သူ၊ ဒေါသစိတ်မရှိ သူ၊ စိတ်မဆိုးတတ်သူ၊ ကာမတဏှာပြတ်သူ-ဟု ကျမ်းဂန် စကားအမျိုးမျိုး ခေါ်ကြလေသည်။ ။တဖန် ရုပ်နာမ်ခန္ဓာ တို့ကို ဒုက္ခဘဲဟု ပိုင်ပိုင်နိုင်နိုင် ထင်မြင်၍ လာကဲ့သော်၊ ဉာတပရိညာ ပေါက်ရောက်၍ ရုပ်နာမ်ခန္ဓာ ဓာတ်သဘော ပဋိစ္စသမုပ္ပါဒ် ဓာတ်တရားတို့ကို ပိုင်ပိုင်နိုင်နိုင် သိသူဟု ၎င်း၊ တီရဏာ ပရိညာ လက္ခဏာသုံးပါး, လေးပါး ပေါက်

ရောင်ပိုင်နိုင်သူဟူ၍၎င်း၊ ပဟာနပရိညာ ဒိဋ္ဌိတဏှာ နှစ်ပါး ကို ပိုင်ပိုင်နိုင်နိုင်ပယ်ဖြတ်နိုင်သူဟူ၍၎င်း၊ စခန်း သုံးပါးလုံး ပေါက်ရောက်သူ ဟူ၍ ၎င်း၊ ။ဒက္ခိဏေယျ၊ မြတ်သော အလှူကို ခံနိုင်သော ပုဂ္ဂိုလ်ဟူ၍၎င်း၊ ရဟန္တာဟူ၍၎င်း၊ ဒုက္ခခပ်သိမ်းကင်းလွတ်ငြိမ်းသောပုဂ္ဂိုလ်ဟူ၍၎င်း၊ကျောင်း သင်္ကန်း - ဆွမ်း - ဆေး စသော ပစ္စည်း လေးပါးတို့ကို ပိုင်ပိုင် နိုင်နိုင် အစိုးတရသုံးစွဲနိုင်သော သာမိ ပရိဘောဂ အရှင်ဟူ၍၎င်း၊ အမျိုးမျိုးဒေသနာစကား ခေါ်ကြလေသည်၊ အကျယ်ကို သိလိုက ငါတို့ စီရင် ရေးသားသော ဒုတိယ ပြင်ချက်, သောတာပန်လမ်း-အလင်းကျမ်းမှာကြည့်လေ၊

(၆) မြစ် သမုဒ် ပမာ - သံသရာ၊ မှန်စွာ တူဟုပါ၊

(၇) ဖွေတွေ့ ညာတ၊ ကူးက- တိရဏာ၊ ရောက်ခါ ပဟာန-ပမာပြ၊ မှတ်ကြ သေအချာ၊

၎င်း ကဗျာ နှစ်ပိုဒ်၏ အဓိပ္ပါယ်ကား၊ ။သံသရာကြီး သည် သမုဒ္ဒရာနှင့် တူ၏၊ ထွက်ကြောင်းတရားကို မတွေ့ သည်နှင့်၊ ကူးဘို့ရာ လှေမတွေ့သည်နှင့်တူ၏၊ ရုပ် နာမ် ခန္ဓာ ခတ်သတ္တဝါတို့ကို သင်ကြား တတ်မြောက်သည်နှင့်၊ ၅ သမုဒ္ဒရာကြီးကို ကူးဘို့ရာ လှေတွေ့သည်နှင့်တူ၏၊ ၎င်းတို့ အပေါ်တွင် လက္ခဏာသုံးပါး, လေးပါးတင်၍ရှုနေမှုကိုပင် ကူးတုံး-ကူးဆဲနှင့် တူ၏၊ လက္ခဏာရေး သုံးပါး, လေးပါး ပိုင်နိုင်စွာ ထင်ပြင်မှုကိုပင် တဘက်ကမ်းသို့ ရောက်သူ၊ နိဗ္ဗာန်ရောက်သူဟု-ဖွေနှင့် ပမာပြပေသည်၊

## မဂ်လေးပါးသံခိပ် အဓိပ္ပါယ် ပြခက်း။

(၁) ခန္ဓာအာယတန ပဋိစ္စခေတ် ပရမတ် တတ်အောင် ခဲကြိတ်ပါ၊

အဓိပ္ပါယ်၊ ။ယခုဘဝ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကြသော ရဟန်းရှင်လူတို့သည် ခန္ဓာအာယတန ပဋိစ္စသမုပ္ပါဒ်ခေတ်သစ္စာ ပရမတ်တရားတို့ကို တတ်အောင် သင်ကြကြားနာ မှတ်သားကြဟု ဆိုလိုသည်၊ ဤတရားအရ ပရမတ်တို့ကိုမှနားမလည်သော ရဟန်းရှင်လူတို့သည် ဘယ်နံ့သောအခါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို မရဟု-ဆိုလိုသည်၊

(၂) ရုပ်နာမ်ခန္ဓာ ထင်တုံလာ၊ မှတ်ပါ အနတ္တာ၊
(၃) အနတ္တာစစ် ရောက်ပြန်လှစ်၊ စင်စစ် ဒိဋ္ဌိကွာ၊
(၄) ဒိဋ္ဌိသက္ကာ ကွာသူမှာ၊ မှတ်ပါ သောတာစစ်၊

ဤကဗျာ ၃-ပိုဒ် အဓိပ္ပါယ်၊ ။ပရမတ် ရုပ်နာမ် ခန္ဓာတို့ကို၊ ဉာဏ်အစစ်မှာ ထင်လာမြင်လာသူကိုပင် အနတ္တအစစ် ထင်သူမြင်သူ သက္ကာယ ဒိဋ္ဌိကွာသူ သောတာပန်ဖြစ်သူဟု - ခေါ်သည်၊

(၅) ခန္ဓာငါး၀ အနိစ္စဟု၊ စိတ်ကမကြာ ထင်သောခါ၊ မှတ်ပါ သကဒါစစ်၊

(၆) ကာမရာဂ်ငါးလီ ခံစံသည့် ပါးပြီကြန်ဖြစ်၊

အဓိပ္ပါယ်၊ ။အထက်က ပြဆိုကဲ့သော ပရမတ်တရားအရတို့တွင် နာမ်ရုပ်နှစ်ပါးဘွားကနဲ့ တပြိုင်နက်ပေါ်လာပြီးနာမ်ရုပ်နှစ်ပါး ဖြတ်ခနဲ့ ချုပ်ပျောက်မှုကို ထင်မြင်က ဥဒ

ယဗ္ဗယညာဏ် ဘင်ဂ်ညာဏ်ကို ပေါက်ရောက်သဖြင့် အနိစ္စ အစစ် သိသူဟူ၍ငင်း သကာဒါဂါမ် ဝုဂ္ဂိုလ်ဟူ၍ငင်း ကာမ ရာဂ-ဗျာပါဒ ခေါင်းပါးသူဟူ၍ငင်း၊ခေါ်ဝေါ်သမုတ်၏၊

(၇) သိဝထိကိုးဖြာ ထင်တုံလာ၊ မှတ်ပါ အသုဘာ
(၈) အသုဘာတရား ထင်တုံငြား၊ မှတ်ထား နာဂါမ် စစ်၊

အဓိပ္ပါယ်။ ၊ပညတ်ရုပ်တရား၌ အသုဘာဖြင့်စက်ဆုပ် ဖွယ်ရာ ရွံရှာဘွယ်ရာ အသိုးကောင် အပုပ်ကောင် တည်း ဟူသော သတိပဋ္ဌာန်တရားတွင်၊သိဝထိ ကိုးပိုင်း၌ တပါး ပါး ထင်လာ မြင်လာမှု အနာဂါမ်အစစ်ဖြစ်ပြီဟု-မှတ်လေ၊ ပုထုဇာန်ကို မဆိုလို၊ သောတာပန်-သကာဒါဂါမ် ဖြစ်ပြီးသူ များ မြင်မှ ထင်မှ-ခိုလိုသည်။

(၉) ရုပ်နာမ်အစ ဒုက္ခရှု၊ ထင်မှု ရဟန္တာ၊

အဓိပ္ပါယ်၊ ၊ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဓာတ်တရား တို့ကို ဒုက္ခဘဲဟု ပိုင်ပိုင်ထင်မြင်က ရဟန္တာဟု ခေါ်၏၊

---

## လက္ခဏာ ၁ လေးပါး-သံခိပ်ပြခဏ်း။

(၁) အနိစ္စ-ဒုက္ခ-အနတ္တ၊ မှတ်ကြ အသုဘာ၊

အဓိပ္ပါယ်။ ၊ပရမတ် ရုပ်နာမ်ခန္ဓာတို့ မမြဲမှုကို အနိစ္စ ဟု ခေါ်သည်၊ထင်မြင်မှုကို လက္ခဏာဟု ခေါ်သည်။ရုပ်နာမ် ခန္ဓာကောင်ကြီး ဆင်းရဲမှုကို ဒုက္ခခေါ်သည်၊ ထင်မြင်မှုကို

လက္ခဏာခေါ်သည်၊ ရုပ်နာမ်ခန္ဓာသာ ဧကန်ဟုတ်သည်၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး မဟုတ်ကြောင်း ထင်မြင်မှုကိုပင် အနတ္တလက္ခဏာဟုခေါ်သည်။ ဤရုပ်တရားကောင်ကြီး-မလှ မပ, မတင့်တယ် စက်ဆုပ်ဖွယ်ရာ ထင်မြင်မှုကိုပင်, အသုဘလက္ခဏာ ဟု ခေါ်သည်။

(၂) နိစ္စ—သုခ—အတ္တာ—သုဘ—ဤလေးဝ၊ သတ်မှ သေမည်သာ။

(၃) မသတ်တတ်က - သံသာရ၊ ဘဝ-ရှေ့မည်သာ။

အဓိပ္ပါယ်။ ။အတ္တ-ငါသူတပါး, ယောကျ်ားမိန်းမဟု အထင်အမြင် အမှားကို၊ အနတ္တ-ငါ သူတပါး, ယောကျ်ား မိန်းမ မဟုတ်၊ ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဓါတ်ကောင်သာ ဟုတ်သည်ဟု သတ်မှသေသည်၊

နိစ္စ—ရုပ်နာမ်ခန္ဓာ ငါကောင်ကြီးမြဲ၏ ဟု အထင်အမြင် များကို၊ အနိစ္စ—ပရမတ်ရုပ်ဓာတ် နာမ်ဓာတ် မမြဲမှုထင်မြင် ချက်နှင့် သတ်ရသည်၊

သုဘ—ဤ ရုပကာယကိုယ်ကြီး လှပ,တင့်တယ်သည်ဟု အထင်အမြင်များကို၊ အသုဘ-စက်ဆုပ်ဘွယ်ရာ ရွံဘွယ်ရာ အပုပ် အသိုးဟု အထင်အမြင်နှင့် သတ်ရသည်၊

သုခ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်ဟု အထင်အမြင် များကို၊ ဒုက္ခ-ကိုယ်စိတ် နှစ်ဖြာ ဆင်းရဲမှု အထင်အမြင်နှင့် သတ်ရသည်။ ။ဤကဲ့သို့မှ မဂ်တက်စဉ်နှင့် ကိုက်အောင် မသတ်တတ်ကသံသရာ,ရှေမည်ဟုဆိုလိုသည်၊

(၄) အနုတ္တရောက် – အတ္တပျောက်၊ မှတ်လောက် သောတာသာ။

(၅) အနိစ္စရောက်-နိစ္စပျောက်၊မှတ်လောက်သကဒါ။

(၆) အသုဘရောက် - သုဘပျောက်။ မှတ်လောက် အနာဂါ။

(၇) ဒုက္ခထင်ရောက် – သုခပျောက်၊ မှတ်လောက် ရဟန္တာ။

(၈) ခန္ဓာငါးတွင်-လက္ခဏာတင်၊ ကျင့်စဉ်-ဤတိုင်း သာ၊

ဤကဗျာ ၅-ပိုဒ်၏အဓိပ္ပါယ်၊ ။ပရမတ် ခန္ဓာငါးပါးကို ထင်မြင်လျှင်၊ အနတ္တပေါက်သူ, အတ္တငါကောင်ပျောက်သူ, သောတာပန်ဖြစ်သည်ဟု ခေါ်၏။

ပရမတ် ခန္ဓာငါးပါး ရုပ်နာမ်မမြဲသော အနိစ္စထင်လျှင်၊ နိစ္စ-ငါမြဲသည် ဟု အထင် အမြင်ပျောက်၍ သကဒါဂါမ် ဖြစ်၏။

ခန္ဓာငါးပါး ဤရုပ်တရားကောင်ကြီး ဖွပ တင့်တယ်မှု၊ သုဘဟု အထင်အမြင်များပျောက်၍ အသုဘ-မတင့်တယ် ဟု အထင်အမြင်ရောက်လျှင် အနာဂါမ်ဟု ခေါ်၏။

ခန္ဓာငါးပါး, ဒုက္ခ-ဆင်းရဲသည်ဟု အထင်အမြင်ရောက် လာသောအခါ၊ ချမ်းသာသည်ဟု အထင်အမြင်များပျောက်၍ ရဟန္တာဖြစ်၏-ဟု ခေါ်သည်။

## လက္ခဏာ ၄ ပါး-သံခိပ်အဓိပ္ပါယ်ပြခဏ်း။

(၁) အနိစ္စ ဒုက္ခ-အနတ္တ၊ မှတ်ကြ-အသုဘာ။

အဓိပ္ပါယ်။ ။ပရမတ်, ရုပ်နာမ်ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ် ဓာတ်တရားအပေါင်းအစုတို့ မမြဲခြင်းကို အနိစ္စဟု ခေါ်သည်၊ ။ကိုယ် စိတ်နှစ်ဖြာ ဆင်းရဲခြင်းကို ဒုက္ခဟု ခေါ်သည်၊ ။ဤရူပကာယ ကိုယ်ခန္ဓာကြီး မလှမပ, မတင့်တယ်,စက်ဆုပ်ဘွယ် ရွံဘွယ်ဖြင့် ထင်မြင်ခြင်းကို အသုဘ ခေါ်သည်၊ ။ရုပ် နာမ် ခန္ဓာ, ဓာတ်-ပဋိစ္စသမုပ္ပါဒ် ကောင်ကြီးမှန်းသိ၍၊ ပုဂ္ဂိုလ် သတ္တဝါ, ငါသူတပါး, ယောကျ်ားမိန်းမ ဟု စွဲလမ်း ထင်မြင်ချက် ပျောက်ကင်းသည့်ကို အနတ္တဟု ခေါ်သည်၊

(၂) နိစ္စ—သုခ—အတ္တာ—သုဘ=ဤလေးဝ၊ သတ်မှ သေမည်သာ။

အဓိပ္ပါယ်။ ။ကိုယ်စိတ်နှစ်ဖြာကို မြဲသည်ဟု အထင်အမြင်ရှိနေသောစိတ်ကို၊ ကိုယ် စိတ်နှစ်ဖြာသည် - မမြဲဘူး မမြဲဘူး ဟူသောစိတ်က သတ်မှသေသည်၊ ။ကိုယ်စိတ်နှစ်ဖြာသည် ချမ်းသာသည်ဟု အထင်အမြင်ရှိသောစိတ်ကို ကိုယ်စိတ်နှစ်ဖြာသည် မချမ်းသာဘူး၊ဆင်းရဲသည်ဟူသော စိတ်က သတ်မှသေသည်၊ ကိုယ်ခန္ဓာ ရုပ်တရားကြီးသည် လှပ တင့်တယ်သည်ဟု အထင်အမြင်ရှိသော စိတ်ကို၊ ငါ၏ ခန္ဓာကိုယ်ကြီးသည် မလှပ မတင့်တယ် မဖွယ်ရာဟူသော စိတ်က သတ်မှသေသည်၊ ။ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး

ယောက်ျား-မိန်းမ အတ္တဟုအထင်အမြင် ရောက်နေသော စိတ်ကို၊ ရုပ်ကောင် နာမ်ကောင် ခန္ဓာကောင် ဓာတ်ကောင် ပဋိစ္စသမုပ္ပါဒ်ကောင် အာယတနကောင် ဟူသော အထင်အမြင် စိတ်ကသတ်မှသေသည်။

(၃) မသတ်တတ်က-သံသာရ၊ ဘဝ-ဖွေမည်သာ။

အဓိပ္ပါယ်။ ။နိစ္စတရားကို - အနိစ္စက သတ်ခြင်း၊ သုခတရားကို-ဒုက္ခက သတ်ခြင်း၊ သုဘတရားကို-အသုဘက သတ်ခြင်း၊ အတ္တတရားကို အနတ္တကသတ်ခြင်း။ ။ဤကဲ့သို့ ကျကျနန သေသေချာချာ မဂ်တတ်စဉ်နှင့် ကိုက်အောင် မသတ်တတ်က၊ လောကသံသရာထဲမှာ ဘဝပေါင်းများစွာ ဖြစ်၍နေရ၍ ဒုက္ခအမျိုးမျိုးကို ခံနေရမည်ဆိုလိုသည်။

(၄) အနတ္တရောက် — အတ္တပျောက်၊ မှတ်လောက်
သောတာသာ။

အဓိပ္ပါယ်။ ။အနတ္တ တည်းဟူသော—ရုပ်ကောင်, နာမ်ကောင်, ခန္ဓာကောင်, အာယတနကောင်, ပဋိစ္စသမုပ္ပါဒ်ကောင်, ဓာတ်ကောင်ဟု အထင်အမြင်ရောက်ရှိသောအခါ၊ အတ္တ တည်းဟူသော — ငါကောင်, သူတပါးကောင်, ယောက်ျား မိန်းမကောင်, ပုဂ္ဂိုလ်သတ္တဝါကောင် အထင်အမြင် အစွဲမှားအယူမှားပျောက်၍ သောတာပန်ဖြစ်တော့၏ ဟုမှတ်။

(၅) အနိစ္စရောက် နိစ္စပျောက်၊ မှတ်လောက်သကဒါ၊

အဓိပ္ပါယ်။ ။ပရမတ် ရုပ်နာမ်ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် ဓာတ်တရားတို့ကို မမြဲခြင်း၊ အနိစ္စဟု ထင်မြင်သောအခါ

မြဲသည်ဟု အထင်များ အမြင်များ၊ နိစ္စတရား ပျောက်၍ သကဒါဂါမ် ဖြစ်လေတော့၏ဟု မှတ်။

(၆) အသုဘရောက်၊ သုဘပျောက်၊ မှတ်လော့အနာဂါ။

အဓိပ္ပါယ်။ ။ဤပညတ်ရုပ် ကိုယ်ခန္ဓာကြီးသည်၊ မလှ မတင့်တယ် စက်ဆုပ်ဘွယ်ဟု အထင်အမြင် ရောက်သော အခါ၊ မိမိ ကိုယ်ခန္ဓာကြီးသည် လှပတင့်တယ် ချစ်ဘွယ် ကောင်းသည်ဟု ထင်မြင်၍ နေသော သုဘ ပျောက်၍ အနာဂါမ်ဖြစ်၏ဟု မှတ်။

(၇) ဒုက္ခထင်ရောက်၊ သုခပျောက်၊ မှတ်လောက် ရဟန္တာ။

အဓိပ္ပါယ်။ ။ဤ ပညတ်ရုပ်နာမ် ပရမတ်ရုပ်နာမ်နှင့် သံသရာမှာနေရခြင်းသည် ဧကန်ဒုက္ခတဲ့ ဟုအမြဲထင်ရောက် သောအခါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်၊ ခန္ဓာကောင် ဘာကောင်ရလျှင် ချမ်းသာသည်၊ လူမင်း နတ်မင်း, ဖြစ်ရ လျှင်၊ ချမ်းသာသည်ဟူသော အထင်အမြင်များ အစွဲလမ်း များ ပျောက်၍ ရဟန္တာဖြစ်၏ဟု မှတ်။

(၈) ခန္ဓာငါးတွင်၊ လက္ခဏာတင်၊ ကျင့်စဉ်ဤတိုင်း သာ။

အဓိပ္ပါယ်။ ။ဤ အနိစ္စ'အနတ္တ' လက္ခဏာတရားနှစ်ပါး သည်၊ ပရမတ် ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဓာတ်တရားတို့ မှာ ရှုကြည့်ရသည်၊ အသုဘ' ဒုက္ခ' တရားနှစ်ပါးသည်၊

ပညတ်ရုပ်နာမ်တို့မှာ လက္ခဏာတင်၍ ထင်အောင်မြင်အောင် ရှုကြည့်ရသည်ဟု မှတ်၊

## ပဋိစ္စသမုပ္ပါဒ်သံခိပ်-အဓိပ္ပါယ်ပြခက်း။

(၁) သစ္စာလေးပါး၊ မသိပြား၊ မှတ်ထားအဝိဇ္ဇာ၊

အဓိပ္ပါယ်၊ ၊ကိုယ် စိတ်နှစ်ဖြာ ဖြစ်၍နေရခြင်း ဒုက္ခသစ္စာ၊ ဒုက္ခကိုဖြစ်စေတတ်သော လောကီကုသိုလ် အကုသိုလ် တဏှာဓိမ္မဲနှစ်ပါးသည် သမုဒယသစ္စာ၊ ကိုယ် စိတ်နှစ်ဖြာ နာမ်ရုပ်တို့ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ၊ ကိုယ် စိတ်နှစ်ဖြာ နာမ်ရုပ်တို့ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း၊ မဂ် လေးပါး ဖိုလ်လေးပါးကိုရစေတတ်သော ဝိပဿနာတရားသည် မဂ္ဂသစ္စာ၊ ဤတရားလေးပါး အမှန်လေးချက်ကို မသိအောင် ဖုန်းဖိ ကွယ်ကာ တတ်သော စိတ်ဓိုက်ကို အဝိဇ္ဇာ ဟု ခေါ်သည်၊

(၂) ကုကုနှစ်ဖြာ၊ ဓိမံတာ၊ မှတ်ပါသင်္ခါရာ။

အဓိပ္ပါယ်၊ ၊ပုညာဘိသင်္ခါရ၊ ပုညကြိယာ ဆယ်ပါးသည်ကုသိုလ်၊အပုညာဘိသင်္ခါရဒုစရိုက်ဆယ်ပါး၊ အခမ္မိက တရားဆယ်ပါးတို့သည် အကုသိုလ်၊ အနဉ္စာဘိ အာရုပ္ပ တရား လေးပါးတို့သည် ကုသိုလ်၊ ၊အကျဉ်း အားဖြင့်၊ သင်္ခါရ ခေါ်ဘက်ပါးသည် ရုပ်နာမ်ခန္ဓာကို ဖြစ်အောင်ဓိမံသော ကုသိုလ်-အကုသိုလ်ဖြစ်သည်ဟု မှတ်၊

(၃) ဘဝနှစ်ရပ်-ခေတ်နှင့်စပ်၊ မှတ်ကြ ဝိညာဉ်သာ။

အဓိပ္ပါယ်။ ဝိညာဉ်သည် အသိစိတ်ကလေးဖြစ်ပေါ်လာမှုကိုခေါ်သည်၊ ၎င်းဝိညာဉ်သည်၊ ပစ္စုပ္ပန်ဘဝ၌ အာရုံခြောက်ပါးထိခိုက်၍ အသိဝိညာဉ်ဖြစ်ပေါ်မှု၊ တဘဝမှ တဘဝသို့၊ တခန္ဓာမှ-တခန္ဓာသို့ ပဋိသန္ဓေအကူးအပြောင်းစိတ်ကလေးကိုလည်း ဝိညာဉ်ခေါ်၏။ ။အကျယ်သိလိုမူ၊ ငါတို့ စီရင်သော သောတာပန်လမ်း၊ ဒုတိယပြင်ချက်မှာကြည့်လေ။

(၄) ကိုယ်စိတ်နှစ်ဖြာ၊ ဆိုသည်မှာ၊မှတ်ပါရုပ်နာမ်သာ။

အဓိပ္ပါယ်။ ။ရုပ်နာမ်ခေါ်ခြင်းသည်၊ဗမာလိုပြန်ဆိုလျှင် ကိုယ်နှင့်စိတ်၊ အသက်နှင့်ကိုယ်၊ အသိနှင့်သုတ်၊ အဝိဇ္ဇာနှင့် တဏှာဟု၊ အမျိုးမျိုးဘာသာအားဖြင့် ခေါ်ကြသည်။

(၅) မျက်’ နား’ နှာ’ လျှာ၊ ကိုယ်’ မနာ၊ ခြောက်ဖြာ အာယတနာ။

အဓိပ္ပါယ်။ ။မျက်စိ’ နား’ နှာခေါင်း’ လျှာ’ ကိုယ်’ မနော’ ၏ခြောက်ခုကိုအတွင်းအာယတနဟု-ခေါ်သည်။ ။အဆင်း အသံ’ အနံ့’ အရသာ’ အတွေ့’ ဓိဘာကူး’ ၏ခြောက်ခုကိုအပြင် အာယတနဟု-ခေါ်သည်။ အာယတနဆိုခြင်းသည်၊ အာရုံပြုတတ်ခြင်းကို ခေါ်သည်။ ။အကျယ် သိလိုက၊ ပဋိစ္စသမုပ္ပါဒ်လမ်း - မေးဖြေကျမ်းမှာ ကြည့်လေ။

(၆) ထိမှုခြောက်ပ၊ ဖဿတဲ့က၊ ဖဿ,ခေါ်ခြောက်ဖြာ

အဓိပ္ပါယ်။ ။မျက်စိ အစခေါက်နှင့် အဆင်း အစိုက် ခေတ်ထိခိုက်၍ထိမှုစိတ်ကလေးဖြစ်ပေါ်မှုကို ဖဿအတွေ့

အထိ အတိုက်ဟု ဗမာလိုခေါ်သည်၊ ၊နှားနှင့်-အသံ၊ နှာခေါင်းနှင့်-အနံ့တို့ကိုလည်း ဤကဲ့သို့ သိလေ၊

(၇) ခံစားတတ်ထာ၊ ငါးခုလာ၊ မှတ်ပါဝေဒနာ၊

အဓိပ္ပါယ်၊ ၊ဆိုးကောင်းနှစ်ဖြာ ခံစားမှု၌ ငါးမျိုးရှိ၏၊ မြင်သောအခါ၊ ကြားသောအခါတို့၌ အကောင်းဟုသိခြင်း သုခဝေဒနာ၊ သာယာနှစ်သက်ခြင်း-သောမနဿဝေဒနာ၊ အဆိုးဟုသိသောအခါ-ဒုက္ခဝေဒနာ၊မနှစ်သက်မှု ဒေါမနဿ ဝေဒနာ၊ အဆိုးအကောင်းနှစ်ခု၌ သိလျက်နှင့် မိမိစိတ်ကို ဘယ်နှယ်မှမဖြစ်ခြင်းကို ဥပေက္ခာဝေဒနာဟု-ခေါ်သည်၊

(၈) အာရုံခြောက်သွယ်၊ မြောက်ပွါးချယ်၊ သုံးဆယ် ဝေဒနာ၊

အဓိပ္ပါယ်၊ ၊မြင်သောအာရုံ၊ ကြားသောအာရုံ၊နံသော အာရုံ၊ သုံကသောအာရုံ၊ တွေ့ထိသောအာရုံ၊ စိတ်ကူးသော အာရုံ-ခြောက်ခုနှင့် ပွါးလိုက်လျှင်၊ သုံးဆယ်ဖြစ်ခြင်းကို ပြသည်၊

(၉) ခြောက်ဖြာ အာရုံ၊ကပ်ငြိတုံ၊ ခြောက်ပုံ မာတ် တဏှာ၊

အဓိပ္ပါယ်၊ ၊လှလှပပ အဆင်းကို သာယာနှစ်သက်မှု တဏှာ၊ ၊သာသာယာယာ အသံကို သာယာနှစ်သက်မှု တဏှာ၊ ၊မွှေးမွှေးကြိုင်ကြိုင် အနံ့ကို သာယာနှစ်သက်မှု တဏှာ၊ ၊ချိုချိုဆိမ့်ဆိမ့် အရသာကို သာယာနှစ်သက်မှု တဏှာ၊ ၊နူးနူး ညံ့ညံ့ သိမ်သိမ် မွေ့မွေ့ အတွေ့

ကောင်းကောင်းကို သာယာ နှစ်သက်မှု တဏှာ၊ ။အာ ဆင်းကောင်း၊ အသံကောင်း အနံ့ကောင်း၊ အရသာကောင်း၊ အတွေ့ အထိ ကောင်းတို့ကို တွေး၍ စိတ်ကူးပြီး၊ သာယာ ခံစားနှစ်သက်မှု တဏှာ၊ ။ဤ........တဏှာခြောက်ပါးကို ဆိုလိုသည်၊

## တဏှာသုံးပါး-သံခိပ်။

(၁) တဏှာသုံးတန်-အရင်းခံ၊ အာကာသံနှင့် မြွေခံ၊
(၂) တရော့ရှစ်ဖြာ-မင်းတဏှာ၊ ဤခါ..အမြီးပေါက်၊
(၃) မင်ဂွေးသည့်မျောက်-ဖိုလ်ကိုခြောက်၊ ဖိုလ်ဂွေး သည့်မျောက်-မင်ကိုမှောက်၊
(၄) တရော့ရှစ်ယောက်-မျောက်နှဲ့စီးကို၊ တားဆီး နိုင်မှ-ဝဋ်ဒုက္ခ၊ လွတ်ကြ-နေကန်သာ၊

ဤကဗျာ ၄ ပိုဒ်၏ အဓိပ္ပါယ်၊ ။အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဤငါးပါးကိုနှစ်သက်ခြင်းသည် ကာမ တဏှာ, ကာမဂုဏ်ငါးပါးဟု ခေါ်၏။ လောကီကုသိုလ်ကံ အကုသိုလ်ကံ နှစ်ခုကို ပြုကျင့်ရခြင်း၌ နှစ်သက် သာယာ ခြင်းသည် ဘဝတဏှာဟုခေါ်၏၊ ။ဤလောကီအကုသိုလ် ကုသိုလ်ကံ နှစ်ပါးကြောင့်၊ ဖရိုဖရဲ, ဖေါက်လွဲဖေါက်ပြန် ခန္ဓာအမျိုးမျိုးရ၍ဒုက္ခဖြစ်ခြင်းသည်ဝိဘဝတဏှာဟုခေါ်၏၊ ဤ ကာမဂုဏ်ငါးပါး, ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ, သုံးတန်ကို အာရုံခြောက်ပါးနှင့် မြှောက်လိုက်-ပွါး လိုက်သော် ၁၈-ပါးဖြစ်၏၊ ဖြစ်ပြီးကဲ့သော နောက်ဘဝ၊

ယခုဖြစ်ဆဲဘဝ, ရှေ့ကိုဖြစ်မည်ဘဝ တည်းဟူသော အ တိတ် အနာဂတ် ပစ္စုပ္ပန်သုံးပါးနှင့် မြောက်လိုက်ပွါးလိုက် ပြန်သော်၊ ၅၄ ဖြစ်ပြန်၏၊ အတွင်းအဇ္ဈတ္တတဏှာ အပြင် ဗဟိဒ္ဓ တဏှာနှစ်ပါးနှင့် မြောက်လိုက် ပွါးလိုက်ပြန်သော်၊ တဏှာတရားပေါင်း ၁၀၈ ပါးကျ၏၊ သတ္တဝါတယောက် လျှင် ကိုယ်စီ-ကိုယ်င, ရှိကြလေသတည်း၊

ဤမဟာလောကဓာတ်စကြာဝဠာအနန္တတို့၌ သတ္တဝါ တွေကို ကျဉ်း၍ချုံး၍ရေလိုက်လျှင်၊ အဖိုနှင့်အမ နှစ်မျိုးသာ ရှိ၏၊ ၊အမက မွေးထားသော တဏှာမျောက်နှစ်ပါး ၁၀၈ ပါးသည် အဖို အထီးကိုသာ သာယာစုံမက် နှစ်သက် ကြည်သာခြင်း ဖြစ်၍ နေကြသောကြောင့်၊ မြတ်စွာဗုဒ္ဓရှား ပွင့်တော်မူလာမှ ဟောပြောပြသသောဖိုလ်လေးပါးတရား သည်၊ အနားမှမကပ်မလာနိုင်အောင်, တခါတည်း ထောင် ခါ၍ ခြောက်၍ နှင်၍ပစ်လိုက်ခြင်းကို၊ (မ-မွေးသည့်မျောက် ဖိုကိုခြောက်)ဟု........ ကဗျာသံခိပ်, ဆိုပေသည်၊

အဖိုအထီးကမွေးထားသော တဏှာမျောက်နှစ်ပါး၁၀၈ ပါးကလည်း၊ အမ-ဟူသမျှကို မက်မော၍ သာယာစုံမက် နှစ်သက်ကြည်ဖြူ စိတ်မူကြည်လင် ရွှင်ရွှင်ပျပျ ဖြစ်၍ နေကြသောကြောင့်၊ မြတ်စွာဗုဒ္ဓရှားပွင့်တော်မူလာမှ ဟော ပြောပြသသော မဂ်လေးပါးတရားကို တခါတည်း,သပိတ် ခါ, အိတ်ခါ, သွန်၍မှောက်ပစ်လိုက်ခြင်းကို၊ (ဖို-မွေးသည့် မျောက်, မဂ်ကိုမှောက်)ဟု........ စပ်ဆိုပေသည်၊

ဤတဏှာတရား၊ ၁၀၈-ပါးကို နိုင်အောင်။ ဝိပဿနာတရားနှင့် မထိမ်းနိုင်သမျှ - သံသာရဒုက္ခမှ ဧကန်မလွတ်။ ရုပ်နာမ်ခန္ဓာ ဓာတ်သဘော၊ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို။ သင်ကြား၍တတ်မြောက်ပြီး ဝိပဿနာတရားနှင့်ထိမ်း၍ တဏှာမျောက်နှဲ့ စီးကိုနိုင်၍ သံသာရဒုက္ခမှ ဧကန် လွတ်မည်ဟု၊ သေသေချာချာ နာနာကြပ်ကြပ် မှတ်ပါလေ။

(၁) စွဲလမ်းတက်ပြန်-ဥပါဒါန်လေးတန်သွယ်သချာ။
(၂) ဒိဋ္ဌိ-ကာမ-သီလဗ္ဗတ၊ အတ္တ-လေးသချာ။

အဓိပ္ပါယ်၊ ။ဘဝ အဆက်ဆက် သံသရာ အဆက်ဆက် ကမ္ဘာအဆက်ဆက် တိုင်အောင်၊ မပျောက်မပျက်ရအောင် စွဲလမ်း၍ထားခြင်းကို ဥပါဒါန်ဟုခေါ်၏၊ စွဲလမ်းခြင်းကား လေးပါးရှိ၏၊ အကြိယာဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိကြီးသုံးပါး၊ မိစ္ဆာဒိဋ္ဌိ၊ ၆၂-ပါး။ အယူဝါဒအများမျိုးတို့ကို စွဲလမ်း၍ထားခြင်း ဒိဋ္ဌုပ္ပါဒါန်ခေါ်၏၊ ပုဂ္ဂိုလ်ဘဲ လူဘဲ နတ်ဘဲ ဗြဟ္မာဘဲ သတ္တဝါဘဲ အသက်ဇီဝဘဲ ငါဘဲ မိန်းမ ယောကျ်ားဘဲ လိပ်ပြာဘဲ သူတပါးဘဲဟု စွဲလမ်းမှားယွင်းခြင်းကို အတ္တဝါဒုပါဒါန်ဟု ခေါ်၏၊ လောကီသီလ အလေ့အကျင့်မျိုးတို့နှင့် နိဗ္ဗာန်ရမည်ဟု အယူ အထင် အမြင် အစွဲအလမ်းမှားယွင်းခြင်းကို သီလဗ္ဗတုပ္ပါဒါန်ဟုခေါ်၏၊ ကာမဂုဏ် ငါးပါးတို့ကို စွဲလမ်းခြင်းသည် ကာမုပ္ပါဒါန်ဟုခေါ်၏။

(၁) ဖြစ်တတ်ဖြစ်အပ်၊ သူ့သကာင်၊ မှတ်ကြဘဝသာ၊
(၂) ဥပပါတ် ကမ္မ၊ နှစ်ခုပြ ဘာခါတ်သချာ။

(၃) ကမ္မဘဝ-ကုကုပြ။ ဥပ ရုပ်နာမ်သာ။
(၄) ဘဝခေါတ်ကား-အကျယ်အား။ ကိုးပါးကျမ်းရှိ လာ၊

ဤကဗျာ-၄ ပိုဒ် အဓိပ္ပါယ်။ ။ဘဝဟု ခေါ်ခြင်းကား၊ ကုသိုလ် အကုသိုလ်ကံနှစ်ပါးဖြစ်ခြင်းသတ္တဝါ ခန္ဓာအမျိုးမျိုး ဖြစ်ခြင်းကိုခေါ်သည်၊ ။ကမ္မဘဝခေါ်ခြင်းသည် လောကီ ကုသိုလ်ကံ အကုသိုလ်ကံကို ခေါ်သည်၊ ။ဥပပတ္တိဘဝခေါ် ခြင်းကား၊ လူ နတ် ဗြဟ္မာ သတ္တဝါဖြစ်ခြင်းကို ခေါ်သည်၊ အကျယ်အားဖြင့် (ကာမဘဝ, ရူပဘဝ, အရူပဘဝ, ဧက ဝေါကာယဘဝ, စတုဝေါကာယဘဝ, ပဉ္စဝေါကာယဘဝ, သညာဘဝ အသညာဘဝ, နေဝသညာ နာသညာဘဝ)ဟု ကိုးပါးရှိ၏။ပဋိစ္စသမုပ္ပါဒ်လင်း-မေးဖြေကျမ်းမှာကြည့်လေ၊

(၅) အသစ်ရုပ်နာမ်၊ ဖြစ်ရဟန်၊ မှတ်ရန် ဇာတိသာ၊

အဓိပ္ပါယ်၊ ။တဘဝမှ တဘဝသို့ ပဋိသန္ဓေ အသစ် ရုပ်နာမ်အသစ် ပြောင်းလွှဲ၍ဖြစ်မှုကို ဇာတိဟုခေါ်၏၊

ဆံဖြူသွားကျွေ၊သားရေယွင်းယို၊ခန္ဓာအို၊ခေါ်ဆိုမှုဇရာ။

အဓိပ္ပါယ်။ ။ရုပ်ခေါတ်တို့ ရင့်ရော်ခြင်းကို ဇရာ-ဟု ခေါ်သည်။

(၆) ပျက်ဆုံးသေကြေ၊ရုပ်နာမ်တွေ၊ခေါ်လေမရဏာ

အဓိပ္ပါယ်၊ ။လောကနှိ သတ္တဝါတို့သေကြေကြသည် ကို မရဏဟု-ခေါ်၏၊ ယခုပစ္စက္ခနှိလည်း၊ ကံ,စိတ်, ဥတု

ပြုပြင်၍၊ တဖြုတ်ဖြုတ်တဖြတ်ဖြတ် ရုပ်နာမ်တွေ သေကြေ ပျက်စီး၍ နေသည်ကို ခဏိကမရဏဟု ခေါ်၏၊ လောကခွဲ သေခြင်းကို သမုတိမရဏဟုခေါ်၏။ သမုတိမရဏ သူသေ ငါသေ, ခွေးသေ-ဝက်သေ မမြဲ၍သေကြသောအနိစ္စတရား ဆင်းရဲကြသော ဒုက္ခတရားကို သိကာမျှနှင့်, အနိစ္စ ဒုက္ခ တရားတို့ကို သိပြီဟုမမှတ်နှင့်၊ ဤအနိစ္စ ဒုက္ခ တရားမျိုးကို ခွေး ဝက်-နွား တိရစ္ဆာန်တို့ပင် သိကြ၏၊ ကံကြောင့် ဖြစ် သော ရုပ်နာမ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်နာမ်၊ ဥတုကြောင့် ဖြစ်သော ရုပ်နာမ်၊ အာဟာရကြောင့်ဖြစ်သော ရုပ်နာမ်၊ ဤ ရုပ်နာမ်တွေ၊ ပရမတ်ဓာတ်တွေ ခဏမစဲ တသဲသဲ တဖွဲဖွဲ ချုပ်ပျောက်ပျက်စီး၍နေသော မရဏ သေခြင်းအနိစ္စတရား၊ ဤကဲ့သို့ ပျက်စီး၍နေတာကို ဉာဏ်မျက်စိနှင့် တွေ့မြင်ရ၍ ဘေးကြီးဟု ထင်မြင်သော ဒုက္ခတရား၊ ဤအနိစ္စ ဒုက္ခတရား မျိုးကိုသိမှ၊ ဗုဒ္ဓရားဟော အနိစ္စ ဒုက္ခတရားကို သိသည်မှန်၏၊ သူသိငါသိ ခွေးသိဝက်သိနွားသိအနိစ္စဒုက္ခတရားမျိုး၊ သူပြော ငါပြော, ရမ်းပြော မှန်းပြော, တောင်မသိ မြောက်မသိ နှင့် ရမ်း ဟော, မှန်းဟောကြသောရဟန်းရှင်လူတို့၏အနိစ္စဒုက္ခတရား မျိုးကို၊ ဗုဒ္ဓရားဟော အနိစ္စဒုက္ခဟု မမှတ်သင့်ပေရာသတည်း၊

(၇) စိုးရိမ်မည်ငို၊ ကိုယ်စိတ် ဆင်းရဲ - လွန်ပူကဲ၊ ခွဲလော ဓာတ်ငါးဖြာ။

အဓိပ္ပါယ်၊ ၊ဤခန္ဓာကြီး ခံဖြူ သွားကျေ၊ သားရေ ယွင်းယို အိုရခြင်း, ဇရာဟုခေါ်သည်၊ စိုးရိမ် ပူပန်းရခြင်း သောကဟု ခေါ်သည်၊ ငိုမည်တမ်းရခြင်း ပရိဒေဝဟု ခေါ်

သည်၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ဒုက္ခဟုခေါ်သည်၊ စိတ်နှလုံးမသာယာခြင်း ဒေါမနဿဟု ခေါ်သည်၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်း ဥပါယာသဟုခေါ်သည်၊

## သံသရာချုပ်သူ-ရန်သူသုံးဦးသံခိပ် အဓိပ္ပါယ်ပြခဏ်း။

(၁) တဏှာဒိဋ္ဌိ၊ မာန်တြိ၊ သိလောပပဥ္စာ၊
(၂) သံသရာရဟတ်၊ ချုပ်ထွင်တတ်၊ ရအပ်သူ့သညာ၊

အဓိပ္ပါယ်၊ ၊တဏှာ-ဒိဋ္ဌိ မာန-ဤတရားသုံးပါးသည်၊ သံသရာမှာ ကြာကြာ ထားတတ်သောကြောင့်၊ ပပဥ္စာဟုခေါ်၏၊ ၊သံသရာမှ မထွက်နိုင်အောင်၊ တုပ်နှောင်ဖွဲ့ချည်၍ ထားတတ်ခြင်းကြောင့်၊ ပပဉ္စဟုခေါ်၏၊ ၊သံသရာမဆုံးနိုင်အောင် ချုပ်ထွင်တတ်သောကြောင့်၊ ပပဉ္စတရား သုံးပါးဟုခေါ်၏၊

(၃) ဒိဋ္ဌိ-ငါ၊ ငါ့ဥစ္စာ၊ တဏှာစွဲချက်မှာ၊
(၄) ငါသာလျှင်တတ်၊ ငါသာမြတ်၊ မှတ်လောမာနသာ၊

အဓိပ္ပါယ်၊ ၊မိမိကိုယ်ကို ငါကောင်, ယောက်ျား-မိမ္မကောင်, နတ်ကောင် လူကောင်ဟု၊ အထင် အမြင် အယူ အမှတ်မှားခြင်းသည်၊ အဇ္ဈတ္တအတွင်းဒိဋ္ဌိ၊ ၊ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါလျက်သည်၊ ငါတွေ့ထိသည်၊ ငါစိတ်ကူးသည်၊ငါကြံစီသည်ဟု-အထင်အမြင် အယူအမှတ်မှားခြင်းသည် ဗဟိဒ္ဓ အပြင်ဒိဋ္ဌိအားဖြင့်၊ အတွင်း အယူများ

အပြင်အယူမှား ဒိဋ္ဌိနှစ်မျိုးရှိ၏၊ ကိုယ်ခန္ဓာကို ငါ့လက်,ငါ့ခြေ,ငါ့စိတ် ငါ့ရုပ်,ငါ့နာမ်ဟု သိမ်းပိုက်တွယ်တာ သာယာခင်တွယ်မှုသည်၊ အဇ္ဈတ္တ အတွင်းတဏှာဖြစ်၏၊ ။ငါ့လင် ငါ့သား, ငါ့မယား, ငါ့စိန်, ငါ့ရွှေ, ငါ့ငွေ, ငါ့လယ်, ငါ့ကျွဲ, ငါ့နွား စသည့်ဖြင့် သိမ်းပိုက်တွယ်တာ သာယာခင်တွယ်မှုသည်၊ ဗဟိဒ္ဓ အပြင်တဏှာဖြင့် အတွင်းတဏှာ အပြင်တဏှာ နှစ်မျိုးရှိပြန်၏၊

ငါသာ-တတ်သည်၊ ငါသာ-လှပတင့်တယ်၊ ငါသာ ဖြတ်သည်၊ ငါသာ-လိမ္မာသည်၊ ငါသာ-အသက်ရှည်သည် ဟု စသည်အားဖြင့်၊ မော်ခြင်း မောက်ခြင်း ကြွားခြင်း ထောင်လွှားခြင်းကို အတွင်းမာနဟုမှတ်၊ ။ငါသာ-ခံရေ ဝပါး ကျွဲ-နွားဆင် မြင်းရှိသည်၊ငါသာ ရွှေ ငွေ-မြ စိန် အိမ် ယာ ဥယျာဉ်ရှိသည်ဟု စသည်အားဖြင့် ထောင်လွှား မော် မို မော်ကြွားခြင်းကိုအပြင်မာနဟုမှတ်၊ ။အကျဉ်းအားဖြင့်၊ ဒိဋ္ဌိငါတမျိုး မာနငါတမျိုး တဏှာငါတမျိုးဟုမှတ်၊ ။ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်သုံးမျိုးသည်၊ ဒိဋ္ဌိငါကိုသာ ပယ်သတ်နိုင်သေးသည်၊ တဏှာငါ, မာနငါ နှစ်ပါးကို မပယ်သတ်နိုင်သေးဖြစ်သည်၊ အရဟတ္တမဂ်ကျမှ တဏှာငါ မာနငါ နှစ်ပါးကိုသတ်နိုင်သည်၊

(၅) သံသရာကို၊ တိုစေလို၊ သူ့ကိုသတ်ကြပါ၊
(၆) သူ့ကိုမဖြတ်၊ ရမ်း၍သတ်၊ မပြတ်သံသရာ၊

အဓိပ္ပါယ်၊ ၊သံသရာတို၍ နိဗ္ဗာန်မဂ်ဖိုလ်ကို လိုလား ကြသော သူတော်ကောင်းတို့သည်၊ ဤသံသရာကို ချဲ့ထွင် တတ်သောတဏှာ,မာန,ဒိဋ္ဌိ,တရားသုံးပါးကိုသတ်ရသည်၊ သူ့ကို မဖြတ်တဲ့သျက်၊ ဒါန-သီလ-သမထ တရားတို့နှင့် ဖြေးဖြေးတော့ ပြတ်လိမ့်မည်ဟု အထင်အမြင် ရောက်၍ မိမိ၌ရှိသော ကိလေသာတရားကို ဒါနမှု-သီလမှု သမထ ဘာဝနာမှု တို့နှင့် ရမ်း၍ သတ်ကြသော သူများသည်၊ ဘယ်နံ့ရောအခါမှ သံသရာမပြတ်ဟု ဆိုလိုသည်၊

ဥပမာ။ ။သဓ်ါရေကုသိုလ်၊ဒါန သီလ-သမထ-ဘာဝနာ တရားတို့နှင့် မိမိကိလေသာ သေမည်ဟု အထင်ရောက်၍ ကြိုးစား အားထုတ်ကျင့်ကြံကြသော ရဟန်းရှင်လူတို့သည်၊ မိမိတဏှာကို ကုန်စေလို၍ ငယ်ပါလိုင်ကို ဖြတ်ကြသော ကုလားများကဲ့သို့ရင်း၊ စဓ်မင်ကိုအောင်စေလို၍ ဗိုလ်ပါကို သတ်၍ ပစ်သကဲ့သို့ရင်း၊ ဘိုးသူတော်ကို ငွေရှိသူ-ချစ်တီး မှတ်၍ သွေးအပ် မှားသကဲ့သို့ရင်း ဖြစ်ချေသည်၊

(၇) ဒိဋ္ဌိပြတ်လွှင့်၊ မဂ်နှစ်ဆင့်၊ အသင့်ရသည်သာ၊

အဓိပ္ပါယ်၊ ဒိဋ္ဌိအယူမှားကိုပယ်သတ်နိုင်က၊ သောတာ ပတ္တိမဂ် သကဒါဂါမိ မဂ်နှစ်ဆင့်ကို ရပြီဟုဆိုပေသည်၊

(၈) တဏှာကင်းကွာ၊ ထိုသူမှာ၊မှတ်ပါ ရဟန္တာ၊

အဓိပ္ပါယ်၊ ၊တဏှာ ငါကို ပယ်သတ်နိုင်လျှင်၊ အ နာဂါမ် ရဟန္တာ ဖြစ်ပြီဟုမှတ်၊

(၉) မာနတရား၊ ဆိုသည်ကား၊ သိးခြားမသတ်ရာ၊

(၁၀) တဏှာကင်းကွာ၊မာနဟာ၊ပါကာသွားသည်သာ

အဓိပ္ပါယ်၊ ၊ပါဠိတော် အဋ္ဌကထာတို့၌၊ မာနသတ်တရားဟူ၍မရှိ၊ တဏှာသတ်တရား ဒိဋ္ဌိသတ် တရားသာရှိကုန်၏၊

(၁၁) ဒိဋ္ဌိတဏှာ၊သတ်သူမှာ၊မှတ်ပါ ဥပမာ၊

(၁၂) သဘောပင်နှင့်၊ ပေပင် တသိး၊ စိုက်သူနည်းအကြိုး တူလှပါ။

အဓိပ္ပါယ်။ ၊တဏှာတရားကို သတ်သော သူသည် အသက် ၅၀-၆၀-လောက်ကျမှ ပေပင်ကိုစိုက်သောသူနှင့်တူ၏၊ ပေပင်သည် အနှစ် ၄၀-၅၀-ကျမှ ပေပင်၏ အကျိုးကို ခံစားရ၏၊ပေတပင် ရှင်တပါးဆိုသောစကားအရ၊ ပေပင်သီး၍၊ ပေထန်းရွက်မိုး၊ ငွေ ၁၅ဝ-လောက်ရမည်၊ငင်းပေပင် မသီးခင် မိမိခန္ဓာပျက်ကွေသော်၊ ဘာမျှအကျိုးမခံစားရ၊ ဤဥပမာကဲ့သို့ မဂ်ဖိုလ်ကို ရမလားလို့ မဂ်တက်စဉ်တရားမသိဘဲလျက်၊ တဏှာကို တက်၍ သတ်ကြသောရဟန်း ရှင်လူတို့သည် တဏှာလည်းမသေ ထပ်၍သာပွားများကုန်၏။ ပွါးများပုံကား၊မဂ်ဖိုလ် ရမလားလို့တဏှာသတ်တရားတည်းဟူသော သဒ္ဓါရကုသိုလ် ဒါန သီလ-သမထဘာဝနာတို့ကို ပြုကြလေလေ၊ သံသရာမှာ ဥစ္စာရတ်သိမ်ကြီးပွားလေလေအဘိညာဉ်တံခိုးကြီးပွားလေလေ၊သာယာခင်တွယ်မှုတဏှာ ပွားများလေလေဟု-မှတ်ပါလေ၊

၊၆

ဒိဋ္ဌိကိုသတ်သောသူသည် အသက်ငယ်ငယ်ကြီးကြီးမခို သဘော်ပင်ကို စိုက်ထားနှင့်တော့၏။ ။သဘော်တပင်မှ ငွေ ၁၅ လောက်ရပေ၏၊ ပေပင်လောက် မရပေ၊ ထိုအဘူ၊ဒိဋ္ဌိ သေကာ၊သောတာပန်။ သဘာဒါဂါမိမဂ်နှစ်ပါးကိုသာရနိုင်၏၊ ရဟန္တာတော့ မဖြစ်ပေ၊ အဖျင်းဆုံးအားဖြင့်၊ အရွက်ကို စားရသေးသကဲ့သို့ မဟာ သောတာပန် ဖြစ်ရသော်လည်း ရူလသောတာပန် ကလျာဏ ပုထုဇန်တော့ ဧကန်ဖြစ်တော့ ၏ဟု-မှတ်ပါလေ။

(၁၃) ဒိဋ္ဌိပျောက်ကွာ၊ဒိဋ္ဌိဟာ၊ ပါကာသွားသည်သာ

အဓိပ္ပါယ်။ ။ဒိဋ္ဌိ အယူမှား ပျောက်က တွေးတော ယုံမှားခြင်း ဝိဝိကိစ္ဆာသည် တခါတည်းပါ၍ သွားလေ တော့၏ ယုံမှားခြင်းမရှိက အယူမှန်လေတော့၏။ အယူမှား ပျောက်၍ အယူမှန်က ယုံမှားခြင်း တွေးတောခြင်း မရှိ ပျောက်၏။

(၁၄) ဒိဋ္ဌိသက္ကာ၊ကွာသူမှာ၊မဟာ သောတာစစ်။

(၁၅) မဟာသောတာ၊ဖြစ်သူမှာ၊ပယ်ရွာဘိတ်မဖြစ်။

အဓိပ္ပါယ်။ ။သက္ကာယဒိဋ္ဌိကွာက မိစ္ဆာဒိဋ္ဌိ ၆၂-ပါး၊ ဒိဋ္ဌိကြီးသုံးပါး အကုန်ပြတ်၍ မဟာသောတာပန် - ဖြစ်၏။ အပယ်သို့ ကျရောက်စရာအကုသိုလ်ကံဟောင်းတွေလည်း ပြတ်ကုန်၏ မပယ်နိုင်သေးသော အကုသိုလ်ကံတို့ ထပ်၍ ဖြစ်သော်လည်း အပါယ်သို့ ကျရောက်ခြင်း၌ ပဋိသန္ဓေ အကျိုးဘို့ကို မပေးနိုင်ဟု—ဆိုပေသည်၊

(၁၆) အပါယ်တင်းလို၊ တောင်းဆုဆို၊ လူဗိုလ်-ကြွေး အားသစ်၊

အဓိပ္ပါယ်၊ ၊အပါယ် လေးပါးသို့ ကျရောက်ရန်ကို ကြောက်ရွံ့ကြသောရဟန်းရှင်လူတို့သည်၊သောတာပန်-ဖြစ်အောင် လျှင်လျှင်မြန်မြန်ကြိုးစားကြပါလေ၊ပုထုဇဉ် အဖြစ်နှင့်နေက, ကြောက်အပါယ်ကမလွတ်နိုင်ကြကုန်၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်က၊ လူ့ချမ်းသာ, နတ်ချမ်းသာ, အသစ်အသစ်ကို ခံစားစံစား၍ အကြာဆုံး ခုနစ်ဘဝနှင့် နိဗ္ဗာန်ကို သွားရကြောင်းကို ဆိုလိုသည်၊

ဒါန သီလ,သမထ,ဘာဝနာတရားနှင့် အားရတင်းတိမ်၍ နေကြသော ရဟန်း ရှင်လူ တို့သည်၊ အပါယ်ကြော အပါယ်မြစ် ကြောက်ပြတ်ပြီး အပါယ်ကိုမကျပြီဟု ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မရှိကုန်၊

(၁၇) ကာ - ဗျာ - နှစ်ပါး၊ လွန်ခေါင်းပါး၊ မှတ်သား သကဒါဝစ်၊

(၁၈) ကာမဘုံမှာ၊ တကြိမ်သာ၊ လာရန်ရှိသည်ဖြစ်၊

အဓိပ္ပါယ်၊ သောတာပန်ဖြစ်၍ ကာမရာဂ ဗျာပါဒတို့ခေါင်းပါးလျှင် သကဒါဂါမ်ဖြစ်၍၊နတ်ပြည်တဘဝနှင့် လူပြည်က တဘဝနေပြီး၊ နိဗ္ဗာန်ကိုဝင်စံသော ပုဂ္ဂိုလ်ဟု-ခေါ်၏၊

(၁၉) ကာ-ဗျာ နှစ်ရပ်၊အကုန်ပြတ်၊မှတ်ကြနာဂါမ်စစ်

(၂၀) လူ့ပြည် နတ်ချပ်၊ ကာမဓာတ်၊ နောက်ထပ် လာမဖြစ်၊

(၂၁) ငါးတန်သုဒ္ဓါ၊ဗြဟ္မာ့ရွာ၊ လားရန်-တလမ်း ဖြစ်၊

အဓိပ္ပါယ်။ ။လင်မယားအဖြစ်ဖြင့် ကာမရာဂ သံသဂ္ဂ ပြုလိုသောစိတ်၊ ဒေါသစိတ်တို့ အကုန်ပြတ်က အနာဂါမ် ဖြစ်၍ လူ့ပြည် နတ်ပြည် တည်းဟူသော ကာမသုဂတိ ခုနစ်ဘုံမှ လာ၍မဖြစ်၊ သုဒ္ဓါဝါသငါးဘုံ ဗြဟ္မာ့ပြည်မှာ ဖြစ်ကုန်၏။

(၂၂) လုံးရုံကိလေ၊ အကုန်ကျေ၊ ဖြစ်လေရဟန္တာ၊

(၂၃) ဝဋ်ဖြစ်နှစ်ရပ်၊ အကုန်ပြတ်၊ နောက်ထပ် မဖြစ် လာ။

(၂၄) ဒုက္ခခပ်သိမ်း၊ကင်းလွတ်ငြိမ်း၊ဓာတ်သိမ်းတော့ သည်သာ၊

အဓိပ္ပါယ်၊ ။အကျယ်အားဖြင့်၊ တထောင့်ငါးရာ ကိလေသာ အလယ်အားဖြင့် ၁၀-ပါး၊ အကျဉ်းအားဖြင့် ၃-ပါး၊ အကုန်ပြတ်၏၊ တဏှာဒိဋ္ဌိ ဝဋ်ဖြစ်နှစ်ပါး ပြတ်၏၊ ဒုက္ခ အမျိုးမျိုး ကင်းလွတ်ငြိမ်း၍၊ သံသရာထဲမှာ ရုပ်အမျိုးမျိုး နာမ်အမျိုးမျိုး ဖြစ်ပုံ ပျက်ပုံကို ကရ ပြရသောဓာတ် သိမ်း လေတော့၏။

## မဂ်လေးပါးသံခိပ်-အဓိပ္ပါယ်ပြခန်း။

(၁) ကိလေပယ်သတ်၊ တရားမြတ်၊ ရေအပ်မဂ်နာမံ၊

အဓိပ္ပါယ်၊ ။ကိလေသာတရားအပေါင်းကို ဒါန သီလ ဘာဝနာတရားတို့မသတ်နိုင်၊ မဂ်တရားမှ သတ်နိုင် သည်ဟု-ဆိုလိုသည်၊

## (၂) ဒိဋ္ဌိဝိစိ၊ ပယ်နိုင်ဘိ၊ ဖြစ်၍·သောတာပန်။

အဓိပ္ပါယ်၊ ။ဒိဋ္ဌိစေတသိက်ကိုယှဉ်သော လောဘမူစိတ်လေးခုနှင့်၊ မောဟမူက ဝိစိကိစ္ဆာတလုံး၊ ပေါင်း·အကုသိုလ်စိတ် ငါးလုံးကိုပယ်လိုက်က သောတာပန် ဖြစ်၏ဟု သင်္ဂြိုဟ်ကျမ်း၌ ဤနေရာမှ ပြင်၍၊ ။ဒုတိယ ကဏ္ဍက စေတသိက်၊ ရုဒ္ဒသတာဆယ့်လေးပါးတွင် ဥဒ္ဓစ္စစေတသိက် တလုံးကို ကြဉ်၍ ကျန်သောစေတသိက် ၁၃·ပါးသည် အပါယ်သို့ကျသည်ဟုရေးသည်၊ သင်္ဂြိုဟ်ကျမ်းဆရာသည် ကတောက် ကတက် ရှေ့စကား နောက်စကား မညီဖြစ်သည်၊ ဖင်းကျမ်း၌လည်း၊ သက္ကာယဒိဋ္ဌိကိုပြခြင်း၌ တပါဒ တလုံးမျှ မပါဖြစ်သည်။

သတ္တဝါတို့၏ မူလ အမြစ်တရားကို ရေးသည်မှာလည်း (အဝိဇ္ဇာ တဏှာ ဝသေန ဒွေမူလာနိ၊ ဝေဒိတဗ္ဗာနိ) ဟု အဝိဇ္ဇာနှင့် တဏှာကို အမြစ်နှစ်ပါးရေးသည်၊ ဗုရားဟော ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ဒိဋ္ဌိ တဏှာ နှစ်ပါးသာ အမြစ်အရင်း ဟူသည်ဟု လာ၏၊ ငါတို့လည်း သဘောကျကုန်၏၊ ။အဝိဇ္ဇာတဏှာ အမြစ်အရင်းဟုပါလျှင် မဂ်တက်စဉ်နှင့် ကိုက်အောင် သောတာပန် ရှေးဦးစွာ ဖြစ်လိုပါသည်၊ အဝိဇ္ဇာ, တဏှာ, အမြစ်နှစ်ပါးတွင် ဘယ်အမြစ်ကို ဖြတ်ရပါမည်နည်းဟု မေးလျှင်၊ အခက်ကြုံကျ၍ သင်္ဂြိုဟ်ဆရာ မဖြေတတ်ဖြစ်နေပါလိမ့်မည်၊ ။ဘယ်အတွက်ဆိုလျှင် အဝိဇ္ဇာမြစ်ကိုသတ်၍ပြက သောတာပန်ဖြစ် တရားမဟုတ်၊ ရဟန္တာဖြစ် - ဖြစ်ပေသည်၊ သို့အတွက်၊ မဂ်တက်စဉ်နှင့်

နှင့်လည်း မကိုက်ခြင်းကြောင့်၊ အလွန်တရာ စိတ်ရှုပ်စရာ အယူဖြစ်နေသည်၊
ဒိဋ္ဌိတဏှာနှစ်ပါး အရင်းအမြစ်ကျသည်ဆိုသော စကားမှာ၊ မဂ်တက်စဉ်နှင့်လည်းကိုက်၏။ သောတာပန် သကဒါဂါမ်, အောက်မဂ် တပါး နှစ်ပါး အလိုရှိက ဒိဋ္ဌိကိုသတ်၊ အနာဂါမ် ရဟန္တာ အထက်မဂ်နှစ်ပါးအလိုရှိက တဏှာကိုသတ်၊ သို့အတွက် သဘောကျစရာ ကောင်းပေသည်၊ အကျဉ်းအားဖြင့်၊ ဒိဋ္ဌိစေတသိက်တလုံးသော တပ်ဦးဗိုလ်ပျက်သကဲ့သို့ အပါယ်သို့ ကျရာကျကြောင်း မဖြစ်နိုင်ကြကုန်ဟု မှတ်ပါလေ၊

(၃) ကာမရာဂ၊ ဗျာပါဒ၊ ပါးက-သကဒါဂါမ်၊

အဓိပ္ပါယ်၊ ၊သောတာပန် ဖြစ်ပြီးသောသူမှာ၊ ကာမရာဂ သံသဂ္ဂ စိတ်နှင့် ဒေါသတရား ခေါင်းပါးကဲ့ပါမူ၊ သကဒါဂါမ် ဖြစ်၏ဟု ဆိုလိုသည်။

(၄) ကာမဗျာပါ၊ အကုန်ကွာ၊ မှတ်ပါအနာဂါမ်၊

အဓိပ္ပါယ်။ ၊အနာဂါမ်ပုဂ္ဂိုလ်သည်၊ အကုသိုလ်စိတ် ၁၂-ခုတွင် ဒေါသမူဒွေးနှစ်ခုကို ထပ်၍ပယ်၏၊ ကာမရာဂ သံသဂ္ဂစိတ်သည် လောဘတဏှာကြောင့်ဖြစ်သော ဒေါသစိတ်ဖြစ်သည်။ ရန်ညိုးဖွဲ့သော ဗျာပါဒ တရားသည်လည်း ဒေါသစိတ် ဖြစ်ကုန်၏၊

(၅) ခပ်သိမ်းကိလေ၊ အကုန်ကျေ၊ ဖြစ်လေအရဟံ။

အဓိပ္ပါယ်၊ ၊အလုံးစုံသော ကိလေသာ ကုန်ခမ်း၍ ရဟန္တာ ဖြစ်သောအခါ၊ ပစ္စည်းလေးပါး သုံးဆောင်ရာ၌

သာဓိပရိဘောဂဆိုက်၍ အစိုးတရ ပိုင်ပိုင်နိုင်နိုင် ကျောင်း ဆေး၊ ဆွမ်း၊ သင်္ကန်းတို့ကို သုံးဆောင်နိုင်၏။ ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ရဟန်း သာမဏေများသည်။ သီလ မလုံခြုံဘဲသျက် သုံးဆောင်မှုံဝ စားသောက်လျှင် ထေယျပရိဘောဂ ခိုး၍သုံးဆောင်ခြင်းဖြစ် သည်၊ သီလလုံခြုံပါသော်လည်း ဝိပဿနာ ပညာဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်မိလျှင် ကြွေးတင်၏။ ဒါယကာ၊ ဒါယိကာမတို့၏ ကြွေးတင်၍ ဣဏပရိဘောဂ ကြွေးချေး၍ စားသုံးခြင်းဖြစ်၏၊ ကြွေးတင်သဖြင့် ကြွေးရှင် အိမ်မှာ ကျွန်ဖြစ်၏၊ ခိုး၍ သုံးဆောင်သော ရဟန်းသည် အပါယ်သို့ကျ၍ နွားကျွဲ အဖြစ်နှင့် ကြွေးရှင်ထံမှ ကျွန်ဖြစ်၏။ ဤပစ္စည်းလေးပါး သုံးဆောင်ရာ၌ ထေယျပရိဘောဂ။ ခိုး၍ သုံးဆောင်ခြင်းဣဏပရိဘောဂကြွေးချေး၍သုံး ဆောင်ခြင်း နှစ်မျိုးတို့ကို မြတ်စွာဗုဒ္ဓရား အလိုတော်မရှိ၍ ပယ်တော်မူ သည်၊ ငါ၏ သားတော် သမီးတော် မဟုတ်ဟု ပယ်တော်မူ သည်။

ဝိပဿနာပညာဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးဆောင် ခြင်းရှိသော ရဟန်းသာမဏေ ဘိက္ခုနီမများကို ငါ၏သား တော် သမီးတော် သမုတိသံဃာဟုခေါ်၏၊ ချီးမွမ်းတော်မူ၏ ကလျာဏပုထုဇန်၊ ရုလသောတာပန်၊ ပရမတ္ထသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်းဟူသော သေက္ခပုဂ္ဂိုလ် ခုနစ်မျိုးတို့ကို ဒါယဇ္ဇပရိဘောဂ ငါ၏သားတော်အစစ်ဖြစ်၍ အမွေခံသားသမီး အမွေခံ၍သုံးဆောင်ခြင်းဟုခေါ်၏၊ ရဟန္တာ ဖြစ်လျှင် သာမိပရိဘောဂပိုင်ပိုင်နိုင်နိုင် သုံးဆောင်တော့ဟု

ခွင့်ပြုတော်မူ၏။ ခိုး၍သုံးဆောင်ခြင်းနှင့် ကျွေးချေး၍ သုံးဆောင်ခြင်းကို မြစ်တော်မူရား, ခွင့်ပြုတော်မမူ။ ဝိပဿနာပညာဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးဆောင်ခြင်း အမွေခံ၍ သုံးဆောင်ခြင်း အစိုးတရသုံးဆောင်ခြင်းကိုသာ ခွင့်ပြုတော်မူသည်။

## ဒုစရိုက်ပယ်ပုံသံခိပ်-အဓိပ္ပါယ်၊

(၁) သက်သတ်ခိုးမှု ကာမေသုနှင့်၊မုသားမိစ္ဆာ
ကင်းပြတ်ကွာ၊ မှတ်ပါသောတာပန်။

အဓိပ္ပါယ်။ ။သူများအသက်ကို သတ်ခြင်း၌ လောဘနှင့်ယှဉ်၍ဖြစ်သော အသက်မွေး ဝမ်းကြောင်း အတွက် သက်သတ်မှုကို ကြဉ်၏။ သူတပါးဥစ္စာခိုးမှုကို ပယ်၏။ သူတပါး သားမယားကို ကြူးလွန်မှုကိုပယ်၏၊ သူတပါးအကျိုးပျက်စီးလောက်အောင် ပြောသော မုသားကိုပယ်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိသမျှကို အကျဉ်းချုပ် လိုက်လျှင်၊ ဥဒ္ဒေသသဿတဒိဋ္ဌိနှစ်ပါးသာရှိသည်ကိုပယ်၏။ ဤကားသောတာပန်ပယ်မှုတည်း။

(၃) သကာဒါဂါမ်၊ပယ်သတ်ဟန်၊ကျမ်းဂန်မပြည့်ွန်း။
အဓိပ္ပါယ်၊ ။ဤဒုစရိုက် မဂ်တက်စဉ်ပယ်မှု၌ သကာဒါဂါမ်ပုဂ္ဂိုလ်သည် တိုးတက်၍ပယ်မှုကျမ်းဂါန်၌မရှိ။

(၂) ပိသု-ဖရုသ- ဗျာပါဒ။ ပြတ်က အနာဂါမ်၊
ကုန်းချောသော ပိသုန၊ ဆဲရေးတိုင်းထွာသော ဖရုသ၊ ရန်ငြိုးဖွဲ့သောဗျာပါဒ၊ဤတရားသုံးပါးကို အနာဂါမ်ပုဂ္ဂိုလ်သည်-ထပ်၍ပယ်ကုန်၏၊ ။

(၄) သမ္ဘာသ်ဘိဇ္ဈာ၊ ကုန်သောခါ၊ မှတ်ပါ ရဟန္တာ။

အဓိပ္ပါယ်။ ။အနက်ဖြိုပ် လိင်သျှာမှ ကင်းသောစကား သမ္ဖပ္ပလာပ ဤအနက်ဖြိုပ်ကင်းဆိုသော စကားသည်၊ အချို့ ဆရာတို့က ရယ်ရွှင်စရာ ပုံဝတ္ထု၊ ရာဇဝင်၊ ဇွေးမယ်နှော် ဝတ္ထုများစသည်ဖြင့် ပြောခြင်းတို့ကို ဆိုကြသည်၊ ငါတို့ အယူကား၊ ဤဝတ္ထုပုံရာဇဝင် ဇွေးမယ်နှော်ဇာတ်တို့သည်၊ အနက်ဖြိုပ်ကင်းသော စကားမဟုတ်၊ လိင်သျှာ မရှိသော စကားမဟုတ်ကုန် လိင်ရှိ၍ အရေအတွက်အကောင်အထည် ရှိ၍၊ ယောက်ျား - မိန္မဖြစ်၍၊ ဂုဏ်ဖြိုပ်ရှိ၍ဟုမှတ်၊ အနက် ဖြိုပ် လိင်သျှာကင်းသော စကားကိုပြော၍ပြအံ့၊ မိန္မမြို့မ သားတယောက်သည် ကောင်းကင်က တိမ်မီးခိုးတို့ကို ပုဆိုး လုပ်၍ ဝတ်ပြီးလျှင်၊ အဆက်တထောင်ရှိသောယုန်ချိုလေး ကို ကိုင်လျက် မြစ်ရေပြင်၌ လေးခင်းပြ၍ (က)နေသည်ဟု ပြော၏၊ ဤစကားမှ အနက်ဖြိုပ်လိင်သျှာကင်းသောစကား ဟုမှတ်လေ၊ သူတပါးစည်းစိမ်ကို မိမိစည်းစိမ်ဖြစ်အောင် ကြံစိမ့် အဘိဇ္ဈာ ဤတရားနှစ်ပါးကို တိုးတက်၍ ရဟန္တာ ပုဂ္ဂိုလ်ပယ်၏။

ဤအရာ၌ ဒုစရိုက်တရားတို့ကို အရိယာများ ပယ်ပုံနှင့် ပုထုဇန်များ ပယ်ပုံ ထူးခြားဟန်ကိုပြပေအံ့၊ သူ့အသက် သတ်ခြင်း သူ၏ဥစ္စာ ခိုးခြင်းတို့၌ ပုထုဇန် ပုဂ္ဂိုလ်သည် ခိုး စရာ သတ်စရာမတွေ့၍ ခိုးချင်သတ်ချင်သော စိတ်မရှိ၊ ခိုး လည်းမခိုး၊ သတ်လည်းမသတ်၊ ခိုးစရာသတ်စရာတွေ့သော အခါ ကမ္ဘာကမ္ဘေက ခိုးတတ်သတ်တတ်သော အနုသယ

ကိလေသာ၊ အမျိုးမပျက်သောခါတ်ကကောဲသိုက် ထောင်၍ ထလိုက်သဖြင့် မနေခေတ်အတွင်းက ခိုး၏ သတ်၏၊ သီလပျက်မည့်ကိုစိုးရိမ်၍ ကိုယ်ဖြင့် သတ်ခြင်း ခိုးခြင်းကို မပြုကုန်၊ သီလဖြင့်လုံခြုံ၏၊

အရိယာများ သီလလုံခြုံပုံမှာ၊ ခိုးစရာ သတ်စရာမတွေ့၍ ခိုးချင် သတ်ချင်သော စိတ်မရှိ၊ မခိုး မသတ်ကုန်၊ ခိုးစရာ သတ်စရာအမှုနှင့် တွေ့သောအခါ အနုသယ ကိလေသာက ပြတ်ကင်းသောကြောင့်၊ ကော်၍ ထောင်၍ မထသဖြင့် ခိုးချင်သောစိတ် သတ်ချင်သောစိတ် မနေ့သည်း ဝမ်းထည်း၌ မပေါ် မဖြစ်လာကုန်ဟု မှတ်ပါလေ၊

## သောတာပန်ဖြစ်ရန် အကြောင်း-၄-ပါး
### အဓိပ္ပါယ်ပြခန်း။

(၁) သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာ စိတ်ထား၊ မဂ်အားလျှောင်ဘိ၊ ဒိဗ္ဗိကျခု ဤ၄လေးဖြာ၊ သောတာပန်စစ် ဖြစ်ကြောင်းတည်း၊

အဓိပ္ပါယ်၊ ၊အပါယ်ကို တကာယ် ကြောက်ကြသော လူရှင်ရဟန်းတို့သည်၊ သောတာပန်ဖြစ်ရန်ကို အလိုရှိပါက ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စ သမုပ္ပါဒ်တို့ကို ကျွမ်းကြင် လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖေါ်ခြင်း တပါး၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စ သမုပ္ပါဒ်နှင့် စပ်ဆိုင်သော တရားကို ကြားနာနာခံသင်ကြားမှတ်သားလေ့ကျက်ခြင်း တပါး၊ ၊ရုပ်ဓာတ်,နာမ်ဓာတ်,ခန္ဓာဓာတ်တို့ကို မိမိခန္ဓာ

ပေါ်၌ မြင်အောင် ထင်အောင် အသင့် အတင့် နှလုံးသွင်း ရခြင်းတပါး၊ ။ပရမတ် ရုပ်နာမ်တို့ကို ထင်မြင်သည် အတိုင်း ငါ ငါ ထင်ခြင်း၊ သက္ကာယဒိဋ္ဌိကိုပယ်ရှားရခြင်းတပါး။ ဤအကြောင်းလေးပါးနှင့် ညီညွတ်က၊ သောတာပန်ပုဂ္ဂိုလ် ဖြစ်၏ဟု-မှတ်ပါလေ။

ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာ ပဋိစ္စ သမုပ္ပါဒ် တရားတို့ကို ကျွမ်းကြင် လိမ္မာသူကို ပေါင်းရမည်ဟု မြတ်စွာဘုရားက သုတ်ပါထေရ-ပါဠိတော်တွင် ဟောပါလျက်၊ ၎င်းတရားကို မတတ်မကျွမ်းကြင်သောဆရာတော်ကြီးကို လိုက်၍ပေါင်း ခြင်း ကိုးကွယ်ခြင်းပြုသော်လည်း၊ တရားအချိုးမကိုက်ဟု မှတ်။ ။၎င်းတရားတို့ကို ကြားနာ မှတ်သားရမည် ဆိုပါ လျက်၊ ဖြေးဖြေး ကျတော့ နိဗ္ဗာန်ရလိမ့်မည် လှူဒါန်းပြီး ဆုသာ တောင်း၍ ယူဟု ပြောဟောသောတရား။ သူများ တကာတွေ ကောင်းစားတာကို ပြောဟောသော တရား။ ငါးရာ-ငါးဆယ် ဇာတ်ငယ်ဝတ္ထု၊ အပုခန်း အလွမ်းခန်း အဆွေးခန်းတို့ကို ဟောပြောသောတရား။ ဤတရား ကလိန် ချုံ အရုပ်တို့ကို အဟုတ်အဟတ်မှတ်၍ နာခံမှတ်သား သင် ကြား၍နေပါက သောတာပန်အချိုးမကိုက်။ မဂ်တရားဖိုလ် တရား, အချိုးမကိုက်၍မဖြစ်နိုင်။ ။အသင့်အတင့် ရုပ်နာမ် ပေါ်မှာနှလုံးသွင်းရမည်ဆိုပါလျက်၊ ကိုယ့်ထက်သာတာကို မနာလို၍၊ ဈေးငေါ့ မေးငေါ့ ဇာတဝန်ငေါ့ ငေါ့ပြီးကဲ့ရဲ့နေလို့ သောတာပန် အချိုးမကိုက်။ ။ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောက်ျား မိန်းမဟု၊ အထင်များ အမြင်များ ဒိဋ္ဌိကိုပယ်ခွါ

နေမည်ဆိုပါသျှက်။ မယားကို လင်ကို ပယ်ခွါ၍ ပစ်ခြင်း၊ စည်းစိမ် ဉစ္စာတို့ကို မွဲအောင် ပြုံးတည်းအောင် ပယ်ခွါ၍၊ ငွေကုန်သံပြာ လုပ်သော်လည်း သောတာပန် အချိုးမကိုက် ငွေအလို့ရှိ၍ ဘိုးသူတော်ကို ချစ်တီးမှတ်ပြီး သွားအပ်မှားတာ လိုဖြစ်တတ်သည်၊ ။ဘိုးသူတော်ကလည်း ချစ်တီးယောင် ဆောင်၍၊ ဖြေးဖြေးတော့ ဘဏ်ကထုတ်သဖြင့် ရပါလိမ့် မည်ဟုပြော၍ သွားကိုသာ သိမ်းပိုက်သူများနေတာနှင့် တွေ့ တတ်သည် စဉ်းစားပြီး တွေးကြည့်လေ၊

## သက္ကာယနှင့် ဒိဋ္ဌိကို ခွဲပြသော-အဓိပ္ပါယ်ပြခဏ်း။

(၁) အဟုတ်မှန်စွာ၊ ငါးခန္ဓာ၊ မှတ်ပါသက္ကာယ၊

(၂) သန္တောကာယော၊ သက္ကာယော၊ သဘောကျ စေကွ၊

အဓိပ္ပါယ်၊ ။သန္တော၊ ပရမတ္ထသဘောအားဖြင့်၊ ထင် ရှားရှိသော၊ ကာယော၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးရ တို့၏ အပေါင်းအစုသည်၊ သက္ကာယော၊ သက္ကာယခေါ်၏၊ ။ပရမတ္ထ သဘောအားဖြင့် ထင်ရှားကြောင်း တကယ်ရှိ တကယ်ဟုတ် မှန်သော ရုပ်နာမ်ခန္ဓာ ပဉ္စ သမုပ္ပါဒ်ဓာတ် အာယတန ကောင်ကြီးကို သက္ကာယဟု ခေါ်သည်၊

(၃) ပုဂ္ဂိုလ်သတ္တဝါ၊ ငါ့သူတပါး၊ အထင်မှား၊ မှတ် သား ဒိဋ္ဌိက။

အဓိပ္ပါယ်၊ ။ဤ ရုပ်ကောင်, နာမ်ကောင် ခန္ဓာကောင် ပဋိစ္စသမုပ္ပါဒ် ခေတ်ကောင်ကြီးကို အမှန်အတိုင်း ခေတ် ကောင်ဟု မမှတ်တဲ့နှင့်၊ အထင်အမြင် အမှတ်အယူမှားပြီး လျှင်၊ ပုဂ္ဂိုလ်သတ္တဝါ,ငါသူတပါး,ယောက်ျားမိန်းမဟုမှတ် ထင်ခြင်းကို ဒိဋ္ဌိဟုခေါ်၏၊ ။သက္ကာယကို,သက္ကာယမထင်၊ ငါတဲ့သူတဲ့ အထင်လွဲတာကို, သက္ကာယဒိဋ္ဌိဟု ခေါ်သည်၊

## ကိလေသာသုံးပါးကို-မဂ္ဂင်သုံးပါးဖြင့်သတ်သော အဓိပ္ပါယ်ပြခက်း။

(၁) လွန်ကြူးဆူပွက်,မျိုးမပျက်, ၃ ချက်ကိလေသာ၊

အဓိပ္ပါယ်။ ။ကိလေသာသည် အကျယ် အားဖြင့် တထောင့်ငါးရာရှိ၏၊ အလယ်အားဖြင့်ဆယ်ပါးရှိ၏၊အကျဉ်း အားဖြင့် ကိုယ်,နှုတ် နှစ်ပါးလွန်ကြူးသော-ဝီတိက္ကမ ကိလေ သာ၊ မနောအတွင်းကလွန်ကြူးသော-ပရိယုဋ္ဌာနကိလေသာ အမြစ်မပြတ် အမျိုးမပျက် ငုပ်၍နေသော-အနုသယကိလေ သာအားဖြင့် သုံးပါးရှိကုန်၏၊

(၂) သီလသမာ, ဓိပညာ၊ သတ်ရာ သုံးသိက္ခာ၊
၃၊ အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ၊

အဓိပ္ပါယ်။ ။ကိုယ်,နှုတ်နှစ်ပါး လွန်ကြူးသောကိလေ သာကို သီလတရားနှင့်သတ်က သေ၏၊ မနောအတွင်းက ဆူပွက်၍နေသော ကိလေသာကို၊ သဗ္ဗိုဟ်ကျမ်း၌ ရှိသော

သမထလေးဆယ် ကမ္မဋ္ဌာန်း တပါးပါးနှင့်သတ်က သေ၍ အမျိုးမပျက်ငုပ်၍နေသောကိလေသာကိုဝိပဿနာပညာနှင့် သတ်မှသေသည်၊ ကိုယ်နှုတ်နှစ်ပါး လွန်ကြူးသော ကိလေသာကို သတ်၍သေပါသော်လည်း မနောထဲက ဆူပွက်၍ ထနေသောကိလေသာကိုမနိုင်၊ မနောကိလေသာကိုနိုင်ပါသော်လည်း အမျိုးမပျက် ကိလေသာကိုမနိုင်၊ အမျိုးမပျက် ကိလေသာကို နိုင်ပါက မနောက်ဆူပွက်သောကိလေသာ၊ ကိုယ်နှုတ်နှစ်ဖြာ လွန်ကြူးသော ကိလေသာတို့ကို နိုင်၏၊

**ဥပမာ။** ။မီးချစ်ထဲ၌ မီးတောက်တတ်သောမီးမျိုးစေ့သည်၊ မီးချစ်ဆံနှင့်တွေ့ထိမှ မီးတောက်ကုန်၏၊ ၎င်းမီးသည်၊ မိမိကိုယ်ကိုစ၍ အိမ် ကျောင်း ဇရပ် ပစ္စည်း ဥစ္စာတို့ကို လောင်ကုန်၏၊ ထိုအတူ-မီးချစ်အတွင်း၌မီးတောက်တတ်သော မီးမျိုးစေ့သည်၊ အမျိုးမပျက်ငုပ်၍နေသော အနုသယကိလေသာနှင့်တူ၏၊ မီးချစ်ဆံ မီးချစ်ဘူး ကော်ပတ်နှင့် ထိသဖြင့် မီးတောက်၍နေခြင်းသည်၊ မနောထဲက မကောင်းမှု ဆူပွက်၍ ထနေသော ပရိယုဋ္ဌာန ကိလေသာနှင့် တူ၏၊ ၎င်းမီးသည် ငြိမ်ငြိမ်မနေ၊ အိမ်-ကျောင်း ဇရပ်၊ ပစ္စည်းဥစ္စာတို့ကို လိုက်၍လောင်သည်နှင့်၊ ကိုယ်နှုတ်နှစ်ဖြာ မကောင်းတာကို လွန်ကြူးတာနှင့်တူ၏၊ ။သို့ပါ၍၊ ဒါန-သီလ-သမထတရားနှင့် အားရတင်းတိမ်၍ နေကြသော ရဟန်း ရှင်လူတို့သည် အနုသယ အမျိုးမပျက်ကိလေသာ, မသေ မပြတ်သောကြောင့်၊ ၎င်းကထောင်၍ ထလိုက် ကော်လိုက်သဖြင့်၊ ယနေ့ သီလဝန္တ ပုဂ္ဂိုလ်ရဟန်းမြတ်ကြီး၊ နက်ဖြန် ဘိန်းစား၊ သူခိုး၊ ရဟန်းလူထွက်၊ ဝက်မွေး၊ ငါးရိုက်၊ ကြက်တိုက်သွား၊

ယနေ့ပင်-ပညာရှိ စာတတ်၊ ကျမ်းဂန်တတ်၊ ပညာရှိကြီး၊ နတ်ဖြန်ကာ၊ လူနှံ-လူအ၊ လူနု-လူငြ၊ တရားတလုံးမှမသိတဲ့ လူဘိန်း လူဖျင်းဖြစ်၏၊ ၊ယနေ့ပင်-တိဟိတ်အဘိညာဉ်ရ၊ ဗျာနလာဘိပုဂ္ဂိုလ်ကြီး၊နတ်ဖြန်ကာ တောကြိုတောင်ကြား တောင်သူ-ယာခုတ်သွား၊ ကာလမဏ္ဍူ ဘုန်းကြီးလူထွက် ကဲ့သို့တည်း။ ၊ယနေ့ပင်-သူဌေးသူကြွယ်၊ပိုက်ဆံ၀ါလား အမော် အမောက်၊ နတ်ဖြန်ခါ-အောက်ကျ နောက်ကျ၊ လူတကာတို့၏အစေပါး ကျွန်ကျေးဖြစ်ကုန်၏၊ ၊ဤကား၊ အနုသယကီလေသာကို ဘယ်တရားနှင့်သတ်မှသေမည်ဟု မသိ၍ တရားကျင့်ပုံ မိုက်မှားခြင်းပေတည်း။

—— ၀ ——

## သမ္မာဒါရှစ်ပါး-သံခိပ် အဓိပ္ပါယ်ပြချက်။

(၁) စောင့်ရှောက်ထကြွ၊ မှုရုံးသုံးစား၊ မိတ်ကောင်း များမှီ၊ ဤလေးလီ၊ လောကီ-ကြီးမြင့်ကြောင်း၊

အဓိပ္ပါယ်၊ ၊ယာခုပစ္စက္ခ စီးပွါး ချမ်းသာတိုးတက်၍ သူဌေး ဖြစ်လိုပါက၊ လောကီ လောကုတ္တရာ နှစ်ဖြာကို ကျွမ်းကျင်လိမ္မာသော မိတ်ကောင်း ဆွေကောင်းကို ရှေး ဦးစွာရှာကြံ၍ပေါင်းရခြင်း၊ မိတ်ကောင်းက လမ်းညွှန်သည့် အတိုင်း ထကြွလုံးလ ဝီရိယနှင့် ပစ္စည်းဥစ္စာတို့ကို ရှာဖွေ ရခြင်း၊ ရှာဖွေ၍ရသော ပစ္စည်းဥစ္စာတို့ကို မပျောက်မပျက် ရအောင် ထိမ်းသိမ်းစောက်ရှောက်ရခြင်း၊ဥစ္စာအင်အားနှင့် ညီမျှစွာ လေးပုံ-တပုံ၊ ငါးပုံ-တပုံ၊ တိုင်းထွာ၍သုံးစွဲခြင်း

စားသောက်ရခြင်း၊ ။ဤသမ္ပဒါကြီးလေးပါးနှင့် ပြည့်စုံက၊ လောကမှာ - ချက်ခြင်း သူဌေး ဖြစ်ကြောင်းကို ဗျဂ္ဃပဇ္ဇ သူဌေးသားအား၊ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟော ကြားတော်မူသည်၊

(၂) သဒ္ဓါ၊သီလ၊ စာဂ၊ပညာ၊ ဤလေးဖြာ၊ နောင်ခါ ကြီးမြင့်ကြောင်း၊

အဓိပ္ပါယ်၊ ။ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ် တည်းဟူသော၊ ရတနာသုံးပါးကို ကြည်ညို လေးမြတ် ဆည်းကပ်ခြင်း-သဒ္ဓါတရား၊ ။ကိုယ်၊နှုတ်နှလုံး သုံးပါးကို စောင့်ရှောက်ခြင်း သီလ တရား၊ ပေးကမ်း စွန့်ကြဲခြင်း စာဂတရား၊ လောကီပညာ – လောကုတ္တရာ ပညာကို သင်ကြား တတ်မြောက်ခြင်း-ပညာတရား၊ ဤလေးပါးနှင့် ပြည့်စုံပါက၊ နောင်သံသရာဖြစ်လေရာဘဝတို့၌ ကြီးပွါးရာ ကြီးပွါးကြောင်းကို မြတ်စွာဘုရားဟောတော်မူသည်၊

—❧—

## ရန်သူအောင်ခြင်းလေးပါး-အဓိပ္ပါယ်ပြဆက်၊၊

(၁) သစ္စာဓမ္မ၊ဓိရိယနှင့်၊စာဂ ဟူသည်၊ရန်သူအောင် မှု ကြောင်းလေးခု၊

အဓိပ္ပါယ်၊ ။ရန်သူကို အောင်လိုသော၊ မင်း၊ ဆင်းရဲ သားများတို့သည်၊ မှန်ကန်သောသစ္စာ ဂတိတရား ရှိခြင်း၊ ကောင်းသော အကျင့်တရားရှိခြင်း၊ ။ပေးကမ်းစွန့်ကြဲနိုင် ခြင်း၊လုံ့လဝိရိယနှင့် ပြည့်စုံခြင်း၊ ။ဤတရားလေးပါးပြည့် စုံမှ ရန်သူကိုအောင်မြင်နိုင်သည်၊

## သစ္စာလေးပါးသံခိပ်-အဓိပ္ပါယ်ပြခန်း။

(၁) ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်၊ ဒုက္ခသစ္စာသာ။

အဓိပ္ပါယ်။ ။သစ္စာဆိုသော စကားသည် အမှန်ဟု ခေါ်သည်၊ ဒုက္ခဆိုသော စကားသည် ဆင်းရဲခြင်းကိုခေါ် သည်၊ ဒုက္ခသစ္စာ ကေန်အမှန်ဆင်းရဲခြင်းဟု ခေါ်၏၊ ဘုံသုံး ဆယ့်တစ်၌ ခန္ဓာနာမ်ရုပ်-အပုပ်ကောင်သာ ကေန်ဖြစ်ရခြင်း မှန်၏ ဆင်းရဲခြင်းမှန်၏၊ ထို့ကြောင့်၊ နာမ်ရုပ်ကိုရသာမျှ ဒုက္ခ သစ္စာဟု-ခေါ်သည်၊

(၂) ခန္ဓာငါးချ၊ခင်တွယ်မှု၊သမုဒယသာ။

အဓိပ္ပါယ်။ ။ဤသခ - ပစ္စုပ္ပန်ဘဝကို တွယ်တာ၍ အကုသိုလ်အမျိုးမျိုးကိုလိုက်စားကျင့်ကြံခြင်း၊နောင်ဘဝကို ကောင်းစေလို၍ ကုသိုလ်အမျိုးမျိုးကို လိုက်စားကျင့်ကြံခြင်း သမုဒယသစ္စာဟုခေါ်သည်၊ သမုဒယခေါ်ခြင်းကား၊ သံသ ရာမဆုံးအောင် ဘဝအမျိုးမျိုး ဖြစ်ရခြင်း၊ မဆုံးအောင် ဒုက္ခ အမျိုးမျိုးကိုခံရခြင်း၊ မဆုံးအောင် လောကီကုသိုလ် အကု သိုလ်ကို ခန္ဓာကိုယ် တွယ်တာမှုနှင့် လိုက်စားကျင့်ကြံခြင်း ကို သမုဒယ သစ္စာဟုခေါ်သည်၊ အကျဉ်းအားဖြင့်တဏှာ နိမ္မိနှစ်ပါး ဖြစ်သည်ဟု...မှတ်ပါလေ၊

(၃) ဒုက္ခသမုဒယံ၊ ငြိမ်းရာမှန်၊ နိဗ္ဗာန်နိရောဓာ၊

အဓိပ္ပါယ်။ ။သံသရာကိုချဲ့ထွင်ခြင်းသမုဒယ၊ ရင်းသမု ဒယကြောင့် ရလာဖြစ်ပေါ်လာရသော ဒုက္ခနှစ်ခုတို့၏ ငြိမ်း ရာ ကုန်ရာ ချုပ်ရာကို နိရောဓဟုခေါ်၏၊ နိဗ္ဗာန်ဟုခေါ်၏၊

(၄) နိဗ္ဗာန်လမ်းစဉ်၊ ရှစ်မဂ္ဂင် ခေါ်တွင်မဂ္ဂင်သာ၊

အဓိပ္ပါယ်။ ။ဤဒုက္ခ သမုဒယာနှစ်ပါးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားသည် မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ တရားကလွဲ၍မရှိပြီ ဤမဂ္ဂင်ရှစ်ပါး၌ ပညာ, သီလ, သမာဓိ သုံးမျိုးဖြစ်၏။ ဘုရားအဆူဆူတို့ ပွင့်ပေါ်လာသမျှ ဟောပြော ကြသောတရားမှာ၊ ပညာ, သီလ, သမာဓိ, သုံးမျိုးသာ အကျဉ်းအားဖြင့်ရှိ၏။ ။ဤတရားသုံးပါးကို သိက္ခာသုံးပါး အဓိသုံးပါးဟုလည်း ခေါ်၏။

**မဂ္ဂင်ရှစ်ပါးကား**၊ ကောင်းသော မြင်ခြင်း-သမ္မာဒိဋ္ဌိ၊ ကောင်းသောကြံခြင်းသမ္မာသင်္ကပ္ပ၊ ။ကောင်းသောစကား ကို ဆိုခြင်း - သမ္မာဝါစာ၊ ။ကောင်းသော အမှုကိုပြုခြင်း သမ္မာကမ္မန္တ၊ ။ကောင်းသောအသက်မွေးခြင်း သမ္မာအာ ဇီဝ။ ။ကောင်းသော စောင့်ရှောက်ခြင်း သမ္မာသတိ၊ ကောင်းသော လုံ့လထုတ်ခြင်း၊ သမ္မာဝါယမ၊ ။ကောင်း သောစိတ်ဖြောင့်ဖြောင့်ခိုင်မြဲတည်ကြည်ခြင်းသမ္မာသမာဓိ အားဖြင့်ရှစ်ပါးရှိကုန်၏။

ဤမဂ္ဂင်ရှစ်ပါး၌၊ လောကုတ္တရာမဂ္ဂင်ရှစ်ပါး၊ လောကီ မဂ္ဂင်ရှစ်ပါး၊ ကမ္မဿကတ - သမ္မာဒိဋ္ဌိမဂ္ဂင်ရှစ်ပါး၊ ဈာန၊ သမ္မာဒိဋ္ဌိမဂ္ဂင်ရှစ်ပါး၊ စတုသစ္စ - သမ္မာဒိဋ္ဌိ မဂ္ဂင် ရှစ်ပါး၊ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး မဂ္ဂ-သမ္မာဒိဋ္ဌိမဂ္ဂင်ရှစ်ပါး ဖလ-သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး၊ ပိဏ္ဍာ-သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး ဟူ၍ ရှိ၏။ အကျယ်သိလိုက၊ ငါတို့ စီရင်ရေးသားသော သောတာပန်လမ်း - အလင်းကျမ်း၊ ဒုတိယ ပြင်ချက်မှာ ကြည့်ရှုလေ၊

(၅) ရောဂါ သြော်သင်း၊ ပျောက်ခြင်းဆေးမြတ်။ ပမာကပ်။ မှတ်ကြံ ဥပမာ။

အဓိပ္ပါယ်၊ ။ဒုက္ခသစ္စာ၊ ခန္ဓာအပုပ်ကောင်ကြီးသည်၊ တကိုယ်လုံး၌၊ အိုင်းအမာ-အနာကြီး အပြည့်ရှိနေသည့်နှင့် တူ၏။ ။သမုဒယသစ္စာတည်းဟူသော၊ လောဘ်ကုသိုလ် အကုသိုလ် တဏှာ ဒိဋ္ဌိတရားသည်၊ သြော်အနံ့နှင့် တူ၏၊ သြော်တိုက်လေလေ၊ အနာ အိုင်းအမာကြီး ထလေလေဟု မှတ်။ ။နိရောဓသစ္စာသည်၊အနာရောဂါပျောက်ငြိမ်းသည်နှင့်တူ၏။ ။ငင်းအနာရောဂါကို၊ပျောက်ငြိမ်းစေတတ်သော ဆေးမြတ်ကောင်းသည်၊မဂ္ဂသစ္စာ၊မဂ်လေးပါးဖိုလ်လေးပါး တရားဖြစ်ကုန်၏၊ ။သစ္စာလေးပါး တရားကို၊ ဝဋ်သစ္စာ၊ ဝိဝဋ္ဋသစ္စာ၊ နှစ်မျိုးခွဲ၍၊ အကျယ်ကို သိလိုမူ၊ ငါတို့စီရင်ရေးသားသော၊ မေ့ဝိဇ္ဇာနံရဲ နိဗ္ဗာနကျမ်းမှာကြည့်လေ၊

## ရဟန်းကျင့်ဝတ်ခြောက်ပါးသံခိပ် အဓိပ္ပါယ်ပြခဏ်း။

(၁) မကောင်းရာမြစ်၊ ကောင်းရာလှစ် အသစ်ဟောကြူး၊ မကြားစဘူး၊ ကြားဘူးထပ်မံ၊ နိဗ္ဗာန်ဝင်မှု၊ ဤခြောက်ခု၊ကောင်းမှုလွန်သချာ၊

အဓိပ္ပါယ်၊ ။အပါယ်လေးပါးမှစ၍ ဘုံသုံးဆယ့်တစ် မကောင်းကြောင်းကိုမြစ်တားခြင်း၊လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးကို ရစေတတ်သော တရားကိုဖွင့်

ဖွစ်ပြ၍ပြောခြင်း၊ကမ္ဘာအဆက်ဆက် ဘဝအဆက်ဆက် ကမှစ၍၊ မသင်ဘူး မကြားဘူး မနာခံဘူးသော တရားထူး တရားမြတ် မဂ်တရား ဖိုလ်တရားကို ဟောပြောခြင်း၊ ကောင်းသည်ထက် ကောင်းသည်ကိုရောက်အောင် အသစ် အသစ်သောတရားကိုဟောပြခြင်း၊ဤမဂ်တရား ဖိုလ်တရား ကို ကြားဘူး နာဘူးသော်လည်း၊မှတ်သားမိအောင်ထပ်မံ၍ ဟောပြခြင်း နိဗ္ဗာန်ကိုချက်မှောက်ထင်ထင် ဝင်စေ ရောက် စေတတ်သောတရားကိုဟောပြောရခြင်း ဤခြောက်ပါးကို ကုလုပလဝ ရဟန်းကျင့်ဝတ်ခြောက်ပါးဟုခေါ်၏၊ ဤခြောက် ပါးကို တပါဒ တအက္ခရာပြု၍ရဟန်းကျင့်ဝတ်တပါးတတ် က လူနတ်ဦးခိုက် ပူဇော်ထိုက်သည်ဟု ပညာရှိများ စပ်ဆို ရေးသားကြပေသည်၊

**ကျောင်းထိုင် အင်္ဂါငါးပါးသံခိပ်-အဓိပ္ပါယ်ပြခန်း။**

(၁) ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခဏ္ဍကပုဒ်၊ နာမ် ရုပ်၊ ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်-ငါးအင်္ဂါ၊

အဓိပ္ပါယ်၊ ။မြတ်စွာဗုဒ္ဓရားသာသနာတော်တွင်း ရဟန်း ပြုကြသည်မှာ၊ သဒ္ဓါရူရ ပညာရူရ နှစ်မျိုးရှိ၏၊ ။သဒ္ဓါရူရ ပဋိလ်သည် ဘာဇ္ဈမတတ်ကျမ်း မလိမ္မာသော ကြောင့်၊ ဆယ်ဝါလောက်ဖြင့် ရုပ်, နာမ်, ခန္ဓာ ဓာတ်သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ်တို့ကိုဖွင်း၊ ဘိက္ခုနီမ, ကျင့်ဝတ် - ဝိဘင်း၊ ရဟန်း ယောက်ျား-ကျင့်ဝတ်၊ ဘိက္ခုဝိဘင်း၊ ကမ္မာကမ္မ၊ ဝိနိစ္ဆယ အဆုံးအဖြတ်၊ သေခိယာ၊ လိင်ဆယ်ပါး၊ ဒါဏ်ဆယ်ပါး၊

၉၅-ပါးကိုရင်း၊ နာမ် ရုပ် ပိုင်ပိုင် ဟောပြ နိုင်အောင်ရင်း သင်ကြား၍တတ်မြောက်မှ ကျောင်းထိုင်ရသည်၊ ဤအင်္ဂါ လေးပါးကို မတတ်မြောက်က၊ ဝါ, ခြောက်ဆယ်ရသော ရဟန်းဖြစ်သော်လည်း ကျောင်းမထိုင်ရဟု- မှတ်ပါလေ၊

ပညာရှိ ရဟန်းကား၊ ဝိဘင်းနှစ်ဖြာ ကမ္မာကမ္မ ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင် ဟောပြော နိုင်ခြင်းကြောင့်၊ ယနေ့ ရဟန်းဖြစ်လျှင်၊ ယနေ့တဲ ကျောင်းထိုင်နိုင်၏၊ ယခုခေတ် အခါ၌ ရဟန်းပြုကြသည်မှာ၊သဒ္ဓါရှိရ ပညာရှိရဖြင့်၊ရဟန်း ပြုလုပ်သောသူ တကယ်သံသရာကို ကြောက်ရွံ့၍ ပြုလုပ် သောသူ အလွန်တရာနည်းပါး၏၊ ၊လောကီပညာကို သင် ကြားပြီး၊ လူထွက် မယားယူလို၍ ရဟန်းပြုခြင်း၊လူမှ-လူရာ နှင့် လုပ်ကိုင်၍ မစားမသောက်နိုင်ခြင်းကြောင့် ရဟန်းပြု ခြင်း၊ ငယ်စဉ်က မိဘနှစ်ဦးတို့ ဆင်းရဲ၍၊ သားကလေးကို ထမင်း-ဝအောင်မကျွေးနိုင်၍ ကျောင်းကဘုန်းကြီးကို ပေး သဖြင့်၊ ဘုန်းကြီးက ခလေးကိုသင်္ကန်းပတ်၍ လူဝါကလေး လုပ်ထားပြီး၊ တော်၏ သျှော်၏နှင့်၊ ရဟန်းခံပေး၍ ရဟန်းဟု အခေါ်ခံရခြင်း၊ ၊သေသေချာချာ ရဟန်းဖြစ်ခြင်း ရှစ်ပါး နှင့် စစ်တမ်းချလိုက်လျှင်၊လူဝါကောင်ကလေး,လူဝါကောင် ကြီး ကိုယ်တော်မျောက် ကိုယ်တော်မြုပ်ဖြစ်၍ နေကြတာ သာ များကြသည်၊ ခရဟန်းအစစ်ဖြစ်သောသူ အလွန်တရာ ရှားပါးသည်၊ ၊ခရဟန်းဖြစ်ခြင်း ရှစ်ပါးကို ကျကျနန-နား လည်လိုပါက၊ ငါတို့စီရင်ရေးသားသော သရဏဂုံစစ်တမ်း အလင်းကျမ်းကို ကြည့်လေ၊

**ဝိဘင်းနှစ်ဖြာ အဓိပ္ပါယ်၊** ။ယခုအခါ၊မိမ္မများ ရဟန်း ခံခြင်းမရှိကြ၍၊ကျောင်းထိုင်အင်္ဂါအရာ၌မလိုပြီ၊ ။ရဟန်း ယောက်ျား ဝိဘင်းကား-ပါစိတ်၊ဒုက္ကဋ်၊ထုလ္လစ္စည်း။ဒုဗ္ဘာသိ၊ ပါဋိဒေသနီ၊သံဃာဒိသိသ်။ပါရာဇိက၊ဤအာပတ်ခုနစ်ပုံကို၊ ခွဲခြမ်း စိတ်ဖြာ၍၊ ဤကား လောကဝဇ္ဇ၊ လောကအတွက် ဆုမ္မခြင်း ဤကား ပဏ္ဏတ္တိကဝဇ္ဇ၊ ဗုရားအလိုတော် ဆုမ္မ ခြင်းဟု၊ ခွဲခြမ်း-နားလည်ရမည်၊

**ကမ္မာကမ္မ ဆိုခြင်းကား။** ။ရဟန်းများ အာပတ် ခုနစ် ပုံတွင်၊ တပါးပါးနှင့်စွမ်းငြိ၍၊ အဓိကရုဏ်းဖြစ်လျှင်၊မိမိကို ဝိနည်းရိ၍ ပြုပါဟု လျှောက်ထားက၊ ဆုံးဖြတ်နိုင်ရသည်၊ ဤကား-လောကုတ္တရာ၌၊အညစ်အကြေးဖြစ်သောကံ ဤကား လောကီ၌၊ အညစ်အကြေး တင်သောကံဟု၊ ခွဲခြမ်း၍ သိရ သည်၊ ။ကျောင်းသား - သူငယ်က စ၍၊ ရှင်သာမဏေ ရဟန်းတို့ အပေါ်၌လည်း၊ အတိုင်းအရှည်ကို သိကျွမ်းလိမ္မာ ရမည်။

**ခန္ဓကပုဒ် ဆိုခြင်းကား။** ။သေခိယ-၇၅-ပါး၊ လိင် ဆယ်ပါး၊ ဒါဏ်ဆယ်ပါးတို့ကို၊ တတ်ကျွမ်း လိမ္မာရမည်၊ ရှင်သာမဏေလောင်းကို ဆုမ္မ နိုင်ရမည်၊ ရှင်ကံဆောင်၌၊ ဥဘတောသုဒ္ဓိဖြစ်မှ၊သာမဏေဖြစ်သည်၊ ဥဘတော၊ဆရာ တပည့် နှစ်ယောက်၊ သုဒ္ဓိ၊စင်ကြယ် ခြင်းဟု ခေါ်သည် သို့အတွက်၊ဆရာဖြစ်သူရဟန်းက၊မိစ္ဆာဒိဋ္ဌိအယူ-၆၂-ပါး ဒိဋ္ဌိကြီး သုံးပါး၊ သက္ကာယဒိဋ္ဌိ-၂၀-တို့ကို၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ နှစ်မျိုးခွဲခြမ်းစိတ်ဖြာ၍၊ တပည့်အား၊ ဤအယူ

မှားများ စင်ကြယ်အောင်ဆုမ္မနိုင်ရသည်၊မိမိလည်းဥစ္ဆေဒ, သဿတ အယူမရှိရ၊ သို့မှ ဆရာတပည့် နှစ်ယောက်၊စင်ကြယ်၍၊ဥဘတောသုဒ္ဓိဖြစ်မည်၊ ၊သရဏဂုံ၊ဥာန်ပီတာကို ဥဘတောသုဒ္ဓိ မဆိုလို၊ ဥာန်ပီတာနှင့်၊ ရှင်သာမဏေမဖြစ်၊ အကယ်၍ မ.ကာရန္တ၊ နိဂ္ဂဟိတ်ကာရန္တ တို့နှင့် ပီသ၍ ရှင်ဖြစ်ပြီ ဆိုငြားအံ့၊ လိင်ဆသယ်ပါးတွင်၊ မိစ္ဆာဒိဋ္ဌိကော၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အယူရှိခြင်းသည်၊ ဟောတိ၊ ဖြစ်၏ဟု သေဒ်ယက ဆိုသောကြောင့်၊ ထိုသာမဏေသည် ဥစ္ဆေဒသဿတ အယူကြီးတန်းလန်းရှိသမျှကာလပတ်လုံး လိင်ကြ၍ ရှင်မဟုတ်ကုန် လူဝါကောင်တွေသာဖြစ်ကုန်၏၊ ၎င်းရှင်မဖြစ်သောသူကို ရဟန်းခံ၍ရဟန်းမဖြစ်၊ဝါခြောက်ဆယ်ရသော်လည်း ရဟန်းမဟုတ်ကုန်ဟု နာနာကြပ်ကြပ် သတိချပ်၍ မှတ်ကြပါကုန်၊ ၊ဗုဒ္ဓဘာသာ သာသနာမှာ၊ သံကိုသံဖျက်, သံချေးတက်-ဆိုဘိသကဲ့သို့၊ ရဟန်းမဟုတ်တဲ့ အကောင်တွေ ဖျက်ဆီး၍ ပျက်စီးသည်၊ ပျက်စီးတာ များသည်ဟု မှတ်ပါလေ၊ လူမိုက်တွေကလည်း၊ သက်နှ်း ရှိလျှင်—ရဟန်းမှတ်၊ အသက် ကြီးလျှင်၊ ဆရာတော် ခေါ်ခြင်းပြုကြတာ များသည်၊

သာသနာ ဆိုခြင်းကား၊ မြတ်စွာဗုဒ်ရား၏ အဆုမ္မကို ဆိုသည်၊ ဆုမ္မခြင်း၌ သြဝါဒဒေသနာ,အာဏာဒေသနာနှစ်ပါး ရှိ၏၊ ၊သြဝါဒဒေသနာကား၊ ၊ကာယကံ,ဝစီကံ,မနောကံ သုံးပါးတို့ မသောင်းကြမ်း မထကြွရအောင်၎င်း၊မဂ်ဖိုလ်ကို လျှင်လျှင်မြန်မြန် ယခုဘဝရအောင်၎င်း၊ရုပ်နာမ်ခန္ဓာ ခေတ်

သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို၊ သင်ကြား ဟောပြော ဆုံးမခြင်းပေတည်း။ ။အာဏာ ဒေသနာကား၊ ။ဥရား အဆူဆူတို့မှာ မရှိကုန်၊ ငါတို့ ဗုရား လက်ထက်တော်၌၊ ရဟန်းဆိုး ရဟန်းမိုက် ရဟန်းညစ် ရဟန်းတေ အလွန်ပေါများ၍ အတင်းအဓမ္မ အနိုင်အထက် ဆုံးမရသော အာဏာဒေသနာဖြစ်ပေသည်၊ ။ဤအာဏာဒေသနာသည် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်၊လူဆိုးကို ခေတ္တဖြင့် အပါယ် မကျရန် တားမြစ်သော ဥပဒေဖြစ်သည်ဟု မှတ်ပါလေ၊

နာမ် ရုပ်ပိုင်ပိုင် ဟောပြနိုင် ဆိုခြင်းကား။ ။ဒါယကာ ဒါယိကာမတို့၏၊ ကျောင်း - သင်္ကန်း - ဆွမ်း - ဆေး တို့ကို သုံးဆောင်ရသဖြင့်၊တလုပ်ကျွေးဘူး သူ့ကျေးဇူး၊ တဆုတ်ပေးဘူး-သူ့ ကျေးဇူးကို မွှေ်ထောက်၍၊ တသုတ်ဟောဘူး ငါ့ကျေးဇူး တပိုဒ်ဟောဘူး ငါ့ကျေးဇူး၊တဂါထာဟောဘူး ငါ့ကျေးဇူးဖြစ်အောင်၊ ရုပ် နာမ် ခန္ဓာ ခေတ်သစ္စာ ပဋိစ္စ သမုပ္ပါဒ် တရားတို့ကို ဟောပြ သင်ကြား ဆုံးမပြောဆိုရပေသည်၊ ။ဤကျောင်းထိုင် အင်္ဂါငါးပါး၌ နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင်ဘို့ သင်ကြား တတ်မြောက်ခြင်းကိုသာ လိုရင်း အချက်ကြီးပေတည်း၊

---

**တရားနာကျိုး ငါးပါးသံဒိပ်-အဓိပ္ပါယ်ပြခန်း။**

မကြားစဘူး၊ကြားဘူးဖြူစင် ကာင်္ခါပျောက်ကင်း၊ဖြောင့်စင်းအယူ၊ စိတ်မူကြည်လင်၊ ဤငါးအင်၊ ချစ်ရှင်တရား-နာကျိုးတည်း၊

အဓိပ္ပါယ်၊ ။ကမ္ဘာ ကမ္ဘေ၊သင်္ချေသင်္ချာ၊ ဘဝပေါင်း အနန္တက၊ တကြိမ် တခါမျှ မကြား မနာရဘူးသေးသော၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာ ဖြစ်၍၊မဂ် ဖိုလ်ရပြီး၊နိဗ္ဗာန်ကိုရောက်သောတရားကို နာကြားရခြင်းကို မကြားစဘူးဟု - ဆိုသည်၊ ။ဒါနတရား၊ သီလတရား၊ သမထ ဘာဝနာ တရားမျိုးကား၊ တိရစ္ဆာန် ဘဝကမှစ၍၊ ဖြစ်လေရာဘဝတိုင်း၊ ကြားရ၊နာရကုန်၏ဟု-မှတ်ပါလေ၊

ဤမဂ်လေးပါးဖိုလ်လေးပါးကိုရစေတတ်သော၊ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ။ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို၊ ထပ်ခါထပ်ခါ ကြားနာ ရသဖြင့်၊ မိမိအယူဝါဒ ဖြူဖြူစင်စင် ဖြစ်သည်ကို ကြားဘူးဖြူစင်ဟုဆိုပေသည်။ ။သင်္ခါရသုံးပါးသံသရာကို ကျင်လည် စေတတ်သော တရားကို၊ မကြားမကြား ကြားရလေလေ၊ မဖြူစင်နိုင်လေလေဟု မှတ်၊

ဤတရားအစုကို ထပ်ခါထပ်ခါ ကြားရ၍၊ သက္ကာယဒိဋ္ဌိ ကွာပြီး၊ သောတာပန် - ဖြစ်သဖြင့်၊ တောင်တောင် အီအီ၊ သို့လော သို့လော တွေးတော ရှုပ်တွေးခြင်း ပျောက်သွား ခြင်းကို၊ ကင်္ခါ ပျောက်ကင်းဟု ဆိုပေသည်၊

ဝိစိကိစ္ဆာ၊ တွေးတော ယုံမှားခြင်းပျောက်ကင်းသော ကြောင့်၊ လောကုတ္တရာ သမ္မာဒိဋ္ဌိအယူကို ရောက်ပြီး သော တာပန်- ဖြစ်သည်ကိုပင်၊ဖြောင့်စဉ်းအယူဟု-ဆိုပေသည်၊

သောတာပန်-ဖြစ်၍၊ ဗုဒ္ဓရားအစရှိသော ရတနာသုံးပါး အစဉ်ကိုကြည်ညိုခြင်းကို၊ စိတ်မှုကြည်လင်ဟုဆိုပေသည်၊

တနည်းအားဖြင့်၊ ၊သောတာပန် ပုဂ္ဂိုလ်သည်။ဗုဒ္ဓ ရဟန်း အသစ်နောက်ထပ် ရှာကြံတောင့်တ ရခြင်း၊ တရားအထူး အသစ်၊တဖန်ရှာကြံဘို့ရာ တောင့်တရခြင်း၊ သံဃာအထူး အသစ်၊တဖန်ရှာကြံဘို့ရာ တောင့်တရခြင်းတို့သည် မလိုပြီ ဖြစ်၍၊ မိမိစိတ်၌၊ ကြည်ကြည် လင်လင်ရှိခြင်း၊ ပုထုဇ္ဇာန် ဘဝနှင့်၊ သံသရာမှာနေရသမျှ အပါယ်ကိုကျရောက်ဘို့ရာ၊ ပူပန်နေခြင်း၊ငြိမ်းသောဖြင့်၊စိတ်ကြည်ကြည်လင်လင်ရှိခြင်း၊ မိမိ၌၊ အကာယ်၍ကာယကံ- ဝစီကံ မနောကံ တို့၊ ဒုစရိုက် မှုနှင့် ပတ်သက်၍ဖြစ်ပါသော်လည်း၊ အပါယ်သို့ကျရောက် ရန် မရှိခြင်းကြောင့်၊ အလွန်ဝမ်းသာ၍ စိတ် ကြည်ကြည် လင်လင် ဖြစ်ခြင်း၊ ၊မိမိပြုကျင့်သော ဒါန သီလ-ဘာဝနာ လောကီကုသိုလ်တို့သည်၊လောကုတ္တရာသို့ လိုက်ပါသဖြင့်၊ ဝမ်းမြောက် ကြည်လင်ခြင်း၊ သဒ္ဓါ- ဇာန္ဒြေ- ဗိုလ်-ဗောဇ္ဈင် ပညာ တရားတို့သည်၊ တဆင့်ထက်တဆင့်၊ ရင့်သန်တိုး တက်ခြင်း၊ တဘဝထက်တဘဝ မြင့်မြတ်ခြင်း တို့ကြောင့်၊ ဝမ်းမြောက်ကြည်လင်၊ ရွှင်ရွှင်လမ်းလမ်း - ရှိခြင်းတို့ကို၊ စိတ်မှုကြည်လင်ဟု ဆိုပေသည်၊ ၊ဤတရားနာကျိုးအင်္ဂါ ငါးပါးကြောင့်၊ သောတာပန်ဖြစ်၍၊ စိတ်နှလုံး ကြည်လင်ပုံ ကို၊ပြောပြ၍မကုန်နိုင်အောင်ဘဲ ဖြစ်ပေသည်၊ ၊ဗုဒ္ဓ၏ တရားအစစ်မှသာလျှင် ၊ဤတရားနာကျိုး ငါးပါးနှင့်ကိုက်ညီ သည်ဟု မှတ်ပါလေ၊

**ခန္ဓာငါးပါးကို ဥပမာဖြင့်-ပြခဏ်း။**

(၁) ခေမြုပ်ပမာ-ရုပ်ခန္ဓာ၊ဝေဒနာ ရေပွက်သာ၊

(၂) တံလျှပ်သညာ-သင်္ခါရာ၊ မှတ်ပါ ငှက်ပျောသာ၊

(၃) စိတ်ဝိညာဏ မျက်လှည့်ပြ၊ ဇုဒ္ဒ-ဥပမာ၊

အဓိပ္ပါယ်၊ ။မြစ်ထဲ, ချောင်းထဲ၌ ရှိကြသောရေမြှုပ်တို့သည်၊ ရေနှင့်,လေနှင့်-ကင်း၍၊ အတည်အတန့် မနေနိုင်၊ ရေတို့ လေတို့ပင်လျှင် ရန်သူဖြစ်ကုန်၏၊ ။ထို့အတူ၍ခန္ဓာကိုယ်ကြီးသည်၊ အာဟာရ-ဥတုတို့ကင်း၍၊ အတည်အတန့် အခိုင်အမာ မဖြစ်နိုင်ကုန်၊ အစားအသောက်တည်းဟူသော အာဟာရ၊ အပူအအေ တည်းဟူသော-ဥတုပင်လျှင်၊ ရန်သူဖြစ်ကုန်၏၊ ။အနှစ်အမာ၊ ခိုင်မြဲစရာ ဘာတခုမျှ ရှာမရခြင်းကြောင့်၊ ရေမြှုပ်ခဲကြီးနှင့် တူကုန်၏ဟု ဥပမာပြတော်မူပေသည်၊

ရေပွက်ကလေးတွေသည်၊ ပွက်ပြီးဖြစ်ပေါ်လာသည်နှင့် တပြိုင်နက်၊ ချုပ်ပျောက် ကြလေကုန်၏။ ။ထို့အတူ၊ အဆင်းကို မြင်လိုက်သောအခါ။ ဆိုးမှု-ကောင်းမှု-သုခ်သျှရှုမှု-နှစ်သက်မှု-မနှစ်သက်မှု ဟူသော ခံစားခြင်း၊ ဝေဒနာစိတ်ကလေးတွေသည်၊ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက်၊ ချုပ်ပျောက် ကြခြင်းကြောင့်။ ခိုင်မြဲစရာ ဘာတခုမျှရှာမရသည့်အတွက်၊ ရေပွက်ကလေးတွေနှင့် ဥပမာ-တူကုန်၏၊

သမင်တကောင်သည်၊ ရေငတ်သဖြင့်၊ ရေကိုရှာဖွေရာ၊ တံလျှပ်ကျ၍ နေသည်ကို ရေမှတ်၍၊ လိုက်ခါ သွားသဖြင့်၊ တံလျှပ်က၊ ရှေ့သို့ရွေ့ကာရွေ့ကာသွားသည်ကို၊ ရေပြင်တဲ့ ရေပြင်ကြီးတဲ့ဟု အထင်အမြင်မှားပြီး၊ လိုက်ခါလိုက်ခါ

သွားပါသော်လည်း၊ရေမသောက်ရ၊ရေတော်မပြေသကဲ့သို့ ထို့အတူ၊ ကာမဂုဏ် ငါးပါး၊ အာရုံ ခြောက်ပါးဖြင့်၊ ခံစံ ကြလိုသောသူတို့သည်၊ ငါ့ဥစ္စာ ဆံကြေးငွေ,ယာရတပြားမျှ မရှိ၍၊လူချင်း-သူချင်းတူအောင် အိမ်တလုံးတထောင်တန် လောက်နှင့်၊ လယ်မြေပေါ၊ သုံးထောင်တန်လောက်ရချင် တော်ပါပြီ ငြိမ်းပေါပြီ အထင်ရောက်ပြီး၊ပစ္စည်းဥစ္စာတို့ကို၊ ဓိဋ္ဌိတဏှာနှစ်ပါး၊ အရင်းထား၍ ရှာကြကုန်၏၊ ၊တဖန် ရှာ၍ ရပြန်ပါသော်လည်း၊ တံလျှပ်နှင့်တူသော၊ မိဋ္ဌိရှေကာ ဓိဓိတက် ပစ္စည်းဥစ္စာပေါများသောသူကိုမြင်တွေ့ပြန်သဖြင့် သမင်သည်၊ တံလျှပ်ကိုလိုက်တိသကဲ့သို့ကာမဂုဏ်အတွက် ဖြင့်၊ တိုးတက်၍ ရှာဖွေ ကြံစည်ပြန်ကုန်၏၊ ၊ဤကဲ့သို့ အဆင့်ဆင့်တိုးတက်သဖြင့်၊ အာရုံမဆုံး၊နှလုံးအာသာမပြတ် မှတ်တတ်သောသညာကို၊ အနှစ်သာရ၊ ဘာမျှမကာပ်သော ကြောင့်၊တံလျှပ်နှင့်ဥပမာတူကုန်၏၊

ဌက်ပျောတုံးများသည်၊ ဘာမျှအသုံးမကျ၊ အနှစ်အမာ ခိုင်မြဲတာ မရှိသကဲ့သို့၊ ၊ထို့အတူ၊ စိတ်ကြောင့်ဖြစ်ပေါ် လာသော-နာမ်ရုပ်၊ ကံကြောင့် ဖြစ်ပေါ်လာသော- နာမ်ရုပ်၊ ဥတုကြောင့်ဖြစ်ပေါ်လာသော နာမ်ရုပ်၊ဤ ကံ စိတ် ဥ-ဟာ ကြောင်းလေးဖြာ၊ သင်္ခါရပြုပြင်၍နေသော နာမ်ရုပ်တို့သည်၊ ခဏဖြစ် ခဏပျက်သည့် အတွက်၊ ကြောက်မက်ဘွယ် ကောင်းသော အနတ်သဘောကြောင့်၊ ငှက်ပျောထုံးနှင့် တူသော ဥပမာ ရှိကြကုန်၏၊

—ဘ❈ဓ—

မျက်လှည့်ဆရာသည်၊ မြေတောင်ကိုရွှေတောင်ဖြစ်အောင် ပြနိုင်၏၊ သစ်ကျောင်း သစ်အိမ်တို့ကို၊ ရွှေကျောင်းရွှေအိမ် ဖြစ်အောင် လိမ်လည်၍ပြကုန်၏၊ ချိပိုး အဝတ်အစားတို့ကို၊ ရွှေပုဆိုး-ရွှေအင်္ကျီ ရွှေထမိထင်ရအောင်၊ လိမ်လည်၍ပြနိုင်ကုန်၏။ ၊ထို့အတူ၊ စိတ်ဝိညာဏ်ကလေးသည်၊ မျက်လှည့်ဆရာနှင့် တူသဖြင့်၊ ပထဝီ တေဇော-အာပေါ ဝါယော ဝဏ္ဏ-ဂန္ဓ-ရသ ဩဇာ၊ ပရမတ် ဓာတ်ရှစ်ဖြာတို့ကို၊ ရွှေထင်အောင်၊ ပတ္တမြားထင်အောင်၊ အတိုးတန်အောင်၊ လူထင်အောင်၊ နတ်ထင်အောင်၊ မိန်းမ, ယောကျ်ားထင်အောင်၊ ပုဂ္ဂိုလ်သတ္တဝါ ထင်အောင်၊ လိမ်လည် လှည့်ဖြား၍ ပြထားခြင်းကြောင့်၊ အမှန်အကန်တည်းဟူသော ရုပ်ဓာတ်ရှစ်ပါးကိုရင်း ခန္ဓာ နာမ်ရုပ် ပရိတ္တသမုပ္ပါဒ် ဓာတ်သစ္စာ တရားတို့ကိုရင်း၊ မသိနိုင်ကြကုန်၊ သို့ပါ၍၊ လိမ်လည်တတ်သော စိတ်ဝိညာဏ်ကလေးကိုအားကိုးစရာ ဘာမျှမရှိသဖြင့်၊ မျက်လှည့်ဆရာနှင့် တူကြောင်းကို မြတ်စွာဗုဒ္ဓရှင်တော်မှုလေသည်၊

—— ○○ ——

## သမထဝိပဿနာနှစ်ပါး ထူးခြားပုံ အဓိပ္ပါယ်ကိုပြခန်း။

### (၁) သမထဝိပဿနာ နှစ်ချပ် မှတ်ကြဘာဝနာ၊

အဓိပ္ပါယ်၊ ၊ဘာဝနာခေါ်ခြင်းကား၊ ပွားများဘုင့်ကြိုးမှုကိုခေါ်သည်၊ ၊သမထ ခေါ်ခြင်းကား၊ နီဝရဏတရား ခြောက်ပါး ငြိမ်သက်မှုကို ခေါ်သည်၊ လောကီသမာဓိ

ဟုလည်း၊ သမထကို ခေါ်သည်၊ ၊စိတ်တလုံး အခြားသို့ မရောအောင်၊ကမ္မဋ္ဌာန်းတခုမှာ၊ တည်နေအောင်ပွားခြင်း ကို သမထ-ဘာဝနာဟု ခေါ်၏၊ ၊ဝိပဿနာ-ဘာဝနာခေါ် ခြင်းကား၊ ရုပ်နာမ်ခန္ဓာ၊ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တရား တို့ကို၊ သင်ကြားပွားများ၍၊ လက္ခဏာရေးသုံးပါး-လေးပါး တို့ဖြင့်၊ ရှုကြည့်မှုကို ခေါ်သည်၊

(၂) သမထ ဝိပဿနာ ထိုနှစ်ဖြာ၊တူတာမဟုတ်ပါ၊

(၃) သမထ-ဘာဝနာ-ဆိုသည်မှာ၊ ငြိမ်ရာကပ်ရပါ၊

အဓိပ္ပါယ်၊ ၊သမထ-ဘာဝနာနှင့်၊ဝိပဿနာ - ဘာဝနာသည်၊ ကျင့်ပုံလုပ်ပုံခြင်းမတူကြကုန်၊ ၊သမထ-ဘာဝနာကို၊ကျင့်ကြံပွားများလိုသော သူတို့သည်၊ဘာသံမျှမကြားသော အရပ်ကိုရင်း၊ငြိမ်ငြိမ်ဆိမ်ဆိမ် အရပ်ကို ကပ်ချဉ်း၍ လုပ်ရသည်၊

(၄) ပလိဗောဓ-ဆယ်ကြောင့်ကြ၊ပယ်ရ-သေးသည် သာ၊

အဓိပ္ပါယ်၊ ၊လူဖြစ်လျှင်၊အိမ်၌တွယ်တာခြင်း၊ရဟန်း ဖြစ်လျှင်၊ကျောင်း-အိပ်ရာနေရာ၌တွယ်တာခြင်း၊ ၊အလုပ် အကျွေး, အစေအပါး, ဒါယကာ-ဒါယိကာမတို့၌ တွယ်တာ ခြင်း၊ ၊ပစ္စည်းလေးရပ် လာဘ်သပ်ပကာ၌တွယ်တာခြင်း၊ အပေါင်းအသင်း ဂိုဏ်းသဟာ၌ တွယ်တာခြင်း၊ ၊ပြုလုပ် စရာအမှု၌ တွယ်တာခြင်း၊ ခရီးသွားခြင်း၌ တွယ်တာခြင်း၊ အဆွေအမျိုးတို့၌ တွယ်တာခြင်း၊ စွဲကပ်၍နေသော အနာ

ရောဂါ၌ တွယ်တာခြင်း၊ ၊ကျမ်းဂန် သင်ကြား ပို့ချမှု၌ တွယ်တာခြင်း၊ ၊ရဘူးသောလောကီဈာန်ကို တွယ်တာခြင်း၊ ၊ဤတွယ်တာခြင်း ဗလိဗောဓဆယ်ပါးကို ပယ်ဖြတ်နိုင်မှ၊ သမထဘာဝနာ ကမ္မဋ္ဌာန်းကို ကျင့်ကြံ၍ အထမြောက်သည်။ ဤဆယ်ပါးတို့တွင်၊ လောကီဈာန် တံခိုးဟူသော ဗလိဗောဓကို ဝိပဿနာ ယောဂီသူမြတ်တို့သာ ပယ်ဖြတ်ရသည်။ သမထလမ်းကား မဖြတ်ရဟု-မှတ်။

(၅) နေရာအပြစ်၊ တဆယ့်ရှစ်၊ စင်စစ်ကင်းစေရာ၊

အဓိပ္ပါယ်၊ ၊ကျောင်းတိုက်ကြီးကိုရင်း၊ သစ်လွန်းသော ကျောင်းတိုက်ကြီးကိုရင်း၊ ဟောင်းလွန်းသောကျောင်းကိုရင်း၊ လမ်းဆုံကျသော ကျောင်းရင်း၊ ၊ရေတွင်း ရေကန်နီးသော ကျောင်းရင်း၊ ၊ဟင်းရွက်တောနီးသော ကျောင်းရင်း၊ ၊ပန်းတောနီးသော ကျောင်းရင်း၊ ၊သစ်သီး ပေါသော ကျောင်းရင်း၊ ၊ပျော်ဘွယ်ကောင်းသည်ဟု အပေါင်းလူတို့တောင့်တသောကျောင်းရင်း၊ ၊မြို့နီးသော ကျောင်းရင်း၊ သစ်-ဝါး ထင်းပေါသော ကျောင်းရင်း၊ လယ်နီးသော ကျောင်းရင်း၊ ဂိုဏ်းကွဲ သင်္ဃာ များသော ကျောင်း၊ လှေဆိပ် သင်္ဘောဆိပ် နီးသောကျောင်းရင်း၊ သဒ္ဓါနည်းပါး အစွန်အဖျား ကျလွန်းသောကြောင့်၊ မင်းဘေးနှိမ့်ဝပ် တိုင်းကြပ်ရွာငယ်ကို မှီသောကျောင်း၊ ဘေးနှင့် ရောစပ်သဖြင့် မချောက်ပတ်သော ကျောင်း၊ မိတ်ဆွေကောင်း မရအပ်သောကျောင်း၊ ဤအရပ် (၁၈) ရပ်ကို ရှောင်ကြဉ်၍ သမထဘာဝနာကို ပွါးများမှဖြစ်နိုင်သည်၊ ဤအရပ်တခုခုမှာ ပွါး

များကျင့်ကြံလျှင်၊ သမထလမ်း၊ဈာန်လမ်း၊ အထမမြောက်နိုင်ဟု သေသေချာချာ မှတ်ပါလေ။

(၆) အင်္ဂါငါး၀၊ ပြည့်စုံမှ၊ ဟန်ကျထိုနေရာ။

အဓိပ္ပါယ်၊ ။မြို့ရွာနှင့်မနီးလွန်း မဝေးလွန်းတဲ၊အသွားအလာအဆင်သင့်ခြင်း၊ ။နေ့အခါ၌လူသူတို့ဖြင့်မပြွမ်းတဲ၊ ညဥ့်အခါ၌၊ အသံတိတ်ဆိပ်ခြင်း၊ ။ခြင် - မှက် ယင်ရဲ၊ အကိုက်အခဲနည်းပါးခြင်း၊ ။ပစ္စည်းလေးပါး ရလွယ်ခြင်း၊ ခက်ခဲနက်နဲသောတရားစကားတို့ကိုဟောကြားညွှန်ပြတတ်သော ကလျာဏမိတ္တနှင့် ပြည့်စုံခြင်း၊ ။ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော နေရာမှသာလျှင်၊ သမထ ဘာဝနာတရားတို့ကို ပွားများနေထိုင်ရန်၊ ဟန်ကျသော နေရာဖြစ်သည်ဟု-ဆိုလိုသည်၊

(၇) ငြိမ်ရာဌာန၊မကပ်ကြံတဲ၊စိတ်ကစွဲ၊အမြဲမဖြစ်ပါ။

အဓိပ္ပါယ်။ ။ပလိဗောဓဆယ်ပါး၊အရပ်အပြစ် ၁၈-ပါး ကင်းလွတ်ပြီး၊ အထက်ကပြသခဲ့သော အင်္ဂါငါး၀နှင့်ပြည့်စုံ၍ငြိမ်ရာ တိတ်ဆိပ်ရာနေရာမှဖြစ်နိုင်သည် ဆိပ်ငြိမ်သော အရပ်မှာမဟုတ်က၊အသံတရုရုကိုကြားရခြင်းသည်၊သမထ ဘာဝနာ သမားနှင့် ရန်ဘက်ကြီးဖြစ်ကုန်၏၊

(၈) လေးဆယ်သမထအကုန်ပြကြည့်ကြသင်္ဂြိုဟ်မှာ။

(၉) သမထတရားဆိုသည်ကား၊ ရွေးဈာန်ကိုသာ။

အဓိပ္ပါယ် သင်္ဂြိုဟ်ကျမ်း၌ရှိသော သမထဘာဝနာ လေးဆယ်၌၊ နုဿတိဆယ်ပါးတွင်၊အာနာပါန၊ကာယဂတာ

နှစ်ပါးကိုကြည့်၊ အပွမည့ာချေးကိုထည့်၊ ၎င်းဆယ်ပါးသည် ဥပစာရ သမာဓိကိုသာရ၏၊ ကျန်သော ကမ္မဋ္ဌာန်းသုံးဆယ်သည်၊ အပနာ သမာဓိကိုရသဖြင့် ဈာန်ကိုရကုန်၏၊

(၁၀) ခြောက်ရှစ်နိဝရဏ၊ ခွါနိုင်မှ၊ ကြေဈာန်ဆိုတာ၊

အဓိပ္ပါယ်။ ။နိဝရဏခေါ်ခြင်းကား၊ ကုသိုလ်စိတ်ကို တားမြစ်ခြင်း၊ ကုသိုလ်စိတ်ကိုမပေးတတ်ခြင်း၊ ပညာစက္ခုကို ပိတ်ပင်တတ်ခြင်း၊ ဈာန်စိတ်စသည်တို့ကို တားဆီး ပိတ်ပင်ခြင်း၊ ဟုတ်မှန်တိုင်းကို သိမြင်တတ်သော ပညာမျက်စိကို ဖုန်းဖိကွယ်ကာခြင်းဟူ၍ အမျိုးမျိုးခေါ်၏၊

၁၊ ကာမစ္ဆန္ဒ၊ ။ကာမဂုဏ်ငါးပါးတို့၌ တွယ်တာနှစ်သက်ခြင်း၊

၂၊ ဗျာပါဒ၊ ။သူတပါးတို့ကို သေရာသေကြောင်းကြံခြင်း၊

၃၊ ထိန-မိဒ္ဓ၊ ။စိတ်၏ ထိုင်းမှိုင်း ပျင်းရိခြင်း၊

၄၊ ဥဒ္ဓစ္စ-ကုက္ကုစ္စ၊ ။စိတ်, ပြန့်လွင့်ခြင်း၊ စိတ်၏နောင်တပန်-ပူပန်ခြင်း၊

၅၊ ဝိစိကိစ္ဆာ၊ ။သို့လော-သို့လော၊ တွေးတောယုံမှားခြင်း၊

၆၊ အဝိဇ္ဇာ၊ ။ဟုတ်မှန်တိုင်း မသိအောင် ဖုန်းဖိကွယ်ကာခြင်း၊

ဤတရားတို့ကို နိဝရဏခြောက်ပါးဆိုသည်၊ ထိန-မိဒ္ဓ ကုက္ကုစ္စ-ဥဒ္ဓစ္စတို့ကို တခုစီခွဲ၍ ယူလျှင် ရှစ်ပါးဖြစ်၍၊ ခြောက်, ရှစ်, နိဝရဏဟု ကဗျာသံပေါက် ဆိုပေသည်၊

ဈာန်တရား၌လည်း နှစ်မျိုးရှိကုန်၏၊ အာရမ္မဏူပနိဇ္ဈာန ဈာန်သည် ကသိုဏ်း ပညတ်စသော သမထ အာရုံတို့၌ စိုက်စိုက်ရှုးရှုးရှုကြည့်ခြင်းကို ခေါ်သည်၊ လက္ခဏူပနိဇ္ဈာန ဈာန်သည် အနိစ္စ ဒုက္ခ-အနတ္တ တို့၌၊ စိုက်စိုက်ရှုးရှုးရှုကြည့် ခြင်းကို ခေါ်သည်၊ ။ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် သေသေချာချာ ရှုကြည့်လိုမူ သံသရာဖြတ်ခဏ်း ဓာတ် ကမ္မဋ္ဌာန်းကျမ်းမှာ ကြည့်လေ၊

(၁) ကာမဂုဏ်ငါး၊ တွေ့ကြုံပြား၊ ပျက်ပြားတတ် သည့်သာ၊

အဓိပ္ပါယ်၊ ။သူသူ ငါငါ, သတ္တဝါ သာမညတို့သည် ဝိက္ခမ္ဘနပဟာန်ဖြင့် အလွန်ပင်အပယ် အခွါ ခက်လှစွာသော ကာမစ္ဆန္ဒ ဗျာပါဒစသော နီဝရဏတရား ငါးပါး ခုနှစ်ပါး တို့ကို ကင်းပြတ်သွားလောက်အောင် သမထ ဘာဝနာဖြင့် ပယ်နိုင်ခွါနိုင်မှ ရအပ်သော ဈာန်တရားဆိုတာသည် ရရန် ရောက်ရန် အလွန်ခက်၍၊ အပျက်အလွန်လွယ်သော တရား ဖြစ်သည်၊

ပြောင်းပြန်ဦးစောက် ကရောက်ကရက် လောက်လက် ခြောက်ခြား၍ နေကြသောသူ ပုထုဇ္ဇန် လူမျိုးတို့၏ တံခိုး အာနိသင်ပယ်သည့်ကား၊ မျိုးဆွေနှင့် ကင်းသောသူငယ် လူလယ် သို့ ကြနေသော သမင်, ကရင်တွေပိုင်းမိသော တောမျော တို့၏အလား၊လှုပ်ရှားတတ်ခြင်းကြောင့် ခိုင်မြဲခြင်း မရှိသေး ကြည့်ရှုနားထောင်၍ မသောသော ရူပ-သဒ္ဒ-ဧသည့်အာရုံ ကာမဂုဏ်ငါးပါးကို အမှိတကဲ့ သဟဲပြုတို့ ရသည့်ရှိသော်

အနည်းငယ်သော အာရုံကြောင့်ပင်လျှင် မြေအိုးသဖွယ် ပျက်စီးပြိုကွဲ လွယ်လှပေသတည်း။

(၂) မပျက်ပါမှ-နှစ်ဘာသ၊ ရကြ-ထောက်တည်ရာ၊
(၃) အပါယဘေး-မလွတ်သေး၊ တွေးလော-ညာဏ်နှင့်သာ၊

အဓိပ္ပါယ်။ ။နောက်က ပြကဲ့သည့် နည်းလမ်းအစဉ် ဖြင့်၊ သမထ ဘာဝနာ သမထ-ကမ္မဋ္ဌာန်းတို့ကို၊ ကြိုးပန်း ကျင့်ကြံ၍ ဈာန်ရသော ပုဂ္ဂိုလ်တို့သည်၊ ထိုဈာန်မပျက် မလျှောဘဲ ဈာန်နှင့်တကွ သေလွန်ရလျှင် ရသောဈာန်နှင့် သင့်လျော်ရာ ဗြဟ္မာပြည်သို့သာ တက်၍ ဖြစ်ရသဖြင့် အပါယ်မကျ တဘာဝထောက်တည်ရာကိုရခြင်း၊ ထိုဗြဟ္မာ ပြည် ဗြဟ္မာဘဝက သေလွန်သည်ရှိသော်၊ နတ်ပြည်-လူ့ ပြည်မှာ တဘာဝဖြစ်ပြီးသည့်နောက်ကျချင်ရာကျ၊ ဖြစ်ချင်ရာ ဖြစ် ရောက်ချင်ရာ ရောက်တတ်သော ပုထုဇ္ဇာန်တရားမျိုး ဖြစ်၍၊ အပါယ်ကျော-အပါယ်မြစ် မပြတ်သေး၍ ဗြဟ္မာ ဖြစ်၍ ပြောင်ပြောင်ဝင်း ဝက်စား ကျင်းမှာ၊ တရှုပ်ရှုပ်ဟု ဝပ်ဆိုကြပေသည်။

(၄) ဝိပဿနာ-ညာဏ်ခိုတာ၊ လွန်စွာမခက်ပါ၊
(၅) ဒိဋ္ဌိထောင်ကိစ္စ-မပယ်ချဘဲ၊ စိတ်ကစွဲ-အမြဲ လုပ်ရပါ၊

အဓိပ္ပါယ်။ ။သမထ လမ်းသည် ဒိဋ္ဌိထောင်ကိစ္စကို ပယ်ချပြီးကျင့်ကြံမှဖြစ်နိုင်သော တရားဖြစ်သည် ဝိပဿနာ

လမ်းသည်၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့တွင် ပရမတ်ဓာတ်တပါးပါးကိုသင်ကြားပြီး၊ အနိစ္စ-ဒုက္ခ-အနတ္တ တို့ကို ရှုကြည့်ရသော လမ်းဖြစ်၍၊ အိမ်ထောင် ကိစ္စနှင့် ကျင့်ကြံနိုင်သော လမ်းဖြစ်ပေသဖြင့်၊ အလွန်လွယ်ကူသော တရားဟု ဆိုပေသည်။

**ဥပမာ**။ သမထလမ်းကိုပြသောဆရာသည်၊သားမိုက် ကို အဘမိုက် ဆုံးမသည်နှင့် တူ၏။ ဝိပဿနာကို ပြသော ဆရာသည်၊ သားမိုက်ကို အဘလိမ္မာ ဆုမ္မသည်နှင့် တူ၏။ သားမိုက်သည်၊ ရွာကိုလည်၍ မကောင်းမှုကို ပြုသဖြင့် အဘသည် ငွေကြေး မကြာမကြာ လျော်ရသောကြောင့်၊ ထိုသား, ရွာ မလည်လျှင် ငွေမကုန်ဟု အထင်ရောက်ပြီး၊ အဘမိုက်သည် သားကိုအိမ်မှာကြိုးနှင့်တုပ်၍ ထားကုန်၏။ အိမ်တံခါးပိတ်၍ထားကုန်၏။သားမိုက်သည်လူစွမ်းကောင်း ဖြစ်၍ ကြိုးကိုဖြတ်ပြီးလျှင်၊ အိမ်တံခါးမှ ဖွင့်လှစ်ခုန်ကျော်၍ သွားကုန်၏။ လုပ်မြဲတိုင်း မကောင်းမှုကိုလုပ်ပြန်ကုန်၏။ အဘမိုက်လည်း ငွေကြေး လျော်ရပြန်၏။

ဤအခါသားဆိုးသားမိုက်တို့ကို လိမ္မာအောင်ဆုမ္မတတ် သော အဘလိမ္မာကပြောပြသည်မှာ၊ ဟော့… လူမိုက်၊ သား ဆိုးများကို ဤလိုဆုမ္မ၍မရဘူး။ ငါဆုမ္မ၍ပြမည်ဆိုပြီးလျှင်၊ သားကိုခေါ်၍ မင်းသည် အိမ်နေတာနှင့် ရွာကိုလည်တာ ဘယ်ဟာကြိုက်သလဲဟုမေး၏။ သားဆိုးကပြောသည်မှာ၊ ကန္တာအဆက်ဆက် ဘ၀အဆက်ဆက်က ရွာကိုလည်၍

ကျွန်တော်လာတာ၊ ယခုမှမလည်ရဘူးဟု ဆိုဆုံမှုသည်ကို ကျွန်တော် သဘောမကျနိုင်ပါ။ ဘာကိုမျှမဆို အပြုအကျင့် ခိုင်းလျှင် ပြုကျင့်ပါမည်၊ အိမ်မှာတော့တနေရာတည်း မနေလိုပါ၊ ရွာလည်ရလျှင် ပြီးရောဟုပြောပြလေ၏။ ထိုအခါ ယဉ်ကျေးအောင်ဆုံးမတတ်သော အဘလိမ္မာက ပြောသည်မှာ၊ ရွာကိုလည်လိုလျှင် လည်ပါတော့၊ ငါ့စကားတခုကို နားထောင်ရမည်ဟုဆို၍ပြောပြ၏၊ မျက်စိနှင့်မြင်သောအခါ ၎င်း၊ နားနှင့်ကြားသောအခါ၎င်း၊ နှာခေါင်းနှင့်အနံ့တွေ့သော အခါ၎င်း၊ စသည်ဖြင့် အာရုံခြောက်ပါးတို့၌ တွေ့ထိသော အခါ နာမ်တရား ရုပ်ဓာတ်ကလေးက ကြည့်လိုသဖြင့်၊ စိတ်နှင့်တကွဖြစ်သောလေတွေ တကိုယ်လုံးကိုပြန့်နှံ့ပြီး၊ အပေါ်မျက်လွှာ အောက်မျက်လွှာတို့ကို ဖြဲ၍ပင့်၍ ဤကိုယ်ကြီးကကြည့်ရှုသည်၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးတို့ကြည့်တာမဟုတ်, ကိုယ်စိတ်နှစ်ဖြာသာ ကြည့်တာဟုတ်သည်ဟု ရှုကြည့်ခြင်း၊၎င်းကြည့်လိုသောစိတ်သည် အထက်ထက်ကဝမ်းထဲ ကိုယ်ထဲမှာမရှိ၊ အကြောင်းသင့်မှ ပေါ်လာခြင်းဖြစ်ပေသည်၊ ကြည့်ပြီးသည်နှင့်တပြိုင်နက်၊ စိတ်ပါ၁ါသော ဓာတ်တည်းဟူသော လေရုပ်ပါ အတူတကွ ချုပ်ကြကုန်သည်ဟု မင့်စိတ်ကနှလုံးသွင်းရမည်၊အသံကြားသောအခါ, အနံ့နံသောအခါ, လျက်သော စားသောအခါ, ကိုယ်၌တခုခုထိသောအခါ, ဗိတ်ကူးကူးသောအခါ, များမှာလည်း၊ နှလုံးသွင်းရမည်ဟု ပရမတ်ရုပ်နာမ်တို့ ဖြစ်ပေါ်လာပုံ ပျက်စီးသွားပုံတို့ကို ပြော၍ဆုံးမ၏။

ဤအခါ သားမိုက်က ပြောသည်မှာ၊ ရွာကိုလည်ရသျှင် ပြီးရော၊ နားထောင်ပါမည်ဟုဆို၍ နာမ်ရုပ်တရားနှစ်ပါးနှင့် လည်း၏မကြာမကြာဤ တရားလော့လာဘန်များသဖြင့်အမှား ဒုစရိုက်တို့ကို မပြုမလုပ်နာမ်ရုပ်၏ဖြစ်ပျက်ပုံကိုသာ စဉ်းစား၍ နေလေတော့၏၊ အဘမိုက်လည်း ငွေကြေးမကုန် ဖြစ်၍ စိတ်နှလုံးချမ်းချမ်းသာသာနှင့် နေရတော့၏၊

ဥပမေယျကား၊ ၊သားဆိုးသည် စိတ်မိုက်နှင့်တူ၏၊ စိတ်မိုက်ကို ယဉ်ကျေးမလားလို့၊ သမထတရားနှင့် စိတ်တခြားကိုမရောက်အောင်ကမ္မဋ္ဌာန်းရှုခြင်းသည် အဘမိုက် နှင့်တူကုန်၏၊သားဆိုးကိုအိမ်မှာတုပ်၍ထားခြင်း တံခါးကို ပိတ်၍ထားခြင်းသည် စိတ်တခုကို ကမ္မဋ္ဌာန်းတပါးပါးမှာ နေအောင် အာနာပါဏ-စသည်ဖြင့် မျက်စိအာရုံ နားအာရုံ၊ နှာခေါင်းအာရုံ လျှာအရုံ, ကိုယ်ကိုအထိအာရုံတို့ကို ပိတ်၍ မနေသာတပေါက်ကိုဖွင့်ပြီး၊ ပြုကျင့်ရသော သမထကမ္မဋ္ဌာန်း အလုပ်နှင့်တူ၏၊ ရွာကိုလည်သည်နှင့် ကမ္မဋ္ဌာန်းလုပ်ချင်း စိတ်လေသည်နှင့်တူ၏။

အာရုံခြောက်ပါးရောက်ရာအရပ်မှာစိတ်ကိုရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် ဝိပဿနာတို့နှင့် ဆုံမခြင်းသည် သားဆိုးကိုလိမ္မာယဉ်ကျေးအောင် ဆုံမတတ်သော အဘ လိမ္မာနှင့်တူ၏၊ အဘ မိုက် လျှော်ကြေး ပေးနေရသည်နှင့် လောကီကုသိုလ်၊အကုသိုလ်ကိုလိုက်စား၍သံသရာမှာကျင် လည်နေရသည်နှင့်တူ၏၊ ၊သားလိမ္မာ၍၊ ငွေကြေးမကုန် သည်နှင့် သံသရာဝဋ်ဆင်းရဲအစ သောတာပတ္တိမဂ်ကိုရ၍၊

အပါယ်တံခါး သေသေချာချာပိတ်သည်နှင့်တူ၏။ ။သား မိုက်၏အဘသည်၊ သားဆိုးယဉ်ကျေး၍ စိတ်နှလုံးဖြေ သာနေရသည်နှင့် အလုံးစုံသော ကိလေသာငြိမ်း၍၊ ဇာတ် သိမ်းသော ရဟန္တာဖြစ်သည်နှင့် တူကုန်၏၊

(၁) နှစ်ပါးနိဝရဏာ၊ ပယ်နိုင်က၊ ရကြမဂ်သောတာ

(၂) အပါယ်ဘေး၊ ရှင်းရှင်းဝေး၊ ထွေးလောညာတ် နှင့်သာ။ ။

အဓိပ္ပါယ်၊ ။နောက်ကပြခဲ့သော နိဝရဏာခြောက်ပါး ရှိပါးတွင်၊ ကုက္ကုစ္စနိဝရဏာ ဝိစိကိစ္ဆာနိဝရဏာ နှစ်ပါးကို ပယ်သတ်နိုင်က သောတာပန်ဖြစ်၍ အပါယ်ကိုဘယ်တော့ မှ မကျမရောက်သူဖြစ်၏ဟု ဆိုလိုသည်၊

သကဒါဂါမ် ပုဂ္ဂိုလ်မှာ ကာမစ္ဆန္ဒ နိဝရဏာ နှစ်ပါး ခေါင်းပါး၏။ ။အနာဂါမ်ပုဂ္ဂိုလ်မှာ၊ ၎င်းနိဝရဏာနှစ်ပါးကို သတ်နိုင်၏၊ ။ထိန မိဒ္ဓ-ဥဒ္ဓစ္စ-အဝိဇ္ဇာ-၎င်းနိဝရဏာ တရား တို့ကို၊ ရဟန္တာကျမှ ပယ်သတ်နိုင်ကုန်၏၊

(၃) ကာမဂုဏ်ငါး၊ ခံစံစား၊ ပျက်ပြားမရှိပါ၊

(၄) ဝိသာခါနှင့် သဏ္ဍာ,သ်ကြွား၊ ထိုသူများ ညာဏ် အားထင်စေပါ၊

အဓိပ္ပါယ်၊ ။ဝိသာခါ ကျောင်းအမသည်၊ ခုနစ်နှစ်သွီး အရွယ်ကပင်လျှင် သောတာပန် ဖြစ်၏၊ အရွယ်ရောက်၍ အိမ်ထောင်ပြုသဖြင့်သားတကျိပ် သွီးတကျိပ်-မြေးလေးရာ မြစ်ရှစ်သောင်း ပေါက်ပွားကုန်၏၊ သိကြွားမင်းလည်းလူတို့

ပြည်က၊ ဒါန,သီလ,ကုသိုလ်,ပြုကျင့်၍ နတ်ပြည်သို့ရောက်လာသော နတ်သားမျိုးတွင်၊ အလိုရှိရာကိုသိမ်းပိုက်၍ စံစားကုန်၏။ လူ့ပြည်က ယောဟနီ မင်းသမီးသည်၊ ဒါန, သီလ, ကုသိုလ်အဟုန်ကြောင့် နတ်ဘုံသို့ရောက်သောအခါ၊ သူ-ရသင့်၊ ငါ-ရသင့်ဟု ငြင်းခုံ၍ လာရာတွင်၊ သိကြားမင်းက အကောက်ကောက်ယူ၍ သိမ်းပိုက်ကုန်၏။ ။သို့ကလောက်ပင် ကာမဂုဏ်အရာမှာ များသော်လည်း သောတာပန်မပျက်ကြောင်းပြဆိုပေသည်။ ငိုနီးမများ ဝိသာခါပုံစံကြည့်၊ ယောကျ်ားများ—သိကြားကို ပုံစံကြည့်လေ။

(၅) ဝိပဿနာလောက် ကျိုးမရောက် ကျမ်းထောက်ပြနိုင်ပါ၊

အဓိပ္ပါယ်။ ။ဒါန, သီလ, သမထ, တရားကို ပွါးများကျင့်ကြံကြသော ပုဂ္ဂိုလ်တို့နှင့် ဝိပဿနာပွါးများကြသော ပုဂ္ဂိုလ်တို့ နှိုင်းစာပြိုင်ယှဉ်လိုက်လျှင်၊ ဆီ နှင့် ရေ၊ ရွှံ နှင့် ကျောက်၊ လူမိုက် နှင့် လူလိမ္မာ၊ ပုထုဇ္ဇာန် နှင့် အရိယာ၊ ကွာခြားကြသလို ကွာခြားကြကုန်၏။ ။ဒါန,သီလ,သမထ, တရားတို့နှင့် အားရတင်းတိမ်၍ နေကြသော ပုဂ္ဂိုလ်များသည်၊ မိမိခန္ဓာပျက်ကြွေ၍သေခဲ့သော်၊ ဘယ်နေရာကိုရောက်မည်ဟု ပိုင်ပိုင်နိုင်နိုင် မဆိုနိုင်မသိနိုင်ခြင်း ငါးပါးကို ဗုဒ္ဓရှင်ကိုယ်တော်မြတ် ဟောတော်မူကုန်၏။ သေလွန်လျှင် ဖရိုဖရဲကျတတ်သော ဝိနိပါတဘေးကိုမလွန်မကျော်နိုင်။ အပါယဘေးတည်းဟူသောအပါယ်လေးပါးကို မလွန်မကျော်နိုင်၊ ဒုစရိုက - ဘေးတည်းဟူသော မကောင်းမှု ကျင့်ခြင်းကို

မလွှန်မကျော်နိုင်၊ အညသတ္တပဟ-ဘေးတည်းဟူသောအယူ မှား အယူလွဲဘာသာတို့ကို မပြောင်းမရောက်ဟု မဆိုနိုင် သဖြင့်၊ ဤတပါးအယူမှတပါးအယူသို့ ပြောင်းလွှဲ၍ယူတတ် သော ဘာသာမှန် အယူမှန်ကို မကျနိုင်သော၊ အညသတ္တပဟ ဘေးကြီးကို၊ မလွှန်မကျော်နိုင်ဟု မှတ်ပါလေ၊

ဝိပဿနာတရားကို ကျင့်ကြံကြသော ပုဂ္ဂိုလ်မှာ၊ အစ ပဌမက ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စ သမုပ္ပါဒ်တို့ကို သင်ကြားပြီးမှ ဝိပဿနာတရားကို ကျင့်ရသောကြောင့်၊ တရားမကျင့်ခင်က ကလျာဏပုထုဇ္ဇနာ် အရင်ဖြစ်ကုန်၏၊ အပါယ်တံခါးပိတ်ကုန်၏၊ ပါဠိဒေသနာ ဂါထာတို့နှင့်ကြည့် ရှုလိုက ငါးဘို့စီရင်သော သောတာပန်လမ်းမှာရင်း၊ သံသ ရာဖြတ်ခန်းမှာရင်း၊ ရှုကြည့်လေ၊

(၆) အနည်းကိုပ၊သဘောကျ၊ရှုဋ္ဌသောတာသာ၊
(၇) သောတာရှုလ၊ဖြစ်လေက၊ မကျအပါယ်ရွာ၊
(၈) ရုပ်နာမ်ပရမတ်၊သိတုံလတ်၊ မှတ်လေသာဒိဋ္ဌိကွာ၊

**အဓိပ္ပါယ်၊** ဤယခု ရေးသားပြဆိုသော၊ သောတာပန် လမ်း-သံခိပ်ကျမ်းကိုကြည့်ရှု၍ ရုပ်နာမ်ခန္ဓာတို့ကို သိကျွမ်း နားလည်၍ သဘောကျသူ လူရှင် ရဟန်း တို့သည်၊ ရှုဋ္ဌ သောတာပန်ဖြစ်ပြီဟုဆိုလိုသည်၊ ရှုဋ္ဌသောတာပန် ကလျာ ဏ ပုထုဇ္ဇနာန်ဆိုသောစကားသည် သဘောအတူတူပင်ဖြစ် ၏ (ကလျာဏ ပုထုဇ္ဇနော၊ အရိယော၊ သင်္ဂဟိတော) ဟု ပြဆိုခြင်းကြောင့်ဖြစ်သည်၊

ကလျာဏ ပုထုဇ္ဇနော၊ ရုပ်နာမ်ခန္ဓာ၊ ဓာတ်သစ္စာတို့ကို ကျွမ်းကျင်သိမြင်၍၊ သက္ကာယဒိဋ္ဌိ သတ်နည်းကို၊ နားလည်သော ရဟန်း ရှင်လူ မည်သူမဆိုပုဂ္ဂိုလ်တို့သည်၊ ဝါ၊ ပုဂ္ဂိုလ်တို့ကို၊ အရိယော၊ အရိယာရှစ်ယောက်ထဲသို့၊ သင်္ဂဟိတော၊ ထည့်၍ ရေတွက်အပ်၏။

ထိုကြောင့်၊ သောတာပန်အငယ်ဟု ဆိုအပ်သော၊ စူဠ သောတာပန် ကလျာဏ ပုထုဇ္ဇနတို့သည်လည်း၊ ပရမတ္ထ သောတာပန်ကဲ့သို့ အပါယ်သို့မကျကုန်၊ ရုပ်နာမ်ပရမတ်ကို သိ၍ ရုပ်နာမ်တဲ့ ပရမတ်ဓာတ်တွေတဲ့ဟု အမှန်အတိုင်းယူလိုက်သျှင်၊ အယူမှား ဒိဋ္ဌိတွေရှိသမျှပြုတ်၍၊ ပရမတ္ထ သောတာပန်အစစ်ဖြစ်လေတော့၏၊

## ပညတ်ပရမတ် ရောစပ်သောဓာတ်၏ အဓိပ္ပါယ်ပြခန်း။

(၁) ဆံပင်ကစ၊ ဦးနှောက်ကျ၊ ဝီသ ပထဝီသာ၊

အဓိပ္ပါယ်၊ ။သုတ္တံ နည်းအားဖြင့် ခေါ်သော၊ ပထဝီဓါတ်နှစ်ဆယ်သည်ဆံပင်၊ မွေးညှင်း၊ ခြေသဲ၊ လက်သဲ၊ သွား အရေသူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖြင်း၊ အဆုပ်၊ အူသိမ်၊ အူမ၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ဤပညတ် ပရမတ် စသော ဓာတ်ကိုခေါ်သည်၊

(၂) ဗိတ္ထံအာဒိ ဓုဏ္ဍုံထိ · ဒွါဒိအာပေါသာ၊

အဓိပ္ပါယ်၊ ၊သီးခြေ၊ သလိပ်၊ ပြ၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ၊ဤ အာပေါဓာတ် ၁၂–ပါးကို ခေါ်သည်၊

(၃) ဖျားသောအပူ၊ ဒုလာပူနှင့်၊ ရင့်စေ-ကျက်စေ၊ ဤလေးထွေ၊မှတ်လေတေဇောသာ၊ ယောက်ျား။

(၄) ဖျားသောအပူ၊ မီးယပ်မီးနှင့်၊ရင့်စေ-ကျက်စေ၊ ဤလေးထွေ၊ မှတ်လေ တေဇောသာ၊ မိန်းမ၊

အဓိပ္ပါယ်၊ ၊သန္တပ္ပန တေဇော၊ ဖျားသောအပူ၊ဒဟ တေဇော၊ ဒုလာ,မီးယပ်၊ ဇိန္နတေဇော၊ရုပ်ကိုရင့်စေ,အိုစေ တတ်သောအပူ၊ပါစကတေဇော၊အစာအဟာရတို့ကို ကြေ ကျက်စေတတ်သောအပူဟူ၍ တေဇောဓာတ်လေးပါးရှိ၏၊ ဥသ္မာဓာတ်မီး တကိုယ်လုံး၌မျှ၍ ငွေ့ငွေ့ ညီညီ မျှမျှ နေ သော အပူဟူ၍လည်း ငါးပါးရှိ၏၊

(၅) ဆန်ရန် အူဝမ်း-ကိုယ်လုံးဖြန်းနှင့်၊ တခန်းထွက် ဝင်-ခြောက်ပါးလျှင်၊ မှတ်ခြင်း-ဝါယောသာ၊

အဓိပ္ပါယ်၊ ၊ဤခန္ဓာကိုယ်ကြီး၌ အထက်သို့ဆန်သော လေ၊အောက်သို့ရန်သောလေ၊အူဝမ်းကိုရှောက်သောလေ၊ တကိုယ်လုံး ဖြန်းသောလေ၊ ထွက်လေ - ဝင်လေ ဟူ၍ ဝါယောဓာတ်လေ ခြောက်ပါးရှိကုန်၏၊

(၆) ဖင်းလေးရပ်-ပေါင်းတုံလတ်၊ ရုပ်ဓာတ် - လေး ဆယ်နှစ်၊

(၇) ဝိညာဉ်ခြောက်ပါး - ရောတုံပြား၊ ခတ်ကား လေးသဃ်ရှစ်။

အဓိပ္ပါယ်၊ ။ပထဝီဓါတ်- ၂၀၊ အာပေါဓာတ်-၁၂၊ တေဇောဓာတ်-၃၊ ဝါယောဓာတ် ၆၊ ပေါင်းလိုက်လျှင် ၄၂-ပါး ဖြစ်ကုန်၏၊ နာမ်ဓာတ်ခြောက်ခု ထည့်လိုက်လျှင် ၄၈ ပါး ဖြစ်ကုန်၏၊ ။ဥဿယ္မာဓာတ်မီး ထည့်လိုက်လျှင် လည်း ၄၃-၄၉ ဖြစ်ကုန်၏၊

(၈) ပရမတ်ရုပ်နာမ် စွဲကပ်ပြန်၊ မှတ်ရန်-ဒိဋ္ဌိသာ၊

(၉) ပညတ်ရုပ်မှာ-တဏှာဟာ၊ နာနာ ငြိသည်သာ၊

(၁၀) တဏှာဒိဋ္ဌိ-ခွါလိုဘိ၊ ကြည့်ရှု၍-ရှုကြပါ၊

အဓိပ္ပါယ်၊ ။သက္ကာယ ဒိဋ္ဌိ နှစ်ဆယ်သည်၊ ပရမတ် ရုပ်နာမ်နှစ်ပါးလုံးမှာပင် ကပ်ငြိ၏ ရူးစိုက်၏ တဏှာသည် ပညတ် အဆင်းရုပ်, အသံရုပ်, အနံ့ရုပ်, အရသာရုပ်,အတွေ့ အထိရုပ် ငါးပါးမှာ ရူးစိုက်၏ ကပ်ငြိ၏ဟု........ မှတ်ပါလေ၊ တဏှာကိုသတ်လိုသူ ဒိဋ္ဌိကိုသတ်လိုသူတို့သည်၊ မဂ်တက် စဉ်နှင့်လည်း ကိုက်အောင် ကြည့်ရှု၍ သတ်ကြပါလေဟု ဆိုလိုသည်။

---

## ဝိပလ္လာသ-၁၂-ပါး,အဓိပ္ပါယ်ပြခက်း။

(၁) စိတ္တသညာ-ဒိဋ္ဌိပါ၊ မှတ်ရာ-ဝိပလ္လာ၊

(၂) နိစ္စ, သုခ,အတ္တ, သုဘာ-၍ ၄ ဖြာ။ပွားရာ-ဆဲ့နှစ် သာ၊

အဓိပ္ပါယ်။ ၊ဝိပ္ပလ္လာသ ဆိုသောစကားသည်၊ အထင် အမြင် အယူ ဖေါက်ပြန်ခြင်းကို ခေါ်သည်၊

စိတ္တဝိပ္ပလ္လာသ အကြံ ဖေါက်ပြန်ခြင်း၊
သညာဝိပ္ပလ္လာသ အမှတ်ဖေါက်ပြန်ခြင်း၊
ဒိဋ္ဌိဝိပ္ပလ္လာသ အယူ ဖေါက်ပြန်ခြင်း၊

ဤအယူဖေါက်ပြန်ခြင်း သုံးပါးသည်၊ မိမိခန္ဓာကိုယ်ကြီး ပေါ်မှာ နိစ္စ၊ မြဲ၏ဟုအကြံဖေါက်ပြန်ခြင်း၊ အမှတ်ဖေါက်ပြန် ခြင်း၊ အယူဖေါက်ပြန်ခြင်း - သုံးပါး၊

ဤခန္ဓာကောင်ကြီးကို၊ အတ္တ-ငါကောင်၊ ပုဂ္ဂိုလ်ကောင်၊ မိမ္မ ယောက်ျားကောင် ဟူ၍၊ အကြံ-အမှတ်-အယူ-သုံးပါး ဖြင့် ဖေါက်ပြန်ခြင်း၊

ဤမိမိခန္ဓာကိုယ်ကြီးကို၊ သုဘ၊ လှပတင့်တယ်ဘွယ်ရာ သည်ဟူ၍၊ အကြံ-အမှတ်-အယူ-သုံးပါးဖြင့်ဖေါက်ပြန်ခြင်း၊ ပေါင်း-ဆယ့်နှစ်ပါး ဖြစ်ကုန်၏၊

(၃) ဝိပ္ပလ္လာသရှစ်-ပယ်တုံလစ် စင်စစ်-သောတာသာ၊

အဓိပ္ပါယ်၊ ၊ဒိဋ္ဌိဝိပ္ပလ္လာသ-အယူဖေါက်ပြန်ခြင်းသည်၊ နိစ္စ-မြဲ၏၊ သုခ ချမ်းသာ၏၊ သုဘ လှပတင့်တယ်၏၊ အတ္တ၊ ပုဂ္ဂိုလ်,သတ္တဝါ၊ ငါသူတပါး၊ ယောက်ျား-မိမ္မဟုတ်၏ဟူ၍ အယူဖေါက်ပြန်ခြင်း လေးပါးကို ပယ်သတ်နိုင်၏၊

သညာဝိပ္ပလ္လာသ-အမှတ်ဖေါက်ပြန်ခြင်းနှင့်၊ စိတ္တဝိပ္ပလ္လာ သ-အကြံအစည်ဖေါက်ပြန်ခြင်းသည်၊ နိစ္စ မြဲ၏၊ အတ္တ-ငါသူ တပါး၊ ယောက်ျား မိမ္မ, ဟုတ်၏၊ ၊ဤနှစ်ပါး အပေါ်၌

အမှတ် အကြံအစည် မရှိကုန်၊ ။ဒိဋ္ဌိဝိပ္ပလ္လာသကား နိစ္စ-သုခ အတ္တ-သုဘ၊ ဤလေးပါးပေါ်မှာ မရှိခြင်း၊ ။သညာဝိပ္ပလ္လာသကား နိစ္စ - အတ္တပေါ်မှာ မရှိခြင်း၊ ။စိတ္တဝိပ္ပလ္လာသကား နိစ္စ-အတ္တပေါ်မှာမရှိခြင်း၊ ။ပေါင်း၊ ဝိပ္ပလ္လာသ ၈-ပါးကို သောတာပန်-ပယ်၏၊

(၄) သက္ကာယဒိဋ္ဌိ၊ ပယ်သတ်ရာ၊ကျမ်းမှာမပြဆွန်း၊

(၅) စိတ္တသညာ၊ သုဘမှာ-နာဂါမ်ပယ်ရာညွှန်း၊

အဓိပ္ပါယ်၊ ။သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း၊ သောတာပန်ပယ်သော ဝိပ္ပလ္လာသရှစ်ပါးမျှသာပယ်သည်၊ မထူးခြားကုန်၊ မိမိခန္ဓာကိုယ်ကြီးသည်၊ တပတင့်တယ်သည်ဟု သညာဝိပ္ပလ္လာသဖြင့် မမှတ်၊ စိတ္တဝိပ္ပလ္လာသအားဖြင့်၊ တပ တင့်တယ်အောင် မကြံစည်ကုန်၊ ဤနှစ်ပါးကို အနာဂါမ် ပုဂ္ဂိုလ်ပယ်ကုန်၏၊

(၆) ဝိပ္ပလ္လာ ၁၂-ပယ်တုံလစ်၊စင်စစ်ရဟန္တာ၊

အဓိပ္ပါယ်၊ ။သုခ-ချမ်းသာသည်ဟု၊ သညာဝိပ္ပလ္လာသ အားဖြင့် မမှတ်ခြင်း၊ ချမ်းချမ်းသာသာ ဖြစ်အောင်၊ စိတ္တ ဝိပ္ပလ္လာသအားဖြင့် မကြံမစည်ကုန်၊ ဤနှစ်ပါးကို ရဟန္တာ ပုဂ္ဂိုလ်ထပ်၍ ပယ်သဖြင့်၊ ဝိပ္ပလ္လာသ-၁၂-ပါး အကုန်ပြတ် ကုန်၏၊

## ဝဋ်သုံးပါ-သံခိပ်-အဓိပ္ပါယ်ပြခန်း။

(၁) ကမ္မကိလေ၊ဝိပါကေ၊သုံးထွေဝဋ်သချာ၊

အဓိပ္ပါယ်၊ ။ကမ္မဝဋ်၊ကိလေသာဝဋ်၊ဝိပါကဝဋ် ဟူ၍ သုံးမျိုးရှိသည်၊

(၂) သင်္ခါရာ-ကမ္မ၊ကုက္ကုစ္စ-မှတ်ကြကမ္မသာ၊

အဓိပ္ပါယ်၊ ၊သင်္ခါရ သုံးပါးနှင့်၊ ကမ္မဘဝ၊ ဤတရားသည်၊လောကီကုသိုလ် အကုသိုလ်ဖြစ်သည်၊ ၎င်းနှစ်ပါးကို ကမ္မဘဝဟု ခေါ်သည်၊

(၃) အဝိဇ္ဇာတဏှာ၊ ဥပါဒါ၊ သုံးဖြာကိလေသာ၊

အဓိပ္ပါယ်၊ ၊သစ္စာလေးပါးမသိသော-အဝိဇ္ဇာ၊အဆင်း အသံ၊အနံ့၊အရသာ၊ အတွေ့၊ စိတ်ကူးတို့ကို၊ နှစ်သက်သော တဏှာ စွဲလမ်းခြင်း ဥပါဒါန် လေးပါး၊ ဤအဝိဇ္ဇာ တဏှာ ဥပါဒါန်သုံးပါးကို ကိလေသာဝဋ်ခေါ်၏၊

(၄) ဝိညာဏ်၊ရုပ်နာမ်၊ ဖဿ၊ အာယတန၊ ဝေဒနာ
မှတ်ပါ၊ဝိပါကဂါ၊

အဓိပ္ပါယ်၊ ၊သိမှုဝိညာဏ်ခြောက်ပါး၊ စိတ်နှင့်ကိုယ် နာမ်ရုပ်အာရုံခြောက်ပါး၊တွေ့ထိခြင်းဖဿ၊မျက်စိ၊နား နှာ လျှာ၊ကိုယ်၊ မနော အတွင်းအာယတနကို သဠာယတနခေါ် သည်၊ဝေဒနာငါးပါး အပြားသုံးဆယ် ၎င်းဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာတို့ကိုဝိပါကဝဋ်ဟုခေါ်သည်၊

(၅) သုဂတိ၊အပါယ်၊ဗြဟ္မာ့နယ်၊ သုံးသွယ်သံသရာ

(၆) ကျင်လည်ရတာ၊သံသရာ၊မှတ်ပါဝဋ်သုံးဖြာ၊

အဓိပ္ပါယ်၊ ၊အပါယ်လေးပါး အောက်သံသရာတသွယ် လူ့ပြည် နတ်ပြည်ခြောက်ထပ်၊ ကာမဂုဏ်ပေါတဲ့ ကာမ သုဂတိခုနစ်ဘုံ အလယ်သံသရာတသွယ်၊ ဗြဟ္မာနှစ်ဆယ်၊ အထက်သံသရာ တသွယ်ဟူ၍၊ သံသရာသုံးကြောင်း သုံး သွယ်ရှိ၏၊

(၂) သင်္ခါရာ-ကမ္မ၊ကုကုပြ-မှတ်ကြကမ္မသာ၊

အဓိပ္ပါယ်၊ ၊သင်္ခါရ သုံးပါးနှင့်၊ ကမ္မဘဝ၊ ဤတရားသည်၊လောကီကုသိုလ် အကုသိုလ်ဖြစ်သည်၊ ၎င်းနှစ်ပါးကို ကမ္မဘဝဟု ခေါ်သည်၊

(၃) အဝိဇ္ဇာတဏှာ၊ ဥပါဒါ၊ သုံးဖြာကိလေသာ၊

အဓိပ္ပါယ်၊ ၊သစ္စာလေးပါးမသိသော-အဝိဇ္ဇာ၊အဆင်း အသံ၊အနံ့၊အရသာ၊ အတွေ့၊ စိတ်ကူးတို့ကို၊ နှစ်သက်သော တဏှာ စွဲလမ်းခြင်း ဥပါဒါန် လေးပါး၊ ဤအဝိဇ္ဇာ တဏှာ ဥပါဒါန်သုံးပါးကို ကိလေသာဝဋ်ခေါ်၏၊

(၄) ဝိညာဏ်၊ရုပ်နာမ်၊ ဖဿ၊ အာယတန၊ ဝေဒနာ မှတ်ပါ၊ဝိပါကဂါ၊

အဓိပ္ပါယ်၊ ၊ဝိပါကဝိညာဏ်ခြောက်ပါး၊ စိတ်နှင့်ကိုယ် နာမ်ရုပ်အာရုံခြောက်ပါး၊တွေ့ထိခြင်းဖဿ၊မျက်စိ၊နား နှာ လျှာ၊ကိုယ်၊ မနော အတွင်းအာယတနကို သဠာယတနခေါ် သည်၊ဝေဒနာငါးပါး အပြားသုံးဆယ် ၎င်းဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာတို့ကိုဝိပါကဝဋ်ဟုခေါ်သည်၊

(၅) သုဂတိ၊အပါယ်၊ဖြဟ္မာ့နယ်၊ သုံးသွယ်သံသရာ

(၆) ကျင်လည်ရတာ၊သံသရာ၊မှတ်ပါဝဋ်သုံးဖြာ၊

အဓိပ္ပါယ်၊ ၊အပါယ်လေးပါး အောက်သံသရာတသွယ် လူ့ပြည် နတ်ပြည်ခြောက်ထပ်၊ ကာမဂုဏ်ပေါတဲ့ ကာမ သုဂတိခုနစ်ဘုံ အလယ်သံသရာတသွယ်၊ ဗြဟ္မာနှစ်ဆယ်၊ အထက်သံသရာ တသွယ်ဟူ၍၊ သံသရာသုံးကြောင်း သုံး သွယ်ရှိ၏၊

အောက်ပိုင်း အပါယ်သံသရာကို၊ သောတာပန်-သကဒါဂါမ်ဖြစ်မှ ဧကန် သေသေချာချာ လွတ်သည်ဟုမှတ်၊

အလယ်ပိုင်း ကာမသုဂတိ ခုနစ်ဘုံ သံသရာကို အနာဂါမ်ဖြစ်မှ ကင်းလွတ်သည်၊

အထက်ပိုင်း၊ဗြဟ္မာ၂နှစ်ဆယ်သံသရာကို ရဟန္တာဖြစ်မှ ကင်းလွတ်သည်၊ ၊သို့ပါ၍ ပညာရှိ,သူတော်ကောင်းကြီးများသည် ဤသံသရာကြီးသုံးကြောင်းသုံးသွယ်မှကင်းလွတ်စေတတ်သောတရားကို ဟောပြော ပြသနိုင်သော မြတ်စွာဗုရားကို တောင့်တကြပေသည်၊ သာသနာကို တောင့်တကြပေသည်၊ ဗုရားသာသနာမရှိက၊ မဂ်တရား ဖိုလ်တရားကို ဟောပြနိုင်သောသူမရှိ၊ သံသရာမှ မထွက်နိုင်သော ဒါန-သီလ-သမထ-တရားတို့ကိုသာ ဟောပြောပြသသူများကြလေသတည်း၊

## တပည့်များ ပညာကိုကြိုးစားရန်-တိုက်တွန်းချက်။

(ယောဂါဝေ ဓာယတောဘူရိ အယောဂါဘူရိ သင်္ခယော၊)

အရေးများစွာသောင်းသောင်း၊ အို-တပည့်အပေါင်းတို့၊ ယောဂါ၊ကျေးဇူးသခင်၊ ပညာရှင်တို့၊ သွန်သင် ညွှန်ကြားကျမ်းဂန်များကို၊ အားခွင့်ရှာလျှက်၊ လေ့ကျက်သင်ကြားပွါးများအားထုတ်ခြင်းကြောင့်၊ ဘူရိ၊ ပဋ္ဌပဲသိသာ ကျိုးနှစ်ဖြာတို့ကို၊ကောင်းစွာတည့်တည့် မြင်အောင်ကြည့်နိုင်သည့် အသိအလိမ္မာ ဉာဏ်ပညာသည်၊ ဝေ၊ မုချဧကန် အမှန်ဝင်စစ်အားဖြင့်၊ ဇာယတေ၊ တနေ့တခြား တိုးပွား၍ လာရလေတော့၏။ ၊အယောဂါ၊ တောင်, မြောက်, ထွေရာ၊

ချေးထူကာဖြင့်၊ ဘာသာလပေါ်၊ ပညာရှာမှု၊ ဂရုမထား၊ စားပြီးအိပ်ခါ၊ တောင်လျှော်စွာဖြင့်၊ အခါဖြုန်းလျှက်၊ သက်သက်ပစ်ထား၊ အားမထုတ်ခြင်းကြောင့်၊ ဘုရိုသင်ရော၊ ဘိုးတက်ဘို့ရန် စော်မနံ့သည့်ပြင် ငယ်စဉ်ခါက ဆရာသင်ထား၊ကျောင်းစာကလေးများတောင် ရောင်ရောင် မှားမှား ပျက်ပြားကုန်ဆုံးတတ်ကြ လေတော့၏၊

ဖြဟွန်စိုရ်တရားလေးပါး-ပျက်စီးပုံ။

မေတ္တာရောင်ရောင် ရာဂဆောင် လူ့ဘောင်လောကမှာ၊
ကရုဏာရောင်ရောင် ဒေါသဆောင် လူ့ဘောင်လောကမှာ၊
မုဒိတာရောင်ရောင် လောဘဆောင် လူ့ဘောင်လောကမှာ၊
ဥပေက္ခာရောင်ရောင် မောဟဆောင် လူ့ဘောင်လောကမှာ၊
မေတ္တာရောင်ရောင် ရာဂဆောင် လူ့ဘောင်လောကမှာ၊

အဓိပ္ပါယ်၊ ၊တယောက်နှင့် တယောက်ကို မေတ္တာရှိသည်ဆို၍ ပေါင်းသင်း ဆက်ဆံနေကြခြင်းသည် တကဲ့မေတ္တာမဟုတ်သူ များကြကုန်၏၊ ရာဂဘက်သို့လဲသွားပြီး သံသဂ္ဂ အမှုမျိုး ဖြစ်ကြလေသည်၊ ၊တကဲ့မေတ္တာကား၊ ကာယကံ,မေတ္တာ၊ ဝစီကံ,မေတ္တာ၊ မနောကံ, မေတ္တာဟူ၍ သုံးမျိုးရှိ၏၊ကာယကံ ကိုယ်နှင့်ပြုရမှဖြစ်နိုင်သောမေတ္တာကို မနောကံ၊ ဝစီကံတို့နှင့် ပြုလို့မရနိုင်၊ ဝစီကံ မေတ္တာဖြင့် လူမှုပြောဆိုပေးမှ ဖြစ်နိုင်သောမေတ္တာကို၊ကာယကံ,ကိုယ်မှု၊ မနောကံ,စိတ်မှု မေတ္တာမျိုးနှင့်မရနိုင်၊ မနောကံ,မေတ္တာဖြင့် ပြုကျင့်ရသောအမှုကို၊ ကာယကံ၊ ဝစီကံ,မေတ္တာတို့နှင့် ပြုလို့မရနိုင်ဟု-မှတ်ပါလေ၊

ကရုဏာရောင်ရောင် ဒေါသဆောင် လှူ့ဘောင်လောကမှာ၊

အဓိပ္ပါယ်၊ ၊ကရုဏာ အားဖြင့် သနားသည် ဆို၍ ဝေဒနာခံစား၍နေရသော သူ့နာကိုမြင်သဖြင့် အနားကနေ၍ ဒုက္ခဝေဒနာ ခံစားသူအား သနားသဖြင့် ဒေါသထွက်ပြီး သူ့နာအား အသက်မြန်မြန် ထွက်စေလိုသော စကားဖြင့် ပြောဆိုလေ့ရှိကြကုန်၏၊ ကရုဏာအစစ်ကား၊ ဒုက္ခိတသတ္တဝါကိုမြင်၍ သနားခြင်းကရုဏာ ရှိသဖြင့် ချမ်းသာရာကို ရောက်လိုသောအမှု ပြုရခြင်းသာဖြစ်သည်၊

မုဒိတာရောင်ရောင် လောဘဆောင် လှူ့ဘောင်လောကမှာ၊

အဓိပ္ပါယ်၊ ၊သူတပါးစည်းစိမ်ချမ်းသာကို မြင်သဖြင့် ငါလည်း ဤကဲ့သို့ ချမ်းသာလိုသော လောဘရှိသူများကြကုန်၏၊ မုဒိတာအစစ်မှုကား၊ သူတပါးချမ်းသာစည်းစိမ်နှင့် နေတာကိုတွေ့မြင်ရလျှင် မိမိ၌ချမ်းသာရသကဲ့သို့ ဝမ်းမြောက်ခြင်းကို မုဒိတာဟု-ခေါ်သည်၊

ဥပေက္ခာရောင်ရောင်မောဟဆောင် လှူ့ဘောင်လောကမှာ၊

အဓိပ္ပါယ်၊ ၊မောဟသည် တွေဝေခြင်း မသိခြင်း မိုက်မဲခြင်းကိုခေါ်သည်၊ ၊ဥပေက္ခာသည် ပညိန္ဒြေ စေတသိက်နှင့် ယှဉ်သောကြောင့် နှစ်ဘက်အမှုသည်တို့၏အခြင်း အရာဓါတ်စွကို ပိုင်းခြားဝေဘန်၍ သိပြီးမှ ဘယ်ဘက်ကိုမျှ မပါ ချိန်ခွင်လျှာသဏ္ဍာန် မှန်မှန်တိတိ နေနိုင်သော စိတ်ကို ခေါ်သည်၊

လူအများတို့သည်၊ ပြောလော့ ပြောမှုရှိခြင်းအား၊ ငါတို့သားသမီးများ, ငါတို့ပစ္စည်းများ, မည်သူ ရိုက်ရိုက် နှက်နှက် မည်သူဘဲယူယူ ဥပေက္ခာထားလိုက်ထာဘဲဟုပြောဆိုလော့ ရှိကြ၏ ဥပေက္ခာ မဟုတ်ကုန်၊ မောဟသာ ဖြစ်ကုန်၏၊ အကယ်၍ မိမိသားသမီးများ အရိုက် အနှက်ခံရလျှင်၊ အကျိုးအပြစ်နှင့်တကွ၊ ရိုက်သူ ခံရသူတို့ ၂ ဦး ၂ဘက်လုံး သေချာစွာ ပိုင်ပိုင်နိုင်နိုင်ဆင်ပြင်၍ ဘယ်ဘက်မှမသာဘဲ ရိုက်သူအား ဒေါသမရှိ၊ ခံရသူအားသနားခြင်းမရှိ၊ အလယ် တည့်တည့်က နေနိုင်သူမှ ဥပေက္ခာ ခေါ်သည်၊ ရိုက်သူဘက်ကိုလဲက-ဒေါသဖြစ်တတ်၏၊ ခံရသူဘက် လဲက ကရုဏာ ဖြစ်တတ်၏၊ ဥစ္စာပစ္စည်းတို့၌လည်း၊ ထို့အတူသိလေကုန်၊

ဥပေက္ခာတရားကား- အယူ,အဆ ခက်၏၊အသိခက်၏၊ ဝိပဿနာ ပညာနှင့် ယှဉ်မှသာ ဥပေက္ခာ ဖြစ်နိုင်သည်၊ ဝိပဿနာကင်းက မောဟဖြစ်ကတတ်သည်၊ ဒေါသ လောဘ ကရုဏာ,ရာဂ မုဒိတာ မေတ္တာ အစရှိသော တရားဘက်သို့ ရောက်တတ်ချေသည်၊ ဤဖြဟ္မဝိဟာရ အကျင့်တရား လေးပါးကို အသိ အလွန်ခက်၏၊

မဟ္မဝိဇ္ဇာနုရ နိဗ္ဗာနကျမ်း နှင့် သောတာပန်လမ်း သံဝိဂ်ကျမ်း ဤတွင် ပြီး၏၊

ကျွန်တော်များတိုက်တွင် အောက်ပါစာအုပ်များရနိုင်ပါသည်

လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဒီပနီ အမျိုးမျိုး၊

ကြခင်ပန်းဆရာတော်ကြီးများ ရေးသားတော်မူသော

သာသနာဆိုင်ရာ ကျမ်းစာအမျိုးမျိုး၊

ဟောပုံကျမ်း ပဌမတွဲ-ဒုတိယတွဲ၊

သစ္စဝါဒီ ပကာသနီ-ရေစကြိုတွန်းဘွန်ရေး၊

ဓမ္မစေတီဆရာတော်ရေးသားသော ကျမ်းစာအမျိုးမျိုး

ဝိသုဒ္ဓါရုံဆရာတော်ရေးသားသော ) ရုပ်ခွဲ နာမ်ခွဲ ပါတ်ခွဲ
အဘိဓမ္မ...ရေးတော်ကြီး၊

ဒိပဲရင်းဆရာတော်ရေးသားသော ပရမတ္ထ...ကျမ်း၊

ထွန်းလွန်းဆရာ... နှင့် ခိုင်ဂံတော်ဝန်ကြီးချုပ်တို့၏ ) အမေး၊
အဖြေ၊

မောင်းထောင်ဆရာတော်ရေးသားသော နိမိဂုဏ်ရည်ကျမ်း၊

သာသနာ့ဂုဏ်ရည်၊ ဂုဏ်တော်ကိုးပါး-ပုတီးစိပ်

ဧကာယနမဂ္ဂဂ်ဒီ ပကာသနီကျမ်း နှင့် တိုပီတိုတရားစာ၊

နာ...လောက၊ ဗုဒ္ဓဝါဒ စစ်တမ်း၊ ဗုဒ္ဓဘာသာ မှင်တမ်း၊

ဗုဒ္ဓဘာ...ယဉ်တန်း-ဝိပဿနာကျမ်း၊ ကလေးသယ်ာ အရိယာ

...သနာ့အဆီ၊ ဝိပဿနာအာဘီ၊ မင်္ဂလာကဗျာ၊

ပရမတ်အလင်းပြကျမ်း၊

တိုက်...အုပ်